သိုင်းစာစဉ်များ PAGE
ALIEN
ကုလုံ၏ လျှံအော့ဟိုယိင်
2005
တက္ကသိုလ်
နေလင်းအောင်
နှင်းပွင့်သစ္စာသိုင်းမာယာ
၄ အုပ်တွဲသိုင်းစာစဉ်
1


ကာတွန်းရိပ်
စုပ်စုပ်ကောင်
ဒဂုန်ဦးစော သိုင်းမောင်
အစဉ် (၁)

ဝိမုတ္တိဗုဒ္ဓ
စာကြည့်

တက္ကသိုလ်နေလင်းအောင်

နှင်းမှင့်သစ္စာ သိုင်းဟယာ

[စာစဉ် - ၁]

စာမူခွင့်ပြုချက်အမှတ် - ၁၂၇၁/၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၇၀/၂၀၀၄ (၁၂)

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅ ခုနှစ်၊ ဧနီနဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၈၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဧမောသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂) မိုးဝအောဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း။
ဒိုလ်တကောင်မြို့နယ်၊ ရန်ကုန်မြို့။

အိမ်မက်မိမိး

အခန်း (၁)

ရိက္ခာထိုးသူ

ချိုဖန်တောင် ...

ချိုဖန်တောင်သည် ဝိုက်ဟူနယ်နှင့် ဟုန်ကျန်းနယ်တို့အကြား တွင် တည်ရှိသည်။

ထိုနယ်နှစ်ခုအား ချိုဖန်တောင်က နယ်နိမိတ်အဖြစ် ဂိုင်းခြား ထား၏။

ဝေးလံသီခေါင်လွန်းသော အရပ်ဒေသတွင် တည်ရှိသော ချိုဖန်တောင်သို့ လူသူအရောက်အပေါက် နည်းလှသည်။

ချိုဖန်တောင်သည် ဟုန်ကျန်းနယ်နှင့် ထိဆက်နေသဖြင့် အစဉ် သဖြင့် အေးခဲသောရာသီဥတုကိုလည်း ဝိုင်ဆိုင်သည်။ ဝိုက်ဟူနယ်၏ ရာသီတစ်စိတ်တစ်ဒေသကိုလည်း ရရှိသည်။

ဆီးနှင်းလွင်ပြင်များနှင့် ပြည့်နှက်နေသော ဟုန်ကျန်းနယ် သည် သွေးဆာနေသော တထွန်လူမျိုးတို့အတွက် သီးခြားကမ္ဘာငယ် တစ်ခုဖြစ်ခဲ့၏။ သွေးဆာနေသူ လူမျိုးအတွက် သေပွဲ၊ သတ်ပွဲဟူသည် မှာ မဆန်းချေ။

နေမင်း၏အလင်းရောင်ကို ကောင်းစွာမရရှိဘဲ အစဉ်သဖြင့် ဆီးနှင်းများပတ်ဖုံးနေသော ဟုန်ကျန်းနယ်သည် အအေးဓာတ်လွန်ကဲခြင်း ဟူသော အစွန်းရောက်သကဲ့သို့...လူမျိုးရေးတွက် တစ်ဘက်စွန်းရောက်နေသော တထျန်လူမျိုးကို့အတွက် အမှောင်လောကတစ်ခုပင် ဖြစ်သည်။

အမှန်တွင် ...

ဝိုက်ဟူနယ်နှင့် ဟုန်ကျန်းနယ်တို့သည် တထျန်လူမျိုးတို့ ကျော်စရာ နိုင်ငံတော်ကြီးပင် ဖြစ်၏။

ကြားထဲမှ ရှိဖန်တောင်သည်လည်း နယ်ခြားကန့်သတ်သော တောင် မဟုတ်ခဲ့ပေ။ သို့သော် ...

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်မှစ၍ ဟုန်ကျန်းနယ်သည် တထျန်နိုင်ငံတော်အတွင်းမှ ခွဲထွက်ကာ သီးခြားတထျန်နိုင်ငံတစ်ခုကို ခွဲထွက်တူထောင်ခဲ့သည်။ ထို့ကြောင့် ရှိဖန်တောင်သည် နယ်ခြားအကန့်အသတ်တောင်တစ်တောင် ဖြစ်သွားခဲ့ရသည်။

ထိုသို့ ဖြစ်ရခြင်းမှာ စီးလျန်စစ်ပွဲကြောင့် ဖြစ်သည်။

ထိုစစ်ပွဲတွင် ဟုန်ကျန်းနယ်မှ နယ်စားကြီးကျန်း ဉီးဆောင်သော စစ်သည်ရဲမက်များသည် စီးလျန်စစ်သည်များအား ရွှမ်ရွှမ်ချွဲချွဲ တိုက်ခဲ့သည်။ သို့သော် ...

တိုက်ပွဲပြီး၍ ရာထူးတိုးခြင့်ခန့်ထားသောအခါ ဟုန်ကျန်းနယ်မှ စစ်သည်တော်များအား ဘုရင်မင်းမြတ်က မျက်နှာသာမပေးခဲ့ချေ။

ထို့ကြောင့် ...

နယ်စားကြီး 'ကျန်း' အပါအဝင် ဟုန်လျန်းနယ်တစ်ခုလုံးသည် ဘုရင်မင်းမြတ်အား မကျေမနပ်ဖြစ်ခဲ့ကြသည်။

ယင်းကြောင့်လည်း နယ်စားကြီး 'ကျန်း'သည် ဟုန်ကျန်းနယ်အား ဖိဖိတို့၏သီးခြား တထျန်နိုင်ငံအဖြစ် ဖန်တီးတူထောင်ခဲ့သည်။ ဤသို့ဖြင့် ...

တထျန်လူမျိုးချင်း ကူပါသော်လည်း ဝိုက်ဟူနယ်နှင့် ဟုန်ကျန်းနယ်တို့သည် မည်သို့မျှဆက်စပ်၍မရသော ရန်ငြိုးများဖြစ်ခဲ့ရပေတော့သည်။ တကယ်တော့ ဘုရင်မင်းမြတ်၏ မသိမ်မြောပေါ်းနပ်မှုကြောင့် ဤသို့ နှစ်နယ်ကွဲသွားရခြင်းဖြစ်သည်။

... ၅ ...

ညနေ ...

ဤအချိန်မျိုးတွင် အခြားအရပ်ဒေသများ၌ နေ၏အလင်းရောင်ကို ကောင်းစွာရရှိနိုင်သေးသည်။

သို့သော် ...

ဤအရပ်ဒေသတွင်မူ ယခုကဲ့သို့အချိန်မျိုး၌ နေအလင်းရောင်ကို မမြင်နိုင်တော့ပေ။ ဤဒေသ၌ နေရောင်ခြည်ဟူသည်မှာ ယခုအချိန်မျိုး၌ ရှားပါးဖွယ်ဖြစ်တော့သည်။

အာဃာတကြောင့်နည်း ... ။

ဤဒေသ၏ အရပ်ရစ်မျက် [illegible] ဆီးနှင်းမှုန်းကာ ငိုတိုးကာဆီးထားသောကြောင့်ပင်တည်း။

အမှောင်ထုနှင့်အတူ အေးငိုခဲ့မှုက ဝန်းကျင်တစ်ခုလုံးအား [illegible] ဖိုးဖိုးထားသည်။ [illegible] ဒေးခြေ [illegible] သည်။ [illegible] [illegible]

နေ၏။

ဤမျှ ဆိုးရွားလွန်းသော ရာသီဥတုနှင့် ယှဉ်တွဲနေသော အရပ်ကား ချီဖန်တောင်ပင်ဖြစ်ပါသည်။

ချီဖန်တောင်တက်လမ်း ...

ချီဖန်တောင်တက်လမ်းသည် ပြေပြစ်ညက်ညောခြင်းမရှိပါ။ လမ်းချောမဟုတ်ပါ။

တွောက်တုံးကျောက်ခဲများဖြင့် ပြည့်နှက်နေ၏။

ထို့ကြောင့် ...

ချီဖန်တောင်တက်လမ်းသည် ခက်ခဲကြမ်းတမ်းလှသော လမ်း ဖြစ်ပါသည်။

တောင်တက်လမ်းတစ်လျှောက်ရှိ ကျောက်တုံးကျောက်ခဲများပေါ်တွင် ရေခဲဖတ်များ ဝိတ်ဖုံးနေသောကြောင့် ခရီးသွားများ သွားလာရန်ခက်ခဲသည်။

ထို့ကြောင့် ချီဖန်တောင်သို့ ခရီးသွားများ သွားလာခြင်း နည်းလှပါသည်။ ဤသို့ဖြင့် ...

ချီဖန်တောင်သည် လူသူအရောက်အပေါက်နည်းပါးလှသော အရပ်ဒေသတစ်ခုဖြစ်ခဲ့ရလေတော့သည်။

လူမရောက် ချီဖန်တောင်ဟု အသုံးအနှုန်းစတင်ဖြစ်ပေါ်လာရတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဆီးနှင်းကျသံမှတစ်ပါး တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။

ထိုစဉ် ... အဝေးဆီမှ တေးသီချင်းသံသဲ့သဲ့ ထွက်ပေါ်လာသည်။

သီချင်းသံသည် တိတ်ဆိတ်နေသော ဝန်းကျင်ကိုဖောက်ထွင်း၍ ညင်သာစွာထွက်ပေါ်လာ၏။

ဤမျှ ရာသီဥတုဆိုးရွားသော ချီဖန်တောင်တွင် မည်သူသည် အေးဆေးစွာ တေးသီချင်းသီဆိုနေရပါသနည်း။

မကြာပါခေ။

သီချင်းဆိုသံသည် ပို၍နီးကပ်လာပြီး တောင်တက်လမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် တက်လာသော လူငယ်တစ်ယောက်ကို တွေ့မြင်ရသည်။

ထိုလူငယ်မှာ အသက်ဆယ့်ငါးနှစ်အရွယ်ခန့်သာရှိမည်ဖြစ်၏။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော်လည်း သူ၏ကိုယ်ပေါ်တွင် ဖျင်ကြမ်းအင်္ကျီကိုသာ ဝတ်ဆင်ထားသည်။

ရာသီဥတုကို အနှုတ်နိုင်သောလူငယ်ပေတည်း။

လူငယ်သည် သူ၏ပခုံးပေါ်တွင် ကြီးမားသော ထင်းစည်းကြီးတစ်စည်းကို ထမ်းပိုးထားသည်။ ကြီးမားလှသော ထင်းစည်းကြီးသည် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေရမည်။ သို့သော် ...

သူ၏မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်ခြင်းအလျဉ်းမရှိပါ။

မည်းနက်ထူထဲသော မျက်ခုံးမွေးအစုံသည် ဖြူဖွေးသော သူ၏မျက်နှာပေါ်တွင် ထင်ရှားလှသည်။

ဖြောင့်စင်းလွန်းသောနှာတံနှင့် ပီရိသေသပ်သောနှုတ်ခမ်းအစုံက သူ၏မျက်နှာအား ပို၍ချောမော ခန့်ညားစေသည်။

ထူးခြားသည်မှာ ...

လူငယ်၏မျက်လုံးများဖြစ်သည်။

လူငယ်၏မျက်လုံးများသည် စိန်ပွင့်များသဖွယ် တလက်

လက်တောက်ပ၍ ဆွဲဆောင်မှုရှိလှ၏။

သူသည် ပခုံးပေါ်တွင် ထင်းစည်းကြိုးကို ထမ်းပိုး၍နွှတ်မှ လည်း သီချင်းအော်ဆိုကာ ကျောက်တုံးများပေါ်မှ ပေါ့ပါးသွက်လက်စွာ လျှောက်လှမ်းသွားသည်။

သူ၏ခြေလှမ်းများမှာ တည်ငြိမ်လှသည်။

ဤမျှ ကြီးမားသော ထင်းစည်းကို ထမ်းပိုးထားရသော်လည်း အနည်းငယ်မျှ ယိမ်းယိုင်တိမ်းစောင်းသွားခြင်း မရှိပါ။

အဘယ်ကြောင့်ဆိုသော် ...

ထိုလူငယ်သည် ချီဖန်တောင်တွင် ဆယ်နှစ်ကြာမျှ ကြီးပြင်းနေထိုင်ခဲ့သူဖြစ်သောကြောင့်တည်း။

မှန်ပါသည်။

သူ၏အသက်ငါးနှစ်အရွယ်မှစ၍ ချီဖန်တောင်သို့ ရောက်ရှိခဲ့ရသည်။

ထိုအချိန်မှစ၍ ...

ယွမ်ယိပိုင်ဆိုသော သူ၏ဘဝကို ချီဖန်တောင်တွင် စတင်ခဲ့ရသည် မဟုတ်ပါလော။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးလေသည်။

သို့သော် ... ယွမ်ယိပိုင်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တိုက်လန့်ခြင်း အလျဉ်းမရှိပါ။

သူသည် သီချင်းကိုဆက်၍အော်ဆိုရင်း ခြေလှမ်းမှန်မှန်ဖြင့် တောင်ပေါ်သို့ တက်လာခဲ့၏။

သူ သိဆိုနေသော သားများ၏မာသားမှာ ဟုန်ကျန်းနယ်အား ပိုက်ဟူနယ်၏ အာဏာစိုက်အောက်မှ လွတ်မြောက်၍ ဒီနိုပ်ခံ

တထျန်လူမျိုးများအဖြစ်မှ လွတ်မြောက်ရန်နှင့် ဟုန်ကျန်းနယ်မှ တထျန်လူမျိုးများ၏ ရဲရွမ်းသတ္တိကို ချီးကျူးထားသော အဓိပ္ပာယ်ပင် ဖြစ်သည်။

သူသည် ထိုသီချင်းကို နှစ်စဉ် စိတ်ပါလက်ပါသီဆိုခဲ့၏။

အဘယ်ကြောင့် နှစ်စဉ်သီဆိုရသနည်း။

ယွမ်ယိပိုင်သည် ဟုန်ကျန်းနယ်မှ တထျန်လူမျိုးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

သူ၏ဖခင်သည် ဟုန်ကျန်းနယ်စားကြီး 'ကျန်း'၏ လက်အောက်ခံ ရဲမက်တစ်ယောက်ဖြ[illegible]၊

ပိုက်ဟူနယ်နှင့် တိုက်ပွဲဖြစ်ပွားရာတွင် ကျဆုံးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ...

ယွမ်ယိပိုင်သည် ငယ်စဉ်မှစ၍ ပိုက်ဟူနယ်မှ တထျန်လူမျိုးများအား မုန်းတီးခဲ့သည်။

တစ်ချိန်တွင် ပိုက်ဟူနယ်မှ တထျန်လူမျိုးများအား လက်တုံ့ပြန်ရန် ရည်ရွယ်ခဲ့သည်။

သူ ငါးနှစ်သားအရွယ်တွင် မိခင်ဖြစ်သူ ကွယ်လွန်သွားခဲ့သည်။

မိတမဲ့ဖြစ်သွားသော သူအား ချီဖန်တောင်မှ ဘုန်းတော်ကြီး ကွမ်းကျုံးလွီ၏ ဆုံးမစကားကို တစ်သဝေမတိမ်း နားထောင်ခဲ့သည်။

သို့သော် ...

သူ၏စိတ်ထဲတွင် ပိုက်ဟူနယ်မှ တထျန်လူမျိုးများအား မုန်းတီးသောစိတ်မှာမူ မစဖျောက်ခဲ့ချေ။ သူ၏ ရန်ငြိုးဆိုသော စိတ်ဓာတ်သည် ကြီးသထက်ကြီး မြင့်သထက်မြင့်လာခဲ့သည်။

ထိုရန်ငြိုးသည် သူ၏အသက်ငယ်ဆုံးသွားသည့်အထိ ပျောက်

ကွယ်သွားမည် မဟုတ်ပါချေ။

ဆီးနှင်းထုက ပို၍ထူထပ်သိပ်သည်းလာသည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးထားသည်။

ချီဖန်တောင်ထိပ်ပေါ်ရှိ သစ်လုံးအိမ်လေးဆီမှ မီးရောင်လဲ့လဲ့ထွက်ပေါ်နေ၏။

ထိုသစ်လုံးအိမ်လေးသည် ဘုန်းတော်ကြီးကွမ်းကျုံးလွှိ၏ ကျောင်းသင်္ခန်းလေးပင် ဖြစ်ပါသည်။ ယခု ...

သစ်လုံးအိမ်လေးထဲတွင် ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် တရားရွတ်နေ၏။

သူ တရားရွတ်နေသည်မှာ ညနေအချိန်ကတည်းကဖြစ်၏။

အချိန်ကြာမြင့်ပြီဖြစ်၍ ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် တရားရွတ်ခြင်းကို ရပ်လိုက်သည်။ ထို့နောက် ...

ထိုင်ရာမှထကာ တံခါးဝတွင် သွားရောက်ရပ်တန့်ကာတောင်တက်လမ်းဆီသို့ မျှော်ကြည့်လိုက်သည်။

တောင်တက်လမ်းတစ်လျှောက်တွင် ဆီးနှင်းများက ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များ ထင်ဟပ်လာသည်။

သူ၏နှုတ်မှလည်း တီးတိုးရေရွတ်လိုက်၏။

"အင်း ... ဒီကလေး နောက်ကျလှချေလား ... "

သူ ဤသို့ ရေရွတ်ရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ...

ယခုအချိန်ထိ ယွမ်ယိုင်တစ်ယောက် ပြန်ရောက်မလာသေး

သောကြောင့်ပေတည်း။

ယွမ်ယိုင်အား ငါးနှစ်သားအရွယ်ကပင် ခေါ်ယူမွေးစားခဲ့သောကြောင့် သူ၏သားတပည့်အဖြစ် အလွန်သံယောဇဉ်ကြီးသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် ယွမ်ယိုင်အား လိမ္မာရေးခြားရှိစေရန် အစဉ်သွန်သင်ခဲ့သည်။

ယွမ်ယိုင်ကလည်း သူ့စကားကို တစ်သဝေမတိမ်း လိုက်နာ၏။ ဆောင်ရန် ရှောင်ရန် သွန်သင်ဆုံးမသည်ကို နာခံ၏။

မိဘမဲ့ကလေးတစ်ယောက်အဖြစ်လည်း ယွမ်ယိုင်အား ပို၍သနားကြင်နာမိသည်။ ယခု ...

ယွမ်ယိုင်တစ်ယောက် တောင်ခြေသို့ ထင်းခုတ်သွားရာပြန်ရောက်မလာသေးချေ။ ထို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွှိမှာ စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

ထိုစဉ် ... အဝေးဆီမှ သီချင်းဆိုသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ပူပန်နေသော ဘုန်းတော်ကြီး ကွမ်းကျုံးလွှိ၏မျက်နှာမှာ အေးချမ်းငြိမ်သက်သွားသည်။

ထိုသီချင်းသံမှာ ယွမ်ယိုင် နေ့စဉ်သီဆိုနေသော သီချင်းသံပင် ဖြစ်ပါသည်။ နေ့စဉ်ကြားနေရသဖြင့် သည်သီချင်းသံကို သူ မှတ်မိနေသည်။ ဤသို့ဆိုလျှင် ယွမ်ယိုင်သည် အန္တရာယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်ရခြင်း မရှိ နိုင်ပါ။ မကြာမီ ...

တောင်တက်လမ်းအတိုင်း တရွေ့ရွေ့တက်လာသော ယွမ်ယိုင်အား ဆီးနှင်းများအကြားတွင် တွေ့မြင်လိုက်ရ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် ကျေနပ်စွာပြုံးလိုက်၏။

မိဘမဲ့ကလေးတစ်ယောက်အား ကျွေးမွေးစောင့်ရှောက်ခဲ့

သည့် သူ၏အပြုအမူအတွက် ကျေနပ်မိသည်။

ထိုသို့ တွေးနေစဉ်မှာပင် ယွမ်ယိဝိုင်က သစ်လုံးအိမ်လေး ရှေ့သို့ ရောက်ရှိလာသည်။ သူသည် ပခုံးပေါ်တွင် ထမ်းပိုးလာသော ထင်းစည်းအား မြေပြင်ပေါ်သို့ ချလိုက်၏။ ထို့နောက် ...

ဘုန်းတော်ကြီး ကွမ်းကျုံးလွိအား ဦးညွှတ်ဂါရဝပြုရင်း သူ နောက်ကျရသည့်အကြောင်းရင်းကို ရှင်းပြလေ၏။

"ဘုန်းဘုန်းဘုရား ... ဆီးနှင်းတွေ အရမ်းကျနေတယ် ... ကျောင်းဆိုင်းထဲမှာပဲ အနားယူနေပါဘုရား ... တပည့်တော်လည်း ဆီးနှင်းတွေကျလို့ နောက်ကျနေတာပါ ဘုရား ... "

ဘုန်းတော်ကြီး ကွမ်းကျုံးလွိက ကျေနပ်စွာပြုံးလိုက်ပြီး ...

"အား ... အေး ... မင်း အေးလှပြီ ... ဆန်ပြုတ်ပူပူလေး သောက်ပြီး အနားယူတော့ ... "

ယွမ်ယိဝိုင်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

"တင်ပါ့ဘုရား ... "

သူသည် သစ်လုံးအိမ်ကလေးထဲသို့ ဝင်သွားလေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် ယွမ်ယိဝိုင်၏နောက်ကျော ကိုကြည့်ကာ ဦးခေါင်းဖာဆတ်ဆတ်ညိတ်မိလေတော့သည်။

သူတို့ ညအိပ်ကြပြီးနောက် နောက်တစ်နေ့နံနက်သို့ ကူးပြောင်းရောက်ရှိသွားလေ၏။

အေးစိမ့်သောနံနက်ခင်း ... ။

ဝန်းကျင်တစ်ခုလုံး ဆီးနှင်းများက ထူထပ်သိပ်သည်းစွာ ကျဆင်းနေ၏။ ဤဒေသ၌ ဆီးနှင်းကျဆင်းခြင်းကတော့ မဆန်းတော့ပါ။ ထို့ကြောင့် ...

နေရောင်ခြည်ကို ကောင်းစွာ မမြင်ရပေ။

အရိပ်ကွဲမတတ် အေးစိမ့်မှုက ကြိုးစိုးနေသည်။

သစ်လုံးအိမ်လေးထဲတွင် မီးလင်းဖိုတစ်ခု ဖိုထားသည်။

မီးလင်းဖိုနံဘေးတွင် ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် ဆန်ပြုတ်ပူပူကို ဘဉ်းပေးသုံးဆောင်နေ၏။

ယွမ်ယိဝိုင်က သူ၏နံဘေးရှိ မီးလင်းဖိပေါ်တွင် ရေနွေးအိုး တည်နေသည်။ အတန်ကြာမှ ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိက စားသောက်ခြင်းကို ရပ်လိုက်၏။ သူသည် သောက်နေသည့် ဆန်ပြုတ်ပန်းကန်ကို အနီးရှိစားပွဲတစ်လုံးပေါ် တင်လိုက်သည်။

သူသည် မီးလင်းဖိအား ထင်းထည့်နေသော ယွမ်ယိဝိုင်အား ကြည့်ကာ ပြောလိုက်၏။

"ယွမ်ယိဝိုင် ... ဆန်ပြုတ်ပူတုန်း မင်းလည်း သောက် ... တော်ကြာ နေထွက်လာရင် မြို့ကို ခရီးသွားရမှာ မဟုတ်လား ... အားလုံးအဆင်သင့်ဖြစ်နေရင် အကောင်းဆုံးပေါ့ ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်သည်။

"တင်ပါ့ဘုရား ... "

ထို့နောက် ...

သူသည် ထိုင်ရာမှထကာ ဆန်ပြုတ်အိုးထဲမှ ဆန်ပြုတ်များကို ပန်းကန်ထဲသို့ထည့်ကာ စားပွဲပေါ်တွင်တင်၍ ဆန်ပြုတ်သောက်လိုက်၏။ ဆန်ပြုတ်သောက်ပြီးသောအခါမှ ဘုန်းတော်ကြီးကွမ်းကျုံးလွိ က စကားစလိုက်သည်။

"မင်း မြို့သွားရင် ကိုယ့်ကိုယ်ကို သတိထားသွားဦးကွ"

ယွမ်ယိဝိုင်က ပြုံးလိုက်၏။

"တပည့်တော်အတွက် စိတ်မပူပါနဲ့ဘုရား ... "

ဘုန်းတော်ကြီး ကွမ်းကျုံးလွှီမှာ မျက်မှောင်ကုတ်သွား၏။

"စိတ်ပူရမှာပေါ့ကွ ... ဒီလောက်ဝေးတဲ့ခရီးကို သွားရမှာ ဆိုတော့ မင်းအတွက် မပူဘဲနေမလား ... ယွမ်ယိဝိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဟုန်ကျန်းနယ်က ဘယ်မြို့ကိုမဆို ကျွန်တော် သွားရဲပါ တယ် ... ကျွန်တော်တို့ ဟုန်ကျန်းနယ်က တထွန်လူမျိုးတွေဟာ ရဲစွမ်းသတ္တိရှိတယ် ... ကိုယ့်အားကိုယ်ကိုးတဲ့ စိတ်ဓာတ်ရှိတယ် ... ဟုန်ကျန်းနယ်သားအချင်းချင်း ဒုက္ခရောက်အောင် မလုပ်ပါဘူး ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ခေါင်းညိတ်လိုက်သည်။

"အေးလေ ... မင်းတို့ဟုန်ကျန်းနယ်သား အချင်းချင်းတော့ အန္တရာယ်မရှိလောက်ပါဘူး ... ဒါပေမဲ့ ... မြို့ကိုသွားပြီး စားနပ်ရိက္ခာ သွားဝယ်တိုင်း သုံးရက်လောက်ကြာတော့ ... မင်းအတွက် စိုးရိမ်တာ ပေါ့ ... "

ယွမ်ယိဝိုင်က ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား ပြန်လျှောက် လေ၏။

"တပည့်တော်ကလည်း ဘုန်းဘုန်းအတွက်သာ စိတ်ပူမိတာ ပါ ... တပည့်တော်အတွက်ကတော့ ဘယ်တော့မှ စိတ်မပူပါဘူး ဘုရား... ဒီမှာက ဘုန်းတစ်ပါးတည်း ကျန်ရစ်တာ မဟုတ်လား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ခေါက်ကာပြလိုက်၏။

"ငါ့အတွက် ဘာမှမပူပါနဲ့ ... မင်းကိုမမွေးစားခင်က ငါ တစ်ယောက်တည်း နေလာခဲ့ရတာပါ ... ငါ့အတွက် စိုးရိမ်စရာမရှိပါဘူး...

ဒီတောဒီတောင်ဟာ ငါအိမ်ငါယာပဲ ... "

သူသည် ယင်းသို့ပြောပြီး အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့် ကာ ပြောလိုက်၏။

"ကဲ ... အပြင်မှာ နှင်းကွဲနေပြီ ... မင်း ခရီးထွက်ဖို့သင့်ပြီ"

ထိုအခါ ... ယွမ်ယိဝိုင်က အသင့်ထုပ်ထားသော ခရီးဆောင် အဝတ်အိတ်ကို ကျောတွင်ပိုးကာ ဘုန်းတော်ကြီး ကွမ်းကျုံးလွှီအား ရှိခိုးကန်တော့လိုက်၏။

"ဘုန်းဘုန်းကို ဦးညွှတ်ကန်တော့ပါတယ် ... တပည့်တော် ကို သွားခွင့်ပြုပါဦး ... "

ဘုန်းတော်ကြီးကွမ်းကျုံးလီက ခေါင်းညိတ်လိုက်၏။

"အေး ... အခုအချိန်သွားမှ မင်းမြို့ကို ည နေလောက်မှ ရောက်မှာကွ ... "

ထို့နောက် ယွမ်ယိဝိုင်သည် ခရီးဆောင်အဝတ်အိတ်ကို လွယ်ကာ သစ်လုံးအိမ်လေးထဲမှ ထွက်၍ တောင်တက်လမ်းဘေး အတိုင်း ဆင်းသွားလေတော့သည်။

သူအရွယ်ရောက်စမှစ၍ ရိက္ခာမြတ်သောအခါတွင် ဘုန်းတော် ကြီး ကွမ်းကျုံးလွှီက သူ့အား မြို့သို့သွားရောက်ဝယ်ခိုင်းတတ်သည်။

ယခုတစ်ကြိမ် ရိက္ခာအဝယ် သွားခြင်းမှာ ပဉ္စမအခေါက်ပင် တိုင်ခဲ့လေပြီ။

ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် သစ်လုံးအိမ်လေးဆီသို့ ရှိ မြေတလင်းအား တံမြက်စည်းလှည်းနေသည်။

ဤအလုပ်များသည် ယွမ်ယိဝိုင်၏အလုပ်ပင် ဖြစ်သည်။ ယွမ်ယိဝိုင် အမြဲတမ်း ထမ်းဆောင်ခဲ့သော ဝတ္တရားများဖြစ်သည်။

သို့သော် ...

ယခု ယွမ်ယိဝိုင်မှာ ဖြူတက်၍ ရိုက္ခာသွားဝယ်သောကြောင့် သူ တစ်ယောက်တည်း ကျန်ရှိနေခြင်းဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် ယွမ်ယိဝိုင်အကြောင်းကို တွေးကာ တံမြက်စည်းကို ဆက်လှည်းနေသည်။

ထိုစဉ် ...

အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှိမှာ မျက်မှောင်ကုတ်သွားသည်။

ဤမျှ ဝေးလံသီခေါင်၍ ရာသီဥတုဆိုးရွားလွန်းသော အရပ်ဒေသသို့ မည်သည့်ခရီးသွားများက လာရောက်ကြပါသနည်း။

ချီဖန်တောင်သည် ခရီးသွားများတက်ရောက်ခြင်း မပြုတတ်ကြသည့် တောင်တစ်ခုဖြစ်သည်။

ထို့ကြောင့် ...

တစ်နှစ်တစ်ခု အရေးကိစ္စရှိသူများသာ ချီဖန်တောင်သို့ လာရောက်တတ်ကြသည်။ အကြောင်းမဲ့လာသူများ မရှိကြပေ။

ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် လွှဘဝတုန်းက ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်၏။

ထို့ကြောင့် ...

အခန်း (၂)

အပ်နှံခြင်း

နေမွန်းတည့်ပြီဖြစ်သည်။

သခူးအချိန်တွင် အဝူတော် အတော်အတန်ရလာသဖြင့် အရပ်ရှစ် ဖျက်နာတစ်ခွင်တွင် ရစ်ဆိုင်းနေသော နှင်းမြူများအား လုံး လွှင့်ပါး ပျောက်ကွယ်သွားခဲ့လေပြီ။

ထို့ကြောင့် ... နေ၏အလင်းရောင်ကို ကောင်းစွာတွေ့မြင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ချီဖန်တောင်၏ ရာသီဥတုမှာ နေမွန်းတည့်ချိန်ရောက်သော အခါ နေ၏အလင်းရောင်ကို ကောင်းစွာရရှိနိုင်ပေသည်။

ထို့အတူ ...

ညနေအချိန်ရောက်သည်နှင့် နေ၏အလင်းရောင်ကို မမြင်နိုင်တော့ပေ။ ထူထပ်သိပ်သည်းစွာ ကျဆင်းလာသော ဆီးနှင်းများကြောင့် ဖြစ်၏။

ယခုကဲ့သို့ ... နေမွန်းတည့်ချိန်များတွင်သာ အနေးဓာတ် အနည်းငယ်ပျော့သွားလေ့ရှိ၏။ ယခု ...

ယခု မြင်းခွာသံများမှာ မြင်းငါးကောင်ခန့် အပြင်းမောင်းနှင်လာသော အသံဖြစ်ကြောင်း သူသိသည်။ လူဘဝတုန်းက အလေ့အကျင့်သည် ယခုတိုင် မပျောက်သေးပေ။

မကြာမီ ...

မြင်းခွာသံများသည် ချီဖန်တောင်ခြေသို့ ရောက်ရှိလာသံကြားလိုက်ရ၏။

ထိုအခါ ...

မြင်းခွာသံအားလုံး ပျောက်ကွယ်သွားသည်။ မြင်းပေါ်မှ ဆင်းလျှောက်ရမည်။

မြင်းများကို ကိုင်လာလျှင် ကိုင်လာ၊ မကိုင်လာလျှင် တောင်ခြေ သစ်ပင်တစ်ပင်၌ ချည်နှောင်ထားရမည်။

ချီဖန်တောင်တက်လမ်းသည် မြင်းစီး၍တက်ရန် မလွယ်ကူသောကြောင့် ဖြစ်ပါလေ၏။

တောင်တက်လမ်းတစ်လျှောက်တွင် ဆီးနှင်းများ ဝိတ်ဖုံးနေတက်ပြီး ကျောက်တုံးကျောက်ခဲများ ပြွမ်းတီးနေသဖြင့် မည်သည့်မြင်းစီးသမားမျှ မစီးနိုင်ချေ။ စီးလျှင်လည်း မြင်းခြေထောက်ကျိုးမည်သာဖြစ်၏။

ထို့ကြောင့် ...

ခရီးသွားများမှာ ချီဖန်တောင်ပေါ်သို့တက်ရောက်လျှင် မြင်းများကို မစီးဘဲ ကော်ကြိုးမှဆွဲ၍ တက်ရောက်ခြင်း ဖြစ်လေ၏။

ဘုန်းတော်ကြီးကွမ်းကျိုးလိုသည့် တံမြက်စည်းကို ဆက်လက်လှည်းနေလိုက်၏။

မိဓိထံသို့ ခရီးသွားအချို့ လာရောက်တည်းခိုကြဦးမည်ဟု

ထည်း တွေးတောလိုက်မိလေတော့သည်။

မွန်းတည့်ချိန်ကျော်လွန်သွားပြီ ဖြစ်သည်။

နေမင်း၏အပူရှိန်ကြောင့် ဆီးနှင်းထုများ လွင့်ပါးပျောက်ကွယ်သွားပြီဖြစ်၏။ နေမင်းအပူချိန် အနည်းငယ်ပျော့သွားသည်နှင့် ဆီးနှင်းများ ပြန်လည်ကျဆင်းလာမည်ဖြစ်သည်။ သို့သော် ...

အေးစိမ့်မှုက အနည်းငယ်သာ လျော့ပါးသွားသည်။

ယခု ...

ချီဖန်တောင် တက်လမ်းတွင် လူငါးယောက်သည် မြင်းခက်ကြိုးကို ကိုယ်စီဆွဲ၍ တောင်ပေါ်သို့ တက်လာ၏။

ရှေ့ဆုံးမှတက်လာသူမှာ အသက်လေးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်ဖြစ်၏။

အညိုရောင်ဝတ်စုံကို ဝတ်ဆင်၍ တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိသူ ဖြစ်သည်။

ထိုလူ၏နောက်တွင် အသက်နှစ်ဆယ်ခန့်ရှိမည့် လူရွယ် တစ်ယောက် လိုက်ပါလာ၏။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူရွယ်မှာ ချောမော ခန့်ညားသော ရုပ်သွင်ရှိသူဖြစ်သည်။

လူရွယ်၏နောက်မှ အသက်ဆယ့်ငါးနှစ်ခန့်သာရှိမည့် မိန်းကလေးတစ်ယောက်ပါရှိလာသည်။

ထိုမိန်းကလေးသည် ပန်းနုရောင်ဝတ်စုံကို လှပစွာဝတ်ဆင်ထား၏။

နှင်းပန်းလေးတစ်ပွင့်ပမာ ဖြူဖွေးနုနယ်သော မိန်းကလေး၏ အလှမှာ မြင်သူငေးလောက်ပေသည်။

နက်မှောင်သန်စွမ်းသော သူမ၏ဆံကေသာများကို သေသပ်စွာ စည်းနှောင်ထားသည်။

မိန်းကလေး၏နောက်မှ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိမည့် လူငယ်နှစ်ယောက် လိုက်ပါလာသည်။

ထိုလူနှစ်သည် တောင်တက်လမ်းအတိုင်း ချီဖန်တောင်ပေါ် သို့ တက်လာခဲ့၏။ ထိုစဉ် ...

အဖြူရောင်ဝတ်ဆင်ထားသူ လူရွယ်က အညိုရောင်ဝတ်ဆင်ထားသူဘက်သို့လှည့်ကာ မေးလိုက်လေ၏။

"ဖေဖေ ... ဘုန်းတော်ကြီးကွမ်းကျုံးလွှိက တောင်ပေါ်မှာ ရှိပါ့မလား ... "

အညိုရောင်ဝတ်ဆင်ထားသူက ပြုံးလိုက်ပြီး ...

"ဘုန်းတော်ကြီးက လူလောကကို စိတ်ကုန်သွားပြီ ... သူက ဘယ်တော့မှ လူတွေနဲ့အတူ နေတော့မှာမဟုတ်ဘူး ... ဒီလို ဆိတ်ငြိမ်အေးချမ်းတဲ့ ချီဖန်တောင်ကနေ ဘယ်နေရာကိုမှ ကြွမှာမဟုတ်ပါဘူးဘားရယ် ... "

ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးကလည်း ကြားဝင်မေးလိုက်၏။

"ဘုန်းတော်ကြီးက လူလောကကို စိတ်ကုန်သွားပြီဆိုတော့ သမီးတို့ကိုကော သိုင်းပညာသင်ပေးပါဦးမလား ... "

အညိုရောင်ဝတ်ဆင်ထားသူက သဘောပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... ဖေဖေ တောင်းပန်ကြည့်ရမှာပေါ့ သမီးရယ် ... သူက ဖေဖေ့ရဲ့ဂိုဏ်းတူအစ်ကိုဆိုတော့ ... ဖေဖေတို့ရဲ့ အခြေအနေကို

ပြောပြရင် သိုင်းပညာသင်ပေးမယ်လို့ ထင်ရတာပဲ ... "

ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပခုံးတစ်ချက်တွန့်လိုက်ပြီး ပြောသည်။

"ဖေဖေ သေသေချာချာ ပြောပေးပါနော် ... သမီး သိုင်းပညာသင်ချင်တယ် ... နောက်ပြီး ... ဒီလို နှင်းမြူတွေ အမြဲကလွှမ်းမိုးနေတဲ့ အရပ်မှာလည်း နေဖူးချင်တယ် ... အင်း ... တောထဲမှာ သိပ်ကြည်နူးစရာကောင်းတယ် ဖေဖေ ... "

ထိုစကားကြောင့် အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်ကသဘောကျစွာ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ညီမလေးက ချီဖန်တောင်ရဲ့အနှီးအခုမှရောက်ဖူးတော့ ပျော်နေတာပေါ့ ... ချီဖန်တောင်ကနေမွန်းတည့်ချိန်မှာသာ နေရောင်ကိုမြင်တွေ့နိုင်တာ ... ကျန်တဲ့အချိန်တွေဆို ဆီးနှင်းတွေ အမြဲဝိတ်ဖုံးနေတာ ... တော်ကြာ ... ဝေ့ချမ်းတော့မှ ချီဖန်တောင်မှာ မနေချင်တော့ဘူး ဖြစ်နေဦးမယ် ... ဟုပါ ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ မျက်နှာငယ်ကုတ်သွားသည်။

"အစ်ကိုယုံမင်း ပြောသလိုဆို ... ချီဖန်တောင်က ရာသီဥတုတော်တော်ဆိုးရွားတာပေါ့ ... "

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်က ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ဟုတ်တယ် ... ချီဖန်တောင်ဟာ ဟုန်ကျန်းနယ်နဲ့ ဂိုဏ်းတော့ ရာသီဥတုက အစ်ကိုတို့ ပိုက်ဟူနယ်ကလို မမျှတဘူး ... ဝံပုလွေတွေလို ကောက်ကျစ်စဉ်းလဲတဲ့ သစ္စာဖောက်တဲ့ တထျန်လူပျိုးတွေ

နေတဲ့ ဟုန်ကျန်းနယ်ဆိုရင် ရေတွေအမြဲခံနေတတ်တယ် ... "

ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးက တအံ့တသြ ပြောလေ၏။

"အို ... ဒါဆိုရင် ဟုန်ကျန်းနယ်ကယူတော့ဟာ ဆိုးရွားတဲ့ ငယ်နစ်ပဲပေါ့နဲ့ အမြဲရင်ဆိုင်နေရမှာပေါ့ ... "

ထိုအခါ ...

တက်လာခဲ့သောက်မှလိုက်ပါလာသော လူငယ်နှစ်ယောက်အနက် တစ်အား နာခေါင်းရှဲကာ ...

ထားသူတင် ညီမလေးကလည်း ... သူတို့အရပ်ဒေသနဲ့ သူတို့တော့ "မနေ့ကြပေါ့ကွာ ... ဒီသစ္စာဖောက် စံပုလွေတွေအတွက် ဘာမှ နှိုးပါမလား နဲ့ ... သူတို့က နေသားကျနေပါပြီ ... "

ထိုစကားကြောင့် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေး ပင်စိတ်သွားသည်။

ဘယ် ထိုစဉ် ...

ရှေ့မှသွားနေသော အညိုရောင်ဝတ်ဆင်ထားသူက လက် တစ်ဖက်ဝှေ့ယမ်းပြလိုက်ပြီး လောဆော်လိုက်သည်။

"ဟဲ့ဟေ့ ... စကားများမနေနဲ့ ... တောင်ပေါ်ကို မြန်မြန် တက်ကြရအောင် ... "

ထိုအခါ ...

နောက်မှလိုက်ပါလာသော လူငယ်များမှာလည်း ခြေလှမ်း သွက်သွက်ဖြင့် လိုက်ပါသွားကြလေတော့သည်။

... ခြင်္သေ့ ...

သစ်လုံးအိမ်လေးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် အိမ်ရှေ့မြေတလင်းတွင် တံမြက်လှည်း၍ သစ်ရွက်ခြောက်များကို စုပုံကာမီးရှို့နေသည်။ သူသည် မီးရှို့ရင်းမှ လှမ်းကြည့်လိုက်ရာ ...

မြင်းကိုယ်စီ၌၍ တောင်ပေါ်သို့ တက်လာသော လူဟစ်စုအား တွေ့မြင်လိုက်ရ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှိမှာ ရှေ့ဆုံးမှလျှောက်လှမ်းလာနေသော အညိုရောင်ဝတ်ဆင်ထားသူအား တွေ့မြင်ရသောအခါ အံ့သြသွားသည်။

သူ ငေးကြောင်ကြည့်နေစဉ်မှာပင် ထိုလူစုသည် သူ့အိမ်းသို့ ရောက်ရှိလာသည်။

ခရီးရောက်မဆိုက်ပင် အညိုရောင်ဝတ်ဆင်ထားသူက သူ့အား ထိုင်၍ ရှိခိုးကန်တော့လေ၏။

"ဘုန်းတော်ကြီး ကွမ်း ကို တပည့်တော် ရှိခိုးကန်တော့ပါတယ် ... "

ထိုအခါ ...

သူ၏နောက်မှ လူငယ်သုံးယောက်နှင့် မိန်းကလေးတို့က လည်း ထိုင်၍ ရှိခိုးကန်တော့ကြလေ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ပြုံးလိုက်ပြီး ...

"ဖြို့စားမင်းကျူး ထိုက်ဖုန်းကိုယ်တိုင် ရောက်လာပါလား ... ဘာကိစ္စများ အထူးအတွေ့ရှိလို့လဲ ... "

သူသည် ယင်းသို့မေးရင်း အပြုံရောင်ဝတ်ဆင်ထားသော လူရွယ်အား ဆွေ့မြင်သွားပြီး အံ့သြသွားသလို ပြောလေ၏။

"ဩော် ... မြို့စားမင်းရဲ့သားကြီး ကျူးယဲမင်းလည်းပါလာတာကိုး ... "

အညိုရောင်ဝတ်ဆင်ထားသူက ဦးညွှတ်ပြီးပြောသည်။

"တပည့်တော်ကို မြို့စားမင်းလို့ မခေါ်ပါနဲ့ဘုရား ... တပည့်တော်တို့က သိုင်းပညာညီအစ်ကိုချင်းတွေဆိုတော့ ဒီရာထူးဂုဏ်ဒြပ်တွေကို အလေးထားစရာ မလိုပါဘူး ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက ကျေနပ်စွာပြုံးလိုက်သည်။

"အေးကွယ် ... မင်းမြို့စားမင်းဖြစ်သွားတဲ့အတွက် ကျွဲဝဂုဏ်ယူဝမ်းမြောက်မိပါတယ် ... ကဲ ... ကဲ ... အိမ်ထဲမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ... အိမ်ထဲကိုလာကြပါ ... အပြင်ကတော့ အေးတယ် ... နေရောင် ဘယ်လောက်မြင့်ရမြင့်ရ အေးတာကတော့ အေးတာပါပဲ ... "

သူသည် ယင်းသို့ပြောပြီး သစ်လုံးအိမ်လေးထဲသို့ ရှေ့မှဦးဆောင်ဝင်သွား၏။

ထိုအခါ ...

မြို့စားမင်းကျူးထိုက်ဖုန်းတို့ လူစုသည် မြင်းများကို မြင်းချည်တိုင်တွင်ချည်ကာ မြင်းပေါ်မှ ရိက္ခာထုပ်နှင့် အဝတ်အိတ်များကို ထမ်းကာ သစ်လုံးအိမ်လေးထဲသို့ လိုက်ဝင်သွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေသည်။

သစ်လုံးအိမ်လေးထဲသို့ လှမ်းဝင်လိုက်သည်နှင့် ခွေးတွေးသော ခံစားမှုကိုရရှိလိုက်၏။

အကြောင်းမှာ ...

သစ်လုံးအိမ်လေးထဲတွင် အရှိန်ခြင်းပြင်းနှင့် ကောက်လောင်နေသော မီးလင်းဖိုတစ်ခုရှိသောကြောင့် ဖြစ်သည်။

မြို့စားမင်းကျူးထိုက်ဖုန်းသည် အိမ်အတွင်းသို့မျက်စိဝေ့ကြည့်လိုက်၏။

သစ်လုံးအိမ်လေးမှာ အတွင်း၌ ကျယ်ဝန်း၍ သန့်ရှင်းသပ်ရပ်လှသည်ကို တွေ့မြင်နေ၏။

ဟောင်းနွမ်းနေပြီဖြစ်သော စားပွဲခုံငယ်တစ်လုံးမှအပ မည်သည့်အိမ်ထောင်ပရိဘောဂမျှ မရှိချေ။

လူ့လောက သံယောဇဉ်များကို ဖြတ်တောက်ထားသော ဘုန်းတော်ကြီးသည် မည်သည့်ပစ္စည်းကိုမျှ လိုလိုချင်ချင် စုဆောင်းမထားချေ။

"ကဲ ... ကဲ ... မင်းတို့လည်း သက်သောင့်သက်သာထိုင်ကြပါဦး ... "

ထိုအခါ ...

ကျူးထိုက်ဖုန်းတို့လူစုမှာလည်း မီးလင်းဖိုနံဘေးတွင် ဝင်ရောက် ထိုင်ချလိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှီသည် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့် လူငယ်နှစ်ယောက်အား ကြည့်ကာ မေးလိုက်လေ၏။

"ဒကာကြီး ... သူတို့လေးတွေက ဘယ်သူတွေလဲ ... "

ကျူးထိုက်ဖုန်းက ပြုံးလိုက်သည်။

ထို့နောက် ...

သူက မိန်းကလေးအား ရှေ့ဦးစွာလက်ညှိုးထိုးပြလိုက်ပြီး

မိတ်ဆက်ပေးသည်။

"သူက တပည့်တော်ရဲ့သခီးပါ ... ကျူးဝေဝေလို့ ခေါ်ပါတယ် ... ဟောဟိုက သူငယ်နှစ်ယောက်ကတော့ တပည့်တော်ရဲ့တူအရင်းပါပဲ ... ကျူးရှောင်လုံနဲ့ ကျူးစုဖန်လို့ ခေါ်ပါတယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိုက ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

"အင်း ... လူတွေဟာ မျိုးရိုးဆက်ခံကြရတယ်ဆိုတာ တယ် မှန်တာပဲ ... ကျူးမျိုးနွယ်တွေဟာ အစဉ်တစိုက် ချောမောခဲ့ကြတာ ချည်းပဲ ... အခု မျိုးနွယ်ဆက်တွေဟာလည်း ချောကြတာပဲ ... ကျူး ယဲ့ငင်းလည်း အရွယ်ရောက်လာပြီဆိုတော့ ဒကာကြီးအတွက် တအား ပဲပေါ့ ... "

ကျူးထိုက်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကင်ပါဘုရား ... ကျူးယဲ့မင်းဟာ တပည့်တော်အတွက် ညာလက်ရုံးပါ ... သူလိုဉာဏ်ရည်ထက်မြက်တဲ့ လူငယ်တစ်ယောက် ဟာ တိုင်းပြည်အတွက် အကျိုးပြုနိုင်မှာပါ ... အခုလည်း ကွမ်ရှမ်းမြို့ မှာ တပည့်တော်နဲ့အတူ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို ဦးလည့် မသုန် တာဝန်ထမ်းဆောင်နေပါပြီ ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိုက ကျေနပ်စွာပြုံးလိုက်ပြီး ...

"ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်တဲ့စိတ်က သိပ်ကောင်း ပါတယ်ကွာ ... ဒါနဲ့ ... ဒကာကြီး ဒီကိုလာတာ ကိစ္စထူးများရှိနေ သလား... အလာပသလွှာပ ပြောနေကြတယ် ... စားသောက်အကြောင်း ရှင်းကို မမေးဖို့ဘူး ... "

ကျူးထိုက်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"တင်ပါ့ဘုရား ... ရှိပါတယ် ဘုရား ... ရှိပါတယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိမှာ မျက်မှောင်ကုတ်သွားပြီး ဖြန်လည်မေးမြန်းလိုက်၏။

"ဘာကိစ္စများလဲကွယ် ... ပြောစမ်းပါဦး ... "

ထိုအခါ ...

ကျူးထိုက်ဖုန်းက သမီးဖြစ်သူ ကျူးဝေဝေနှင့် တူဖြစ်သူ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ဘက်သို့ လှည့်၍လက်ညှိုးညွှန်ပြလိုက် ပြီး ပြောလိုက်လေ၏။

"သူတို့လေးတွေကို ဘုန်းဘုန်းဆီမှာ သိုင်းပညာသင်ကြား ပေးဖို့ အပ်နှံချင်လို့ပါ ... "

ထိုစကားကိုကြားလိုက်ရသောအခါ ဘုန်းတော်ကြီးကွမ်းကျူး လွိမှာ အလွန်အံ့သြသွားသည်။

အတန်ကြာမှ ...

သူက ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ဒီကိစ္စ မဖြစ်နိုင်ပါဘူးကွယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိက သက်ပြင်းတစ်ချက်ချလိုက် ပြီး ...

"ကျွဲပ်က သိုင်းလောကကို စိတ်ကုန်လို့ လူဝတ်ကြောင် ဘဝကိုစွန့်ပြီး ဒီလိုရဟန်းဝတ်လဲလှယ်ခဲ့တာ ဒကာကြီးလည်း သိသားပဲ မဟုတ်လား ... "

ကျူးထိုက်ဖုန်းက ခေါင်းညိတ်လိုက်၏။

"တပည့်တော် သိပါတယ် ... သားကြီးကိုတော့ တပည့်တော် ကိုယ်တိုင် ပညာသင်ကြားပေးခဲ့ပါတယ်... အခုဟာက တပည့်တော်မှာ

တစ်ဦးနှင့်တစ်ဦး နားလည်လက်ခံကြမည် မဟုတ်ချေ။

ဘုန်းတော်ကြီး ကွမ်းကျွဲလွိက သက်ပြင်းရှည်တစ်ချက်ကို ချလိုက်ပြီး အရှည်ကို စဉ်းစားလေ၏။

"အင်းလေ ... ကျွဲထိုက်ဖုန်းဟာ တစ်ချိန်တုန်းက ငါ့ရဲ့ သိုင်းပညာညီအစ်ကိုတစ်ယောက် ဖြစ်လေတော့ ... ငြင်းပယ်လို့လည်း မကောင်းပါဘူး ... ကျွဲထိုက်ဖုန်းက နောက်ရက်လောက်ဆိုပြန်မှာ ဆိုတော့ ယွမ်ယိဝိုင်နဲ့ မတွေ့တော့ဘူးပေါ့ ... ယွမ်ယိဝိုင်ကိုလည်း သူတစ်ပါး အနိုင်မကျင့်နိုင်အောင် သိုင်းပညာသင်ကြားပေးရင်း၊ သူတို့ကိုပါ သိုင်းပညာသင်ကြားပေးလိုက်တော့လည်း ပြီးတာပဲ ... "

တို့နောက် ...

ကျွဲထိုက်ဖုန်းဘက်သို့ လှည့်၍ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ ... ကျွဲ၀် သင်ကြားပေးပါ့မယ် ... "

ထိုစကားကြောင့် ကျွဲထိုက်ဖုန်း၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။ ခက်ခဲမည်ဟု ထင်ထားသည့်ကိစ္စမှာ အလွယ်တကူပြီးမြောက်ခဲ့လေပြီ။

"ကျေးဇူးကြီးလှပါတယ် ဘုရား ... တပည့်တော်ကို အခုလို ကူညီတဲ့အတွက် ဝမ်းသာလှပါပြီ ... "

ဘုန်းတော်ကြီးကွမ်းကျွဲလွိက ခေါင်းညိတ်လိုက်၏။

"ကဲပါလေ ... သူတို့လေးတွေအတွက်တော့ စိတ်ချပါ ... ဒါနဲ့ ... ဒကာကြီးတို့လည်း ဝိုက်ဆာရောပေါ့ ... နေဦး ... ကျွဲ၀် စားသောက်ဖို့ စီစဉ်ပေးပါ့မယ် ... "

ထိုအခါ ...

ကျွဲဝေဝေက သွက်လက်စွာဝင်ပြောလိုက်၏။

ဖြို့စားမင်းရာထူး ရရှိလာလေတော့ ... တာဝန်ဝတ္တရားတွေက ပိုမိုကြီးလာပါတယ် ... ဒါကြောင့် ... တပည့်တော်ရဲ့ တစ်ချိန်တုန်းက ပညာသင်ဘက် ညီအစ်ကိုဖြစ်တဲ့ ဘုန်းဘုန်းဆီကို ရောက်အောင်လာပြီး တပည့်တော်ရဲ့ သမီးနဲ့ တူတွေကို ပညာသင်ကြားပေးဖို့ အကူအညီ လာတောင်းတာပါ ... "

ဘုန်းတော်ကြီးကွမ်းကျွဲလွိက တည်ငြိမ်အေးဆေးစွာဖြင့် ...

"ဒကာကြီးက ဖြို့စားမင်းဆိုတော့ သိုင်းပညာသင်တန်းကျောင်းကောင်းကောင်းတွေမှာ အပ်နှံပြီး သင်ကြားပေးရင်လည်း ရသားပဲကွယ် ... "

ကျွဲထိုက်ဖုန်းက ခေါင်းခါယမ်းလိုက်၏။

"ဒီကိစ္စ မဖြစ်နိုင်လို့ပါ ဘုရား ... သိုင်းသင်တန်းကျောင်းတွေမှာဆိုရင် ယောကျ်ားလေးတွေချည်းပဲဆိုတော့ တပည့်တော်ရဲ့ သမီးအကွက် စိတ်မချပါဘူး ... ဒီမှာဆိုရင်တော့ ... ဘုန်းဘုန်းတစ်ပါး တည်းဖြစ်လို့ စိတ်မချစရာ မရှိပါဘူး ... "

ထိုစကားကြောင့် ဘုန်းတော်ကြီး ကွမ်းကျွဲလွိ၏ခန္ဓာကိုယ်မှာ သေမသာတုန်ခါသွားသည်။

သူ၏မျက်လုံးထဲတွင်လည်း ယွမ်ယိဝိုင်၏ရုပ်သွင်ကို မြင်ယောင်လိုက်မိသည်။

သူနှင့်အတူ ယွမ်ယိဝိုင်တစ်ယောက် ချိဖန်တောင်တွင်နေထိုင်သည်ကို ကျွဲထိုက်ဖုန်းတစ်ယောက် သိဟန်မတူပါ။

ထိုကိစ္စကိုပြောပြလျှင် ကျွဲထိုက်ဖုန်းက လက်ခံမည်မဟုတ်ပေ။ သူက သမီးကို စိတ်ချသူမဟုတ်ပေ။ ထို့ပြင် ...

တထွန်လူမျိုးချင်းတူပါသော်လည်း ဝါဒကွဲနေသူများဖြစ်၍

"ရပါတယ် ဘုန်းဘုန်း ... တပည့်တော်တို့လည်း ဝိုင်းကူပေး ပါ့မယ် ... "

ဘုန်းတော်ကြီးကွမ်းကျွဲလွှီက ပြုံးလိုက်သည်။

"အေးကွယ် ... အခုလို ဝိုင်းကူပေးမယ်ဆိုရင်တော့ မြန်တာ ပေါ့ကွယ် ... "

ထို့နောက် ...

ကျွဲဝေဝေတို့သည် ဘုန်းတော်ကြီးကွမ်းကျွဲးလွှီအား ဝိုင်းကူ၍ ညနေစာ စားသောက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

ဝန်းကျင်တစ်ခုလုံး ဆီးနှင်းများက ထူထပ်သိပ်သည်းစွာ ကျဆင်းလာပြီဖြစ်၏။

ဆည်းဆာချိန်လွန်မြောက်သည်နှင့် အမှောင်ထုက ချီဖန် တောင်အား လွှမ်းခြုံသွားသည်။

အအေးဓာတ်က အရိုးကွဲမတတ် ပြင်းထန်လွန်းလှသည်။

ဆီးနှင်းကျသံတဖြောက်ဖြောက်က ဂီတသံတစ်ခုအလား စည်းချက်မှန်မှန် ထွက်ပေါ်လာ၏။

သစ်လုံးအိမ်လေးထဲတွင် မီးရောင်များလင်းလက်နေသည်။

မီးလင်းဖိုရှေ့တွင် ဘုန်းတော်ကြီးကွမ်းကျွဲးလွှီနှင့် မြို့စားမင်း ကျွဲးဆိုက်ဖုန်းတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

လူငယ်များမှာ ခရီးပန်းသဖြင့် အိပ်နေကြပြီဖြစ်၏။

ဘုန်းတော်ကြီးကွမ်းကျွဲးလွှီက စကားစလိုက်သည်။

"ဒကာကြီးတို့ ဝိုက်ဟူနယ်ကို ရောပ်မရောက်တာကြာလှပြီ... တိုးရေးပြည်ရွာ အေးချမ်းသာယာကြရဲ့လား ... "

ထိုစကားကြောင့် ကျွဲးဝိုက်ဖုန်းက သက်ပြင်းတစ်ချက်ချ

လိုက်ပြီး အခြေအနေကိုရှင်းပြလေ၏။

"အမြင်မှာတော့ အေးချမ်းတယ်လို့ ပြောရမှာပေါ့ဘုရား ... ဒါပေမယ့် ... ဝိုက်ဟူနယ်ထဲက မြို့တော်တော်များများကို ဟုန်ကွန်း နယ်က သစ္စာဖောက် တထွန်လူမျိုးတွေအချို့ ဝင်လာပြီး ဒုက္ခပေးနေ တယ် ... ဘယ်လိုဒုက္ခပေးသလဲဆိုတော့ အဖျက်လုပ်ငန်းတွေလုပ်ကြ တာပဲ ... "

ဘုန်းတော်ကြီးကွမ်းကျွဲးလွှီက စိတ်မချမ်းမြေဟန်ဖြင့် မြည်း လိုက်သည်။

"အင်း ... ဒကာကြီးတို့ရဲ့ ရန်ငြိုးတွေကလည်း မပြေနိုင်ဘဲ ကိုး ... "

ကျွဲးဝိုက်ဖုန်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ဆက်လက်ရှင်းပြသည်။

"ဒီသစ္စာဖောက်တထွန်တွေဟာ ဘုရင်မင်းမြတ်အပေါ် တောင် သစ္စာဖောက်ရဲတော့ ... ကမ်းကုန်အောင် မိုက်ရိုင်းတဲ့သူတွေပဲ ... သူတို့ကိုယ်ကျွဲးအတွက်ပဲ ကြည့်တယ် ... ဝိုက်ဟူနယ်ထဲကို မြို့တွေ မှာ ရပ်ရွာမငြိမ်မသက်ဖြစ်အောင် အဖျက်လုပ်ရပ်တွေ လုပ်ကြတယ်... ဒီကိစ္စတွေကြောင့် တပည့်တော်တို့လည်း မနားရပါဘူး ... သူတို့ကို ရှင်းလင်းရတယ် ... ဖော်ထုတ်ရတယ် ... အပြစ်ဒဏ်ပေးရတယ် ... ဒါကြောင့် ... တပည့်တော်တို့သားအဖ မနက်ဖြန်ပဲ ပြန်တော့မယ်"

ဘုန်းတော်ကြီးကွမ်းကျွဲးလွှီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ ... တိုင်းရေးပြည်ရေး မငြိမ်သက်တဲ့အချိန် မှာ ဒကာကြီးတို့လို ရာထူးကြီးကြီးရထားတဲ့ လူဝတ်စ်ယောက်ဟာ တာဝန်ပေါ့လျော့လို့ ဘယ်ဖြစ်မလဲ ... "

ကျူးထိုက်ဖုန်းက ပြုံးလိုက်သည်။

"တင်ပါဘုရား ... တပည့်တော်တို့ ယူလာတဲ့ စားနပ်ရိက္ခာတွေဟာ တစ်လစာတော့ ပူလုံမယ်ထင်ပါတယ် ... တစ်လတစ်ခါ တပည့်တော် လူကြွနဲ့ ရိက္ခာပို့ပေးပါမယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး ...

"ကဲ ... ကဲ ... ညဉ့်နက်လှပြီ ... ဒကာကြီးလည်း အနားယူတော့ ... "

ကျူးထိုက်ဖုန်းက ထိုင်ရာမှထ၍ လက်အုပ်ချီလိုက်လေ၏။

ထို့နောက် ...

သူသည် သားဖြစ်သူ ခင်းပေးထားသော အိပ်ရာပေါ်တွင် လှဲချကာ အိပ်စက်အနားယူလိုက်လေတော့သည်။

နောက်တစ်နေ့နံနက် ...

မိုးစင်စင်လင်းသောအခါ ကျူးထိုက်ဖုန်းတို့လူစု အိပ်ရာမှ နိုးလာကြသည်။

ထို့နောက် ...

မျက်နှာသစ်ကာ နံနက်စာအဖြစ် ဆန်ပြုတ်ပူပူကိုသောက်ကြ၏။ ဘုန်းတော်ကြီး၏ အဓိကအစားအစာမှာ ဆန်ပြုတ်ပင်ဖြစ်တော့သည်။

နှင်းကွဲစပြုသောအခါမှ ပြန်ရန်ပြင်ဆင်ကြသည်။

ကျူးထိုက်ဖုန်းက သမီးဖြစ်သူအား ကြည့်ကာ ... အမှာစကားပြောကြားလေ၏။

"ကဲ ... သမီး ... ဖေဖေတို့ပြန်တော့မယ် ... သမီးအစ်တို

နှစ်ယောက်ရဲ့စကားကို နားထောင်နော် ... ဘုန်းဘုန်းရဲ့ဆုံးမစကားကိုလည်း တစ်သဝေမတိမ်းနားထောင်ရမယ် ... ဒါမှ သမီး တတ်ချင်တဲ့ သိုင်းပညာကို ထူးထူးချွန်ချွန် တတ်မြောက်မှာကွယ် ... ဆရာ့စကား နားမထောင်ဘဲ ကိုယ်လုပ်ချင်ရာလုပ်လို့ကတော့ သိုင်းပညာမှမဟုတ်ဘူး ... ဘယ်ပညာမှ မတတ်ဘူး ... "

ကျူးဝေဝေက ပြုံးရွှင်သောမျက်နှာထားဖြင့် ဖခင်အား ကြည့်ကြားလေ၏။

"သမီးအတွက် စိတ်ချပါ ဖေဖေ ... သမီး လိမ်လိမ်မာမာနဲ့ ဘုန်းတော်ကြီးစကားကို နားထောင်ပါ့မယ် ... ဆောင်ရွက်ရောရှိတဲ့ ကိစ္စတွေကိုလည်း ဆောင်ရွက်ပေးပါ့မယ် ... "

ကျူးထိုက်ဖုန်းက တူဖြစ်သူ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ဘက်သို့လှည့်ကာ ...

"မင်းတို့ကလည်း ဘုန်းတော်ကြီးစကားကို နားထောင်ကြနော် ... ညီမလေးကျူးဝေဝေကိုလည်း စောင့်ရှောက်ကြ ... "

ကျူးရှောင်လုံနှင့် ကျူးစုဖန်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

"စိတ်ချပါ ဦးလေး ... ကျွန်တော်တို့ညီမလေးကို စောင့်ရှောက်ပါ့မယ် ... "

ထို့နောက် ...

ကျူးထိုက်ဖုန်းသည် ဘုန်းတော်ကြီးကွမ်းကျူးလွှီအား ဂါရဝပြု နှုတ်ဆက်၍ သားဖြစ်သူ ကျူးယဲ့မင်းနှင့်အတူ မြင်းကိုယ်စီစီးကာ တောင်တက်လမ်းအတိုင်း ဆင်းသွားကြလေတော့သည်။

ကျူးဝေဝေသည် ဖခင်နှင့် အစ်ကိုဖြစ်သူ၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

သူမ၏ဘဝတစ်သက်တာတွင် ဖခင်ဖြစ်သူနှင့် မည်သည့်အခါကမျှ မခွဲဖူးပါချေ။

မိခင်ဖြစ်သူ ကွယ်လွန်သွားသဖြင့် ဖခင်ကလည်း သူမအား အကျစ်ပိုခဲ့သည်။

အခု သိုင်းပညာသင်ကြားရသော အရွယ်ရောက်မှ ဖခင်ဖြစ်သူနှင့် ခွဲခွာနေရခြင်း ဖြစ်သည်။

သိုင်းပညာအတွက် သူမ စွန့်စားခဲ့ခြင်း ဖြစ်သည်။

သို့သော် ... သူမ စိတ်ထဲတွင် ပျော်ရွှင်ကြည်နူးမိသည်။

အဘယ်ကြောင့်ဆိုသော် ...

နှင်းပန်းပင်များနှင့် တောင်တစ်ခုလုံး ပြည့်နှက်နေသော ဂီဖန်တောင်သည် သူမ ရောက်ဖူးချင်သော နေရာတစ်ခုဖြစ်နေသောကြောင့်ပေတည်း။

... ကြီး ...

အခန်း (၃)

ကြုံရခြင်းအင်

ကျူးထိုက်ဖုန်းနှင့် ကျူးယဲ့မင်းတို့ ပြန်သွားကြလေပြီ။

ဘုန်းတော်ကြီးကွမ်းကျူးလွိက ကျူးဝေဝေကို "ဟား ယနေ့တစ်နေ့တာ အနားယူရမည်ဟု ပြောသည်။

ထို့ကြောင့် ...

ကျူးဝေဝေတို့မောင်နှမသုံးယောက်မှာ တောတောင်၏ သဘာဝရှုခင်းများကို လိုက်လံကြည့်ရှုနေကြလေ၏။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က ရှေ့မှလျှောက်သွားကြ၏။

ကျူးဝေဝေက သူတို့နောက်မှ လိုက်ပါလာသည်။

တစ်နေရာအရောက်တွင် ကျူးဝေဝေက ခြေလှမ်းရပ်ကာ လှမ်းခေါ်လိုက်၏။

"အစ်ကိုရှောင်လုံနဲ့ အစ်ကိုစုဖန် ဒီမှာနေကြပါဦး ... "

ထိုအခါ ...

ရှေ့မှသွားနေသော ကျူးရှောင်လုံနှင့် ကျူးစုဖန်က ရယ်လိုက်ကြ၏။ နောက်သို့လှည့်ကြည့်ကာ ပြန်မေးသည်။

"ဘာဖြစ်လို့လဲ ကျူးဝေဝေ ... "

ကျူးရှောင်လုံက မေးလိုက်သည်။

ကျူးဝေဝေက တောင်ကမ်းပါးယံတွင် ပေါက်နေသော နှင်းပန်းပင်ကို လက်သွေးညွှန်ပြရင်း ...

"နှင်းပန်းတွေ တော်တော်လှတယ် ... ညီမလေးကို နူးပေးပါလား ... "

ထိုစကားကြောင့် ကျူးရှောင်လုံ၏မျက်နှာမှာ ရဲရဲမဲသွားသည်။

"စဉ်းစဉ်းစားစားလည်း ပြောစမ်းပါဦး ... တောင်ကမ်းပါးယံမှာပေါက်နေကဲ့ ပန်းကို ငါက သွားခူးရင် ချောက်ထဲကျပြီး သေသွားမှာပေါ့ဟာ ... အစ်ကို သေပေးပါလို့ ပြောသလိုဖြစ်နေပြီ ... "

ကျူးဝေဝေက မကျေမနပ်လေသံဖြင့် ...

"အစ်ကိုရှောင်လုံက သိုင်းပညာလည်း သင်ချင်တယ် ... သေရမှာလည်း တော်တော်ကြောက်တယ် ... သိုင်းပညာသင်တဲ့လူဟာ သေရမှာ မကြောက်ရဘူး ... "

သူမ၏စကားကြောင့် ကျူးရှောင်လုံမှာ ပါးစပ်ပိတ်သွားသည်။

ထိုအခါ ...

ကျူးစုဖန်က ကြားဝင်ပြောလိုက်သည်။

"ညီမလေးကလည်း ပြောစကားနားထောင်လေ ... ဒီလောက် ကျောက်တုံးကျောက်ခဲတွေ ကြွမ်းတမ်းနေတာ လမ်းတောင် ဘေးကောင်း လျှောက်ဖို့မလွယ်ဘူး ... ဘယ်လိုလုပ်ပြီး သစ်ပင်ပေါ် တက်နိုင်မှာလဲ ... "

ကျူးဝေဝေက ခြေဆောင့်၍ပြောသည်။

"ဒါဆိုရင်လည်း ပြီးရော ... ညီမလေး လျှောက်မလည်ချင်တော့ဘူး ... ပြန်မယ် ... "

ထို့နောက် ... နောက်သို့ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ထိုအခါ ...

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာလည်း သူမနောက်သို့ ပြန်လိုက်ခဲ့ရလေတော့၏။

သစ်လုံးအိမ်လေးရှေ့တွင် သစ်သားကွပ်ပျစ်တစ်ခုရှိသည်။

ယခု ...

ထိုသစ်သားကွပ်ပျစ်ပေါ်တွင် ဘုန်းတော်ကြီး ကွမ်းကျူးလွှီက ထိုင်၍ ကျမ်းစာအုပ် ဖတ်ရှုနေ၏။

ထိုစဉ် ...

ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းလာသော ကျူးဝေဝေအား တွေ့မြင်လိုက်ရ၏။

ဘုန်းတော်ကြီး ကွမ်းကျူးလွှီမှာ မျက်မှောင်ကုတ်သွားသည်။

သူသည် အနီးသို့ရောက်လာသော ကျူးဝေဝေကိုကြည့်ကာ လှမ်းပြောလိုက်၏။

"ဒကာမလေးတို့မောင်နှမတွေကို ဘုန်းဘုန်းက ရှိုဖန်တောင်တစ်ဝိုက်ကို လျှောက်လည်ဖို့ ခွင့်ပြုလိုက်တယ်လေ ... "

ကျူးဝေဝေက လက်အုပ်ချီကာ ပြောလိုက်၏။

"တင်ပါ့ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက နားမလည်နိုင်စွာဖြင့် မေး

"တင်ပါ့ဘုရား ... တပည့်တော် နောက်မခူးတော့ပါဘူး"

ဘုန်းတော်ကြီးကွမ်းကျုံးလိုက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်၏။

"ကဲ ... ဒီနေ့တော့ အိမ်ထဲမှာပဲနေတော့ ... နောက်နေ့ကျမှ တောင်ခြေကို ဝါးသွားခုတ်ကြမယ် ... အဲဒီတော့ ... မင်းတို့လည်း ငါ့နောက်လိုက်ခဲ့ကြ ... "

ဤသည်မှာ ဘုန်းတော်ကြီး၏ သိုင်းပညာသင်ရန် အစနှိုးဒါန်းပင်ဖြစ်လေမည်လားဟု အားလုံးက စဉ်းစားမိကြလေ၏။

ကျုံးဝေဝေတို့သုံးယောက်သည် ဘုန်းတော်ကြီးကွမ်းကျုံးလို အား ရှိခိုးကန်တော့ကာ အိမ်လေးထဲသို့ ပြန်ဝင်သွားကြလေတော့သည်။

... ...

နောက်တစ်နေ့နံနက် ...

ကျုံးရှောင်လုံက ဦးစီး၍ မီးလင်းဖိုတွင် ဆန်ပြုတ်အိုးတည်သည်။

ဆန်ပြုတ်ကျက်သောအခါ ဘုန်းတော်ကြီးကွမ်းကျုံးလို့အား ဆက်ကပ်ကြသည်။ ပြီးမှ ...

သူတို့မောင်နှမသုံးယောက် ဆန်ပြုတ်သောက်ကြ၏။

နှင်းကွဲစပြုသောအခါ ဘုန်းတော်ကြီးကွမ်းကျုံးလိုက အပြင်ဘက်သို့ မျှော်ငေးကြည့်ရင်း ပြောလိုက်၏။

"ကဲ ... ဆန်ပြုတ်သောက်ပြီးရင် ဝါးသွားခုတ်ကြမယ် ...

သည်။

"ဒါဖြင့် လျှောက်မလည်ကြဘူးလား ... ဒါနဲ့ ... ကျုံးရှောင်လုံနဲ့ ကျုံးစုဖန်ကော ... "

ကျုံးဝေဝေမှာ မည်သို့ပြောရမှန်းမသိချေ။ သူမ၏တောင်းဆိုမှု ပြင်းထန်နေသည်ကိုလည်း သူမ သိသည်။

ထို့နည်း ...

ကျုံးရှောင်လုံနှင့် ကျုံးစုဖန်တို့နှစ်ယောက် အပြေးအလွှားရောက်ရှိလာကြသည်။

ဘုန်းတော်ကြီး ကွမ်းကျုံးလိုက သူတို့ဘက်သို့လှည့်ကာ မေးလိုက်၏။

"မင်းတို့ ဘာဖြစ်ကြတာလဲ ... "

ကျုံးရှောင်လုံက ဦးညွှတ်ဂါရဝပြုလိုက်ပြီး ...

"တပည့်တော်တို့ လျှောက်လည်ရင်း ကျုံးဝေဝေက သူ့အတွက် နှင်းပန်းခူးပေးလို့ စိတ်ဆိုးပြီး ပြန်လာတာနဲ့ တပည့်တော်တို့လည်း ပြန်လိုက်လာတာပါ ... "

ထိုအခါမှ ဘုန်းတော်ကြီးကွမ်းကျုံးလိုက နားလည်သွားလေ၏။

"ဩော် ... ဒီလိုကိုး ... နှင်းပန်းပင်တွေက တောင်ကမ်းပါးနံရံတဖက်ခြမ်းမှာ ပေါက်လေ့ရှိတယ် ... မင်းတို့က ဒီကို အခုမှရောက်တာ နှင်းပန်းခူးရင် ချောက်ထဲကျသွားနိုင်တယ် ... နားလည်လား ... အရပ်ထဲမှာ မရှာမီးကျင်ဘဲ စိတ်နောက်ကိုယ်ပါ ဘာမှမလုပ်ကြပါနဲ့ ... ခြေချော်လက်ချော်ဖြစ်ပြီး အားလုံးစိတ်မကောင်းဖြစ်ကုန်မယ် ... "

ကျုံးဝေဝေက ခေါင်းညိတ်လိုက်သည်။

အပြင်မှာ နှင်းကွဲနေပြီ ... "

ထိုအခါ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။ ထို့နောက် ...

သူတို့သည် စားသောက်ထားသော အိုးခွက်ပန်းကန်များကို သိမ်းဆည်းကာ သစ်လုံးအိမ်လေး၏အပြင်သို့ ထွက်သွားကြ၏။

သူတို့က သစ်လုံးအိမ်အပြင်သို့ ရောက်သောအခါ ဘုန်းတော်ကြီး ကွမ်းကျူးလွိုက ဝါးစောဆီသို့ ဦးဆောင်၍ ထွက်ခွာရန်ဟန်ပြင်နေလေပြီ။

ထို့နောက် ဘုန်းတော်ကြီးသည် တစ်ခုံတစ်ခုကို သတိရကာ သစ်လုံးအိမ်လေးထဲသို့ ပြန်ဝင်သွား၏။

ဘုန်းတော်ကြီးကွမ်းကျူးလွိ ပြန်လည်ထွက်လာသောအခါ သူ၏လက်ထဲ၌ စားမန့်စ်ချောင်းနှင့် စားရည်တစ်ချောင်းပါလာလေသည်။

သူက စားမန့်စ်ချောင်းအား ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့လက်ထဲသို့ ကမ်းပေးလိုက်ပြီး ရှေ့မှဦးဆောင်ထွက်သွားလေ၏။

ထိုအခါ ...

ကျူးဝေဝေ၊ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ကလည်း နောက်မှလိုက်ရန် ခြေလှမ်းပြင်လိုက်လေသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွိုက နောက်သို့လှည့်မကြည့်ဘဲ ပြောလိုက်၏။

"ကျူးဝေဝေ ... မင်းက မိန်းကလေးဆိုတော့ နေခဲ့ပါ ... ဝါးခုတ်ဖို့ ကျူးရှောင်လုံနဲ့ ကျူးစုဖန်တို့နှစ်ယောက်ပဲ ဝါးခုတ်ဖို့လိုက်ခဲ့ကြ ... "

ကျူးဝေဝေက ခေါင်းညိတ်၍ ဦးညွှတ်ဂါရဝပြုကာ ကျန်ရစ်ခဲ့ရ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွို၊ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာမူ ဝါးတောရှိရာသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျူးဝေဝေသည် သစ်လုံးအိမ်လေးရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်းထိုင်နေသည်။

အစ်ကိုဖြစ်သူကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာ ဘုန်းတော်ကြီး ကွမ်းကျူးလွိုနှင့် ဝါးသွားခုတ်ကြသဖြင့် သူမတစ်ယောက်တည်း ကျန်နေခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်ဆိုသလိုပင် ...

သူမခေါင်းထဲတွင် အကြံတစ်ခုရလာသည်။

"အင်း ... ဟုတ်ပြီ ... ဒီမှာထိုင်နေလည်း ပျင်းစရာကောင်းမယ့်အတူတူ နှင်းပွန်းသွားခူးတာကမှ ကောင်းသေးတယ် ... "

ကျူးဝေဝေသည် ယင်းသို့တွေးရင်း ထိုင်ရာမှထလိုက်၏။

ထို့နောက် နှင်းပန်းပင်များရှိရာသို့ ထွက်လာခဲ့သည်။

နှင်းပန်းပွင့်များအား သူမ မခူးပါဟု ဘုန်းတော်ကြီးကွမ်းကျူးလွိအား ကတိပေးထားမိသော်လည်း ထိုကတိကိုတည်အောင် သူမ မစောင့်ထိန်းနိုင်ပေ။

လူကလည်း ငယ်ဖြန်၊ မိန်းကလေးလည်း ဖြစ် ပြန်၊ ဖခင်က အလိုလိုက်ထားသည့်သမီးလည်း ဖြစ်နေသဖြင့် ဤသို့ ကတိကို လွယ်လွယ်နှင့် ချိုးဖောက်မိခြင်းဖြစ်သည်။

ထိုပြင် ဆွတ်ဆွတ်ဖြူနေသော နှင်းပန်းပွင့်များသည် သူမ

အကြိုက်ဆုံးပန်းတစ်မျိုး ဖြစ်နေသည် မဟုတ်ပါလား။

နေမင်း၏အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို ပြန့်ကျက်ထားသည်။

နေမွန်းတည့်တော့မည် ဖြစ်သည်။

နွေးထွေးသော နေရောင်ခြည်ကြောင့် ရေခဲဖတ်များ အရည်ပျော်သွားပြီဖြစ်၏။ ထို့ကြောင့် ...

တောင်တက်လမ်းတစ်လျှောက်ရှိ ကျောက်တုံးကျောက်ခဲများပေါ်တွင် ရေခဲစရေခဲဖတ်များ ကပ်ညိနေခြင်းမရှိတော့ပါ။

ယခု ...

တောင်တက်လမ်းအတိုင်း လူငယ်တစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် တက်လာနေသည်။

လူငယ်၏ပခုံးပေါ်တွင် ကြီးမားသော အထုပ်တစ်ထုပ်ကို ထမ်းထားပြီး အဝတ်အိတ်တစ်အိတ်ကို ကျောတွင်ပိုးထားသည်။

ထိုလူငယ်မှာ ယွမ်ယိဝိုင်ပင် ဖြစ်ပါသည်။

သူသည် မြို့ပေါ်သို့ ရိက္ခာသွားဝယ်ရာမှ ပြန်ရောက်လာခြင်း ဖြစ်၏။

ထိုသို့ပင် နှစ်လတစ်ကြိမ်ခန့် စားနပ်ရိက္ခာသွားဝယ်လေ့ရှိသည်။

ယွမ်ယိဝိုင်သည် ခြေလှမ်းသုတ်သုတ်ဖြင့် တောင်ပေါ်သို့ တက်လာ၏။

သူသည် မြို့ပေါ်သို့ရောက်နေချိန်များတွင် ဘုန်းတော်ကြီးကွမ်းကျူးလွိအား သတိရမိသည်။

သူဘဝတွင် မိဘနှစ်ပါး သေဆုံးသွားသောအခါ သံယောဇဉ်

တွယ်စရာဆို၍ ဘုန်းတော်ကြီးကွမ်းကျူးလွိသာရှိသည် မဟုတ်ပါလား။

ထို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျူးလွိအား သူ၏မိတသဖွယ် ချစ်ခင်ရှိသေလေးစားမိ၏။

ယွမ်ယိဝိုင်သည် ယင်းသို့တွေးတောရင်း လျှောက်လှမ်းလာရာ တောင်ပေါ်သို့ပင် ရောက်ရှိလာသည်။

သူက ဝမ်းသာအားရဖြင့် လှမ်းအော်လျှောက်တင်လိုက်သည်။

"ဘုန်းဘုန်းဘုရား ... တပည့်တော် ပြန်ရောက်လာပါပြီ"

သို့သော် ...

သစ်လုံးအိမ်လေးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

တံခါးပြန်သံမကြားရပါချေ။

ယွမ်ယိဝိုင်မှာ မျက်မှောင်ကုတ်သွားသည်။

သူသည် ဝယ်လာသောရိက္ခာထုပ်နှင့် အဝတ်အိတ်ကို အိမ်ရှေ့ကွပ်ပျစ်ပေါ်သို့ ချလိုက်၏။ ထို့နောက် ...

သစ်လုံးအိမ်လေးထဲသို့ ဝင်ကြည့်လိုက်သည်။

"ဟင် ... အိမ်ထဲမှာလည်း ဘုန်းဘုန်းဘုရား မရှိပါလား"

ရုတ်တရက် ...

အခန်းထောင့်တွင် စုပုံထားသော အဝတ်အိတ်များနှင့် ရိက္ခာအိတ်များအား တွေ့မြင်လိုက်ရ၏။

"ဟင် ... ဘယ်ကျေသည်တွေ ရောက်နေပါလိမ့် ..."

သူက ယင်းသို့ စဉ်းစားပြီးနောက် သစ်လုံးအိမ်လေး၏အပြင်ဘက်သို့ လျှောက်ထွက်လာပြီး ဘုန်းတော်ကြီးကွမ်းကျူးလွိအား

ရာမွေကြည့်လိုက်သည်။

ယွမ်ယိဝိုင်မှာ မျက်လုံးပြူးသွားသည်။

အာယ်ကြောင့်ဆိုသော် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိအား ရာမတွေ့သောကြောင့်တည်း။

ယွမ်ယိဝိုင်မှာ ဘုန်းတော်ကြီးကွမ်းကျုံးလွိအတွက် စိုးရိမ်ပူပန်သွားမိသည်။ ထို့ကြောင့် ...

သူသည် တောင်ပေါ်တစ်ဝိုက်တွင် ရာဖွေရန်ထွက်လာခဲ့လေတော့သည်။

သူသည် ဘုန်းတော်ကြီးကွမ်းကျုံးလွိအား တောင်ပေါ်တွင် ရာဖွေမတွေ့လျှင် တောင်ခြေတွင် ရာဖွေကြည့်ရန်ဆုံးဖြတ်ထားသည်။

ဝန်းကျင်တစ်ခုလုံးအား မျက်လုံးဝေ့ဝဲ၍ ကြည့်ရှုရင်းလျှောက်လှမ်းလာသည်။

တစ်နေရာအရောက်တွင် သူ၏ခြေလှမ်းအစုံမှာ ရပ်တန့်သွားသည်။

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

အာယ်ကြောင့်ဆိုသော် ...

သူ ရာဖွေနေသော ဘုန်းတော်ကြီးကွမ်းကျုံးလွိအား မမြင်တွေ့ရဘဲ အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရသောကြောင့်တည်း။

သူ၏နှုတ်မှလည်း တအံ့တသြဖြင့် ...

"ဟင် ... ဒီနေရာကို ဘယ်ကမိန်းကလေးက ရောက်လာရတာလဲ ..."

ဟု ရေရွတ်လိုက်မိ၏။

မိန်းကလေးသည် ပန်းနုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး နက်မှောင်သန်စွမ်းသော ဆံကေသာများကို ပန်းနုရောင်ခေါင်းစည်းပတ်ဖြင့် စည်းနှောင်ထားသည်။

သူမသည် တောင်ကမ်းပါးယံတွင် ပေါက်နေသော နှင်းပန်းပွင့်များကို ခူးရန်ကြိုးစားနေသည်။ ခက်ခက်ကိုမှလိုချင်သော မိန်းကလေးပေတကား။

ယွမ်ယိဝိုင်မှာ မိမိတစ်သက်နှင့်တစ်ကိုယ် ဤမျှရောမောလှပသော မိန်းကလေးအား မတွေ့မမြင်ဖူးချေ။ သူ လူမျိုးနှင့် ရင်းရင်းနှီးနှီး အကျမ်းတဝင်မနေရခြင်းကလည်း အကြောင်းတစ်ကြောင်းဖြစ်သည်။ ထို့ကြောင့် ...

မိန်းကလေးအား ငေးမောကြည့်နေမိ၏။ ထိုအချိန်တွင် ...

မိန်းကလေးက မမိမကမ်းနှင့် နှင်းပန်းပွင့်များအား လှမ်းအခူး ဟန်ချက်ပျက်သွားသည်။

ယွမ်ယိဝိုင်မှာ ရင်ထိတ်သွားသည်။

သူသည် ကြာရှည်စွာ စဉ်းစားမနေတော့ဘဲ မိန်းကလေးထံသို့ လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးလွှားသွားလေတော့သည်။ စဉ်းစားနေချိန်တဒဂ်သည် မိန်းကလေးအတွက် အန္တရာယ်ကျရောက်မည့် တဒဂ်ဖြစ်သည်။ ထိုတဒဂ်စဉ်းစားနေခြင်းဖြင့် မိန်းကလေးအပေါ် မည်သည့်အန္တရာယ်ကျရောက်မှု ခံနိုင်ပါမည်လဲ။

... နှင်းမွှန် ...

ကျူးဝေဝေသည် နှင်းပန်းပင်များရှိရာသို့ လျှောက်လာ၏။

နှင်းပန်းပင်များသည် တောင်ကမ်းပါးယံတွင်သာ ပေါက်ရောက်လေ့ရှိသည်။

သူမသည် တောင်ကမ်းပါးယံသို့ ရောက်သောအခါ နှင်းပန်းပင်များအား တွေ့မြင်လိုက်ရသည်။

ကျူးဝေဝေသည် အနီးရှိ နှင်းပန်းပင်မှ နှင်းပန်းပွင့်များကို မမီမကမ်းနှင့်လှမ်းခူးနေမိသည်။ သို့သော် ...

ပန်းပွင့်မှာ အမြင့်မှာပွင့်နေသောကြောင့် မမီတဲ့ဖြစ်နေသည်။

ကျူးဝေဝေမှာ ဒေါသထွက်သွားသည်။

"ဟွန်း ... ဒီပန်းပွင့်လေးတောင် ငါ မခူးနိုင်တော့ တော်တော်ညံ့တာပဲ ... "

သူမသည် ယင်းသို့ရေရွတ်ရင်း နှင်းပန်းပွင့်အား နောက်တစ်ကြိမ် ထပ်ခူးလိုက်ပြန်၏။

ဤတစ်ကြိမ်တွင် ...

သူမ်သည် မိမိခန္ဓာကိုယ်အရှိန်ကို မထိန်းနိုင်တော့ဘဲ ဟန်ချက်ပျက်သွားလေ၏။

ကျူးဝေဝေမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

သူမသည် မျက်လုံးအစုံကိုမှိတ်၍ အသံကုန်အော်ဟစ်လိုက်လေသည်။

"အား ... "

ထိုစဉ် ...

မိမိ၏ခန္ဓာကိုယ်အား တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သည်ကို ခံစားလိုက်ရသည်။

ကျူးဝေဝေသည် မျက်လုံးအစုံကို ကပျာကယာပွင့်ကြည့်လိုက်မိ၏။

ထိုအခါ ...

ချောမောခန့်ညားသော လူငယ်တစ်ယောက်အား တွေ့မြင်လိုက်ရသည်။

လူငယ်သည် သူမနှင့်ရွယ်တူခန့်သာ ရှိမည်ဖြစ်၏။

စူးရှတောက်ပသော လူငယ်၏မျက်လုံးအစုံသည် သူမ၏နှလုံးသားကို လှုပ်ရှားသွားစေသည်။

အတန်ကြာမှ ...

ကျူးဝေဝေသည် သတိဝင်လာကာ လူငယ်၏လက်ထဲမှ ရုန်းထွက်ကာ တအံ့တသြမေးမိလေ၏။

"ရှင် ... ရှင်ကဘယ်သူလဲ ... ဒီကို ဘယ်လိုလုပ်ပြီးရောက်လာတာလဲ ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်က သဘောကျစွာပြုံးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး ... မင်းသာ ဘယ်လိုလုပ်ပြီး ဒီလောက်ဝေးလံတဲ့ ချီဖန်တောင်မှာ ဘာဖြစ်လို့ နှင်းပန်း လာခူးရတာလဲဆိုတာ ကျုပ် စဉ်းစားမရဘူး ... ပန်းလေးတစ်ပွင့်တစ်ခက်ဟာ ဒီလောက်တောင် တန်ဖိုးရှိနေသလားဟင်"

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျွန်မက ချီဖန်တောင်မှာနေတာရှင့် ... ရှင်ကရော ... "

ယွမ်ယိဝိုင်ကလည်း ပခုံးကို ဟန်ပါပါတွန့်လိုက်သည်။

"ကျုပ်လည်း ချီဖန်တောင်မှာနေတာလေ ... "

သူ၏စကားကြောင့် ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဟင် ... ရှင့်ကို မတွေ့ဖူးပါဘူး ... "

ယွမ်ယိုင်က ကျူးဝေဝေအား စေ့စေ့ကြည့်ကာ ပြန်လည်မေးမြန်းလေ၏။

"မင်းကိုလည်း ကျွပ် တစ်ခါမှမတွေ့ဖူးဘူး ... မင်းပြောတော့ မင်းက ချီဖန်တောင်မှာနေတာဆို ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ကျွန်မက ဒီတောင်ပေါ်က ဘုန်းတော်ကြီးကွမ်းကျုံးလွှိရဲ့တပည့်လေ ... ဘုန်းတော်ကြီးကွမ်းကျုံးလွှိရဲ့သစ်လုံးအိမ်လေးမှာနေတာရှင့် ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ မျက်လုံးပြူးသွားသည်။ သူအံ့သြသွားသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိ၌ သူမှတစ်ပါး အခြားမည်သည့်တပည့်မျှမရှိပါ။

"ကျွပ်လည်း ဘုန်းတော်ကြီးကွမ်းကျုံးလွှိရဲ့တပည့်ပဲ ... သူနဲ့အတူနေလာတာ ဆယ်နှစ်ရှိပြီ ... မင်းကို တစ်ခါမှမတွေ့ဖူးပါဘူး"

ကျူးဝေဝေမှာ အံ့သြသွားလေသည်။

"ရှင်က ချီဖန်တောင်မှာနေတာ ဆယ်နှစ်ရှိပြီ ဟုတ်လား"

ယွမ်ယိုင်က ခေါင်းညိတ်လိုက်၏။

"ကျွပ် ငါးနှစ်သားကတည်းက ချီဖန်တောင်ကို ရောက်လာတာ ... အခု ကျွပ်အသက်ဆယ့်ငါးနှစ်ဆိုတော့ ဆယ်နှစ်တောင်ရှိပြီ။ လွန်ခဲ့တဲ့နှစ်ရက်ကမှ ရိက္ခာပြတ်သွားလို့ ကျွပ် မြို့ကိုသွားပြီး ရိက္ခာ

သွားဝယ်တာကျ ... "

ယခုမှ ကျူးဝေဝေမှာ သဘောပေါက်သွားလေ၏။

"သြော် ... ဒီလိုကိုး ... ကျွန်မက ရှင် မြို့ကိုသွားတုန်း ချီဖန်တောင်ကို ရောက်လာတာပါ ... ကျွန်မနဲ့အတူ ကျွန်မအစ်ကိုဝမ်းကွဲနှစ်ယောက်လည်းပါတယ် ... အခု သူတို့က ဘုန်းတော်ကြီးနဲ့အတူ ဝါးသွားခုတ်ကြတယ် ... "

ယွမ်ယိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"မင်းတို့က ဒီကို ဘာလာလုပ်ကြတာလဲ ... "

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"သိုင်းပညာလာသင်တာလေ ... ဒါနဲ့ ရှင်က ငါးနှစ်သားကတည်းက ဒီကိုရောက်လာတယ်ဆိုတော့ ရှင့်မိဘတွေက ဘယ်မှာမို့လို့လဲ ... "

သူမ၏စကားကြောင့် ယွမ်ယိုင်၏ချောမောနုနယ်သောမျက်နှာလေးမှာ ညှိုးနွမ်းသွားသည်။

"ကျွပ်မှာ မိဘတွေမရှိတော့ဘူး ... ကျွပ်မိဘတွေ ကွယ်လွန်သွားပါပြီ ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ ယွမ်ယိုင်အား သနားသွားမိလေသည်။

"အို ... ရှင့်အတွက် ကျွန်မ စိတ်မကောင်းပါဘူး ... "

ယွမ်ယိုင်က သူမအား စေ့စေ့ကြည့်လိုက်ပြီး ...

"မင်းက ဘာဖြစ်လို့ ကျွပ်အတွက် စိတ်မကောင်းဖြစ်ရတာလဲ ... "

ဟု မေးလိုက်၏။

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ရှင့်မှာ မိဘနှစ်ပါးလုံးမရှိတော့ဘူးဆိုတော့ ကျွန်မ တကယ် သနားမိတာပါ ... ကျွန်မတောင် အခုလို ဖေဖေနဲ့ခွဲနေရတဲ့အချိန်မျိုးမှာ ဖေဖေ့ကို အရမ်းသတိရတာပဲ ... ရှင်ဆိုရင် ပိုဆိုးမှာပေါ့ ... အဲဒီအတွက် စိတ်မကောင်းဘူးလို့ ပြောတာပါ ..."

သူမ၏စကားကြောင့် ယွမ်ယိဝိုင်၏မျက်နှာမှာ ရုတ်ခြည်း တင်းမာခက်ထန်သွားသည်။

သူသည် အေးစက်ခက်ထန်သော လေသံဖြင့် ပြောသည်။

"ကျုပ်ကို ဘယ်သူမှသနားစရာမလိုဘူး ... ကျုပ်က စိတ် ဓာတ်ကြံ့ခိုင်တဲ့ယောကျ်ားတစ်ယောက်ပဲ ... ဒုက္ခိတတစ်ယောက် မဟုတ်ဘူး ..."

ယွမ်ယိဝိုင်၏အမူအရာကြောင့် ကျူးဝေဝေမှာ ရင်ထိတ်သွား သည်။

မိဖိ၏ကရုဏာစကားသည် ယွမ်ယိဝိုင်၏ယောကျ်ား မာနကို ထိခိုက်သွားစေသည် မဟုတ်ပါလော။

ထိုအချိန်တွင် ...

တောင်တက်လမ်းအတိုင်း တက်လာသော လူသုံးယောက် ကို တွေ့မြင်လိုက်သည်။

ထိုလူသုံးယောက်သည် ဝါးလုံးများကို ထမ်းပိုးလာသော ဘုန်းတော်ကြီးကွမ်းကျူးလွှီ၊ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ပင် ဖြစ် သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှီသည် ယွမ်ယိဝိုင်အား တွေ့မြင် လိုက်ရသောအခါ ပြုံးရွှင်သောမျက်နှာထားဖြင့် မေးမြန်းလေ၏။

"ယွမ်ယိဝိုင် ... မင်း ပြန်ရောက်လာတာ မြန်သားပဲ ..."

ယွမ်ယိဝိုင်သည် ဘာမျှပြန်မပြောပေ။

သူသည် ကျူးဝေဝေအား စူးစိုက်စွာ တစ်ချက်ကြည့်လိုက် ပြီးနောက် ချာခနဲ လှည့်ထွက်ကာ ဘုန်းတော်ကြီးကွမ်းကျူးလွှီတို့ ရှိရာသို့ ပြေးလွှားသွားလေသည်။

စူးရှသောမျက်ဝန်းအကြည့်ကြောင့် ကျူးဝေဝေ၏ရင်ထဲ၌ လှိုက်ဖိုတုန်ခါသွားသည်။

သူမ၏စိတ်ထဲ၌လည်း တွေးတောစဉ်းစားနေမိသည်။

"သူနာမည်က ယွမ်ယိဝိုင် ဆိုပါလား ... တော်တော်စိတ် ဆတ်ပုံရတယ် ..."

ထိုအချိန်တွင် ...

ဘုန်းတော်ကြီးကွမ်းကျူးလွှီ၊ ကျူးရှောင်လုံ၊ ကျူးစုဖန် နှင့် ယွမ်ယိဝိုင်တို့သည် ဝါးများကို သစ်လုံးအိမ်လေးရှေ့ရှိ မြေကွက်လပ် တွင် ချထားလိုက်၏။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့သည် ဝါးများကိုချကာ ကျူး ဝေဝေ ရှိရာသို့ လျှောက်လာကြသည်။

"ညီမလေး ... ဒီမှာ ဘာလုပ်နေတာလဲ ..."

ကျူးရှောင်လုံက ကျူးဝေဝေကိုကြည့်၍ မေးလိုက်သည်။

ကျူးဝေဝေက နှုတ်ခမ်းဆူ၍ ...

"ဘာလုပ်နေလို့လဲ ... ဒီမှာရှိနေထာ မတွေ့ဘူးလား ..."

ဟု မကျေမနပ်ဟန်ဖြင့် ပြောလိုက်၏။

ကျူးစုဖန်က ကြားဝင်မေးလိုက်သည်။

"ဓနက ညီမလေးနဲ့စကားပြောနေတဲ့ကောင်က ဘယ်သူလဲ"

ကျူးဝေဝေက မနုံးတစ်ချက်တွန့်လိုက်ပြီး ...

"ညီမလေးက ဘယ်သိမှာလဲ ... အခုမှ သူကိုတွေ့ဖူးတာ"

ကျူးရှောင်လုံက ယွမ်ယိဝိုင်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး ပြောလိုက်၏။ သူတို့စိတ်ထဲ၌ ဘုန်းတော်ကြီးထံတွင် တပည့်တစ်ယောက်ရှိနေသဖြင့် အံ့သြနေပုံရ၏။

"ခုနကတော့ ဘုန်းဘုန်းက ယွမ်ယိဝိုင်လို့ ခေါ်လိုက်တာကြားတယ် ... သူ့နာမည်က ယွမ်ယိဝိုင် ဖြစ်မှာပေါ့ ... သူကိုကြည့်ရတော့ ဘုန်းတော်ကြီးရဲ့တပည့်လား မသိဘူး ..."

ကျူးမုဖန်က နားမလည်နိုင်ဟန်ဖြင့် မေးလိုက်သည်။

"ဘုန်းတော်ကြီးတော့ ချီဖန်တောင်မှာ တစ်ပါးတည်းနေတာ မဟုတ်ဘူးလား ... အဲယ်က တပည့်ကရောက်လာတာလဲ အစ်ကို ရှောင်လုံ ..."

ကျူးရှောင်လုံက ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ... ငါလည်း မသိတော့ဘူး ... လာ ... ဘုန်းတော်ကြီးဆီကို သွားရအောင် ..."

သူသည် ယင်းသို့ပြောပြီး ရှေ့မှဦးဆောင်၍ ထွက်ခွာသွားသည်။

ထိုအခါ ...

ကျူးမုဖန်နှင့် ကျူးဝေဝေတို့ကလည်း သူ၏နောက်မှလိုက်ပါသွားလေသတဲ့သည်။

... ခြင်္သေ့ ...

အခန်း (၄)

နှလုံးသားအကိစ္စများ

ဘုန်းတော်ကြီးကွမ်းကျူးလွီသည် ကွပ်ပျစ်ပေါ်တွင် ထိုင်နေသည်။

ယခု ကွပ်ပျစ်ရှေ့တွင် ဝါးလုံးများစုပြုထားပြီး ဖြစ်သည်။

ကျူးရှောင်လုံတို့မောင်နှမသည် ဘုန်းတော်ကြီးကွမ်းကျူးလွီထံသို့ လျှောက်လာကြသည်။

ဘုန်းတော်ကြီး ကွမ်းကျူးလွီ ရှေ့သို့ရောက်သောအခါ ပြုံငိုတဲ့ဦးညွတ်ကန်တော့ကြလေ၏။

ထိုအချိန်တွင် ...

ယွမ်ယိဝိုင်သည် ရေနွေးအိုးနှင့် ပန်းကန်လုံးများထည့်ထားသော သစ်သားပန်းကိုကိုင်၍ သစ်လုံးအိမ်လေးထဲမှ ထွက်လာသည်။

ထို့နောက် ဘုန်းတော်ကြီးကွမ်းကျူးလွီ၏ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင်ရေနွေးပန်းကိုချလိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွီက ကျူးရှောင်လုံတို့သုံးယောက်

ဘက်သို့လှည့်ကာ ပြောလိုက်၏။

"မင်းတို့ကို ယွမ်ယိုင်နဲ့ မိတ်ဆက်ပေးရဦးမယ် ... "

ကျူးရှောင်လုံက ယွမ်ယိုင်အား အကဲခတ်သလိုကြည့်ကာ အလိုက်သင့်၊ ပြန်လျှောက်လိုက်၏။

"တင်ပါဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိက ယွမ်ယိုင်အား လက်ညှိုးညွှန်ပြလိုက်ပြီး ပြော၏။

"သူ့နာမည်က ယွမ်ယိုင်လို့ ခေါ်တယ် ... ဘုန်းဘုန်းရဲ့ မွေးစားသားဆိုလည်း မမှားဘူးပေါ့ ... သူကို ဘုန်းဘုန်းက ငါးနှစ်သား အရွယ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တာ ... အခု ... မင်းတို့ကို သိုင်းပညာ သင်ကြားပေးတဲ့အခါ သူကိုလည်း မင်းတို့နဲ့အတူ သင်ပေးမယ် ... မင်းတို့နဲ့ သိုင်းပညာညီအစ်ကို ဖြစ်သွားပြီဆိုတော့ ... တစ်ယောက်နဲ့တစ်ယောက် စည်းလုံးမှုရှိကြဖို့ ... တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်ရှိဖို့ ... သွေးစည်းဖို့လိုအပ်တယ် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"တင်ပါဘုရား ... တပည့်တော်တို့နဲ့ သိုင်းပညာသင်ဘက် ညီအစ်ကိုရတဲ့အတွက် ဝမ်းသာပါတယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွိက ယွမ်ယိုင်အား ကျူးရှောင်လုံတို့နှင့် ပြန်၍မိတ်ဆက်ပေးလိုက်၏။

"ယွမ်ယိုင် ... သူတို့က မြို့ကလာတဲ့ည့်သည်တွေပဲ ... သူက ကျူးရှောင်လုံလို့ခေါ်တယ် ... သူကတော့ ကျူးစုဖန်လို့ ခေါ်တယ် ... ကျူးရှောင်လုံရဲ့ညီအရင်းပေါ့ ... ဒီမိန်းကလေးကတော့ ကျူးဝေဝေလို့ခေါ်တယ်ကွယ် ... "

ယွမ်ယိုင်က ကျူးရှောင်လုံတို့သုံးယောက်ကိုကြည့်ကာ ...

"ဟုတ်ကဲ့ ... ကျွန်တော့်ကိုမိတ်ဆွေအဖြစ် အသိအမှတ်ပြုနိုင်ပါတယ် ... "

ဟု ပြောလိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွိက တစ်ချက်ဝေ့ကြည့်လိုက်ပြီး

"ကဲ ... ကဲ ... ညနေလည်းစောင်းတော့မယ် ... ယွမ်ယိုင်က ညနေစာအတွက် ပြင်ဆင်တော့ ... "

သူ၏စကားကြောင့် ယွမ်ယိုင်က ဦးညွှတ်ဂါရဝပြုပြီး သစ်လုံးအိမ်လေးထဲသို့ ပြန်ဝင်သွားသည်။ ညနေစာအတွက်ပြင်ဆင်ချက်ပြုတ်ရဦးမည် ဖြစ်ပါသည်။ တကယ်တော့ သူကို ဂိုဏ်းတူညီအစ်ကိုမောင်နှမများ ဖြစ်သွားစေသည် ဆိုစေဦးတော့၊ သူက အရင်ရောက်သူဖြစ်နေသည်။ သူကပင် ချက်ပြုတ်ကျွေးခံရပေမည်။

ညမိုးချုပ်ပြီ ဖြစ်သည်။

ယွမ်ယိုင်တို့အားလုံးမှာ ညနေစာ စားသောက်ပြီးပြီဖြစ်၏။

ထို့ကြောင့် ...

ကျူးရှောင်လုံတို့သည် အိပ်ရန်ပြင်ဆင်ကြသည်။

ကျူးရှောင်လုံတို့ညီအစ်ကိုသည် ယွမ်ယိုင်တို့နှင့် အိမ်ရှေ့ခန်းတွင် အိပ်ကြသည်။

ကျူးဝေဝေကိုမူ အိပ်ခန်းထဲတွင် အိပ်စေသည်။

မကြာမီ ...

ကျူးရှောင်လုံတို့သုံးယောက်မှာ နှစ်ခြိုက်စွာအိပ်မောကျသွားကြလေသည်။ ယွမ်ယိုင်နှင့် ဘုန်းတော်ကြီးကွမ်းကျူးလွိတို့မှာ မအိပ်သေးချေ။

သူတို့နှစ်ယောက်သည် မီးလင်းဖိုနံဘေးတွင် တိက်ဆိတ်စွာ ထိုင်နေကြ၏။

ယွမ်ယိဝိုင်က မီးလင်းဖိုအား ထင်းမီးများထိုးနေလေသည်။

ဘုန်းတော်ကြီးကွမ်းကျိုးလွိက တိတ်ဆိတ်ခြင်းကိုဖြိုခွင်း၍

"ယွမ်ယိဝိုင် ... မင်းကို ဘုန်းဘုန်းပြောစရာရှိတယ် ... "

ယွမ်ယိဝိုင်က ဘုန်းတော်ကြီးကွမ်းကျိုးလွိအား ကြည့်ကာ ပြန်လည်မေးလေ၏။

"တင်ပါဘုရား ... တပည့်တော်ကို ဘာများပြောစရာရှိလို့ ပါလဲ ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျိုးလွိက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"မင်းက ဟုန်ကျန်းနယ်သား တထျန်လူမျိုးတစ်ယောက် မဟုတ်လား ... ဒါကြောင့် ... မင်းဟာ ဟုန်ကျန်းနယ်ကိုဘယ်လောက် သစ္စာရှိတယ် ... ဟုန်ကျန်းနယ်သားကိုယ့်လူမျိုးအချင်းချင်း ဘယ် လောက် ချစ်ခင်လေးစားတယ်ဆိုတာ မင်းကို ကျွေးမွေးစောင့်ရှောက် ခဲ့တဲ့ ဘုန်းဘုန်းက အသိဆုံးပဲ ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်သည်။

"တင်ပါဘုရား ... တပည့်တော့် အရှယ်ရောက်လို့ သိုင်းပညာ တတ်မြောက်ရင်လည်း ကိုယ့်လူမျိုးကိုယ့်နယ်မြေ ကောင်းစားရေး အတွက်ပဲ ဖြစ်စေရပါမယ် ... "

ဘုန်းတော်ကြီးကွမ်းကျိုးလွိက စကားဆက်လိုက်၏။

"မင်းက ကိုယ့်လူမျိုးကို ချစ်သလောက် ပိုက်ဟူနယ်က တထျန်လူမျိုးတွေကို သိပ်မုန်းတီးခဲ့တယ် မဟုတ်လား ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... တပည့်တော်ရဲ့အဖေဟာ ပိုက်ဟူနယ်သား တွေရဲ့လက်ချက်နဲ့ စစ်ပွဲမှာ သေဆုံးခဲ့ရပါတယ် ... သူတို့တွေဟာ တပည့်တော်တို့ဟုန်ကျန်းနယ်သားတွေကို တထျန်လူမျိုးချင်းတူပေမဲ့ သစ္စာဖောက်လို့ စွပ်စွဲပြီးဖိနှိပ်ခဲ့တယ် ... သူတို့ကိုယ်သူတို့လည်း မြင့် မြတ်တဲ့ တထျန်လူမျိုးလို့ ကြွေးကြော်ခဲ့ပြီး တပည့်တော်တို့ ဟုန်ကျန်း နယ်ကလူတွေကိုတော့ ... သစ္စာဖောက်တထျန်လူမျိုးဆိုပြီး စွပ်စွဲခဲ့ တယ်... အဲဒီအတွက် တပည့်တော်က ဟုန်ကျန်းနယ်သားတစ်ယောက် အနေနဲ့ လုံးဝမကျေနပ်ပါဘုရား ... တစ်ချိန်ချိန်မှာ တပည့်တော်တို့ ဟုန်ကျန်းသားတွေဟာ ခဲစွမ်းသတ္တိရှိတဲ့ တထျန်လူမျိုးဆိုတာ သူတို့ သိစေရမှာပေါ့ ... "

ဘုန်းတော်ကြီးကွမ်းကျိုးလွိက သက်ပြင်းတစ်ချက်ချလိုက် ပြီး ...

"ဒီလိုလူမျိုးရေးဝါဒစွဲရှိတဲ့ မင်းကို ဘုန်းဘုန်းက တစ်ခု မှာစရာရှိလို့ပါ ... "

"တင်ပါဘုရား ... "

"အေး... ဘုန်းဘုန်းတို့ဆီကိုရောက်နေတဲ့ သူငယ်သုံးယောက် ဟာ ပိုက်ဟူနယ်သား တထျန်လူမျိုးတွေပဲ ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါ သွား၏။

"ဗျာ ... သူတို့က ပိုက်ဟူနယ်သားတွေဟုတ်လား ဘုရား"

ဘုန်းတော်ကြီးကွမ်းကျိုးလွိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကွယ့် ... ကျိုးဝေဝေဟာ ဟုန်ကျန်းနယ်က

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ကျေနပ်စွာပြုံးလိုက်သည်။

"မင်းရဲ့လူမျိုးစာတိုကို သူတို့အတိုအကျသိဖို့ မလိုပါဘူး ... အဓိကကတော့ မင်းကိုယ်မင်း သိရှိနားလည်ဖို့ပဲလိုတယ် ... အဲဒီလိုနားလည်မှ ကိုယ့်လူမျိုးအပေါ် သစ္စာစောင့်သိနိုင်မှာကွယ့် ... "

ယွမ်ယိုင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"တပည့်တော်ရဲ့ လူမျိုးအပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး ... တပည့်တော်ရဲ့ အသက်သေဆုံးသည်အထိ သစ္စာစောင့်သိသွားမှာပါ ... "

... ၆၁ ...

နံနက်ခင်း ... ။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ချိုဖန်တောင်၏နံနက်ခင်းမှာ အရိုးကွဲမတတ် အေးစိမ့်လှ၏။

မြောက်ပြန်လေထဲတွင် ငန်းတောင်မွေးပမာ နှင်းပွင့်နှင်းဖတ်များ လွင့်မျောနေသည်။ နှင်းဖတ်များ လွင့်မျောနေသည်မှာ အဆက်မပြတ်ရှိသဖြင့် နှင်းကန့်လန့်ကာကြီး ကာဆီးထားသည့်ပမာ ရှိနေလေ၏။

ဤမှု ဆိုးရွားလွန်းသော ရာသီဥတုသည် ယွမ်ယိုင်အတွက်မူ အဆန်းတကြယ် မဟုတ်တော့ပေ။

သူသည် နေ့စဉ် နံနက်စောစောထ၍ ဘုန်းတော်ကြီး ကွမ်းကျုံးလွိုနှင့် သူတို့အားလုံးစားသောက်ရန် ဆန်ပြုတ်ကြိုရလေ့ရှိ၏။

ကွမ်ရှမ်းမြို့စားကြီး ကျုံးထိုက်ဖုန်းရဲ့သမီးအရင်းပဲ ... ကျုံးရှောင်လုံနဲ့ ကျုံးစုဖန်တို့ကတော့ မြို့စားကြီးကျုံးထိုက်ဖုန်းရဲ့တူတွေပေါ့ ... ဒါကြောင့် ... မင်းဟာ သူတို့ရှေ့မှာ ဟုန်ကျန်းနယ်သားတစ်ယောက်ဆိုတာ ပြောလို့မဖြစ်ဘူး ... အဲဒီအချက်ကို ဘုန်းဘုန်းက ပြောချင်ထိုပါ ... "

ယွမ်ယိုင်က မကျေနပ်ဖြင့် လျှောက်ထားလေ၏။

"တပည့်တော်က ကိုယ့်လူမျိုးစာတိကိုတောင် ပြောမပြရဘူးဆိုတော့ ... ကိုယ့်လူမျိုးရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာပေါ့ဘုရား ... ဒီအချက်ကတော့ တရားမမျှတရာ ကျပါတယ်ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ဒါကို ဘုန်းဘုန်း နားလည်ပါတယ် ... ဒီအချိန်မှာ မင်းဟာ ဟုန်ကျန်းနယ်သားတစ်ယောက်လို့ သိသွားရင် မင်းအတွက် အသက်အန္တရာယ်စိုးရိမ်ရတယ် ... ဒါကြောင့် ... အခြေအနေကိုနားလည်ပါ... မင်း သိုင်းပညာစုံလို့ အရွယ်ရောက်တဲ့အခါမှ ဟုန်ကျန်းနယ်ကိုအကျိုးပြုပါ ... အခုတော့ ... မင်းဟာ ဟုန်ကျန်းနယ်သားဆိုတာ သူတို့လုံးဝသေချာစေနဲ့ ... မသိတာဟာ မင်းအတွက်ရော သူတို့အတွက်ပါကောင်းပါတယ် ... ငါ ပြောတာကို နားလည်သလား ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ တွေဝေသွားသည်။

အတန်ကြာမှ ...

သူက ခေါင်းညိတ်လိုက်ပြီး ပြောလိုက်သည်။

"တင်ပါဘုရား ... တပည့်တော် ဘုန်းဘုန်းစကားကို လက်ခံပါ့မယ် ... "

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျူးလွှီအား ဆန်ပြုတ်တိုက်ကျွေးပြီး သူတို့အားလုံးလည်း ဆန်ပြုတ်သောက်ကြသည်။

ကျူးရှောင်လုံတို့သုံးယောက်သည် ဆန်ပြုတ်သောက်ပြီး သစ်လုံးအိမ်လေးရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် သွားထိုင်နေကြ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှီမှာလည်း ကွပ်ပျစ်ပေါ်တွင်ထိုင်နေသည်။

ယွမ်ယိဝိုင်မှာမူ အေးဆေးစွာ မထိုင်နိုင်သေးပေ။

သူသည် မီးလင်းဖိုမှာပင် ရေနွေးအိုးတည်လိုက်၏။

ရေနွေးအိုးဆူသောအခါ သစ်သားဗန်းတွင်တင်၍ ဘုန်းတော်ကြီး ကွမ်းကျူးလွှီ၏ ကွပ်ပျစ်ပေါ်တွင် သွားရောက်ချပေးလိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှီက ရေနွေးမှုပ်ကိုသောက်ရင်း အမိန့်ပေးလိုက်၏။

"ကဲ ... ယွမ်ယိဝိုင် ... ဆီးနှင်းတွေကျနေတုန်းပဲ ... ဒါပေမယ့် ... မင်းက ဒီရာသီဥတုဒဏ်ခံနိုင်ပါတယ် ... မင်း အိမ်ထဲက သံတူရွင်းသွားယူပြီး မြေကြီးကို နက်နက်တူးစမ်း ... "

ယွမ်ယိဝိုင်က ဦးညွှတ်ဂါရဝပြု၍ သစ်လုံးအိမ်လေးထဲသို့ ပြေးဝင်သွားလေ၏။

ထို့နောက် ...

သူသည် သံတူရွင်းတစ်ချောင်းကိုယူ၍ ထွက်လာပြီး မြေကွက်လပ်တွင် တွင်းတစ်တွင်းကို စတင်တူးလေ၏။

သူ၏လှုပ်ရှားမှုမှာ ဖျတ်လတ်လွန်းလှသည်ဟု ကျူးဇုဝေ ဆင်မိသည်။

သူမ မြင်တွေ့ဖူးသော ယောကျ်ားလေးများသည် ထိုကဲ့သို့ ဖျတ်လတ်သူများ မဟုတ်ပေ။

ထို့ပြင် အမှုအရာမှာ တည်ငြိမ်အေးဆေးသည်။

ယွမ်ယိဝိုင်၏စူးရှတောက်ပသော မျက်လုံးအကြည့်သည် သူ့ရင်ကို ပြင်းစွာလှုပ်ရှားစေခဲ့သည်။

ဒို့အချိန်မှစ၍ ...

ယွမ်ယိဝိုင်သည် ကျူးဝေဝေ၏နှလုံးသားကို လှုပ်ရှားနိုင်ခွမ်းရှိသူဖြစ်ခဲ့သည်။

တစ်ဆက်တည်းမှာပင် ...

သူမသည် ဖခင်ဖြစ်သူ မြို့စားကြီးကျူးထိုက်ဖုန်းအား သတိရလိုက်မိသည်။

သမီးအပေါ် အလွန်ချစ်မြတ်နိုးသော ဖခင်မှာ ဤကဲ့သို့ မိမိနှင့် ရွယ်တူ သူစိမ်းယောကျ်ားလေးတစ်ယောက် ဘုန်းတော်ကြီး ကွမ်းကျူးလွှီထံတွင် ရှိနေခဲ့ပါလျှင် မိမိအား သိုင်းပညာသင်ကြားရန် လုံးဝထားခဲ့မည် မဟုတ်ချေ။ သူမသည် ဖခင်ကြီး၏ စိတ်အနေထားကို ကောင်းစွာသိသည်။

အစ်ကိုဖြစ်သူ ကျူးယဲ့မင်းသည်လည်း သူမအား စိတ်ချတော့မည် မဟုတ်ချေ။ ကျူးဝေဝေသည် ယင်းသို့စဉ်းစားရင်း ပြုံးလိုက်မိ၏။

ထိုအချိန်တွင် ...

ကျူးရှောင်လုံက သူပမျက်နှာအား စေ့စေ့ကြည့်၍ မေးလိုက်လေ၏။

"ညီမလေး ... ဘာဖြစ်လို့ တစ်ယောက်တည်းပြုံးနေရတာလဲ ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ သတိဝင်လာပြီးခေါင်းကို ကပျာကယာခါယမ်းလိုက်၏။

"ဘာမှမဖြစ်ပါဘူး ... အစ်ကိုယဲ့မင်းအကြောင်း စဉ်းစားမိလို့ သူ ... "

သန်း ကျူးရှောင်လုံက မျက်မှောင်ကြုတ်လိုက်ပြီး ...

"အစ်ကိုယဲ့မင်းအကြောင်း စဉ်းစားတယ်ဆိုတာ ဟုတ်ပါ့ လား ... "

"ဘာဖြစ်လို့လဲ အစ်ကိုရှောင်လုံ ... "

"ညီမလေးမျက်လုံးတွေက ယွမ်ယိုင်ဆီကိုပဲ ကြည့်နေတာ မဟုတ်လား ... ဘယ်လိုဖြစ်ပြီး အစ်ကိုကျူးယဲ့မင်းဆီရောက်သွားရ တာလဲ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာလေးမှာ ပန်းသွေး ရောင် ယှက်သန်းသွားလေသည်။

သူမက ဦးခေါင်းကိုငုံ့လိုက်ပြီး မပွင့်တပွင့် မာန်လိုက်လေ၏။

"အစ်ကိုရှောင်လုံနော် ... ညီမလေးကို ဘာစကားတွေလာ ပြောနေတာလဲ ... ဖေဖေနဲ့ တိုင်ပြောလိုက်ရမလား ... "

ထို့အခါ ...

ကျူးရှောင်လုံက လက်ဝါးကိုကပျာကယာကာပြလိုက်သည်။

"ဟာ ... မလုပ်ပါနဲ့ ... ဦးလေးကိုတော့ မတိုင်ပါနဲ့ ... အစ်ကိုက ညီမလေးကို စိုးရိမ်လို့ပြောတာပါ ... အစ်ကိုတို့က ညီမလေး ကို စောင့်ရှောက်ရမယ် မဟုတ်လား ... "

သူသည် ယင်းသို့ပြောပြီး ဝပ်လှမ်းလှမ်းရှိ ကျောက်တုံး တစ် တုံးပေါ်တွင် သွားထိုင်နေ၏။

ကျူးစုဖန်ကလည်း ထိုင်ရာမှထ၍ ကျူးရှောင်လုံထိုင်နေရာ သို့ ထွက်သွားလေသည်။

ကျူးဝေဝေသည် ကျူးရှောင်လုံ ကြောက်လန့်သွားသည့် အဖြစ်ကို တွေးချင်ပြီးလိုက်သည်။

ထို့နောက် ...

သူမသည် အမှတ်မထင် ယွမ်ယိုင်ရှိရာသို့ လှမ်းကြည့်လိုက် မိလေ၏။

ထိုအချိန်တွင် ...

ယွမ်ယိုင်ကလည်း ဂုတ်တရက် ခေါင်းမော့အကြည့်နှင့် မျက်လုံးချင်းဆုံသွားသည်။ မျက်လုံးချင်းဆုံတော့ ရင်ခုန်ရသည်ဆိုသည် မှာ သည်လိုအချိန်မျိုးပဲလေ။

ထို့အခါ ...

ကျူးဝေဝေ၏ရင်ထဲတွင် ပြင်းစွာလှုပ်ရှားသွားသည်။

စူးရှတောက်ပလှသည့် ယွမ်ယိုင်၏မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်၍ ကပျာကယာမျက်နှာလွှဲလိုက်ရသည်။

ထို့အတူ ...

ယွမ်ယိုင်ကလည်း ရင်ထဲ၌ အဘယ်ကြောင့်မှန်းမသိ၊ မွန်း ကျပ်လာကာ သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။

သူသည် မြို့သို့သွားသည့်အခါတိုင်း မိန်းကလေးများစွာကို တွေ့ဖူးမြင်ဖူးသော်လည်း ဤသို့ နှင်းပန်းပွင့်လေးတစ်ပွင့်ပမာ ဖြူနု လှပနေသော မိန်းကလေးမျိုးကို မတွေ့ဖူးခဲ့ချေ။ ဤမိန်းကလေး၏ အလှကား ရွာမှရွာသော အလှမျိုးဖြစ်သည်။

မည်သို့ဆိုစေ ...

မိန်းကလေး၏မျက်လုံးအကြည့်ထဲတွင် သူအတွက်မမြင်နိုင်သော နှောင်ကြိုးတစ်ပင်၏ တွယ်ငြိမှုကို သူတွေ့ရှိလိုက်ရပြီမဟုတ်ပါလား။

သူသည် ယင်းသို့စဉ်းစားရင်းမှ တွင်းကိုဆက်၍တူးနေမိ၏။ သူ ဥေမျှတူးနေမိသည်ကိုမူ သတိမပြုမိပေ။

ဘုန်းတော်ကြီးကွမ်းကျွဲးလွိက သူအနီးသို့လျှောက်လာပြီး တူးထားသောတွင်းကို ကြည့်လိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျွဲးလွိမှာ မျက်မှောင်ကုတ်သွားသည်။

"ယွမ်ယိုင် ... တွင်းကတော်တော်နက်နေပြီပဲ ... ဘာတွေစဉ်းစားပြီး ဒီလောက်တောင် တူးနေတာလဲ ... ဒီကလေး ဒီနေ့ ဘာဖြစ်နေတာလဲသေဘူး ... ငေးငေးငိုင်ငိုင်နဲ့ ... ကဲ ... ကဲ ... တော်တော့ ... ဒီနေရာမှာ တွင်းတစ်တွင်းထပ်တူး ... "

ယွမ်ယိုင်သည် ယခုမှ အိပ်မက်မှလန့်နိုးသူပမာ သတိဝင်လာ၏။

သူသည် ဦးခေါင်းကို ကပျာကယာညိတ်၍ ယင်းတွင်းနှင့်တည့်တည့်နေရာတွင် တွင်းတစ်တွင်း ထပ်တူးလိုက်၏။

ထိုအခါ ...

ဘုန်းတော်ကြီးကွမ်းကျွဲးလွိက ပထမတွင်းနက်ထဲသို့ သဲများလိုသလောက် ဖြည့်နေလေသည်။

ထိုစဉ် ...

ကျွဲးရောင်လုံနှင့် ကျွဲးစုဖန်တို့သည် ထိုင်ရာမှထ၍ ဘုန်းတော်ကြီးကွမ်းကျွဲးလွိအနီးသို့ လျှောက်လှမ်းလာပြီး လျှောက်တင်ကြလေ၏။ လူငယ်များက ငြိမ်တိုင်နေပြီး လူကြီးဖြစ်သူ ဘုန်းတော်ကြီးက

လှုပ်ရှားနေရသည်မှာ သဘာဝမကျလှပေ။

"ဘုန်းဘုန်းဘုရား ... တပည့်တော်တို့ သဲဖြည့်ပေးပါ့မယ်"

ဘုန်းတော်ကြီးကွမ်းကျွဲးလွိက ခေါင်းခါယမ်းလိုက်သည်။

"ရပါတယ်ကွာ ... ပြီးပါပြီ ... မင်းတို့က အခုမှရောက်လာကြတဲ့သူတွေပဲ ... နားနားနေနေသာနေကြပါ ... လိုအပ်တာရှိရင်လည်း ယွမ်ယိုင်ကိုပြောပေါ့ ... သူကတော့ ဒီဈေးဖန်တောင်ကို ကျွမ်းကျင်နေပြီလေ ... "

ထိုစကားကြောင့် ယွမ်ယိုင်၏စိတ်ထဲတွင် မကျေနပ်မှုဖြစ်သွားသည်။

"ဒီဝိုက်ဟုနယ်သားတွေက တော်တော်လူပါးဝတာပဲ ... ငါက သူတို့ခိုင်းကိုင်းလုပ်ရမှာလား ... ငါကို ဘုန်းဘုန်းခိုင်းတာကလွဲပြီး ဘယ်သူခိုင်းတာမှ မလုပ်ဖူးဘူး ... "

သူက ယင်းသို့တစ်ယောက်တည်းတွေးပြီးနောက် ဘုန်းတော်ကြီးကွမ်းကျွဲးလွို ညွှန်ကြားသောတွင်းများအား ဆက်လက်တူးလိုက်၏။ ထို့နောက် ...

ထမင်းတစ်အိုးချက်ခန့် ကြာသောအခါတွင် လေးတွင်းလုံးတူးပြီးသွားလေ၏။

ယွမ်ယိုင်က ဘုန်းတော်ကြီးကွမ်းကျွဲးလွိဘက်သို့လှည့်ကာ ဦးညွတ်ဂါရဝပြုလိုက်ပြီး မြောလိုက်လေ၏။

"တွင်းလေးတွင်းလုံး တူးပြီးပါပြီ ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျွဲးလွိက ခေါင်းညိတ်သည်။

"ကောင်းပြီ ... ဒါဆိုရင် ဟိုဝါးကွေကိုခုတ်ပြီး ရုစ်ပေအရှည်လောက် ညီညီညာညာဖြတ်လိုက်ပါ ... နောက်ပြီး လေးပေအရှည်

ဝါးလုံးနှစ်ခုကိုလည်း ညီညီဖြတ်ထားလိုက်ပါ ... "

ယွမ်ယီဝိုင်းက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ...

သူသည် ဝါးလုံးများစုပြုထားရာသို့ သွားရောက်၍ ဘုန်းတော်ကြီး ကွမ်းကျွဲလွှဲ ညွှန်ပြထားသည့်အတိုင်း ဖြတ်တောက်နေလိုက်လေတော့သည်။ဝါးပြတ်များတစ်လုံးပြီးတစ်လုံးကျလာသည်။ ဆီဖန်တောင်၌ အနေကြာသူတစ်ဦးအဖို့ ဝါးဖြတ်ခြင်းမှာ ဆန်းသောအလုပ်မဟုတ်ပါပေ။

ကျွဲးဝေဝေက သူ့အားကြည့်၍ သနားစိတ်ဝင်လာမိလေ၏။

ဘုန်းတော်ကြီးယွမ်ယီဝိုင် ခိုင်းသမျှကို မည်သည်းမည်သျှလုပ်နေရှာသော ယွမ်ယီဝိုင်အတွက် အကူအညီပေးရန် စဉ်းစားလိုက်၏။

ထို့ကြောင့် ...

သူမသည် ကျွဲးရှောင်လုံနှင့် ကျွဲးစုဖန်တို့ထံသို့ လျှောက်သွားပြီး လေသံတိုးတိုးဖြင့် မြောလိုက်လေသည်။

"အစ်ကိုတို့က ဒီမှာ အေးအေးဆေးဆေးထိုင်နေကြတယ် ... ဟိုမှာ ... ယွမ်ယီဝိုင်တစ်ယောက်တည်း အလုပ်တွေလုပ်နေရတာ သနားပါတယ် ... သွားဝိုင်းကူလိုက်ကြပေါ့ ... "

ကျွဲးစုဖန်က အေးဆေးတည်ငြိမ်စွာဖြင့် ပြန်မြောကြ၏။

"သူကို ဘုန်းတော်ကြီးက ခိုင်းထားတာ မတွေ့ဘူးလား ... ငါတို့က သနားစရာမလိုပါဘူး ... သူ့ကို တို့အလုပ်တွေ ကူလုပ်ပေးရမယ်လို့တောင် ဘုန်းတော်ကြီးက မှာထားသေးတယ် ... "

ထိုစကားကြောင့် ကျွဲးဝေဝေ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"အစ်ကိုတို့က တော်တော်အဆင့်အတန်းခွဲတတ်တဲ့သူတွေပဲ ... အစ်ကိုတို့အဆင့်အတန်း ခွဲတတ်ပေမယ့် ကျွန်မကတော့ အဆင့်အတန်းမခွဲတတ်ဘူး ... ကျွန်မ သူ့ကို ဝိုင်းကူလုပ်ပေးရမှာပဲ ... "

ကျွဲးဝေဝေသည် ယင်းသို့ပြောရင်း ချာခနဲလှည့်ကာ ယွမ်ယီဝိုင် ရှိရာသို့ လှမ်းထွက်သွားလေသည်။

"ကျွဲးဝေဝေ ... "

ကျွဲးရှောင်လုံနှင့် ကျွဲးစုဖန်တို့က ပြိုင်တူခေါ်လိုက်ကြသည်။

သို့သော် ... ကျွဲးဝေဝေက သူတို့အား လုံးဝလှည့်မကြည့်ပေ။

သူမသည် ယွမ်ယီဝိုင် ဝါးလုံးများဖြတ်နေရာသို့ လျှောက်သွားလိုက်ပြီး မေးလိုက်လေ၏။

သူမလေသံက စေတနာအပြည့်ပါသည်။

"ယွမ်ယီဝိုင် ... ကျွန်မ ဘာကူညီပေးရမလဲ ... "

ယွမ်ယီဝိုင်က သူမအား ဆတ်ခနဲမော့ကြည့်လိုက်သည်။

ထို့နောက် သူက ခေါင်းခါယမ်းလိုက်ပြီး ...

"မလိုပါဘူး ... "

သူ၏အသံက ခပ်မာမာပင်။

သူသည် ယင်းသို့ပြောပြီးနောက် ဝါးများကိုပြန်လည်ခွဲဖြတ်နေလေ၏။

ကျွဲးဝေဝေ၏မျက်နှာမှာ ပန်းသွေးရောင်နီရဲသွားသည်။

"ရှင် ... ရှင့်ကို ကျွန်မက စေတနာနဲ့ ကူညီမလို့ပါ ... "

ယွမ်ယီဝိုင်က သူမအား မျက်လုံးလှန်ကြည့်လိုက်ပြီး ...

"မင်းမျက်လုံးထဲမှာ ကျုပ်က သနားစရာလူတစ်ယောက် ဖြစ်နေသလား ... "

ထိုအမေးကြောင့် ကျူးဝေဝေက ယွမ်ယိဝိုင်ကို စေ့စေ့ကြည့်လိုက်သည်။

"ရှင်ဟာ တော်တော်မာနကြီးတဲ့ယောကျ်ားတစ်ယောက်ပဲ ... ကျွန်တော်မှာ ရှင့်လို မာနကြီးတဲ့ယောကျ်ားမျိုးကို မတွေ့ဖူးဘူး ... "

ယွမ်ယိဝိုင်က ခေါင်းခါယမ်းလိုက်သည်။

"ကျွမ်က မာနကြီးတာ မဟုတ်ပါဘူး ... မင်းတို့လူစုက မာနကြီးနေတာပါ ... ကဲ ... မင်းသွားတော့ ... ဟိုမှာ မင်းအစ်ကိုတွေကြည့်နေကြတယ် ... "

ကျူးဝေဝေသည် သက်ပြင်းရှည်တစ်ချက်ကို ချလိုက်မိလေ၏။

ကွမ်ရှုမ်းမြို့တွင် အများသူငါ ပြောလောက်အောင် မာနကြီးခဲ့သော သူမ၏မာနတရားများသည် ယွမ်ယိဝိုင် ဆိုသော ယောကျ်ားတစ်ယောက်ရှေ့တွင် အာယ်ကြောင့် လွယ်လင့်တကူ လျှော့ကျသွားရပါသနည်း။

ဤသို့ဖြစ်ရခြင်းမှာ ယွမ်ယိဝိုင်၏စူးရှထက်မြက်သော မျက်လုံးအစုံ၏ဆွဲဆောင်မှုကြောင့်ပင် ဖြစ်ပါတော့သည်။

သူ့မျက်လုံးအကြည့်များသည် ရင်ထဲမှ အသည်းနှလုံးကို ဆွဲကိုင်ခါယမ်းသကဲ့သို့ ရှိနေသည်မဟုတ်ပါလော။

ကျူးဝေဝေသည် ရပ်တန့်နေဆဲပင်။

ယွမ်ယိဝိုင်က ဝါးများခုတ်ဖြတ်နေရာမှ လှည့်ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

"သွားတော့လေ ... ဒီအလုပ်တွေကို ငါလုပ်နိုင်ပါတယ် ...

မင်း ကူညီစရာလိုပါဘူး ... ဟိုမှာသာ အေးအေးဆေးဆေးသွားထိုင်နေပါ ... "

ယခုတစ်ကြိမ်တွင် သူ၏စကားသံမှာ အနည်းငယ်နူးညံ့ညင်သာသည်ဟု ကျူးဝေဝေ ထင်မိသည်။

ထို့ကြောင့် သူမ၏ရင်ထဲ၌ အလွန်ဝမ်းသာကြည်နူးသွားမိသည်။

ဤအချိန်တွင် ဘုန်းတော်ကြီးကွမ်းကျူးလျီက သူမတို့အနီးသို့ လျှောက်လှမ်းလာပြီး တားဖြစ်လာလေ၏။

"ကျူးဝေဝေ ... မင်း ဒီမှာ ဝိုင်းလုပ်စရာမရှိပါဘူး ... ယွမ်ယိဝိုင် လုပ်မှာပေါ့ ... မင်းအစ်ကိုတွေနဲ့အတူသွားတိုင်နေလေ ... "

ကျူးဝေဝေက ဦးညွတ်လိုက်ပြီး ကျူးရှောင်လုံတို့အနီးသို့ ဖြန်လျှောက်လာခဲ့လေ၏။

သူမ ကျူးရှောင်လုံတို့အနီးသို့ ရောက်သောအခါ ...

"ယွမ်ယိဝိုင်ကို ဘာတွေပြောနေတာလဲ ... "

ဟု ကျူးရှောင်လုံက လှမ်းမေးလိုက်သည်။

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူ့ကို ကူညီလုပ်ပေးဖို့ ပြောတာပါ ... "

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

"သူက ဘာပြောလဲ ... "

ကျူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"သူက ကူညီစရာမလိုဘူးတဲ့ ... "

ထိုစကားကြောင့် ကျူးခုဖန်၏မျက်နှာမှာ တင်းမာစက်ထန်သွားသည်။

"ဒီကောင်က မာနကြီးလှချည်လား ... ညီမလေးကျူးဝေဝေလို မိန်းကလေးမျိုးက အကူအညီပေးမှာတောင် သူက ငြင်းသေးတယ်"

ကျူးရှောင်လုံကလည်း မကျေမနပ်လေသံဖြင့် ပြောလိုက်သည်။

"အေးလေ ... ငါညီမကိုများ အရေးလုပ်ဖို့ မတန်သလိုဘဲလို နဲ့ ... ငိုင်းလိုက်တာ ... "

ကျူးဝေဝေက လေသံကိုနှိမ့်၍ ...

"တော်ပြီ ... တာမှပြောမနေနဲ့တော့ ... ဘုန်းတော်ကြီးသိသွားရင် မကောင်းဘူး ... တော်ကြာ ... တစ်ယောက်နဲ့ တစ်ယောက် မတည့်ဘူးဆိုပြီး ... ဆူနေဦးမယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာ ပါးစပ်ပိတ်သွားလေတော့သည်။

ယွမ်ယီဝိုင်သည် ဝါးလုံးများကို ဆက်၍ခုတ်နေ၏။

သူ၏မျက်လုံးထဲတွင် ကျူးဝေဝေ၏ပုံရိပ်များကိုသာ မြင်ယောင်နေမိသည်။

ကျူးဝေဝေနှင့် တွေ့ဆုံသောအခါမှ သူသည် ပိုက်ဟူနယ်မှ တထွန်လူမျိုးတစ်ယောက်အပေါ် ပထမဆုံး ချစ်ခင်ကြင်နာစိတ် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ပိုက်ဟူနယ်မှ တထွန်လူမျိုးများအား သူ မုန်းတီးသော်လည်း ကျူးဝေဝေကို မမုန်းမိချေ။ သူအား သဘားကြင်နာစွာကြည့်နေသော ကျူးဝေဝေ၏ မျက်လုံးအစုံသည် သူ၏နှလုံးသားအား ပြင်းထန်စွာ ဘုံပျံရှားနှိုင်စွမ်း ရှိသည်။

သူသည် ကျူးဝေဝေအကြောင်း စဉ်းစားရင်း ဝါးများကို ဆက်၍ခုတ်ဖြတ်နေ၏။

မကြာမီ သူက ဝါးလုံးများအား ဘုန်းတော်ကြီးကွမ်းကျူးလွှဲမှာကြားသည့်အတိုင်း ခုတ်ဖြတ်ပြီးသွား၏။

သူက ဘုန်းတော်ကြီးကွမ်းကျူးလွှဲအား ဂါရဝပြုလိုက်ရင်းမှ

"ဝါးတွေဖြတ်ပြီးပါပြီ ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျူးလီက သူ့အနီးသို့လျှောက်လာပြီး ရှစ်ပေခန့်ဝါးနှစ်လုံးအား သုံးလေးပေခန့် အကွာအဝေးတွင်း နှစ်ခုတွင် ထည့်၍ ငါးပေခန့်စီဖော်ကာ မြေဖို့လိုက်၏။

ယင်းနောက် ငါးပေခန့်အကွာရှိ တွင်းနှစ်ခုတွင် ဝါးလုံးနှစ်လုံးကို ငါးပေခန့်ဖော်ကာ မြေဖို့လိုက်ပြန်သည်။

တစ်ဆက်တည်းမှာပင် ...

ယင်းဝါးလုံးလေးလုံးထိပ်၌ ဓားမဖြင့် ခွဲလိုက်ပြီး လေးပေခန့် ဝါးလုံးနှစ်ခုအား ထိပ်မှအနည်းငယ်စီခွဲ၍ ဟိုဘက်ဒီဘက်တစ်ခုစီတန်း၍ တင်လိုက်လေသည်။ ထိုအခါ ...

ဝါးလုံးများမှာ လေးဘက်လေးတန် ထောင်လျက်ဖြစ်ပေါ်လာ၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှဲက ယင်းဝါးလုံးပေါ်သို့ ခုန်တက်၍ ခြေနှစ်ဘက်ကို နှစ်နေရာခွဲကာ ရပ်လိုက်၏။

တစ်ဆက်တည်းမှာပင် အရှေ့ဘက်ရှိ ဝါးလုံးတိုင်ဆီသို့ ခြေတစ်ဘက်ကို လှမ်းလျှောက်လိုက်သည်။

ထိုအခါ သူ၏ခန္ဓာကိုယ်က ဝါးလုံးတန်းနှစ်ခုအား ခွလျက် အနေအထားတွင် ရှိနေလေ၏။

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်လိုက်သည်။

"ဒါကတော့ ဟုတ်သွားပြီ ... "

သူက ယင်းသို့ပြောပြီး တစ်နေရာနှင့် ရှစ်ပေခန့်အကွာအဝေး ရှိသော နေရာတစ်ခုအား တွင်းတစ်တွင်းတူးခိုင်းပြန်သည်။

ယွမ်ယိဝိုင်ကလည်း တွင်းကို တူးဆွလိုက်၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ဝါးလုံးတစ်လုံးအား ရှစ်ပေခန့် ဖြတ်၍ တွင်းထဲသို့ ထည့်၍ ငါးပေခန့်ဖော်ကာ ထောင်လိုက်ပြန်သည်။

ထို့နောက် ...

ပထမစိုက်ထူထားသော ဝါးလုံးနှစ်လုံးအပေါ်၌ ကန့်လန့်ဖြတ်တင်ထားသော ဝါးလုံးတန်းကို အားအနည်းငယ်စိုက်၍ ယင်းဝါးလုံးအား စွပ်ချလိုက်သည်။

ထိုအခါ ...

ဝါးလုံးများသည် တံတားတစ်ခုအလား တန်း၍ တစ်ဘက် ဝါးလုံးပေါ်၌ တင်နေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ယင်းဝါးလုံးတန်းပေါ်သို့ ဖြည်းညင်းစွာလျှောက်သွား၏။ ထို့နောက် ...

ဝါးလုံးထိပ်သို့ရောက်သောအခါ သူက ခုန်ဆင်းလိုက်၏။

"အင်း ... အားလုံးပြီးပြီ ... "

သူ၏စကားကြောင့် ယွမ်ယိဝိုင်က မားမနှင့်မားရည်များအား သိမ်းဆည်းရန် အိမ်ထဲသို့ဝင်သွားလေသည်။

ကျူးရှောင်လုံတို့သုံးယောက်က ဘုန်းတော်ကြီးကွမ်းကျုံးလွို ထံသို့ လျှောက်လာကြသည်။

ထိုအချိန်တွင် ...

ယွမ်ယိဝိုင်က မားများကိုသိမ်းဆည်းပြီး အိမ်ထဲမှပြန်ထွက်လာသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက လူအားလုံးကို တစ်ခွက်ဝေကြည့်လိုက်ပြီး ...

"ကဲ ... အားလုံးနားထောင်ကြ ... မင်းတို့ကို ပထမဆုံးအနေနဲ့ ကိုယ်ဖော့ပညာနဲ့ စိတ်တည်ငြိမ်မှုရအောင် လေ့ကျင့်သင်ကြားပေးမယ် ... ဒီနေ့တော့ အချိန်မရှိတော့ဘူး ... နောက်နေ့မှ သင်ပေးတော့မယ် ... ညနေစာကို စောစောစီးစီး စားသောက်ကြပေတော့"

သူသည် ယင်းသို့ပြောပြီး ယွမ်ယိဝိုင်ကိုကြည့်ကာ ...

"ယွမ်ယိဝိုင် ... သူတို့ကို ရေအိုးရှိတဲ့အိမ်ခေါ်သွားပြီး ခြေလက်ဆေးခိုင်းလိုက် ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်၍ ရှေ့မှဦးဆောင်ထွက်သွားသည်။

ကျူးရှောင်လုံ၊ ကျူးခုဖန် နှင့် ကျူးဝေဝေတို့က သူ၏နောက်မှ လိုက်သွားခဲ့ကြ၏။

ဤသို့ဖြင့် သစ်လုံးအိမ်လေးနှင့် အတန်ငယ်ဝေးကွာသော နေရာသို့ ရောက်ရှိလာသည်။

ထိုနေရာ၌ ကျောက်တုံးကျောက်ခဲများ ပြည့်နှက်နေပြီး လမ်းခရီးက မညီမညာဖြစ်နေသည်။

တချို့ကျောက်တုံးကြီးများမှာ ကြီးမားလွန်းလှပြီး တချို့ကျောက်တုံးများမှာ သေးငယ်သွားပြန်၏။

ထို့ကြောင့် ...

ရှိ့မှရောက်ရှိလာကြသော ကျူးရှောင်လုံတို့လူစုမှာ အလွန်သတိကြီးစွာထား၍ လျှောက်နေရ၏။

ယွမ်ယိပိုင်ကမူ အေးဆေးစွာ ရှေ့မှလျှောက်နေသည်။

သူတို့အားလုံး ရေအိုးရှိရာသို့ရောက်သောအခါ ယွမ်ယိပိုင်က ဝါးဆစ်ဘူးများအား ကမ်းပေးလိုက်ပြီးပြောလိုက်သည်။

"ဒီဝါးဆစ်ဘူးနဲ့ ရေခပ်ပြီး ခြေလက်ဆေးလိုက်ကြပါ ... "

ယွမ်ယိပိုင်သည် သူကိုယ်တိုင်လည်း ရေခပ်၍ ခြေလက်ဆေးနေ၏။

ကျူးရှောင်လုံတို့က ဝါးဆစ်ဘူးများကို လှမ်းယူ၍ရေဆေးလိုက်ကြသည်။

ရေဆေးပြီးသောအခါ ကျူးရှောင်လုံ၊ ကျူးစုဖန် နှင့် ကျူးဝေဝေတို့ သုံးယောက်သည် ယွမ်ယိပိုင်အား မစောင့်တော့ဘဲ ကျောက်တုံးကြီးများအား နှင်း၍ ဖြန့်လည်လျှောက်သွားကြသည်။

ကျူးဝေဝေကမူ ယွမ်ယိပိုင်အား စောင့်နေချင်သည်။

သို့သော် ...

သူမအား ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က ဆူမည်ကို စိုးရိမ်သဖြင့် နောက်မှလိုက်သွားရ၏။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာ ကျောက်တုံးများပေါ်၌ ခဲရာခဲဆစ်နင်း၍ လျှောက်နေရသဖြင့် မြေပြင်ညီသို့ အမြန်ရောက်နိုင်စေရန် သွက်လက်စွာ လျှောက်သွားနေရသည်။

ထို့ကြောင့် ...

ကျူးဝေဝေမှာ သူတို့နှင့်ပြတ်၍ ကျန်ရစ်ခဲ့သည်။

ထိုအချိန်တွင် ...

ယွမ်ယိပိုင်က ဝါးဆစ်ဘူးကလေးများအား ဆွဲ၍ လျှောက်လာရင်း သူမအား မီလာသည်။

ကျူးဝေဝေက သူမနောက်၌ ယွမ်ယိပိုင်ရောက်ရှိလာသည်ကို သိလိုက်သည်။

ထို့ကြောင့် သူမအား ကျူးရှောင်လုံတို့က အပြစ်တင်မည်နှိုး၍ ခြေလှမ်းကို ခပ်သွက်သွက်လျှောက်လိုက်၏။

ရုတ်တရက် ...

သူမ လှမ်းတက်လိုက်သော ကျောက်တုံးပေါ်၌ ရေခဲဖတ်များ ကပ်ညိနေသောကြောင့် ခြေချော်၍ နောက်သို့လဲကျသွားလေတော့သည်။

"အို ... "

ကျူးဝေဝေမှာ ထိတ်လန့်သွားလေ၏။

သို့သော် ...

သူမ၏ခန္ဓာကိုယ်သည် ကြမ်းတမ်းသော ကျောက်တုံးကျောက်ခဲများနှင့် မတွေ့ထိဘဲ နွေးထွေးသော ယွမ်ယိပိုင်၏ရင်ခွင်ထဲသို့ တိုးဝင်သွားသည်။

ယွမ်ယိပိုင်ကလည်း လဲကျလာသော ကျူးဝေဝေ၏ခန္ဓာကိုယ်အား ဆီး၍ပွေ့လိုက်မိ၏။

သူ၏ရင်ထဲ၌ နှလုံးခုန်သံသည် ကျယ်လောင်စွာမြည်ဟည်းနေသည်ဟု ခံစားလိုက်မိသည်။

ထိုတဒင်္ဂအချိန်လေးတွင် သူသည် မည်သည့်စကားမျှ မပြောနိုင်ချေ။

သူ၏ရင်ခွင်ထဲမှ ကျူးဝေဝေကိုသာ ငေးကြောင်ကြည့်နေမိ

လေသည်။

ကျူးဝေဝေကလည်း သူ့အား ရွှန်းလဲ့သောမျက်လုံးအစုံဖြင့် မော့ကြည့်နေလေ၏။

ထိုစဉ် ...

ကျူးရှောင်လုံ၏စကားသံ ထွက်ပေါ်လာသည်။

"ကျူးဝေဝေ ... အမြန်လာဟေ့ ... နှင်းတွေတအားကျလာပြီ ... "

ထိုစကားသံကြောင့် ယွမ်ယိဝိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူသည် ကျူးဝေဝေအား ကဗျာကယာပြန်လွှတ်ပေးလိုက်၏။

ထို့အတူ ...

ကျူးဝေဝေကလည်း ယွမ်ယိဝိုင်၏ရင်ခွင်ထဲမှာ အလျင်အမြန် ရုန်းထွက်လိုက်လေ၏။

ထို့နောက် ...

သူတို့သည် တိတ်ဆိတ်စွာပင် သစ်လုံးအိမ်လေးဆီသို့ အမြန် လျှောက်လာကြလေတော့သည်။

ညဦးနက်လှပြီ ... ။

သစ်လုံးအိမ်လေးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ယွမ်ယိဝိုင် တစ်ယောက်မှလွဲ၍ ကျန်သူအားလုံး အိပ်မောကျနေပြီဖြစ်သည်။

အပြင်ဘက်မှ ဆီးနှင်းကျသံတဖြောက်ဖြောက် ကြားနေရလေသည်။ မိုးပေါက်များလို ကျနေခြင်းဖြစ်သည်။

ယွမ်ယိဝိုင်မှာ အိပ်မပျော်နိုင်သေးချေ။

သူ၏မျက်လုံးထဲတွင် ညနေခင်းက အဖြစ်အပျက်များကို သာပြန်လည်မြင်ယောင်နေမိ၏။

ကျူးဝေဝေ၏လှုပ်နုနယ်သော မျက်နှာလေးပေါ်တွင် ပန်းနရောင် ရှက်သွေးများဖြာသွားပုံကို ပြန်လည်သတိရမိသည်။

ဤသို့ဆိုလျှင် ...

သူ၏နှုတ်သားသည် ကျူးဝေဝေအား ချစ်မိနေပြီလား။ ကျူးဝေဝေ၏ နှုတ်သားက သူ့ကိုချစ်မိနေပြီလား။

ယွမ်ယိဝိုင်သည် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

ဤမျှ တိုတောင်းလှသောအချိန်တွင် တွေ့ရသော မိန်းကလေးအား ချစ်မိသည်ဆိုလျှင် သူ၏မေတ္တာတရားသည် တည်ကြည်ခိုင်မြဲနိုင်ပါမည်လော။

မည်သို့ဆိုစေ ...

ကျူးဝေဝေသည် ပိုက်ဟူနယ်မှ တထွန်လူမျိုးတစ်ယောက် ဖြစ်သည်ကို သူ သတိထားရမည်ဖြစ်ပါသည်။

ပိုက်ဟူနယ်သည် သူ၏ရန်သူနယ်မြေ မဟုတ်ပါလော။

အခန်း (၅)

အရည်ပျော်သောနှလုံးသား

နောက်တစ်နေ့နံနက် ... ။

နံနက်ခင်းတွင် နေရောင်မပွင့်ပါ။ နှင်းများတသဲသဲကျဆင်းနေဆဲသာ ဖြစ်ပါသည်။

ဒေရာသီဝင်ရောက်တော့မည်ဖြစ်၍ ဆီးနှင်းများ မတရားကျဆင်းမှုတော့ မရှိတော့ပါ။ သို့သော် ... အထိုက်အလျောက်တော့ ကျဆင်းနေဆဲဖြစ်ပါသည်။

နှင်းသဲသဲအောက်တွင် ယွမ်ယိုင်၊ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သည် သစ်လုံးအိမ်လေးရှေ့ရှိ မြေကွက်လပ်တွင် စီတန်း၍ မတ်တတ်ရပ်နေကြသည်။

သူတို့ရှေ့တွင် ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ရပ်နေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက သူတို့အားလုံးကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ...

"ကဲ ... မင်းတို့အားလုံး ငါ့ကိုကြည့်စမ်း ... ပထမဦးဆုံးစိတ်ကိုတည်ငြိမ်အောင် ထားပြီး ဒီဝါးလုံးပေါ်ကို ခုန်တက်ကြရမယ်"

သူသည် ယင်းသို့ပြောရင်းမှ ဝါးလုံးနှစ်လုံးပေါ်၌ ကန့်လန့်ထားသော လေးပေအရွယ်ခန့် ဝါးလုံးပေါ်သို့ ခုန်တက်လိုက်လေ၏။

ထို့နောက် တစ်ဘက်ဝါးလုံးတန်းရှိရာသို့ ခြေတစ်လှမ်းလှမ်း လိုက်လေသည်။

"ဒီနည်းဟာ မင်းတို့ခန္ဓာကိုယ်ပေါ်က အကြောတွေကို ပျော့ပျောင်းစေဖို့ လေ့ကျင့်ခန်းပဲကွ ... ပြီးရင် ... ဟောဟို ဝါးလုံးပေါ်မှ ခန္ဓာကိုယ်ကိုဖော့ပြီး စိတ်ကိုတည်ငြိမ်အောင်ထားပြီး လမ်းလျှောက်ပါ ... "

သူသည် ယင်းသို့ပြောရင်းမှပင် ဝါးလုံးပေါ်၌ အေးဆေးတည်ငြိမ်စွာ လမ်းလျှောက်ပြလေ၏။

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိုသည် မြေပြင်ပေါ်သို့ ပြန်လည်ခုန်ဆင်းလိုက်သည်။

သူက ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ယွမ်ယိုင်နှင့် ကျူးဝေဝေတို့ဘက်သို့ လှည့်ကြည့် မေးခွန်းထုတ်လိုက်၏။

"ကဲ ... မင်းတို့ထဲက ဘယ်သူအရင်လေ့ကျင့်မလဲ ... "

ထိုအခါ ...

ကျူးရှောင်လုံက ရှေ့သို့ခြေတစ်လှမ်း တိုးထွက်လာပြီး လျှောက်တင်လေ၏။

"တပည့်တော် အရင်ဆုံးလေ့ကျင့်ပါရစေ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ဝါးလုံးပေါ် ခုန်တက်ပြီး လေ့ကျင့်မှုစပေတော့ ... "

ကျူးရှောင်လုံသည် ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား ဂါရဝပြုလိုက်သည်။

ထို့နောက် သူသည် မြေပြင်ပေါ်မှ ဝါးလုံးပေါ်သို့ ခုန်တက်လိုက်၏။

သို့သော် ... သူ၏ခန္ဓာကိုယ်က ဝါးလုံးပေါ်သို့ရောက်သောခဏ ယိမ်းယိုင်နေသည်။

သူသည် မတ်တတ်မရပ်နိုင်သဖြင့် ဝါးလုံးအားကိုင်၍ ဇောမျှထိုင်နေရသည်။

သူ၏အဖြစ်ကိုကြည့်၍ ကျူးစုဖန်နှင့် ကျူးဝေဝေတို့မှာ ရယ်ကြောင်သွားသည်။ ကျူးရှောင်လုံမှာ ဒေါသထွက်သွားသည်။

ဤတစ်ကြိမ်တွင် သူက အနည်းငယ်ထိန်း၍ မတ်တတ်ရပ်နိုင်ခဲ့သည်။

ရုတ်တရက် ...

သူက လေးပေအကွာအဝေးရှိ ဝါးလုံးတန်းလေးပေါ်သို့ ညာဘက်ခြေထောက်အား လှမ်းလိုက်သောအခါ ခြေချော်၍ ကျသွားလေတော့သည်။

"ဝုန်း ... "

သူ၏ခန္ဓာကိုယ်က မြေပြင်ပေါ်သို့ ဝုန်းခနဲပြုတ်ကျသွားလေ၏။

"ဟား ... ဟား ... ဟား ... "

"ခစ် ... ခစ် ... ခစ် ... "

ကျူးစုဖန်နှင့် ကျူးဝေဝေတို့၏ ရယ်မောသံကျယ်လောင်စွာထွက်ပေါ်လာသည်။

ယွမ်ယိဝိုင်ကမူ ရယ်မောခြင်းမရှိပါ။

သူသည် တည်ငြိမ်စွာပင် ရပ်နေသည်။

ထိုအချိန်တွင် ...

ကျူးရှောင်လုံသည် မျက်နှာကြီးနီရဲ၍ ပြုတ်ကျရာမှ ထလာလေ၏။

ကျူးစုဖန်က ရယ်မောနေရာမှ ပြုံးစစမျက်နှာထားဖြင့် အစ်ကိုဖြစ်သူထံ လျှောက်သွားပြီး မေးလေ၏။

"အစ်ကိုရှောင်လုံ ... ဘယ်နား နာသွားလဲ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ကျူးစုဖန်အား လှည့်ကြည့်လိုက်ပြီး ...

"ကဲ ... မင်း သူများကိုသွားရယ်မနေနဲ့ ... အခုတစ်ခေါက် မင်းအလှည့်ပဲ ... ကိုယ့်အလှည့်ကျရင် မနဲ့ရဘူး ... "

ထိုစကားကြောင့် ကျူးစုဖန်၏မျက်နှာမှာ ရှုံ့မဲ့သွားသည်။

ထို့နောက် ...

သူသည် ဝါးလုံးဆီသို့ လျှောက်သွား၍ ခုန်တက်ရန်ဟန်ပြင်လိုက်ပြီးမှ မတက်ရဲတော့ဘဲ ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား လှည့်ကြည့်လိုက်ပြီး လျှောက်တင်လေ၏။

"ဘုန်းဘုန်း ... တပည့်တော် မတက်ရဲဘူး ... "

ထိုစကားကြောင့် ကျူးရှောင်လုံနှင့် ကျူးဝေဝေတို့မှာ ရယ်ချင်သွားလေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီ၏ မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

သူသည် ကျူးစုဖန်အား စေ့စေ့ကြည့်ကာ ...

"မင်း ... ရှိဖန်တောင်ကို ဘာလာလုပ်တာလဲ ... သိုင်းပညာ လာသင်တာ မဟုတ်လား ... "

ကျူးစုဖန်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... ဒါပေမယ့် ... ဝါးလုံးကမြင့်နေလို့ပါ"

ဘုန်းတော်ကြီးကွမ်းကျုံးလွိက လေသံမာမာဖြင့် ...

"ဒီဝါးလုံးက ဘာမြင့်လို့လဲ ... မင်းတို့အားလုံး ဒီဝါးလုံးပေါ် မှာ ကောင်းကောင်းလမ်းလျှောက်နိုင်တဲ့အဆင့်ရောက်မှ နောက်ထပ် ဒီထက်မြင့်တဲ့ ဝါးလုံးကိုတက်ရမယ် ... ကဲ ... မင်းတက်မလား ... မတက်ဘူးလား ... "

ကျူးစုဖန်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ကျွန် ... ကျွန်တော် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိမှာ စိတ်မရှည်နိုင်တော့ပါ။

ရုတ်တရက် ...

သူ၏ခြေထောက်နှားရှိ ကျောက်စရစ်ခဲတစ်လုံးအား ခြေဖျား ဖြင့် ဆတ်ခနဲတော်လိုက်သည်။

"ဝီး ... "

"ထောက် ... "

ကျောက်စရစ်ခဲလုံးလေးသည် လေထဲတွင် ဝဲဝဲပျံသန်းလာ ကာ ကျူးစုဖန်၏ဦးခေါင်းအား အရှိန်ပြင်းစွာ ထိမှန်သွားလေ၏။

"အား ... "

ကျူးစုဖန်သည် နာကျင်စွာ အော်ဟစ်ရင်းမှ ဝါးလုံးပေါ်သို့ ကပျာကယာခုန်တက်လိုက်လေ၏။

သို့သော် ...

သူ၏ခန္ဓာကိုယ်က ဝါးလုံးပေါ်သို့ တည့်မတ်စွာကျရောက် ခြင်းမရှိဘဲ ဝါးလုံးဘေးသို့ ချော်ကာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေ တော့သည်။

"ဟား ... ဟား ... ဟား ... "

"ခစ် ... ခစ် ... ခစ် ... "

ကျူးရှောင်လုံနှင့် ကျူးဝေဝေတို့က အားပါးတရရယ်မော လိုက်ကြသည်။

ကျူးရှောင်လုံက ရယ်မောရာမှ ညိုဖြစ်သူ ကျူးစုဖန်ထံသို့ လျှောက်သွားပြီး ဆွဲထူပေးလိုက်သည်။

"ညီလေး ... တော်တော်နာသွားလား ... "

ကျူးစုဖန်၏မျက်နှာမှာ ရှုံ့မဲ့နေလေသည်။

ဤသည်မှာ ကျူးရှောင်လုံ၏လက်စားချေစကားပေတ

ဘုန်းတော်ကြီးကွမ်းကျုံးလွိက အေးဆေးစွာရပ်နေ

ယွမ်ယိဝိုင်ကိုလှည့်ကြည့်ကာ မြောလိုက်၏။

"ယွမ်ယိဝိုင် ... ဒီတစ်ခါ မင်းအလှည့် ... "

ယွမ်ယိဝိုင်က ဘုန်းတော်ကြီး ကွမ်းကျုံးလွိအား ဦး

ဂါရဝပြုလိုက်သည်။

ထို့နောက် ...

သူသည် ဝါးလုံးတန်းပေါ်သို့ ပေါ့ပါးသွက်လက်စွာ ခုန်တက် လိုက်လေ၏။

သူ၏ခန္ဓာကိုယ်သည် ဝါးလုံးတန်းပေါ်သို့ ရောက်သောအခါ ယိမ်းယိုင်ခြင်းမရှိဘဲ တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။ မြေပြင်၌ ရပ်နေသည့်အတိုင်းပေတည်း။

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သုံးယောက်မှာ အလွန်အံ့သြသွားကြသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိကလည်း သဘောကျကျေနပ်သွားလေ၏။ သူမွေးစားသားသည် သိုင်းဟဏာမသင်ခင်ကတည်းက သိုင်းသမားဇီဇာရှိနေသည်ကို ပြသနေသည် မဟုတ်ပါလား။

ထိုအချိန်တွင် ...

ယွမ်ယိုဝိုင်က တစ်ဘက်ဝါးလုံးဆီသို့ ညာခြေထောက်ကို လှမ်းလိုက်သည်။

ထိုအခါ ...

သူ၏ခန္ဓာကိုယ်သည် တစ်ချက်ယိမ်းယိုင်သွား၏။

သို့သော် ...

"မြေခြင်ပေါ်သို့ ပြုတ်ကျသွားခြင်း မရှိချေ။ သူသည် သူ့ခန္ဓာယ်ကို အတော်ထိန်းနိုင်၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ ... စိတ်ကိုတည်ငြိမ်အောင်ထားပြီး ဝါးလုံးတန်းပေါ်မှာ ဆက်လျှောက်ပေတော့ ..."

သူ၏စကားကြောင့် ယွမ်ယိုဝိုင်က ဖြည်းညင်းစွာဖြင့် တစ်ဘက် ဝါးလုံးတန်းဆီသို့ ဘယ်ခြေထောက်ကို နင်းလိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် ဝါးလုံးတန်းပေါ်တွင် ယိမ်းယိုင်နေလေသည်။

အချိန်အနည်းငယ်ကြာမှ သူက တည်ငြိမ်စွာဖြင့် လှမ်းလျှောက်နိုင်လေ၏။

ထို့နောက် ...

ယွမ်ယိုဝိုင်က ဝါးလုံးတန်းအတိုင်း လျှောက်သွားလိုက်လေ၏။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

ကျူးရှောင်လုံ၊ ကျူးစုဖန် နှင့် ကျူးဝေဝေတို့က ပြိုင်တူလက်ခုပ်တီးလိုက်ကြသည်။

သူတို့အားလုံးထက် ယွမ်ယိုဝိုင်က ပိုတော်နေသည်မဟုတ်ပါလော။ သူတို့ စိတ်ပါလက်ပါအားပေးကြခြင်း ဖြစ်သည်။ ထိုစဉ် ...

ယွမ်ယိုဝိုင်က ဝါးလုံးတန်းပေါ်မှ ပေါ့ပါးသွက်လက်စွာ ခုန်ချလိုက်၏။

ကျူးဝေဝေက ပြိုးရွှင်သောမျက်နှာထားဖြင့် ယွမ်ယိုဝိုင်အနီးသို့ လျှောက်သွားလိုက်ပြီး ချီးကျူးလိုက်၏။

"ယွမ်ယိုဝိုင် ... ရှင်က တော်သားပဲ ... ကျွန်မဆို ဒီလောက်တောင် လျှောက်နိုင်မှာ မဟုတ်ပါဘူး ..."

ယွမ်ယိုဝိုင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျွမ်ဝင်က မတော်ပါဘူး ... စိတ်တည်ငြိမ်လို့ပါ ... မင်းလည်း စိတ်တည်ငြိမ်အောင် ထားပေါ့ ..."

ကျူးဝေဝေက ပြိုး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒါပေမယ့် ကျွန်မက အမြင့်ကြောက်တတ်တယ်ရှင့် ..."

သူမသည် ယင်းသို့ပြောပြီး ဝါးလုံးတန်းကိုကြည့်ကာ ပြောလိုက်လေ၏။

"ဒီဝါးလုံးတန်းကို ကျွန်မ ခုနတက်နိုင်မှာ မဟုတ်ဘူးထင်တယ် ..."

ထိုစကားကြောင့် ဘုန်းတော်ကြီးကွမ်းကျုံးလွှိက ပြုံးလိုက်သည်။

"သိုင်းပညာသင်ကြားတယ်ဆိုတာ အနာခံရမှာပေါ့ ... ကဲ... ဟဲ့ ... မင်းခုနတက်လိုက်တော့ ... မြင့်တာ နိမ့်တာတွေကို စိတ်ထဲမှာ မထားနဲ့ ... ငါ လုပ်ရင်ဖြစ်ရမယ်ဆိုတဲ့စိတ်ပဲထား ... "

ကျူးဝေဝေကမတတ်နိုင်ပါဈေ။ ဘုန်းတော်ကြီးက တက်ရန် အမိန့်ပေးနေပြီ မဟုတ်ပါလား။

သူမက ဝါးလုံးတန်းပေါ်သို့ ခုန်တက်လိုက်သည်။

ရုတ်တရက် ...

သူမခန္ဓာကိုယ်က ဝါးလုံးတန်းပေါ်သို့မရောက်တဲ့ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

"ဟား ... ဟား ... ဟား ... "

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ ညီအစ်ကိုက ရယ်မောလိုက်ကြလေသည်။ ယွမ်ယိဝိုင်က ရယ်မောခြင်း မရှိပါ။

သူသည် ကျူးဝေဝေဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားလိုက်ပြီး ကျူးဝေဝေအား ညင်သာစွာဆွဲထူပေးလိုက်၏။

ကျူးဝေဝေ၏မျက်နှာမှာ နီရဲသွားသည်။

သူမက ရုတ်ရုံသောမျက်နှာဖြင့် ဘုန်းတော်ကြီးကွမ်းကျုံးလွှိ ဆီသို့ လှမ်းကြည့်ကာမေးလိုက်သည်။

"ဘုန်းဘုန်းဘုရား ... တပည့်တော်တို့ အခုသွင်တဲ့လေးယောက်ထဲမှာ သုံးယောက်က ဒီဝါးလုံးတန်းပေါ်တက်တာ အဆင်ပြေပြေဖြစ်နေတာယ် ... ယွမ်ယိဝိုင်တစ်ယောက်တည်း ဘာဖြစ်လို့အဆင်ခေါ်နေတာလဲ ... "

ထိုမေးခွန်းကို ကျူးရှောင်လုံကလည်း သိချင်လှသည်။

ထို့ကြောင့် ...

သူကလည်း ကြားဝင်မေးလိုက်လေသည်။

"ဟုတ်တယ် ဘုန်းဘုန်း ... အဲဒါဘာဖြစ်လို့လဲ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက ပြုံးလိုက်လေ၏။

"သူက အလေ့အကျင့်ရှိနေလို့ပေါ့ကွယ် ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"သူက အစတုန်းကတည်းက ကိုယ်ဖော့လေ့ကျင့်ဖူးလို့လား... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ ညနေတုန်းက ခြေလက်သွားဆေးတဲ့နေရာမှာ ကျောက်တုံးကြီးတွေက အကြီးအသေးဖြစ်နေတာ တွေ့တယ်မဟုတ်လား ... "

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့က ပြုံငိုတူ ခေါင်းညိတ်လိုက်၏။

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက စကားဆက်လိုက်သည်။

"အဲဒီကျောက်တုံးတွေရဲ့ မညီညာမှုကြောင့် အဲဒီမှာ လမ်းလျှောက်ရတဲ့လူဟာ ခန္ဓာကိုယ်ကို ထိန်းမတ်ပြီး ခြေထောက်ကိုလည်း တည်ငြိမ်အောင် သတိထားပြီးလျှောက်ကြရတယ် ... "

သူက ယင်းသို့ပြောပြီး ချောင်းတစ်ချက်ဟန့်ကာ စကားဆက်လိုက်ပြန်သည်။

ဒီထက်ပိုတာကတော့ သူဟာအမြဲတမ်းတောင်အောက်ကို ရေစပ်ဆင်းရတာပဲ ... ရေတစ်ထမ်းနဲ့ တောင်ပေါ်တက်ရတာ ဘယ်လောက် ခက်ခဲကြမ်းတမ်းသလဲ ... အဲဒါ သူက မင်းတို့ထက် ပိုသာနေတဲ့ အချက်ပဲ ... အဲဒီတောင်တက်လမ်းကို အမြဲတစေလျှောက်လှမ်းနေရတဲ့ ယွမ်ယိုင်ဟာ သူ့ရဲ့ခန္ဓာကိုယ်ကို တည့်မတ်အောင် ထိန်းနိုင်ပြီး ခြေထောက်လည်း မြဲမြံနေတာပေါ့ကွယ် ... "

သူ့၏စကားအား နားထောင်ရင်းမှ ကျူးဝေဝေသည် မနေ့ညနေခင်းဆီက ကျောက်တုံးကြီးများပေါ်တွင် သူမပြုတ်ကျရင်း ယွမ်ယိုင်၏ရင်ခွင်ထဲသို့ ရောက်ခဲ့ခြင်းကို ပြန်လည်သတိရလိုက်မိသည်။

ရုတ်တရက် ...

သူ့၏မျက်နှာမှာ ပန်းနုရောင်ယှက်သန်းသွားသည်။

ကျူးဝေဝေက ရင်ခုန်လှုပ်ရှားစွာဖြင့် ယွမ်ယိုင်ဆီသို့ လှမ်းကြည့်လိုက်မိလေ၏။

ထိုအချိန်တွင် ...

ယွမ်ယိုင်ကလည်း သူမအား စူးစိုက်စွာကြည့်နေသဖြင့် ကပျာကယာခေါင်းငုံ့လိုက်မိသည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ...

သူတို့နှစ်ဦး၏ နှလုံးခုန်သံများ မြန်ဆန်လွန်းလှသည်ကို မည်သူကမျှ သတိမထားလိုက်မိကြချေ။

ဤသို့ဖြင့် ဟစ်နှစ်ပြီးတစ်နှစ် ကုန်လွန်သွားရာ နှစ်နှစ်တိုင်ကြာမြင့်သွားလေ၏။

နှစ်နှစ် ... ။

နှစ်နှစ်ဆိုသော အချိန်သည် နည်းနည်းနှော်နှော အချိန်

မဟုတ်ချေ။

ဤနှစ်နှစ်ဆိုသော အချိန်အတွင်း ချီဖန်တောင်သည် မည်သည့်ပြောင်းလဲခြင်းမျှမရှိချေ။

နှင်းပန်းပင်များမှာလည်း လှပစွာပွင့်နေဆဲပင်။

ထိုနှစ်နှစ်ဆိုသော အချိန်အတွင်း၌ ကျူးဝေဝေတို့သုံးယောက်မှာ ဘုန်းတော်ကြီး ကွမ်းကျုံးလျှို၏ သိုင်းဝဇ္ဇာရုပ်အချို့ကို သင်ယူတတ်မြောက်နေကြလေပြီ။

ယွမ်ယိုင်မှာမူ သူတို့လူစုထက် သိုင်းပညာ ပို၍ထူးချွန်ထက်မြက်လှသည်။

ပင်ကိုယ်ကပင် ဉာဏ်ရည်ထက်မြက်သူဖြစ်၍ သိုင်းပညာသင်ကြားသူလေးယောက်ထဲတွင် သူက ပို၍ထူးချွန်နေခြင်းဖြစ်သည်။

နှစ်နှစ်ဆိုသော အချိန်ကာလအတွင်း ယွမ်ယိုင်နှင့် ကျူးဝေဝေတို့၏ ခင်မင်ရင်းနှီးမှုအတိုင်းအတာမှာလည်း ယခုစအချိန်ကထက် များစွာသာလွန်သွားခဲ့လေပြီ။

ကျူးဝေဝေသည် ကွမ်ရှုမ်းမြို့ပေါ်တွင် မာနအလွန်ကြီးသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သို့သော် ...

ယွမ်ယိုင်နှင့်ကျတော့ သူမ၏မာနများက အရည်ပျော်ကျသွားသည်။ မာနမရှိတော့ချေ။

သူမသည် ယွမ်ယိုင်အား ခင်မင်လှသည်။

ယွမ်ယိုင်ကလည်း သူမအား ခင်မင်ပါသည်။

ဤသို့ဖြင့် ...

သူတို့နှစ်ယောက်၏သံယောဇဉ်သည် အချိန်ကုပါဘူး ... ကျွန်

နှင့်အမျှ ဝိုင်ရစ်ပတ်နောင်တွယ်ခဲ့လေတော့သည်။

ညနေအချိန်ဖြစ်သည်။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ မကျဆင်းသေးပေ။

ထို့ကြောင့် နေရောင်ခြည်ကို ကောင်းစွာမြင်တွေ့နိုင်သေးသည်။

ထိုအချိန်တွင် ...

ယွမ်ယိုင်သည် ဝါးဆစ်ဘူးများကို ကြိုးဖြင့်ဆွဲကာ တောင်တက်လမ်းအတိုင်း ဆင်းလာလေသည်။

တောင်ခြေတွင်ရှိသော စမ်းချောင်းငယ်တွင် ရေခပ်ရန်ဖြစ်သည်။

ဤအလုပ်သည် နေ့စဉ် မိမိပြုလုပ်ရသော အလုပ်တာဝန်တစ်ရပ်ဖြစ်၏။

တစ်နေ့တွာ သိုင်းပညာလေ့ကျင့်ပြီးသောအခါ ရေခပ်ရမြဲဖြစ်သည်။

ဤသည်မှာ ဘုန်းတော်ကြီးကွမ်းကျုံးလို့၏ အမိန့်ပင်ဖြစ်၏။

ယွမ်ယိုင်သည် တောင်တက်လမ်းကလေးအတိုင်း အေးဆေးစွာ ဆင်းလာခဲ့သည်။

ထိုစဉ် ...

"ယွမ်ယိုင် ... ယွမ်ယိုင် ... "

သူ၏နောက်ဘက်ဆီမှ လှမ်းခေါ်သံတစ်သံကိုကြားလိုက်ရကြောင့်

နှလုံးသားနှဲ့ပျောင်းသောအသံဖြစ်သည်။

နှစ်နှာသံကို သူ သိပါသည်။

နှစ်နှစ်ဆိုသော အချိန်ကာလအတွင်း ထိုအသံကို သူ ကြိမ်ဖန်များစွာ ကြားခဲ့ရပြီး သူ၏နှလုံးသား၏ အရင်းနှီးဆုံးအသံပင်ဖြစ်သည်။

ယင်းအသံဝိုင်ရှင်မှာ ကျူးဝေဝေမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါချေ။

ယွမ်ယိုင် ယင်းသို့စဉ်းစားရင်းမှ ခြေလှမ်းရပ်တန့်ကာ နောက်သို့လှည့်ကြည့်လိုက်၏။ ထိုအခါ ...

သူ့ထံသို့ တောင်တက်လမ်းအတိုင်း ပြေးဆင်းလာသော ကျူးဝေဝေအား တွေ့မြင်လိုက်ရသည်။

ထိုမြင်ကွင်းကြောင့် ယွမ်ယိုင်မှာ ဝိုးရိမ်သွားသည်။

"ကျူးဝေဝေ ... မပြေးနဲ့ ... ချောလဲလိမ့်မယ် ... ဖြည်းဖြည်းဆင်းလာခဲ့ ... "

သူ၏သတိပေးစကားကို ကြားသောအခါမှ ကျူးဝေဝေက ပြေးလွှားနေသောအရှိန်ကို လျှော့လိုက်လေသည်။

ထို့နောက် ...

သူမသည် ယွမ်ယိုင်အနီးသို့ လှပစွာ လျှောက်လှမ်းလာပြီး နှုတ်ခမ်းကလေး စူလိုက်လေ၏။

"ယွမ်ယိုင် ... ရှင် ဘယ်သူအကြောင်းတွေ တွေးနေတာလဲ ... ကျွန်မခေါ်နေတာတောင် မကြားဘူး ... "

သူမက အပြစ်တင်လိုက်သည်။

ယွမ်ယိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က ဘယ်သူအကြောင်းမှ တွေးစရာမရှိပါဘူး ... ကျွန်တွေးရမယ့်သူဆိုလို့ တစ်ယောက်တည်းရှိတယ် ... "

ကျူးဝေဝေက ယွမ်ယိဝိုင်ကို မော့ကြည့်၍ မေးလိုက်၏။

"တစ်ယောက်တည်း ဟုတ်လား ... အဲဒါ ဘယ်သူလဲ ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... တစ်ယောက်တည်းပဲ ... "

သူသည် ယင်းသို့ပြောပြီး ကျူးဝေဝေအား စူးစိုက်ကြည့်ကာ

"အဲဒါ ဘယ်သူလဲဆိုတော့ ... ကျူးဝေဝေဆိုတဲ့ မင်းပဲပေါ့"

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာပေါ်တွင် ရှက်သွေးဖြာသွားသည်။

သူမက ပြုံး၍ ခေါင်းငုံ့လိုက်ပြီး ... မေးလိုက်လေ၏။ သူမ ကျေနပ်နေသည်။

"အ ... အခု ရှင်ပြောနေတဲ့စကားတွေက တကယ်ပဲလား"

ယွမ်ယိဝိုင်က ပြုံး၍ခေါင်းညိတ်လိုက်သည်။

"တကယ်ပဲ ... ကျွန်ုပ်က ဘယ်တုန်းကမှ လိမ်ညာမပြောတတ်ဘူး ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ ကျေနပ်မျော်ရွှင်သွားသည်။

သူမသည် ယွမ်ယိဝိုင်အား လှပစွာပြုံးပြလိုက်ပြီး ...

"ကျွန်မစိတ်ထဲမှာလည်း ရှင့်ကိုအင်ဆုံးပဲ သိလား ... အဲဒါ ကျွန်မ လိမ်ပြောတာ မဟုတ်ဘူးနော် ... တကယ်ပြောနေတာ ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်ပြီး ...

"မင်းကို ကျွန်ုပ်ယုံပါတယ် ... ကျွန်ုပ်ဘဝမှာ သူစိမ်းတစ်ယောက်ကို ပထမဆုံး ယုံကြည်မိတာ မင်းကိုပဲ ကျူးဝေဝေ ... "

သူသည် ယင်းသို့ပြောပြီး ကျူးဝေဝေအား စေ့စေ့ကြည့်တာ မေးလိုက်လေ၏။

"ဒါနဲ့ ... မင်း အခုဘယ်သွားမလို့ တောင်အောက်ကိုဆင်းလာရတာလဲ ... "

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ရှင် ရေခဲဆင်းသွားတာ ကျွန်မ တွေ့လိုက်လို့ ... ရှင့်ကို ရှေ့ိုင်းခံပေးဖို့ လိုက်လာတာလေ ... "

ယွမ်ယိဝိုင်က ...

"ကျွန်ုပ်ကို ရှေ့ိုင်းခံပေးဖို့ ဟုတ်လား ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ရှင့်ကို ရှေ့ိုင်းခံပေးဖို့ ... "

ယွမ်ယိဝိုင်က ပြုံး၍ခေါင်းခါယမ်းလိုက်ပြီး ...

"ရပါတယ် ... မလိုပါဘူး ... ဒီအလုပ်တွေက ကျွန်ုပ်နဲ့တိုင်းလုပ်ရမယ့်အလုပ်တွေပဲ ... တောင်တက်လမ်းအတိုင်း ရေခဲရတာ ပင်ပန်းတယ် ... မင်းစိတ်ထဲမှာ လွယ်လွယ်ကလေးလို့ ထင်နေတာ အမှားပဲ ... ကဲ ... မင်းပြန်ပါ ... ကျွန်ုပ် ရေခဲဆင်းလိုက်ဦးမယ်"

ထိုစကားကြောင့် ကျူးဝေဝေက ဦးခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်မ မပြန်ဘူး ... ရှင့်ကို ရှေ့ိုင်းခံပေးဖို့လာတာ ... ဘာဖြစ်လို့ ပြန်ရမှာလဲ ... "

"မင်းပင်ပန်းမှာစိုးလို့ ကျွန်ုပ်က စေတနာနဲ့ ပြောတာပါ"

"ရှင့်ကို ကူညီရမယ်ဆိုရင် ဘယ်လောက်ပင်ပန်း ပင်ပန်း ကျွန်မကတော့ ပင်ပန်းတယ်လို့ ယူဆမှာမဟုတ်ဘူး ... "

သူမ၏စကားကြောင့် ယွမ်ယိဝိုင်၏နှလုံးသားတစ်ခု ပြင်းထန်စွာ လှုပ်ရှားသွားသည်။

သူက ကျူးဝေဝေအား ခေါင်းညိတ်ပြလိုက်၏။

"ဒါဆိုလည်း လိုက်ခဲ့လေ ... ကျွပ်တို့ ရေအတူသွားခပ်ကြ တာပေါ့ ... "

ကျူးဝေဝေ၏မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်သွားလေသည်။

"အဲဒါကြောင့် ကျွန်မ ရှင့်ကိုခင်တာ သိလား ... "

"ဘာဖြစ်လို့လဲ ... "

"ရှင်က ကျွန်မရဲ့စိတ်ကို နားအလည်နိုင်ဆုံးလူပဲ ... "

ယွမ်ယိုင်က ဘာမျှပြန်မပြောတော့ပေ။

သူက ကျူးဝေဝေအား လက်ကမ်းပေးလိုက်သည်။

ကျူးဝေဝေကလည်း သူ၏လက်ကို တွဲခိုလိုက်၏။

ထို့နောက် ...

သူတို့နှစ်ယောက်သည် ကျောက်တုံးကျောက်ခဲများဖြင့် ကြမ်း တမ်းလွန်းလှသော တောင်တက်လမ်းလေးအတိုင်း တစ်ယောက်လက် တစ်ယောက်တွဲကာ ဆင်းသွားကြတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တသွင်သွင်စီးဆင်းနေသော စမ်းရေစီးသံမှအပ ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေ၏။

ချီဖန်တောင်ခြေသည် အေးချမ်းတိတ်ဆိတ်ခြင်းများ စုစည်း ရာနေရာတစ်ခုဟုဆိုလျှင် မမှားနိုင်ပေ။

အဝေးဆီမှ ထွက်ပေါ်လာသော ရယ်မောသံများက တိတ် ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

မကြာမီ ... တောင်တက်လမ်းအတိုင်း ဆင်းလာကြသော အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိမည့် ရှူငယ်တစ်ယောက်နှင့် မိန်းကလေး

တစ်ယောက်အား တွေ့မြင်ကြရသည်။

ထိုလူငယ်နှင့် မိန်းကလေးမှာ ယွမ်ယိုင်နှင့် ကျူးဝေဝေတို့ ပင် ဖြစ်ပါသည်။

ယွမ်ယိုင်နှင့် ကျူးဝေဝေသည် ပြုံးရွှင်ရယ်မောကာ တစ် ယောက်လက်တစ်ယောက်တွဲ၍ တောင်ခြေစမ်းချောင်းလေးရှိရာသို့ လျှောက်လာကြလေတော့သည်။

စမ်းချောင်းရေမှာ ကြည်လင်အေးမြလှသည်။

သို့သော် ...

ကျူးဝေဝေ၏အပြုံးက သူ၏ရင်ကို ပို၍အေးမြစေသည်ဟု ယွမ်ယိုင် ထင်မိလေ၏။

မည်သည့်မိန်းကလေးကမျှ သူနှလုံးသားကို အရည်ပျော် အောင် မလုပ်နိုင်ဟု ထင်ထားသည့် ယွမ်ယိုင်၏အသည်းနှလုံးမှာ ကျူးဝေဝေနှင့် တွေ့သည့်အခါ ...

ဤစမ်းချောင်းရေပမာ အရည်ပျော်သွားခဲ့ရပြီ မဟုတ်ပါ လော။

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

သူမသည် စမ်းချောင်းရေကို တွေဝေငေးငိုင်စွာကြည့်နေ သော ယွမ်ယိုင်၏လက်မောင်းကို ကိုင်လှုပ်လိုက်ပြီး ...

"ယွမ်ယိုင် ... ရှင် ဘာတွေစဉ်းစားနေတာလဲ ... ရေခပ် တော့လေ ... "

ထိုအခါမှ ယွမ်ယိုင်က သတိဝင်လာပြီး ဝါးဆစ်ဘူးများကို စမ်းရေထဲတွင် နှစ်ခပ်လိုက်ပြီး ပြောလိုက်လေ၏။

"ကျွပ် မင်းအကြောင်းပဲ စဉ်းစားနေတာပါ ... "

ထိုစကားကြောင့် ကျူးဝေဝေက မျက်စောင်းထိုးလိုက်ပြီး

"ဩော် ... ရှင်လည်း ဒီစကားပဲပြောတတ်တော့တယ်နော်"

သူမက ယင်းသို့ပြောပြီး ယွမ်ယိဝိုင်ကိုကြည့်ကာ ရယ်မောလိုက်လေတော့သည်။

ယွမ်ယိဝိုင်ကလည်း သူ့အဖြစ်ကိုတွေးရင်း ရယ်မောလိုက်မိသည်။

ထို့နောက် ...

သူတို့နှစ်ယောက်သည် စမ်းချောင်းရေထဲ၌ ဝါးဆစ်ဘူးများဖြင့် ရေအတူဝေပလိုက်လေတော့သည်။

ဝါးဆစ်ဘူးများအားလုံး ရေပြည့်သွားသောအခါ

ယွမ်ယိဝိုင်တ ဝါးဆစ်ဘူးအားလုံး၏ ကြိုးများအား စုစည်ဆွဲလိုက်သည်။

သူသည် ကြိုးများအားဆွဲရင်း ကျူးဝေဝေဘက်သို့လှည့်ကာ

"ကဲ ... လာ ... ပြန်ကြရအောင် ... "

"နေဦး ... "

"ဘာဖြစ်လို့လဲ ... "

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျွန်မက ရှင့်နဲ့အတူ ရေလာခပ်တာ မဟုတ်လား ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ ... အဲဒါဘာဖြစ်လို့လဲ ... "

ကျူးဝေဝေက ပြုံးလိုက်သည်။

"ရေခပ်တယ်ဆိုရင် ... ရေထည့်ထားတဲ့ ဝါးဆစ်ဘူးကိုဆွဲရမှာပေါ့ရှင့် ... "

ယွမ်ယိဝိုင်မှာ ယခုမှ သဘောပေါက်သွားလေသည်။

သူက ခေါင်းခါယမ်းပြလိုက်ပြီး ...

"မင်း ဝါးဆစ်ဘူးကို ဝိုင်းဆွဲစရာ မလိုပါဘူး ... မင်းက ကျွဲနဲ့ စမ်းချောင်းထဲမှာ ရေဝိုင်းခပ်ပေးတာပဲ ... ဒီလောက်ဆို ကူညီတာလုံလောက်ပါပြီ ... "

ကျူးဝေဝေက ခြေဆောင့်လိုက်ပြီး ...

"မရဘူး ... ကျွန်မ ဝါးဆစ်ဘူး ဝိုင်းဆွဲပေးရမှ တောင်ပေါ်ကို ပြန်တက်မယ် ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်မှာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကျွဲပဲက မင်းပင်ပန်းမှာစိုးလို့ ပြောတာပါ ... ကဲ ... မင်းဆွဲချင်တယ်ဆိုရင်လည်း ကူဆွဲပေးပေါ့ ... "

သူက ယင်းသို့ပြောပြီး ဝါးဆစ်ဘူးတစ်ဘူး၏ ကြိုးစကိုလှမ်းပေးလိုက်သည်။

ကျူးဝေဝေ၏ မျက်နှာမှာ ပြုံးရွှင်သွားသည်။

သူမသည် ဝါးဆစ်ဘူး၏ကြိုးစကို လှမ်းယူလိုက်၏။

ထို့နောက် ...

သူတို့နှစ်ယောက်သည် ဝါးဆစ်ဘူးများကိုဆွဲ၍ တောင်တက်လမ်းလေးအတိုင်း တောင်ပေါ်သို့ ပြန်တက်လာကြလေတော့သည်။

... ပြီး ...

အခန်း (၆)

တားပြစ်ချက်

ဆည်းဆာအချိန် ဖြစ်သည်။

ချီဖန်တောင်တွင် ဤကဲ့သို့သော အချိန်မျိုး၌ နေမင်း၏ အလင်းရောင်ကို မရရှိနိုင်တော့ပေ။

သစ်လုံးအိမ်လေးရှေ့ရှိ မြေကွက်လပ်ပေါ်တွင် ကျူးရောင်လုံသည် ခေါက်တုံခေါက်ပြန် လမ်းလျှောက်နေသည်။

ကျူးစုဖန်က သူ၏အနီးတွင် ရပ်တန့်နေသည်။

အတန်ကြာမှ ...

ကျူးရောင်လုံက ခြေလှမ်းရပ်လိုက်ပြီး ကျူးစုဖန်အားမေးလိုက်၏။

"တောင်ပေါ်အနံ့ ရှာခဲ့ရဲ့လားကွ ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ထယ် အစ်ကိုရောင်လုံ ... လိုက်ရှာတာပဲ ... တောင်ပေါ်လည်း နှံ့နေပြီ ... ချောင်ကြိုချောင်ကြားမကျန် လိုက်ရှာတာပဲ... ဘယ်မှာမှ မတွေ့ဘူး ... "

ကျူးရောင်လုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... ဒီကောင်မလေး ဘယ်တွေလျှောက်သွားနေပါလိမ့် ... သိပ်ကေ်တာပဲကွာ ... "

ကျူးစုဖန်က အနည်းငယ်စဉ်းစားလိုက်ပြီး ...

"အစ်ကိုရောင်လုံ ... သူ တောင်အောက်ကိုများ ဆင်းသွားလား မသိဘူး ... "

"မင်းကတော့ မဟုတ်တာတွေ ပြောဦးမယ် ... တောင်အောက်ကို ငါတို့နှစ်ယောက်တောင် တစ်လနေလို့ တစ်ခါမဆင်းတာ ကျူးဝေဝေက သွားမလား ... "

ထိုစကားကြောင့် ကျူးစုဖန်မှာ ပါးစပ်ပိတ်သွားသည်။

ထိုအချိန်တွင် တောင်တက်လမ်းအတိုင်း ပြိုးရွှင်ရယ်မောသွာဖြင့် တက်လာကြသော ယွမ်ယိုဝိုင်နှင့် ကျူးဝေဝေတို့အား တွေ့မြင်လိုက်ရလေတော့သည်။

ကျူးစုဖန်မှာ အလွန်အံ့သြသွားလေသည်။

"အစ်ကိုရောင်လုံ ... ဟိုမှာ ... ဟိုမှာ ... "

သူသည် ယင်းသို့ နှုတ်မှပြောရင်း လက်ညှိုးညွှန်ပြလိုက်၏။

သူညွှန်ပြရာသို့ ကျူးရောင်လုံကလည်း လှမ်းကြည့်လိုက်မိသည်။

"ဟင် ... ကျူးဝေဝေ ... "

ကျူးရောင်လုံမှာ ဒေါသထွက်သွားသည်။

ကျူးဝေဝေ၏လက်ကိုဆွဲထားသော ယွမ်ယိုဝိုင်အား ဘတ်ပစ်ချင်အောင် မုန်းတီးသွားမိသည်။

ထို့ကြောင့် ...

ကျူးရှောင်လုံသည် ဘာမျှစဉ်းစားခြင်းမပြုတော့ဘဲ ဒေါသတကြီးဖြင့် ယွမ်ယိဝိုင်ထံသို့ ပြေးသွားလေသည်။

"အစ်ကိုရှောင်လုံ ..."

ကျူးစုဖန်ကလည်း သူ၏နောက်မှ ပြေးလိုက်လာလေတော့သည်။

သူတို့သည် ပြိုးရွှင်ရယ်မောကာ စကားပြောလာကြရင်း ရုတ်မှ ရင်ဆိုင်ပြေးလွှားလာသော ကျူးရှောင်လုံအား တွေ့မြင်လိုက်သည်။

ကျူးဝေဝေမှာ ရင်ထိတ်သွားသည်။

"အစ်ကိုရှောင်လုံ ..."

သူမ ယင်းသို့ ရေရွတ်လိုက်မိစဉ်မှာပင် ကျူးရှောင်လုံက သူတို့အနီးသို့ ရောက်လာလေသည်။

အနီးသို့ရောက်လာသည်နှင့် ကျူးရှောင်လုံသည် ယွမ်ယိဝိုင်၏ မျက်နှာအား လက်သီးဖြင့် အရှိန်ပြင်းစွာထိုးချလိုက်လေ၏။

"ဝုန်း ..."

ယွမ်ယိဝိုင်မှာ လုံးဝထင်မှတ်မထားသောကြောင့် မရှောင်တိမ်းနိုင်တော့ဘဲ ကျူးရှောင်လုံ၏လက်သီးချက် ထိမှန်ကာ မြေပြင်ပေါ်သို့ လဲကျသွားလေသည်။

ဝါးဆစ်ဘူးများမှာလည်းမြေပြင်ပေါ်တွင် ပြန့်ကြဲသွားလေသည်။

ကျူးဝေဝေမှာ အံ့သြထိတ်လန့်သွားလေ၏။

"ယွမ်ယိဝိုင် ..."

သူမသည် ယင်းသို့ခေါ်ရင်း လဲကျနေသော ယွမ်ယိဝိုင်ထံသို့ ပြေးသွားရန် ခြေလှမ်းပြင်လိုက်သည်။ ထိုစဉ် ...

သူမပခုံးအား ကျူးစုဖန်က ဆောင့်ဆွဲလိုက်လေသည်။

"ရပ်နေစမ်း ... ကျူးဝေဝေ ..."

ကျူးဝေဝေ၏မျက်ဝန်းအိမ်ထဲတွင် မျက်ရည်များပြည့်လျှံလာသည်။

သူမသည် ငိုရှိုက်ရင်း အော်မေးလိုက်၏။

"အစ်ကိုရှောင်လုံတို့ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ..."

ကျူးရှောင်လုံက ကင်းမာစက်ထန်သောလေသံဖြင့် အော်ငေါက်လိုက်သည်။

"တိတ်စမ်း ..."

ထိုအချိန်တွင် ...

ယွမ်ယိဝိုင်က လဲကျနေရာမှ လူးလဲထလာပြီး ကျူးရှောင်အား စေ့စေ့ကြည့်ကာ မေးလိုက်လေ၏။

"ခင်ဗျား ဘာဖြစ်လို့ ကျွပ်ကိုထိုးရတာလဲ ..."

သူ တကယ်ပဲ နားမလည်နိုင်ချေ။

ကျူးရှောင်လုံက ယွမ်ယိဝိုင်၏အင်္ကျီရင်ဘတ်အား ဆောင့်ဆွဲလိုက်ပြီး ရင့်သီးစွာပြောလေ၏။

"ငါ ဘာဖြစ်လို့ မင်းကိုထိုးတယ်ဆိုတာ မင်း မသိဘူးလား... အေး ... မင်းမသိရင် ငါပြောလိုက်မယ် ... မင်းရောွားခဝ်တာ ငါညီမကို ခေါ်သွားစရာမလိုဘူး ... မင်းလိုကောင်မျိုးက ငါညီမကို လာမှန်းရဲသေးတယ် ... ကိုယ့်အဆင့်အတန်းကို ကိုယ်နားလည် ..."

ထိုစကားကြောင့် ယွမ်ယိဝိုင်မှာ ဒေါသထွက်သွားသည်။

သူသည် ကျူးရှောင်လုံ၏လက်ကို ဆောင့်တွန်းလိုက်ပြီး ...

"ခင်ဗျား လွန်နေပြီနော် ... ကျွပ် ဆက်ပြီးသည်းမခံနိုင်

တော့ဘူး ... "

ကျူးရှောင်လုံက ရှေ့သို့ခြေတစ်လှမ်းတိုးထွက်လိုက်၏။

"သည်းမခံနိုင်တော့ မင်းက ဘာလုပ်ချင်လို့လဲ ... "

ယွမ်ယိုဝိုင်သည် ဒေါသကိုမထိန်းနိုင်တော့ပေ။

သူသည် ကျူးရှောင်လုံအားလက်သီးဖြင့် ထိုးရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ...

"ရပ်လိုက် ... "

ကျယ်လောင်သော ဟန့်တားသံထွက်ပေါ်လာသည်။

ထိုဟန့်တားသံ ထွက်ပေါ်လာရာသို့ အားလုံးက လှည့်ကြည့်ကြ၏။

ထိုအခါ ...

ဘုန်းတော်ကြီး ကွမ်းကျူးလွှီအား တွေ့မြင်လိုက်ရသည်။

ကျူးရှောင်လုံမှာ မျက်လုံးပြူးသွားသည်။

သူ၏မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သော အရိပ်အယောင်များပေါ်လွင်လာသည်။

ယွမ်ယိုဝိုင်သည် မြေပြင်ပေါ်သို့ ဒူးထောက်ဂါရဝပြုလိုက်၏။

"ဘုန်းဘုန်းကို တပည့်တော်ဂါရဝပြုပါတယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက လက်မြှောက်ပြလိုက်သည်။

"ယွမ်ယိုဝိုင် ... မင်း မတ်တတ်ရပ်လိုက်ပါ ... "

ထိုအခါမှ ယွမ်ယိုဝိုင်ကာ ဒူးထောက်နေရာမှ ထ၍ မတ်တတ်ရပ်လိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှီသည် ယွမ်ယိုဝိုင်၏ ဖူးရောင်နေသော မျက်နှာကိုကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်မိ၏။

သူသည် ကျူးရှောင်လုံဘက်သို့လှည့်ကာ လေသံမာမာဖြင့် မေးလိုက်၏။

"မင်းတို့ကို ရန်မဖြစ်ရဘူးလို့ ငါမှာထားတယ် မဟုတ်ဘူးလား ... "

ကျူးရှောင်လုံမှာ ခေါင်းငုံ့သွားလေသည်။

"ကျူး ... ကျူးဝေဝေကို ယွမ်ယိုဝိုင်က တောင်အောက်ကို ခေါ်သွားလို့ တပည့်တော် စိတ်မထိန်းနိုင်ဘဲ လက်သီးနဲ့ထိုးလိုက်မိတာပါ ... အဲဒီလို မဟုတ်ရင် ... တပည့်တော် ဒီလိုဖြစ်မှာ မဟုတ်ပါဘူး ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက တင်းမာခက်ထန်သော မျက်နှာထားဖြင့် ...

"မင်းတို့ယွမ်ယိုဝိုင်ကို မကျေနပ်ကာရှိရင် ငါ့ကို တိုင်နိုင်တယ်၊ ယွမ်ယိုဝိုင်ဟာ ငါ ကျေးမွေးစောင့်ရှောက်ခဲ့ရတဲ့ ကလေးပဲ ... ငါ့ကို လာတိုင်လို့ ဆုံးမသင့်တယ်ထင်ရင် ငါ ဆုံးမမယ် ... မင်းတို့က သူ့ကို ရန်ပြုစရာမလိုဘူး ... မင်းအပြုအမူတွေကို ပြန်ပြီးဆန်းစစ် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"တင်ပါ့ဘုရား ... နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှီက စကားဆက်လိုက်သည်။

"နောက်ပြီး ... ကိုယ့်ဝညာသင်ဘက် ဂိုဏ်းတူညီအစ်ကို အချင်းချင်း ဘယ်တော့မှ အဆင့်အတန်း မခွဲခြားနဲ့ ... မင်းတို့က ဘယ်လိုရာထူးကြီးတဲ့ အသိုင်းအဝိုင်းထဲကဖြစ်ဖြစ်... ယွမ်ယိုဝိုင်ဟာ မင်းတို့ရဲ့ဂိုဏ်းတူအစ်ကိုပဲ ... "

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က ပြိုင်တူခေါင်းညိတ်လိုက်

ယွမ်ယိဝိုင်က ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး ရှင်းပြလိုက်သည်။

"တပည့်တော်ကျူးဝေဝေကို ခေါ်သွားတာ မဟုတ်ပါဘူး ... တပည့်တော် တောင်အောက်မှာရေသွားခပ်တာကို ကျူးဝေဝေက တွေ့ပြီး ရေကူခပ်ပေးဖို့ လိုက်လာတာပါ ... "

ယခုမှ ဘုန်းတော်ကြီးကွမ်းကျုံးလွိမ်မှာ သဘောပေါက်သွားတော့သည်။

"ဒါဆို ကျူးရှောင်လုံကမသိဘဲ မင်းကို လက်သီးနဲ့ထိုးတာပေါ့ ဟုတ်လား ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... တပည့်တော်တို့နှစ်ယောက် တောင်ပေါ်ကို ရေခပ်ပြီးပြန်တက်လာတော့ ... သူကတွေ့ပြီး လက်သီးနဲ့ထိုးတာပါ ... သူက ကျူးဝေဝေကို တပည့်တော်ခေါ်သွားတယ်ထင်ပြီး ... ထိုးတာပါ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အေးလေ ... နောက်ကို ဒီလိုမဖြစ်ပါစေနဲ့ ... မင်းက ငါ့ရဲ့ တပည့်ရင်းဆိုတော့ သူတို့အပေါ်မှာ နားလည်သည်းခံရမယ် ... နောက်ပြီး ... ကိုယ်လုပ်ရမယ့် အလုပ်ကိုလည်း ဘယ်သူ့ကိုမှ မခိုင်းနဲ့ ... ကိုယ့်အလုပ် ကိုယ်လုပ်ရမယ် နားလည်လား ... "

"တပည့်တော် နားလည်ပါပြီ ဘုရား ... "

"နားလည်ပြီဆိုရင် နောက်တစ်ခါ ဒီလိုထပ်မဖြစ်စေနဲ့ ... "

"ဟုတ်ကဲ့ပါ ... နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး ... "

ကြ၏။

"ဟုတ်ကဲ့ပါ ... တပည့်တော်တို့ ဘုန်းဘုန်းစကားကို နားထောင်ပါ့မယ် ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက လက်မြှောက်ပြလိုက်ပြီး ...

"ကဲ ... မင်းတို့သွားနိုင်ပြီ ... "

ထိုအခါ ...

ကျူးရှောင်လုံ၊ ကျူးစုဖန် နှင့် ကျူးဝေဝေတို့သည် ဦးညွှတ်ဂါရဝပြု၍ သစ်လုံးအိမ်လေးဆီသို့ ထွက်သွားကြလေတော့သည်။

မြေပြင်ပေါ်တွင် ဝါးဆစ်ဘူးများ ပြန့်ကြဲနေ၏။

ယွမ်ယိဝိုင်သည် ခေါင်းငုံ့၍ တိတ်ဆိတ်စွာ ရပ်တန့်နေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ကျူးရှောင်လုံ၏လက်သီးချက်ကြောင့် ဖူးရောင်နေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် သက်ပြင်းရှည်တစ်ချက်ကို ချလိုက်သည်။

သူသည် ယွမ်ယိဝိုင်အား ကြင်နာစွာကြည့်ရင်း မေးလိုက်၏။

"ယွမ်ယိဝိုင် ... မင်း ကျူးဝေဝေကို ဘာဖြစ်လို့ တောင်အောက်ကိုခေါ်သွားရတာလဲ ... "

ယွမ်ယိဝိုင်က ခေါင်းခါယမ်းလိုက်သည်။

"သူကို တပည့်တော်ခေါ်သွားတာ မဟုတ်ပါဘူး ... "

ထိုစကားကြောင့် ဘုန်းတော်ကြီးကွမ်းကျုံးလွိမှာ မျက်မှောင်ကုတ်သွားသည်။

"ဟေ ... ဒါဆို ... ဘာဖြစ်လို့ ကျူးရှောင်လုံက မင်းခေါ်သွားတယ်လို့ ပြောရတာလဲ ... ဒီကောင် မုသားပြောတာပေါ့ ... "

"ကဲ ... ကဲ ... မင်းလည်း သွားနားတော့ ... ညစာ စားဖို့ တောင် နောက်ကျနေပြီ ... "

ယွမ်ယိုင်က ဦးညွတ်ဂါရဝပြုပြီး သစ်လုံးအိမ်လေးဆီသို့ လျှောက်သွားလေတော့သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် ယွမ်ယိုင်၏နောက်ကျော ကို ငေးကြည့်ရင်း ...

"အင်း ... သနားစရာကောင်းတဲ့ကလေးပဲ ... စိတ်သဘော ထား ဖြူစင်ပေမယ့် သူများတကာရဲ့ အနိုင်ကျင့်တာကို ခံရတယ် ... လူတွေဟာ မျိုးရိုးဇာတိတွေနဲ့ အဆင့်အတန်းခွဲခြားတတ်ကြပါလား နော် ... " ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

... ၄ ...

နံနက်ခင်း ...

နေရောင်ခြည်သည် သစ်လုံးအိမ်လေးရှေ့ရှိ မြေကွက်လပ် ပေါ်သို့ နွေးထွေးစွာဖြာကျနေ၏။

မြေကွက်လပ်ပေါ်တွင် ယွမ်ယိုင်နှင့် ကျူးရှောင်လုံတို့ သုံးယောက်သည် သိုင်းလေ့ကျင့်နေကြသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက သူတို့အား လေ့ကျင့်သင် ကြားပေးနေသည်။

ယနေ့ သိုင်းလေ့ကျင့်ခြင်းသည် တိတ်ဆိတ်ငြိမ်သက်လှ သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် သိုင်းကွက်များ၏အမည် နှင့် မည်သို့မည်ပုံ လေ့ကျင့်ရမည်ဟု သင်ကြားပေးနေသည်။ သူတို့

သည် ဘုန်းတော်ကြီး၏ သိုင်းပညာ မည်မျှအဆင့်မြင့်သည်ကို မခန့်မှန်း နိုင်ကြပါ။

ယွမ်ယိုင်နှင့် ကျူးရှောင်လုံတို့သုံးယောက်သည် ဘုန်းတော် ကြီး ကွမ်းကျုံးလွှိ သင်ကြားပေးသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လံလေ့ကျင့်နေကြပါသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားပြောကြ ခြင်း မရှိပေ။ မနေ့က မလုပ်သော အဖြစ်အပျက်သည် ယနေ့အထိ စွဲပါလာသည်။

ထိုအဖြစ်အပျက်ကြောင့် ယနေ့သိုင်းပညာလေ့ကျင့်ရာတွင် တိတ်ဆိတ်နေခြင်းဖြစ်ပါသည်။

ကျူးဝေဝေသည် သိုင်းလေ့ကျင့်နေရင်း ယွမ်ယိုင်အား မ မသာလှမ်းကြည့်လိုက်၏။

ယွမ်ယိုင်က တိတ်ဆိတ်စွာ သိုင်းလေ့ကျင့်နေသည်ကို ... မြင်ရသည်။

သူ၏မျက်နှာမှာ တည်ငြိမ်လွန်းလှသည်။

သူမဘက်သို့ လုံးဝလှည့်မကြည့်ချေ။

ကျူးဝေဝေ၏မျက်နှာလေးမှာ ညှိုးနွမ်းသွားသည်။

သူမ၏ရင်ထဲတွင်လည်း ပင်ပန်းနွမ်းနယ်သကဲ့သို့ ခံစားလိုက် ရသည်။

ယွမ်ယိုင်သည် မာနကြီးသူတစ်ယောက်ဖြစ်မှန်း သူမ သိ ထား၏။ ထို့ကြောင့် ...

ညနေက အဖြစ်အပျက်အတွက် ယွမ်ယိုင် သူမအား မုန်းကီး စိတ်နာသွားမည်ကို စိုးရိမ်နေမိသည်။

ယွမ်ယိုဝိုင်နှင့် ခင်မင်ခွင့်ရရန် သူပ မနည်းကြိုးစားခဲ့ရသည်။

ယခုမူ သူမကြိုးစားသမျှမှာ အစ်ကိုဖြစ်သူ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ကြောင့် သဲထဲရေသွန်ဖြစ်ပြီ မဟုတ်ပါလား။

ထိုကိစ္စအတွက် ယွမ်ယိုဝိုင်က သူမအား မခေါ်တော့လျှင် သူမ နေနိုင်မည်မဟုတ်ပါ။

ဤကမ္ဘာပေါ်တွင် မည်သည့်သူစိမ်းတစ်ယောက်ကိုမဆို သူမ မခေါ်မပြောဘဲ နေနိုင်ပါသည်။ သို့သော် ...

ယွမ်ယိုဝိုင်နှင့်မူ စကားမပြောဘဲ မနေနိုင်ပါချေ။

ဤအတိုင်းဆိုလျှင် ...

ယွမ်ယိုဝိုင် သူမအား စိတ်နာသွားသည်မှာ သေချာနေပေပြီ။

ကျူးဝေဝေသည် ယင်းသို့တွေးရင်း ရင်ထဲတွင် ဝမ်းနည်းကာ ငိုနှင့်ကြေကွဲလာသည်။

သူမ၏မျက်ဝန်းထဲမှ မျက်ရည်ကြည်များ ဝေ့ဝဲလာသည်။

သူမ၏ရင်ထဲမှ ခံစားချက်ကို ယွမ်ယိုဝိုင်တစ်ယောက် နားပေါ်သည်နိုင်ပါမည်လား။

ယွမ်ယိုဝိုင်သည် တိတ်ဆိတ်စွာ သိုင်းလေ့ကျင့်နေ၏။

သူ၏နှုတ်ခမ်းနှစ်လွှာသည် တင်းတင်းစေ့ထားသည်။

ယနေ့အဖို့ သူတွင် ကျူးရှောင်လုံတို့သုံးယောက်အား ပြောစရာစကား မရှိချေ။ ထို့ကြောင့် ...

သူသည် တည်ငြိမ်စွာပင် သိုင်းကွက်များကို လေ့ကျင့်နေမိသည်။

"ယား ... "

ယွမ်ယိုဝိုင်သည် ကျယ်လောင်စွာ အော်ဟစ်မာန်သွင်း၍

စွန်ရဲမာန်ဟုန်သိုင်းကွက်ကို ဂရုတစိုက်လေ့ကျင့်နေ၏။ သူအမူအရာမှာ ဤခဏဖန်တောင်ပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေဟု ယူဆထားသည့်အလား ဖြစ်နေသည်။

သူ၏ခန္ဓာကိုယ်သည် လေထဲသို့ စွန်ရဲတစ်ကောင်ပမာ ခုန်ပျံတက်သွားသည်။ ထို့နောက် ...

ပေါ့ပါးသွက်လက်လွန်းသော ကိုယ်ဟေ့ပညာဖြင့် ကြောင်တစ်ကောင်အလား မြေပြင်ပေါ်သို့ ပြန်လည်ကျရောက်လာ၏။

ကျလာပုံမှာလည်း ကြမ်းကြမ်းတမ်းတမ်း မဟုတ်ချေ။

ဘုန်းတော်ကြီးကွမ်းကျုံးလိုက ကျေနပ်စွာပြုံးလိုက်သည်။

"ကောင်းတယ်ဟေ့ ... မင်းက သိုင်းပညာလေ့ကျင့်တဲ့အခါမှာ အာရုံစူးစိုက်မှုရှိတော့ ... မင်းရဲ့သိုင်းကွက်တွေက ထက်မြက်တာပေါ့ ... သိုင်းပညာလေ့ကျင့်တဲ့အခါမှာ စိတ်တည်ငြိမ်မှုရှိဖို့က အလိုအပ်ဆုံးပဲ ... မင်းတို့လည်းမှတ်ထားပါ ... သိုင်းပညာမှ မဟုတ်ဘူး ... ဘယ်ပညာမဆို ကိုယ်လိုချင်ရင် ကြိုးစားမှ ကိုယ်ရတယ် ... "

ကျူးရှောင်လုံတို့သုံးယောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဘုန်းဘုန်း ... "

ယွမ်ယိုဝိုင်က သိုင်းလေ့ကျင့်ခြင်းကို ရပ်လိုက်သည်။

သူသည် ကျူးဝေဝေအား အမှတ်မထင်လှမ်းကြည့်လိုက်မိ၏။ ထိုအခါ ...

သူအား မျက်ရည်များဝိုင်းနေသော မျက်လုံးအစုံဖြင့်ကြည့်နေသော ကျူးဝေဝေအား တွေ့မြင်လိုက်ရသည်။

သူ၏ရင်ထဲတွင် ပြင်းထန်စွာ လှုပ်ရှားသွားသည်။

အဘယ်ကြောင့်ဆိုသော် ...

ကျူးဝေဝေ၏မျက်ဝန်းအစုံမှ မျက်ရည်စများကို တွေ့မြင်လိုက်ရသောကြောင့်တည်း။ မိမိချစ်ခင်တွယ်တာရသူ၏ မျက်ဝန်းမှ မျက်ရည်များအား တွေ့မြင်ရခြင်းသည် သူ၏နှလုံးသားအား မီးစနှင့် ထိုးဆွသကဲ့သို့ ပူလောင်လောင်မြိုက်လွန်းလှပေတကား။

"ကျူးဝေဝေ ... မင်း မငိုပါနဲ့ ... ကျုပ်ဟာ့ မင်းမျက်ရည် ကျထိုက်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး ... ကျုပ်တောင်း ပန်ပါတယ် ... မင်း မငိုပါနဲ့ ... "

သူ၏ရင်ထဲတွင်ပြောနေသည့် တောင်းပန်စကားကို ကျူးဝေဝေတစ်ယောက် မကြားနိုင်ပါချေ။

တစ်နေ့တာ သိုင်းလေ့ကျင့်ခြင်း ပြီးဆုံးသွားပြီဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် သစ်လုံးအိမ်လေးထဲသို့ ပြန်ဝင်သွားသည်။ ယွမ်ယိဝိုင်သည်လည်း မနက်စာအတွက် ချက်ပြုတ်ရန် ထွက်ခွာသွားပြီဖြစ်၏။ ယခု ...

မြေကွက်လပ်ပေါ်တွင် ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့ သုံးယောက်ပင် ကျန်ရစ်ခဲ့လေသည်။

ကျူးရှောင်လုံသည် တွေဝေငေးငိုင်စွာရပ်နေသော ကျူးဝေဝေကိုကြည့်ကာ မေးလိုက်၏။

"ညီမလေး ... နေမကောင်းဘူးလား ... "

ကျူးဝေဝေက အစ်ကိုဖြစ်သူအား မော့ကြည့်ကာ ပြန်မေးလေ၏။

"ညီမလေး ဘာဖြစ်နေတယ်ဆိုတာ့ အစ်ကိုရှောင်လုံ မသိဘူးလား ... "

ကျူးရှောင်လုံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါတော့ ... ညီမလေး ပြောပြမှ အစ်ကိုရှောင်လုံက သိမှာပေါ့ ... "

ကျူးဝေဝေသည် ကျူးရှောင်လုံအား စေ့စေ့ကြည့်ကာ မေးလေ၏။

"ယွမ်ယိဝိုင်ကို အစ်ကိုရှောင်လုံ ဘာဖြစ်လို့ ထိုးလိုက်ရတာလဲ ... "

ကျူးရှောင်လုံက ခေါင်းခါယမ်းလိုက်၏။

"ဒါက ညနေကကိစ္စပဲ ... အခု ပြီးသွားပြီ ... ဘာမှ စဉ်းစားမနေနဲ့တော့ ညီမလေး ... ဘုန်းဘုန်းကိုလည်း နောက်တစ်ခါ ဒီလို မဖြစ်စေရဘူးလို့ အစ်ကိုရှောင်လုံ ကတိပေးပြီးပြီပဲ ... ပြီးပြီးသားကိစ္စကို ဒီလိုပြန်နှုးနေရင်တော့ ... ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး ... "

ကျူးဝေဝေက မကျေမနပ်လေသံဖြင့် ...

"အစ်ကိုက လုပ်လိုက်တဲ့သူဆိုတော့ ဒီကိစ္စပြီးပြီလို့ ပြောမှာပေါ့ ... ယွမ်ယိဝိုင်က ခံလိုက်ရတဲ့သူလေ ... သူက ဘယ်ကျေနပ်နိုင်မှာလဲ ... လူတွေဟာ ဒီအတိုင်းပဲ ကိုယ်ကလုပ်လိုက်ရင် ပြီးသွားတာပဲ ... "

ကျူးရှောင်လုံက အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"သူက ဘာဖြစ်လို့ ညီမလေးကို တောင်အောက်ခေါ်သွားလဲ ... သူ့ရဲ့လုပ်ရပ်အတွက် အစ်ကိုကပြစဒဏ်ခတ်လိုက်တာပဲ ... သူ မကျေနပ်စရာမရှိပါဘူး ... "

ကျူးဝေဝေက အစ်ကိုဖြစ်သူအား မော့ကြည့်လိုက်သည်။

"အစ်ကိုလုပ်ပုံကိုက မှားတာ ... ညနေက ညီမလေးက သူ့ရေခဲတာကို ကူညီဖို့လိုက်သွားတာပါ ... သူက ညီမလေးကိုခေါ်တာ

မဟုတ်ဘူး ... "

ကျူးရှောင်လုံ မျက်မှောင်ကုတ်သွား၏။ သူက တအံ့တသြ ရေရွတ်လေ၏။

"ညီမလေးက လိုက်သွားတာ ဟုတ်လား ... "

"ဟုတ်တယ် ... သူခေါ်တာ လုံးဝမဟုတ်ဘူး ... "

"အေး ... ဒီလိုဆိုရင်လည်း ငါက မှားသွားတာပေါ့ ... ဒါပေမယ့် ... နင်ကလည်း အနေအထိုင်ဆင်ခြင်ပါ ... ဒီမှာ ယွမ်ယိုဝိုင် ရှိတယ်ဆိုတာ ဦးလေးကျူးထိုက်ဖုန်းက လုံးဝမသိဘူး ... သူသိရင်လည်း နင့်ကို ဒီမှာဆက်ထားမှာ မဟုတ်ဘူး ... ဒါကြောင့် ... နင်က ယွမ်ယိုဝိုင်နဲ့ သိပ်မရောပါနဲ့ ... ဒီကိစ္စ ဦးလေးကျူးထိုက်ဖုန်း သိရင် လုံးဝမလွယ်ဘူး ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ ပါးစပ်ပိတ်သွားသည်။

သူမ၏မျက်ဝန်းထဲတွင်လည်း သမီးဖြစ်သူအား အလွန်ချစ်ခင်မြတ်နိုးသည့်ဖခင်ဖြစ်သူ ကျူးထိုက်ဖုန်း၏မျက်နှာကို ပြန်လည်မြင်ယောင်လာမိလေသည်။

ခရီးဖန်တောင်တွင် သူမနှင့်ရွယ်တူ ယွမ်ယိုဝိုင်ဆိုသောယောကျ်ားလေးတစ်ယောက် ရှိနေသည်ကိုသိလျှင် ဖခင်ဖြစ်သူ မြို့စားကြီး ကျူးထိုက်ဖုန်း မည်သို့ဆုံးဖြတ်ပါမည်နည်း။ ဖခင်မြို့စားကြီးက သူမကို ဤခရီးဖန်တောင် ၌ သိုင်းပညာသင်ခွင့် မပြုမည်မှာ သေချာပါသည်။

... ရှိပါ ...

၅အခန်း (၇)

နှယ်နှစ်နှယ်အပုန်း

ဆယ်ရက်မြောက်နေ့ ... ။

ဆယ်ရက်ဆိုသော အချိန်ကာလသည် ကုန်ဆုံးလွန်မြောက်သွားပြီဖြစ်သည်။

ဤဆယ်ရက်တာကာလကို ကျူးဝေဝေသည် ဝမ်းနည်းခြင်း ရှင်နဲ့ ယူပဲ... ကွဲခြင်းမျက်ရည်များဖြင့် ဖြတ်သန်းခဲ့ရသည်။

ထိုဆယ်ရက်အချိန်အတွင်း၌ ယွမ်ယိုဝိုင်သည် သူမတို့မောင်နှမသုံးယောက်အား တစ်နုံတစ်ရာ စကားပြောဆိုခြင်း မရှိပေ။

ထိုဆယ်ရက်အတွင်း သိုင်းပညာလေ့ကျင့်ချိန်မှလွဲ၍ သူမတို့နှင့် မျက်နှာချင်းမဆိုင်ပေ။

ယွမ်ယိုဝိုင်ကမူ ထိုဆယ်ရက်တာကာလကို တည်ငြိမ်အေးဆေးစွာ ဖြတ်သန်းလာခဲ့သည်ဟု သူမ ထင်သည်။

အားလုံးစားသောက်ရန် ချက်ပြုတ်ရာတွင်လည်း သူ တစ်ယောက်တည်း အေးဆေးစွာလုပ်ကိုင်နေသည်။

ညနေရေဝပ်ချိန်တွင်လည်း သူတစ်ယောက်တည်း ရေသွားခပ်တတ်ပေသည်။

ကျူးဝေဝေမှာပွင့်လင်းရိုးသားသောမိန်းကလေးတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ...

ယခုကဲ့သို့ ယွမ်ယိုဝိုင်က ရှောင်ဖယ်နေသည်ကို တွေ့သောအခါ အလွန်ဝမ်းနည်းမိသည်။

ညအိပ်ရာဝင်သောအခါတိုင်း သူမ ဝမ်းနည်းစွာငိုကြွေးမိသည်။

သူမ၏ကြေကွဲမှုမျက်ရည်များအား ယွမ်ယိုဝိုင်တစ်ယောက်မ ရှိဝးသိရှိနိုင်မည် မဟုတ်ချေ။

လည်း ယနေ့ညနေတွင် ...

ယွမ်ယိ ယွမ်ယိုဝိုင်သည် ရေအိုးများထားသည့်နေရာအနီးတွင် ထင်းလုံးဝင်ခွဲနေသည်။

သစ်လုံးအိမ်လေးထဲတွင် ဘုန်းတော်ကြီးကွမ်းကျူးလွီ တစ်ယောက်သာရှိသည်။

မြတ် အစ်ကိုဖြစ်သူ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ညီအစ်ကိုမှာ ငေ တောင်အောက်တွင် ဝါးသွားခုတ်နေ၏။

ကျူးဝေဝေသည် သူမရင်ထဲမှ ခံစားနေရသည့်ဝေဒနာကို ကြာရှည်မခံစားလိုတော့ပေ။

ထို့ကြောင့် ...

ယွမ်ယိုဝိုင်နှင့် စကားပြောရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်သည်နှင့် သူမ၏ခြေလှမ်းများသည် ယွမ်ယိုဝိုင်ရှိရာသို့ ဦးတည်လျှောက်လှမ်းသွားမိလေတော့သည်။

ညနေအချိန်ဖြစ်သည်။

ချီဖန်တောင်၏ညနေချိန်သည် အေးစိမ့်မှုနှင့်ဖွဲနှဲတွဲနေသည်။

သို့သော် ...

ယွမ်ယိုဝိုင်၏ခန္ဓာကိုယ်အပေါ်ဝိုင်းတွင်မူ အကျီဗလာကျင်းဖြစ်သည်။

သူ၏ကျောပြင်ပေါ်တွင်လည်း ချွေးများဖြင့်စိုရွှဲနေသည်။

ထင်းတုံးကြီးများအား ပုဆိန်ဖြင့် ခွဲနေရသည်မှာ နှစ်နာရီခန့် ရှိပြီဖြစ်၏။

ထို့ကြောင့် ...

ယွမ်ယိုဝိုင်မှာ အလွန်မောဟိုက်နေလေပြီ။

သို့သော် ...

ထိုအလုပ်များသည် ဘုန်းတော်ကြီးကွမ်းကျူးလွီက သူအ ရှင့်ကို ပူပဲ... တာဝန်ပေးထားသောအလုပ်များ ဖြစ်သည်။

ယင်းကြောင့် မလုပ်ဘဲနေ၍ မဖြစ်ပါချေ။

အသွားထက်လှသော ပုဆိန်၏အစွမ်းကြောင့် ထင်းတုံးကြီးများ အစိတ်စိတ်အမွှာမွှာ ကွဲသွားလေသည်။

ယွမ်ယိုဝိုင်မှာ မောပန်းလွန်းသော်လည်း အနားမယူဘဲ ထင်းတုံးကြီးများကို ဆက်လက်ခွဲစိတ်နေလေတော့သည်။

ကျူးဝေဝေသည် ယွမ်ယိုဝိုင်ရှိရာသို့ လျှောက်လှမ်းလာသည်။

သူမသည် ယွမ်ယိုဝိုင်အား လှမ်းကြည့်လိုက်၏။

ထင်းတုံးကြီးများအား ချွေးဒီးဒီးကျအောင် ခွဲနေရသော ယွမ်ယိုဝိုင်အား တွေ့မြင်လိုက်သည်။

ကျူးဝေဝေ၏ရင်ထဲတွင် သနားကြင်နာစိတ်များ ဝင်ရောက်လာသည်။

သူမသည် ယွမ်ယိုဝိုင်၏အနီးသို့ ရောက်သောအခါ မမျှော်သိပ်

နိုင်ဝေကဲ့သဲ့ လှမ်းခေါ်မိလေ၏။

"ယွမ်ယိုဝိုင် ... "

ထိုအခါ ...

ယွမ်ယိုဝိုင်က သူမအား ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

"ဟင် ... ကျူးဝေဝေ ... "

သူက အံ့သြတကြီးဖြင့် ရေရွတ်လိုက်၏။

ကျူးဝေဝေက သူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"ရှင် ဘာဖြစ်လို့ ကျွန်မကို စကားမပြောတာလဲ ယွမ်ယိုဝိုင်"

ယွမ်ယိုဝိုင်က တိတ်ဆိတ်စွာရပ်နေသည်။

သူ၏လက်ထဲမှ ပုဆိန်အားအနီးတွင်ချထားသည်။

ကျူးဝေဝေမှာ ဝမ်းနည်းသွားလေသည်။

သူမ၏မျက်ဝန်းမှ မျက်ရည်ကြွေသည်များ ရစ်ဝဲလာလေသည်။

"ရှင် ... ရှင် ကျွန်မကို စိတ်နာနေတာလား ... "

ယွမ်ယိုဝိုင်က ခေါင်းခါယမ်းလိုက်သည်။

"ကျွပ် မင်းကို စိတ်မနာပါဘူး ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဆို ကျွန်မကို ဘာဖြစ်လို့ စကားမပြောတာလဲ ... "

ယွမ်ယိုဝိုင်က တည်ကြည်လေးနက်သောမျက်နှာထားဖြင့်

"ဒီလိုအခြေအနေမျိုးမှာ မင်းနဲ့ကျွပ် ဆက်ပြီးခင်မင်လို့မဖြစ် ... အဲဒါကို မင်းလည်း နားလည်မှာပေါ့ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်လုံးအစုံမှာ ဝိုင်းစက် ပြီးကွယ်သွားသည်။

"ရှင်နဲ့ကျွန်မ ခင်မင်လို့မဖြစ်နိုင်တော့ဘူး ဟုတ်လား ... "

"ဟုတ်တယ် ... "

"ရှင် ... ရှင် တော်တော်ရက်စက်တာပဲ ယွမ်ယိုဝိုင် ... "

သူမသည် ယင်းသို့ပြောပြီး ဝမ်းနည်းစွာ ရှိုက်ငိုလိုက်လေတော့သည်။

ယွမ်ယိုဝိုင်၏နှလုံးကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူ၏ရင်ထဲ၌ ပြင်းထန်စွာလှုပ်ရှားသွားသည်။

"မင်း ... မင်းမငိုပါနဲ့ ... ကျွမ် တောင်းပန်ပါတယ် ... "

ကျူးဝေဝေက ငိုရှိုက်ရင်းမှ ...

"ရှင် ကျွန်မကို တောင်းပန်စရာမလိုပါဘူး ... ရှင်က ရှင်နဲ့ခင်မင်ခွင့်လေးကိုတောင်မှ ရက်ရက်စက်စက် ရုပ်သိမ်းသွားတဲ့လူပဲ... တောင်းပန်မနေပါနဲ့ ... "

ယွမ်ယိုဝိုင်က ဘာမှပြန်မပြောတော့ပေ။

ရုတ်တရက် ...

သူသည် ကျူးဝေဝေအား ပွေ့ဖက်လိုက်လေ၏။

ကျူးဝေဝေမှာ အံ့အားသင့်သွားသည်။

"အို ... "

သူမသည် ယွမ်ယိုဝိုင်၏ရင်ခွင်ထဲသို့ ရောက်ရှိသွားသည်။

ယွမ်ယိုဝိုင်က သူမအား ပွေ့ဖက်ထားရင်း ...

"ကျွပ် မင်းကို ဘယ်တော့မှ မရက်စက်ဘူး ... မင်းကို ကတိပေးတယ် ... ကျွပ်အတွက်နဲ့ မင်း ဘယ်တော့မှ မငိုစေရဘူး ... "

သူသည် တုန်ရင်လှိုက်လှဲသောစကားသံဖြင့်ပြောလိုက်သည်။

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာမှာ ဝင်းလက်

တောက်ပသွား၏။

သူမက နှုတ်ခမ်းစူ၍ ...

"သွားပါ ... အခုမှ လာချော့နေတယ် ... ဒီဆယ်ရက်အတွင်း ကျွန်မ ဘယ်လောက်ငိုရသလဲဆိုတာ ရှင်သိရဲ့လား ... "

သူမသည် ကန့်ကလျှ ပြောမိလေ၏။

ယွမ်ယိုင်က ပြုံးလိုက်ပြီး ...

"မင်းရဲ့မျက်ရည်တွေအတွက် ကျုပ် လျော်ကြေးပေးပါ့မယ်"

သူသည် ယင်းသို့ပြောပြီး ကျူးဝေဝေ၏ နုထွေးလှပသော ပါးပြင်လေးပေါ်သို့ အနမ်းပွင့်များ ခြွေလိုက်လေတော့သည်။

"အို ... "

ကျူးဝေဝေ၏ရင်ထဲ၌ နှလုံးခုန်သံ ရပ်တန့်သွားသည်ဟု ထင်လိုက်မိ၏။ တိုစဉ် ...

အဝေဆီမှ စကားပြောသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျူးဝေဝေမှာ ရင်ထိတ်သွားသည်။

"ဟင် ... အစ်ကိုရှောင်လုံတို့ ပြန်လာပြီထင်တယ် ... "

သူမသည် ယင်းသို့ပြောရင်း ယွမ်ယိုင်၏ရင်ခွင်ထဲမှတိုးထွက်လိုက်၏။ ထို့နောက် ...

ယွမ်ယိုင်အား ရှက်သွေးဖြာသော အပြုံးတစ်ခုဖြင့် တံ့ပြန်ရင်း သစ်လုံးဒိန်းလေးဆီသို့ ပြန်လည်ပြေးလွှားသွားလေသည်။

ယွမ်ယိုင်သည် တိုနေရာတွင်ပင် ရပ်တန့်ရင်းကျန်ရစ်ခဲ့သည်။

ခဏစ်သူ၏အပြုံးကြောင့် သူ၏ရင်ခွင်တစ်ခုလုံး နွေးထွေးသွားသည်။

ထိုအချိန်မှာပင် ...

တောင်ပေါ်သို့ ဝါးလုံးများထမ်း၍တက်လာသော ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့အား တွေ့မြင်လိုက်ရသည်။

ယွမ်ယိုင်က သဘောကျစွာ ပြုံးလိုက်မိသည်။

မကြာသေးမီက အဖြစ်အပျက်ကိုသာ ကျူးရှောင်လုံ ကစ်ယောက် သိရှိခဲ့မည်ဆိုလျှင် မည်မျှဒေါသထွက်မည်နည်း။ သူတို့ ဒေါသထွက်ချင် ထွက်ပါစေ၊ ချစ်မေတ္တာ၌ မည်သည့်အတားအဆီးမျှ မရှိသည်ကို သူတို့သိလျှင် ဤသို့ ဒေါသထွက်နိုင်မည် မဟုတ်ပါ။ ဤသို့ဖြင့် မှောင်လာလေတော့သည်။

ယွမ်ယိုင်သည် အားလုံးစားရန် ညစာအဖြစ် ဆန်ပြုတ်အိုးတည်၏။

ဆန်ပြုတ်ကျက်သောအခါ ဝက်ပေါင်ခြောက်ကိုကင်သည်။

ထို့နောက် ...

ညစာစားသောက်ရန် ပြင်ဆင်လိုက်သည်။

စားသောက်ရန်ပြင်ဆင်ပြီးသောအခါ မီးလင်းဖိုအနီးတွင် ထိုင်နေသော ကျူးရှောင်လုံတို့မောင်နှမသုံးယောက်အား လှမ်းခေါ်လိုက်သည်။

"ညစာစားလို့ရပါပြီ ... "

သူ၏စကားကြောင့် ကျူးရှောင်လုံတို့သည်ထိုင်ရာမှထကာ စားပွဲဆီသို့ လျှောက်လာကြသည်။

ကျူးဝေဝေက နောက်မှလျှောက်လာလေသည်။

စားပွဲဝိုင်းသို့ ထိုင်မိလိုက်သည်နှင့် ယွမ်ယိုင်က ပန်းကန်များထဲသို့ ဆန်ပြုတ်ပူပူများ ခပ်ထည့်ပေးလိုက်၏။

ထိုအခါ ...

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က တိတ်ဆိတ်စွာစားသောက်ကြလေသည်။

ကျူးဝေဝေမှာမူ ညနေကအဖြစ်ကို ရုက်ရွံ့မှုကြောင့် ညစာကို အနည်းငယ်သာ စားသောက်နိုင်သည်။

သူမသည် ယွမ်ယိဝိုင်အား မသိမသာလှမ်းကြည့်လိုက်၏။

ယွမ်ယိဝိုင်ကလည်း သူမအား လှမ်းကြည့်လိုက်သဖြင့် ကပျာကယာ ခေါင်းငုံ့လိုက်ရသည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ...

သူတို့နှစ်ဦး၏ရင်ထဲမှ နှလုံးသားများ တိတ်တဆိတ်ပြိုင်တူလွှပ်ရှားသွားကြခြင်းကို မည်သူကမျှ သတိမထားလိုက်မိကြချေ။

... ❀ ...

ဆောင်းဦးရာသီသို့ ရောက်လာလေပြီ။

ချီဖန်တောင်တစ်ခုလုံး နှင်းမြူများရစ်သိုင်းလွှမ်းခြုံလာသည်။

ယနေ့ဆိုလျှင် ...

ကျူးဝေဝေတို့သုံးယောက် ချီဖန်တောင်သို့ ရောက်ရှိခဲ့သည်မှာ နှစ်နှစ်နှင့်ခြောက်လပင် ရှိပြီဖြစ်ပါသည်။

ထိုကာလအတွင်း ... ယွမ်ယိဝိုင်သည် ကျူးရှောင်လုံတို့ညီအစ်ကိုနှင့် အခေါ်အပြောမရှိလှချေ။

ကျူးလော့ဖန်နှင့်မူ တစ်ဦးနှင့်တစ်ဦး နားလည်ချစ်ခင်ခဲ့ကြသည်။

ဤသည်ကို ကျူးရှောင်လုံတို့ညီအစ်ကိုက မသိပါချေ။

မနက်ဖြန်ဆိုလျှင် ...

ယွမ်ယိဝိုင်သည် မြို့တက်၍ ရိက္ခာဝယ်ရမည်ဖြစ်သည်။

ထို့ကြောင့် ...

ခဲ့ခွာရမည့်အတွက် ကျူးဝေဝေမှာ စိတ်မကောင်းဖြစ်နေမိသည်။

သိုင်းပညာလေ့ကျင့်ပြီးသည်နှင့် မနက်စာ စားသောက်ကြ၏။

ပြီးလျှင် ...

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ညီအစ်ကိုနှစ်ယောက်အား ဘုန်းတော်ကြီးကွမ်းကျူးလွှတ်က ဝါးသွားခုတ်ရန် အမိန့်ချလိုက်၏။

ထို့ကြောင့် ...

ကျူးရှောင်လုံတို့ညီအစ်ကိုသည် ဓားမကိုယ်စီကိုင်ကာ တောင်တက်လမ်းအတိုင်း ဆင်းသွားကြသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှတ်သည် သစ်လုံးအိမ်လေးထဲတွင် တရားထိုင်နေသည်။

ထို့ကြောင့် ယွမ်ယိဝိုင်နှင့် ကျူးဝေဝေတို့နှစ်ယောက်သာ ရှိလေတော့သည်။

ယွမ်ယိဝိုင်သည် မြေကွက်လပ်ပေါ်ရှိ အမှိုက်များအား တံမြက်စည်းဖြင့် လှဲနေ၏။

ကျူးဝေဝေကမူ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသည်။

သူမသည် တံမြက်စည်းလှဲနေသော ယွမ်ယိဝိုင်အား လှမ်းကြည့်လိုက်၏။ ယွမ်ယိဝိုင်သည် အမှိုက်များကို စုပုံ၍မီးရှို့နေသည်။

အမှိုက်သရိုက်များကို မီးရှို့ခြင်းမပြုလျှင် ဘီဖန်တောင်ပေါ်၌ အမှိုက်တောင်လိုပုံနေတော့မည်။

သူသည် အမှိုက်များကို မီးရှို့ပြီးနောက် သူမရှိရာ ကွပ်ပျစ်ဆီသို့ လျှောက်လာခဲ့သည်။ သူက မေးလိုက်၏။

"မင်းအစ်ကိုတွေ ဝါးသွားခုတ်တာ မင်းမလိုက်သွားဘူးလား"

ကျူးဝေဝေက ခေါင်းခါပြလိုက်ပြီး ...

"မလိုက်သွားဘူး ... ကျွန်မ ရှင့်ကိုပြောစရာရှိလို့ ... "

ယွမ်ယိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ကျွပ်ကိုပြောစရာရှိတယ် ဟုတ်လား ... ဘာလဲ ... "

ကျူးဝေဝေက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"ရှင် ... ဒီတစ်ခေါက်မြို့သွားမှာ ဘယ်လောက်ကြာမှာလဲ"

ယွမ်ယိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"အလွန်ဆုံးသုံးရက်ပေါ့ ... "

ကျူးဝေဝေက မကျေနပ်ဟန်ဖြင့် ...

"ရှင် ဟိုတစ်ခေါက်ကလည်း ဒီလိုပဲ သုံးရက်ကြာမယ်လို့ ပြောတာပဲ ... နောက်ပြီးတော့လည်း ငါးရက်ကြာသွားတယ် မဟုတ်လား ... "

ယွမ်ယိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... တစ်ခါတလေမြို့မှာ ရိက္ခာဝယ်ရင်းနဲ့ ရက်နည်းနည်းကြာသွားတတ်တယ် ... "

ကျူးဝေဝေက သူ့အား စိုးရိမ်သောမျက်လုံးအစုံဖြင့်ကြည့်၍ ပြောလိုက်သည်။

"ရှင်ကတော့ ဘာမှမတွေးဘူး ... အဲဒီတုန်းက ကျွန်မဖြင့်

စိတ်မူလိုက်ရတာ ... အခုလည်း သတိထားသွားဦး ... "

ယွမ်ယိုင်က ပြုံးလိုက်ပြီး ...

"ကျွပ်အတွက် စိတ်မပူပါနဲ့ ... ဟုန်ကျန်းနယ်က ကိုယ့်ဇာတိနယ်ပဲ ... ဘာမှမဖြစ်ပါဘူး ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဟင် ... ဟုန်ကျန်းနယ်ဟာ ရှင့်ဇာတိဟုတ်လား ... "

ထိုအခါမှ ...

ယွမ်ယိုင်သည် မိမိစကားမှားသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။ တစ်ခါတစ်ရံ လူသည် ဤသို့ သတိလက်လွတ်ပြောဆိုမိတတ်သည်။

ထို့ကြောင့် ...

သူသည် ကပျာကယာခေါင်းခါယမ်းလိုက်ပြီး လိမ်ညာလိုက်ရလေ၏။

"ကျွပ်က ဟုန်ကျန်းဇာတိမဟုတ်ပါဘူး ... ဒါပေမယ့် ... ကျွပ်အရွယ်ရောက်ကတည်းက ဟုန်ကျန်းနယ်ထဲက စုကျိုးမြို့ကို ရိက္ခာသွားဝယ်နေကျဆိုတော့ ... ဟုန်ကျန်းနယ်နဲ့ ရင်းနှီးနေတယ်လို့ ပြောတာပါ ... "

ကျူးဝေဝေက နားခေါင်းရှဲ့လိုက်ပြီး ...

"ဟွန်း ... ဟုန်ကျန်းနယ်က တထွန်လူမျိုးတွေဟာ အရိုင်းအစိုင်းတွေတဲ့ ... ဘုရင်မင်းမြတ်ကိုတောင် သစ္စာဖောက်ရဲတဲ့ သစ္စာဖောက်တွေလို့ ကျွန်မ အဖေနဲ့ အစ်ကိုယဲမင်းတို့က ပြောတယ် ... ဟုန်ကျန်းဟာ ရတ်စက်ကြမ်းကြုတ်တဲ့ ဝံပုလွေလူမျိုးတွေနေထိုင်တဲ့

တိုင်းပြည်လို့ ဖေဖေက ကျွန်မကို ဇောဇောပြောတယ် ... အဲဒါကြောင့် ကျွန်မ ယော်ယော်ကတည်းက ဟုန်ကျန်းက တထျန်းလူမျိုးတွေကို မုန်းတီးခဲ့တာ ... "

သူ့အစ်ကားကြောင့် ယွမ်ယိဝိုင်၏ရင်ထဲတွင် နာကျင်သွားဒဲသည်။

မိမိလူမျိုးအား မိမိရှေ့တွင်ပင် ရဲ့ချပြောဆိုနေပါသော်လည်း သူ့တွင် ပြန်ပြောရန်အင်အား မရှိခဲ့ချေ။

ဤသည်မှာ သူ ကျူးဝေဝေအပေါ်ထားရှိသော မေတ္တာတရားပင်ဖြစ်သည်။

ကျူးဝေဝေနေရာတွင် အခြားတစ်ယောက်ဆိုလျှင် သူက အသေအကြေတိုက်ဖိုက်ရလိမ့်မည် ဖြစ်သည်။

သို့သော် ...

ကျူးဝေဝေကိုမူ သူ၏ချစ်ခြင်းမေတ္တာက ခွင့်လွှတ်ထားနိုင်သည်။

အကယ်၍ ...

ကျူးဝေဝေသည် သူ့အား ဟုန်ကျန်းနယ်မှ တထျန်လူမျိုးတစ်ယောက်ဖြစ်မှန်း သိခဲ့ပါလျှင် မည်သို့ဖြစ်လာမည်နည်း။

သူကိုချစ်နိုင်ဦးမည်လော။ ဒါတွေကို ယွမ်ယိဝိုင် မသိချင်ပါ။

ဤသို့ဖြင့် နောက်တစ်နေ့သို့ ကူးသွားခဲ့သည်။

ယွမ်ယိဝိုင်သည် မြို့သို့ရိက္ခာဝယ်ရန် ထွက်ခွာသွားလေတော့သည်။ ထို့ကြောင့် ...

သိုင်းလေ့ကျင့်သောအခါ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သာ လေ့ကျင့်ရလေတော့သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက သိုင်းကွက်များကို ရှေ့မှဦးဆောင်၍ လေ့ကျင့်ပြသနေသည်။

ကျူးရှောင်လုံတို့သုံးယောက်ကလည်း နောက်မှလိုက်၍ ပြိုင်တူလေ့ကျင့်ကြသည်။

နေမွန်းတည့်ချိန်ရောက်မှ သိုင်းပညာလေ့ကျင့်ခြင်းကို ရပ်တန့်လိုက်၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက သူတို့အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ဒီနေ့ ယွမ်ယိဝိုင် မရှိဘူး ... ဒါကြောင့် မနက်စာကို ကျူးရှောင်လုံက ဦးဆောင်ပြီးချက်ပြုတ်ပါ ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ဒါပဲပြောသည်။

ကျူးရှောင်လုံက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဟုတ်ကဲ့ပါ ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ခေါင်းညိတ်လိုက်၏။

"ကဲ ... မင်းတို့သွားနိုင်ပြီ ... "

ထိုအခါမှ ...

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သုံးယောက်သည် ပြိုင်တူဂါရဝပြုပြီး ထွက်ခွာသွားကြလေတော့သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိ၏ အမြဲနှံ့အတိုင်း ကျူးရှောင်လုံသည် မီးဖိုခန်းထဲသို့ ဝင်ခဲ့၏။

မီးဖိုခန်းထဲတွင် ကျူးရှောင်လုံဦးစီး၍ ချက်ပြုတ်ရသည်။

ကျူးစုဖန်နှင့် ကျူးဝေဝေတို့နှစ်ယောက်မှာ တံမြက်စည်းလှဲနေကြသည်။

ယွမ်ယိုင် မရှိသည့်အတွက် ယွမ်ယိုင်၏အလုပ်တာဝန်များကို သူတို့က လုပ်ကိုင်နေရခြင်းဖြစ်၏။

ကျူးစုဖန်က အမှိုက်များကိုစုပုံ၍ မီးရှို့လိုက်ရင်း ကျူးဝေဝေဘက်သို့လှည့်ကာ မေးလိုက်၏။

"ညီမလေး ... ဦးလေးကျူးတို့အကြောင်း သိပြီးပြီလား"

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဖေဖေ ဘာဖြစ်လို့လဲ အစ်ကိုစုဖန် ... "

ကျူးစုဖန်က ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာမှမဖြစ်ပါဘူး ... ဦးလေးကျူးနဲ့ အစ်ကိုယဲ့မင်းတို့ ဟိုတစ်လောက ဟုန်ကျန်းနယ်သစ္စာဖောက် တထျန်သူလျှိုတွေ ကွမ်ရှမ်းမြို့ထဲ တိတ်တဆိတ်ဝင်လာတာကို ခြေရာခံမိလို့ တိုက်ပွဲဖြစ်ကြတယ်... ဟုန်ကျန်းက သူလျှိုတွေ အယောက်နှစ်ဆယ်ကျော်တယ်တဲ့ ... တိုက်ပွဲမှာ မလွတ်မှန်းသိလို့ ဆယ့်ငါးယောက်က ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ် ... ငါးယောက်ပဲ ဖမ်းမိတယ် ... နှစ်ယောက်ကတော့ လွတ်သွားတယ်တဲ့ ... အဲဒါ ဟိုတစ်နေ့က ရိက္ခာလာပို့တဲ့ ရဲမက်က ပြောသွားတာ ... " ဟုပြောလိုက်သည်။

ကျူးဝေဝေက အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ဟွန်း ... ဟုန်ကျန်းက သူလျှိုတွေဟာ အတော်အတင့်ရဲတာပဲ ... ဒါကြောင့် ... ဖေဖေက အမြဲပြောတာ ... သစ္စာဖောက်ဝံပုလွေလူမျိုးလို့ပြောတာ ... ကိုယ့်နိုင်ငံကိုတောင် သစ္စာဖောက်ပြီး သီးခြားနိုင်ငံအဖြစ် ခွဲထွက်ထူထောင်တယ်... ဘုရင်မင်းမြတ်ကိုတောင် သစ္စာဖောက်ရဲမှတော့ ဘာပြောစရာရှိတော့မလဲ ... ကိုယ့်မကိုင်္ဂကို ခြေချုနင်းရဲတဲ့ လူတွေပဲ ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ဟုန်ကျန်းနယ်သားတွေဟာ ဝိုက်ဟူနယ်က တထျန်လူမျိုးတွေကို ဒုက္ခပေးဖို့ မွေးဖွားလာတာပဲ ... အခုလည်း နယ်ခြားဒေသမှာ သူတို့ပဲ စိုးမိုးနေကြတယ် ... နယ်စားကြီးကျန်းရဲ့ နောက်ဆုံးမျိုးဆက်က ဟုန်ကျန်းနယ်ကိုတာဝန်ယူ အုပ်ချုပ်နေဘယ်လို့ ကြားတယ် ... "

ကျူးဝေဝေက တည်ကြည်လေးနက်သောမျက်နှာထားဖြင့်

"ညီမလေး သိုင်းပညာစုံလို့ ချီဖန်တောင်ကပြန်ရင် ဖေဖေနဲ့ အစ်ကိုယဲ့မင်းနဲ့အတူ ကိုယ့်တိုင်းပြည်အကျိုးကို သယ်ပိုးမယ် ... ဟုန်ကျန်းနယ်က တထျန်လူမျိုးတွေကို ညီမလေးရဲ့သိုင်းပညာနဲ့ သုတ်သင်ရှင်းလင်းမယ် ... ညီမလေးကတော့ ဒါပဲ ဆုံးဖြတ်ထားတယ် ... "

ထိုစကားကြောင့် ကျူးစုဖန်၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

"ညီမလေးက ဘယ်ဆိုးလို့လဲ ... ရည်ရွယ်ချက်က ကြီးသားပဲ ... ကိုယ့်တိုင်းပြည်ကို ကာကွယ်တတ်တဲ့စိတ်ရှိတာ တောင်းတဲ့စိတ်ပဲ ... အစ်ကိုရှောင်လုံနဲ့ အစ်ကိုစုဖန်လည်း သိုင်းပညာစုံရင် ... ဦးလေးကျူးနဲ့အတူ ကိုယ့်တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်မယ်"

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ညီမကလေးကတော့ ပထမပိုင်းကာကွယ်ဖို့ ဆုံးဖြတ်ထားတာပဲ ... ဒုတိယပိုင်းကျတော့ ဟုန်ကျန်းက တထျန်လူမျိုးတွေကို အမြစ်ပြတ်ချေမှုန်းဖို့ ဆုံးဖြတ်ထားတယ် ... "

"ဟား ... ဟား ... မှန်တာပေါ့ ... "

သူတို့မောင်နှမနှစ်ယောက်သည် လွတ်လပ်ပေါ်ပါးစွာ ရယ်မောလိုက်လေတော့သည်။ ထိုအချိန်တွင်...

ကျူးရှောင်လုံသည် နံနက်စာချက်ပြုတ်ပြီးသွားပြီ ဖြစ်၏။

သူသည် စားသောက်ရန်ပြင်ဆင်ပြီး ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား နံနက်စာဆွမ်းကပ်လိုက်၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီ ဆွမ်းစားပြီးသောအခါ သူတို့စားရန်ပြင်ဆင်လိုက်သည်။ ထို့နောက် ...

ကျူးရှောင်လုံသည် သစ်လုံးအိမ်ရှေ့သို့ထွက်လာကာ ...

"ဟော ... ညီလေးစုဖန်နဲ့ ညီမလေးတို့ မနက်စာစားကြမယ်ဟော ... "

ဟု လှမ်းခေါ်လိုက်သည်။ ထိုအခါမှ ...

ကျူးစုဖန်နှင့် ကျူးဝေဝေတို့က လုပ်လက်စအလုပ်များကို လက်စသတ်၍ ...

"လာပြီ အစ်ကိုရှောင်လုံ ... "

ကျူးဝေဝေက ယင်းသို့ပြောပြီး သစ်လုံးအိမ်လေးဆီသို့ လျှောက်လာသည်။ ယွမ်ယိဝိုင် မရှိသဖြင့် သူမရင်ထဲ၌ တစ်ခုခုလိုနေသလို ခံစားနေရသည်။

ကျူးစုဖန်ကလည်း သူမနောက်မှ လိုက်လာသည်။

ယနေ့အဖို့တွင် သူတို့မောင်နှမသုံးယောက်သည် ယွမ်ယိဝိုင် မပါဘဲနှင့် နံနက်စာစားရတော့မည့် မဟုတ်ပါလော။

အိမ်မက်မြိမ်း

၁၉၅၄

အခန်း (၇)

သံယောဇဉ်

စုကျိုးမြို့ ...

စုကျိုးမြို့သည် ဟုန်ကျန်းနယ်၏ စည်ကားသောမြို့ကြီးတစ်မြို့ ဖြစ်သည်။

စားသောက်ဆိုင်ကြီးများ၊ တည်းခိုခန်းကြီးများဖြင့် စည်ကားလှပေသည်။

ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေတတ်သော်လည်း စုကျိုးမြို့၏ မင်းလမ်းမကြီးတွင် သွားလာနေသူများဖြင့် ပြည့်နှက်နေတတ်သည်။

အလွန်အေးခဲသော အရပ်ဒေသဖြစ်သောကြောင့် ဟုန်ကျန်းနယ်ထဲသို့ အခြားအရပ်ဒေသမှ ခရီးသွားများ လာရောက်ခြင်းမရှိကြပေ။ ရာသီဥတုက နှိပ်စက်သည်ဟု အခြားဒေသမှ ခရီးသွားများက ညည်းညူတတ်ကြသည်။

သို့သော် ...

ဟုန်ကျန်းနယ်မှ လူများအဖို့မှာ ဆီးနှင်းများအစဉ်မပြတ် ကျဆင်းခြင်းသည် အကြောင်းကိစ္စတစ်ခု မဟုတ်တော့ပေ။

သူတို့အားလုံးသည် အအေးဒဏ်ကို ခံနိုင်ရည်ရှိပြီးသူများ ဖြစ်သည်။ ရာသီဥတုက သူတို့ကို လေ့ကျင့်ပေးပြီးသားဖြစ်နေသည်။

ထို့ကြောင့် ...

ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသော စုကျိုးမြို့၏နံနက်ခင်းမှာ တိတ်ဆိတ်ငြိမ်သက်ခြင်း အလျဉ်းမရှိဘဲ သွားလာလှုပ်ရှားသူများဖြင့် စည်ကားလှုပ်ရှားနေခြင်း ဖြစ်လေတော့သည်။

ယခု ...

စုကျိုးမြို့၏ မင်းလမ်းမကြီးအတိုင်း ဆယ့်ရှစ်နှစ်ခန့်ရှိမည့် လူငယ်တစ်ယောက် လျှောက်လှမ်းလာနေ၏။

လူငယ်၏ပခုံးပေါ်တွင် ကြီးမားသော အထုပ်တစ်ခုကို ထမ်းပိုးထားသည်။ လူငယ်၏ရုပ်ရည်မှာ သာမန်လူများ၏ ရုပ်ရည်မဟုတ်ပေ။ သူသာ အဝတ်အစား သားသားနားနားဝတ်ထားလျှင် မိန်းကလေးများ နှစ်ခြိုက်ကြည့်ရမည့် ရုပ်ရည်မျိုးဖြစ်သည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ပါးလွှာသော ဖျင်ကြမ်းအင်္ကျီတစ်ထည်ကိုသာ ဝတ်ဆင်ထားသည်။

ထို့ကြောင့် ...

အအေးဒဏ်ကိုခံနိုင်ရည်ရှိပြီးသားဖြစ်သည့် ဟုန်ကျန်းသားတစ်ယောက်မှန်း သိသာလေသည်။

လူငယ်၏ခြေ မခုံတွင် အဝတ်ဖိနပ်ရှည်ကို စီးထားသည်။

ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေသော မြေပြင်ပေါ်တွင် လူငယ်သည် ဒေးအေးဆေးဆေးလျှောက်နေသည်။

ထိုသူကား အဘယ်သူနည်း။

တခြားသူ မဟုတ်ပေ ... ။

ချီဖန်တောင်မှ ရိက္ခာလာဝယ်သော ယွမ်ယိဂိုဝင်ပင် ဖြစ်ပါသည်။

ယွမ်ယိဂိုဝင်သည် မင်းလမ်းမကြီးအတိုင်း လျှောက်လာနေသည်။

ယနေ့ဆိုလျှင် သူ ချီဖန်တောင်မှ ထွက်လာခဲ့သည်မှာ သုံးရက်မြောက်ပြီဖြစ်သည်။

ရိက္ခာများလည်း ဝယ်ပြီးပြီဖြစ်သည်။

ထို့ကြောင့် ...

ချီဖန်တောင်သို့ ပြန်ရန်သာ ရှိတော့သည်။

ယနေ့တစ်နေ့လုံး ခရီးဆက်မှ မနက်ဖြန် မွန်းတည့်ချိန်လောက်တွင် ချီဖန်တောင်သို့ ရောက်မည်ဖြစ်သည်။

နံနက်စာကို စုကျိုးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားသွားရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ စဉ်းစားမိသည့် ယွမ်ယိဂိုဝင်သည် ရှေ့မှမြင်နေရသော လူစည်ကားသည့် စားသောက်ဆိုင်ဆီသို့ ဦးတည်၍လျှောက်သွားလေတော့သည်။

ဝက်ဝံဖြူစားသောက်ဆိုင် ...

ဝက်ဝံဖြူစားသောက်ဆိုင်သည် စုကျိုးမြို့တွင် လူစည်ကားသော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်၏။

ဝက်ဝံဖြူစားသောက်ဆိုင်၏ ဟင်းလျာများမှာလည်း အရသာ ကောင်းမွန်သည်။ အစားအသောက်ကို လူအများ ခံတွင်းတွေ့

စေရန် ဂရုတစိုက်ချက်ပြုတ်သည်။

နှစ်ချို့ဝါးရွက်စိမ်းအရက်၏အရသာမှာလည်း သောက်ဖူးသူများ၏ပါးစပ်ဖျားတွင် စွဲမက်လောက်ပေသည်။ ထို့ကြောင့် ...

စုကျိုးမြို့သို့ ရောက်လာသူများသည် ဝက်ဝံဖြူစားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်တတ်ကြစမြဲပင်။ တစ်ခါစားသောက်ဖူးသူများသည် ဝက်ဝံဖြူစားသောက်ဆိုင်သို့ လာစမြဲပင်။

ယွမ်ယိဝိုင်သည် ဝက်ဝံဖြူစားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆိုင်ထဲတွင် စားသောက်နေသူများဖြင့် စည်ကားနေ၏။

ထောင့်ကျကျ စားပွဲတွင်သာ လူရှင်းနေသည်ကို တွေ့မြင်ရ၏။

ယွမ်ယိဝိုင်သည် ထိုစားပွဲဆီသို့ လျှောက်သွားလိုက်ပြီး သူ၏ပခုံးပေါ်မှ ရိက္ခာထုပ်ကို ခုံပေါ်တွင်တင်၍ ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ထိုအခါ ...

မနီးမဝေးတွင်ရပ်နေသော ဆိုင်လုလင်က သူ့ထံသို့လျှောက်လာပြီး မေးလေ၏။

"ညီလေး ... ဘာများသုံးဆောင်ပါမလဲခင်ဗျာ့ ... "

ယွမ်ယိဝိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး သူ စားချင်သမျှ မှာလိုက်သည်။

"ခေါက်ဆွဲပြုတ်တစ်ပွဲ၊ အမဲကြော်တစ်ပွဲနဲ့ ဝါးရွက်စိမ်းအရက်တစ်အိုးပေးပါ ... "

"ကောင်းပါပြီ ... "

ဆိုင်လုလင်က ယင်းသို့ပြောပြီး ပြန်ထွက်သွားသည်။

ယွမ်ယိဝိုင်သည် ချိဖန်တောင်တွင် အရက်သောက်ခွင့်မရှိခဲ့၊ ဘုန်းတော်ကြီးကွမ်းကျိုးလွှဲသည် စည်းကမ်းကြီးသူဖြစ်သည့်အတွက် အရက်သောက်ခွင့်မပြုပါ။

သို့သော် ...

သူသည် စုကျိုးမြို့သို့ရောက်သည့်အခါတိုင်း အရက်သောက်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ...

ဟုန်ကျန်းနယ်၏ ရာသီဥတုမှာ အေးခဲလွန်းသောကြောင့်တည်း။ အရက်သောက်မှသာ ခံနိုင်ရည်ရှိမည်ဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျိုးလွှဲ သိလျှင်မူ သူအားအပြစ်တင်နေမည်လောဟု စဉ်းစားလိုက်မိ၏။

သူ ယင်းသို့စဉ်းစားနေစဉ်မှာပင် ဆိုင်လုလင်က မှာကြားထားသော စားသောက်ဖွယ်ရာများနှင့် ဝါးရွက်စိမ်းအရက်အိုးကို လာရောက်ချပေးသည်။

ယွမ်ယိဝိုင်သည် အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ်ပူပူအား တူဖြင့် မြိန်ယှက်စွာစားသောက်လိုက်၏။

ခေါက်ဆွဲပြုတ်စားသောက်ပြီးသောအခါမှ ဝါးရွက်စိမ်းအရက်အိုးထဲမှ အရက်တစ်ခွက်ငှဲ့ကာ မော့သောက်လိုက်၏။

ပူနွေးသော ဝါးရွက်စိမ်းအရက်များသည် သူ၏လည်ချောင်းအတွင်းမှ ဝမ်းဗိုက်ထဲသို့ ပူနွေးစွာ ဆင်းရှိသွားလေ၏။

ထိုအခါမှ အရိုးကွဲမတတ် အေးစိမ့်မှုက အနည်းငယ်သက်သာသွားသည်။

ယွမ်ယိဝိုင်သည် အရက်တစ်ခွက်ကို ထပ်မံငှဲ့ပြီး သောက်ရန်

"ခင်ဗျားစကားက ကျွပ်တို့ဟုန်ကျန်းက တထျန်သူရဲကောင်းတွေအတွက် သိက္ခာကျတယ်ဗျ ... အမှန်တော့ ... သူလျှိုအဖွဲ့ဝင် ဟုန်ကျန်းတထျန်သူရဲကောင်းတွေဟာ မြို့စားကြီးကျူးထိုက်ဖုန်းတို့ အဖွဲ့နဲ့ တိုက်ပွဲဖြစ်ပွားရင်း လွတ်မြောက်ဖို့မလွယ်ကူတော့မှန်းသိလို့... ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တာဗျ ... ဟုန်ကျန်းသားတွေဟာ သတ္တိရှိတယ် ... ဝိုက်ဟူနယ်သားတွေရဲ့လက်နက်နဲ့ ဘယ်တော့မှ အသေမခံဘူး ... "

သူ့စကားကို မျက်နှာရှည်ရှည်နှင့်လူကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ဟုန်ကျန်းသားတွေရဲ့သတ္တိကို ဝိုက်ဟူနယ်သားတွေ ထိတ်လန့်တုန်လှုပ်သွားမှာပေါ့ ... အခု ... နယ်စားကြီးက အဖမ်းခံထားရတဲ့ သူရဲကောင်းငါးယောက်ကို ကယ်ထုတ်ဖို့ ပြင်နေတယ်လို့ ကြားတယ် ... "

ကျန်လူတစ်ယောက်ကလည်း ကြားဝင်ပြောလိုက်၏။

"မြို့စားကြီး ကျူးထိုက်ဖုန်းဟာ ဇွဲစပ်သေချာတယ် ... သူ့ရဲ့သား ကျူးယဲ့မင်းဟာလည်း ရဲစွမ်းသတ္တိရှိပြီး ထက်မြက်တယ်လို့ သတင်းကြားတယ် ... ဒါကြောင့်မို့လို့ ... သူတို့လက်ထဲမှာ အဖမ်းခံထားရတဲ့ ကျွပ်တို့သူရဲကောင်းတွေကို ကယ်ထုတ်ဖို့ဆိုတာ မလွယ်ကူလှဘူး ... "

ထိုစကားကြောင့် အညိုရောင်ဝတ်ဆင်ထားသူက နှာခေါင်းရှုံ့လိုက်သည်။

"ဟွန်း ... ခင်ဗျားက ရန်သူကိုအထင်ကြီးနေပြန်ပါပြီ ... အခုလောက်ဆိုရင် ... ကျွပ်တို့ရဲ့ ဟုန်ကျန်းက လျှို့ဝှက်သူလျှိုတွေ

ဟန်ပြင်လိုက်၏။

ထိုစဉ် ...

သူ၏နားထဲသို့ နံဘေးရှိစားပွဲဝိုင်းမှ ပြောဆိုနေသော စကားသံများ ဝင်ရောက်လာသည်။

"ဟိုတစ်လောက ဝိုက်ဟူနယ်က ကွမ်ရှမ်းမြို့မှာ တိုက်ပွဲဖြစ်ပွားတာ ကျွပ်တို့ ဟုန်ကျန်းက တထျန်သူရဲကောင်း ဆယ့်ငါးယောက် သေဆုံးသွားတယ် ... ငါးယောက်ကိုတော့ ကွမ်ရှမ်းမြို့စားကြီး ကျူးထိုက်ဖုန်းနဲ့ သူသားကျူးယဲ့မင်းတို့အဖွဲက အရှင်ဖမ်းလိုက်မိတယ်လေ... နှစ်ယောက်ကတော့ ထွက်ပြေးလွတ်မြောက်ပြီး ကျွပ်တို့ နယ်စားကြီးဆီ ပြန်ရောက်လာပြီဗျ ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ စိတ်ဝင်စားသွားသည်။

သူသည် အရက်ခွက်ကို စားပွဲပေါ်တွင်ချကာ နံဘေးရှိစားပွဲဝိုင်းဆီသို့ အကဲခတ်ကြည့်လိုက်၏။

သူ၏နံဘေးရှိ စားပွဲဝိုင်းတွင် အသက်သုံးဆယ်ကျော်ခန့်ရှိမည့် လူငါးယောက် အရက်သောက်နေကြသည်ကိုတွေ့မြင်ရသည်။

ထိုလူများ၏ဝတ်စားဆင်ယင်ပုံနှင့် သူတို့၏ကျောပေါ်တွင် လွယ်ကိုက်ထားသော ဓားရှည်များကြောင့် သိုင်းသမားများဖြစ်မှန်း နားလည်လိုက်၏။ သိုင်းသမားနှင့် သာမန်အရပ်သားမှာ ကြည့်မြင်ရုံနှင့် သိသာသည်။ လွန်စွာကွဲပြားခြားနားသည်။

ထိုလူငါးယောက်သည် အရက်သောက်ရင်း တစ်ယောက်ပြီးတစ်ယောက် စကားပြောနေကြသည်။

သူ ကြည့်နေစဉ်မှာပင် မျက်နှာဝိုင်းဝိုင်းနှင့်လူက လေသံတမျှနှင့် ပြန်လည်ပြောကြားလေ၏။

ကွမ်ရှမ်းမြို့ထဲကိုရောက်သွားလောက်ပြီ ... မကြာမီ သူရဲကောင်းငါးယောက်ကို ကယ်ထုတ်လာနိုင်တော့မှာပါဗျာ ... အသက်စွန့်ကယ်ထုတ်နိုင်တယ်ဗျ ...

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသော လူကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ကျွပ်တို့သူရဲကောင်းတွေ မကြာမီ လွတ်မြောက်လာကြတော့မှာသေချာတယ် ... ကျွပ်အထင်ပြောရရင် ... အဒီမြို့စားကြီး ကျူးထိုက်ဖုန်းကို လုပ်ကြံနိုင်ရင် ကျွပ်တို့ ဟုန်ကျန်းဂ တာဝန်ပျန်တွေအတွက် မင်္ဂလာသတင်းပဲ ... သူရှိနေလို့သာ ကျွပ်တို့အား အဘားအဆီးဖြစ်နေတာ ... သူက ကျွပ်တို့ကို တန်ပြန်တိုက်ခိုက်မြဲကြံနေတာဗျ ... "

ထိုစကားများကို ကြားလိုက်ရသောအခါ ယွမ်ယိဝိုင်သည် သူ့ကြိမ်တစ်ခါမျှ မမြင်ဖူးသေးသော မြို့စားကြီးကျူးထိုက်ဖုန်းနှင့် ကျူးယဲ့မင်းတို့အား မုန်းတီးစက်ဆုပ်မိသည်။

မြို့စားကြီးကျူးထိုက်ဖုန်းသည် သူ မြတ်နိုးတွယ်တာရသည့် ကျူးဝေဝေ၏ ဖခင်ဖြစ်မှန်း သူသိရှိထား၏။

ကျူးယဲ့မင်းမှာမူ ကျူးဝေဝေ၏အစ်ကို ဖြစ်သည်။

အကယ်၍ ...

မြို့စားကြီးကျူးထိုက်ဖုန်းသည် သူ၏သမီးနှင့်ချစ်ခင်နှစ်သက်နေသူမှာ ဟုန်ကျန်းနယ်သားတစ်ယောက်မှန်း သိခဲ့ပါလျှင် မည်သို့ဆုံးဖြတ်မည်နည်း။

ယွမ်ယိဝိုင်သည် သက်ပြင်းချလိုက်မိသည်။

သူသည် စိတ်ရှုပ်ထွေးစွာဖြင့် အင်္ကျီအိတ်ထဲမှ ငွေတုံးတစ်တုံးကို ထုတ်၍ စားပွဲပေါ်သို့ ချပေးလိုက်၏။

ထို့နောက် ...

ထိုင်ရာမှထ၍ ရိက္ခာထုပ်ကို ပခုံးပေါ်တွင်ထမ်းကာ ဦးတည်၍ပြေး စားသောက်ဆိုင်အတွင်းမှ ထွက်လာခဲ့လေတော့သည်။

... ...

နံနက်ခင်း ... ။

ချီဖန်တောင်ပေါ်ရှိ မြေကွက်လပ်တွင် ကျူးရောဝတ်ဆင်စုဖန်နှင့် ကျူးဝေဝေတို့သုံးယောက် သိုင်းလေ့ကျင့်နေကြသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက သူတို့သုံးယောက် ၁နာရီခန့်ကျင့်နေသည်ကို ကွပ်ပျစ်ပေါ်တွင် ထိုင်၍ကြည့်ရှုနေသည်။

နေမွန်းတည့်ခါနီးမှ သိုင်းလေ့ကျင့်ခြင်းကို ရပ်တန့်ခဲ့ကြ၏။ ထို့နောက် ...

နံနက်စာ စားသောက်ကြသည်။

နံနက်စာ စားပြီးသောအခါ ကျူးရောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့ သုံးယောက်သည် ဘုန်းတော်ကြီးကွမ်းကျုံးလွိုနှင့်အတူ ကွပ်ပျစ်ပေါ်တွင်ထိုင်၍ စကားပြောနေကြသည်။ အတူထိုင်၍ ပြောနေကြသည်။ သို့သော်လည်း ကျူးရောင်လုံတို့သုံးယောက်မှာ ကွပ်ပျစ်အောက်တွင် သစ်တုံးများနှင့်ထိုင်နေခြင်းဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိုသည် သူတို့အား သိုင်းလောကမှ အတွေ့အကြုံများအကြောင်းကို ပြောပြနေခြင်းဖြစ်၏။

ထိုအချိန်တွင် ...

တောင်တက်လမ်းအတိုင်း တောင်ပေါ်ကိုတက်လာသော
ကွမ်ရှင်းပေါ်ဝိုင်အား တွေ့မြင်လိုက်လေတော့သည်။
ထုတ်နို့ ဘုန်းတော်ကြီးကွမ်းကျူးလွိ၏မျက်နှာမှာ ပြုံးရွှင်သွားသည်။
ဧတေတ်မူလိုက်၏။
လိုက်သည် "ယွမ်ယိဝိုင်တောင်ပြန်လာပြီဟေ့ ... "
"၏စကားကြောင့် ကျူးရှောင်လဲ၊ ကျူးစုဖန်နှင့်ကျူးဝေဝေ
မြောက်နှင့်လ
ဝိုင်တက်လမ်းဆီသို့ လှမ်းကြည့်လိုက်မိကြသည်။
အဒီမျှ ... ဒီအခါ ...
တောင်တက်လမ်းအတိုင်း လျှောက်လာနေသော ယွမ်ယိဝိုင်
တ
ကို မြင်လိုက်ရ၏။
ကျူးဝေဝေ၏မျက်နှာမှာ ပြုံးရွှင်သွားသည်။
သူမ လွမ်းဆွတ်နေရသည့် ယွမ်ယိဝိုင်တစ်ယောက် ပြန်
ရောက်လာပြီ မဟုတ်ပါလား။
ဤရက်များအတွင်း အချိန်တိုင်း ယွမ်ယိဝိုင်အား သတိရခဲ့
သည်။ သူမ၏အသည်းနှလုံး ပုံအပ်ထားသော ချစ်သူကို မည်သူမှေ
ထားနိုင်ပါမည်နည်း။
ယွမ်ယိဝိုင်ကလည်း သူမအား သတိရလိမ့်မည်ဟု သူမ ယုံ
ကြည်မိသည်။
ယင်းသို့ ကျူးဝေဝေ စဉ်းစားနေဆဲမှာပင် ယွမ်ယိဝိုင်က
သူတို့ရှိရာ ကွပ်ပျစ်လေးရှေ့သို့ ရောက်ရှိလာ၏။
ယွမ်ယိဝိုင်က ပခုံးပေါ်မှ ရိက္ခာထုပ်အား ကွပ်ပျစ်ပေါ်သို့
ချလိုက်ပြီး ဘုန်းတော်ကြီးကွမ်းကျူးလွိအား ဦးညွှတ်ဂါရဝပြုလိုက်လေ
၏။

"ဒီတစ်ခါ ရိက္ခာသွားဝယ်တာ မြန်သားပဲကွယ် ... ကြာသင့်
တာထက် ပိုမကြာဘူး ... "
ဘုန်းတော်ကြီးကွမ်းကျူးလွိက ယွမ်ယိဝိုင်ကိုကြည့်၍ပြော
လိုက်ခြင်းဖြစ်၏။
ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်သည်။
"ဟုတ်ပါတယ် ... ဒီတစ်ခါ ဆီးနှင်းကတော သိဒ်မများတော့
ခရီးသွားရလွယ်ကူတာပေါ့ ... "
ဘုန်းတော်ကြီးကွမ်းကျူးလွိက ဦးခေါင်းကို တဆတ်ဆတ်
ညိတ်လိုက်ပြီး ...
"အေးကွယ် ... မင်းလည်း ပင်ပန်းနေပြီ ... သွားအနားယူ
တော့ ... "
ယွမ်ယိဝိုင်က ဦးညွှတ်ဂါရဝပြုပြီး သစ်လုံးအိမ်လေးဆီသို့
လျှောက်လှမ်းသွားသည်။
သူသည် ကျူးဝေဝေအား ငဲ့စောင်း၍ပင်ကြည့်မသွားချေ။
ထို့ကြောင့် ...
ကျူးဝေဝေ၏ရင်ထဲတွင် ဝမ်းနည်းသွားမိသည်။ သူ သတိရ
သလောက် ယွမ်ယိဝိုင်သည် သူမကို သတိမရတဲ့ဖြစ်နေပါသည်။
ထိုသုံးရက်တာကာလအတွင်း ယွမ်ယိဝိုင်သည် သူ့အားမေ့
သွားလေပြီလား။
သူမသည် ဝဲလာသော မျက်ရည်များကို ထွက်မလာအောင်
မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရသည်။
ညနေခင်းတွင် ...
အေးမြလတ်ဆတ်သော လေနုအေးသည် ညင်သာစွာတိုက်

ခတ်လာနေသည်။

ယွမ်ယိဝိုင်သည် ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်၍အဝေးဆီသို့ ငေးမျှော်ကြည့်နေ၏။

သူရှိနေသော နေရာသည် သစ်လုံးအိမ်လေးနှင့် အတန်ငယ်ဝေးသည်။

ယနေ့ည နေတွင် သူတောင်အောက်သို့ ရောသွားမခပ်ရပါ။

ခရီးပင်ပန်းသဖြင့် အနားယူရန် ဘုန်းတော်ကြီးကွမ်းကျုံးလွှတ ပြောထားသည်။

သူ၏ရေခပ်သည့်တာဝန်ကို ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ ညီအစ်ကိုအား ပေးထားသည်။ ထို့ကြောင့် ...

ယခု ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့ညီအစ်ကိုမှာ ရေသွားခပ်ပြီးဖြစ်သည်။

ကျူးဝေဝေမှာမူ သစ်လုံးအိမ်လေးတွင် ရှိနေသည်။

ယွမ်ယိဝိုင်သည် ကျူးဝေဝေနှင့်လည်း စကားမပြောချင်ပေ။

သူ၏နားထဲတွင် ဝက်ဝံဖြူစားသောက်ဆိုင်မှ သိုင်းသမားငါးယောက်ပြောဆိုခဲ့သည့် ဟုန်ကျန်းနယ်နှင့် ဝိုက်ဟူနယ်၏ပဋိပက္ခတို့က်ပွဲအကြောင်းသာ ကြားနေသည်။ သူသည် ဝိုက်ဟူကို ရန်သူနယ်မြေအဖြစ်သာ သိထားသည်။ ဝိုက်ဟူသည် သူမိတ်ဆွေနယ်မြေမဟုတ်ပေ။

သူ၏ဖခင်သည်လည်း ဝိုက်ဟူနယ်မှ ရဲမက်များလက်ချက်ဖြင့် သေဆုံးခဲ့ရခြင်းဖြစ်၏။

ယွမ်ယိဝိုင်သည် အံကိုတင်းတင်းကြိတ်လိုက်ဦး မြေပြင်ပေါ်ရှိ ကျောက်ခဲတစ်လုံးကို ကောက်၍ အဝေးဆီသို့လွှဲ၍ ပစ်ပေါက်လိုက်

သည်။

ကျောက်ခဲလေးသည် အဝေးဆီသို့ ယွင့်ထွက်သွား၏။

သူ၏ရင်ထဲမှ တင်းကျပ်မှုများကိုပြေလျော့စေရန် ဟုန်ကျန်းနယ် လွတ်မြောက်ရေးတေးသီချင်းကို အော်ဟစ်သီဆိုလိုက်လေတော့သည်။

ထိုစဉ် ကျူးဝေဝေသည် သစ်လုံးအိမ်လေးထဲမှ ထွက်လာ၏။

အစ်ကိုဖြစ်သူကျူးရှောင်လုံနှင့် ကျူးစုဖန်တို့နှစ်ယောက် ရေခပ်သွားကြပြီဖြစ်ကြောင်း သူမသိသည်။

ထို့ကြောင့် ...

ယွမ်ယိဝိုင်နှင့် စကားပြောရန် အပြင်ထွက်လာခြင်းဖြစ်သည်။

သူမသည် ဝန်းကျင်အား ဝေ့ဝဲကြည့်လိုက်၏။

ယွမ်ယိဝိုင်၏အရိပ်အရောင်ပင် မတွေ့ရပါချေ။

"ယွမ်ယိဝိုင် ဘယ်ရောက်နေပါလိမ့် ... "

ကျူးဝေဝေသည် ယင်းသို့တွေးရင်း ကျောက်တုံးလမ်းလေးအတိုင်း လျှောက်လာမိသည်။ ထိုစဉ် ...

သူမနားထဲတွင် သီချင်းသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဟင် ... ဘယ်သူကသီချင်းဆိုနေတာလဲ ... "

သူမသည် ယင်းသို့တွေးရင်း သီချင်းသံကိုနားစွင့်လိုက်သည်။

ထိုအခါမှ ... ထိုအသံသည် ယွမ်ယိဝိုင်၏အသံဖြစ်ကြောင်း မှတ်မိလိုက် သည်။

ထို့ကြောင့် ...

သူမသည် သီချင်းသံကြားရာသို့ လျှောက်လှမ်းလာခဲ့လေ

တော့သည်။

သူမသည် သီချင်းသံအား ပိတ်ဖြင့်စွာကြားလိုက်ရသည်။

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။ သူမမျက်မှောင်ကုတ်ရမည့်သီချင်းပင်ဖြစ်ပါသည်။

"ဟင် ... ဒီသီချင်းကို ယွမ်ယိုင်က ဘာဖြစ်လို့ဆိုရတာလဲ"

သူမသည် ယင်းသို့တွေးရင်း ခြေလှမ်းသွက်သွက်ဖြင့်လျှောက်သွားလေ၏။

ကျူးဝေဝေ ကြားလိုက်ရသောသီချင်းမှာ ဟုန်ကျန်းနယ်လွတ်မြောက်ရေးသီချင်း ဖြစ်နေပါသည်။ ထို့ကြောင့် ...

ကျူးဝေဝေမှာ နားမလည်နိုင်အောင်ဖြစ်သွားရလေသည်။

သူမသည် ရှေ့သို့ဆက်လျှောက်သွားသောအခါ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်၍ သီချင်းဆိုနေသော ယွမ်ယိုင်အား တွေ့မြင်လိုက်ရလေ၏။

ယွမ်ယိုင်သည် သူမရှိရာဘက်သို့ နောက်ကျောပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ...

သူမ ရောက်ရှိလာသည်ကို သိဟန်မတူပါ။

ယွမ်ယိုင်သည် ဟုန်ကျန်းနယ်လွတ်မြောက်ရေးသီချင်းကို စိတ်ပါလက်ပါသီဆိုနေသည်။

ကျူးဝေဝေသည် ယွမ်ယိုင်၏နောက်ကျောကို နားမလည်နိုင်စွာ ကြည့်မိလေ၏။

သူမသည် နှုတ်ခမ်းကိုတင်းကျပ်စွာ ပိတ်ထားရာမှ ခေါ်လိုက်သည်။

"ယွမ်ယိုင် ... "

ထိုခေါ်သံကြောင့် ယွမ်ယိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်သွားသည်။

သူသည် သီချင်းသီဆိုခြင်းကို ရပ်တန့်၍ နောက်သို့လှည့်ကြည့်လိုက်၏။

"ဟင် ... ကျူးဝေဝေ ... "

ယွမ်ယိုင်မှာ မျက်လုံးပြူးသွားသည်။

ယခုမှသူသည် ဟုန်ကျန်းနယ်လွတ်မြောက်ရေးသီချင်းကို စိတ်လွတ်ကိုယ်လွတ် သီဆိုလိုက်မိသည့်အမှားကို နားလည်လိုက်၏။

သူသည် ပျက်သွားသောမျက်နှာကို အတတ်နိုင်ဆုံးပြင်၍ ချိုသာစွာမေးမြန်းလေ၏။

"ကျူးဝေဝေ ... မင်း ကျွပ်နောက်လိုက်လာတာလား"

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ... အိမ်ထဲမှာ ရှင့်ကိုမတွေ့လို့ လိုက်ရှာရင်း... ရှင်သီချင်းဆိုသံကို ကြားလို့ ဒီဘက်ကို လျှောက်လာတာ ... "

ယွမ်ယိုင်က ပြုံးလိုက်ပြီး ...

"အတော်ပဲ ... ကျွပ်တို့စကားပြောကြတာပေါ့ ... "

ကျူးဝေဝေက သူ့အား စေ့စေ့ကြည့်လိုက်ပြီးမေးလိုက်သည်။ သူမသည် ဒေါသသံမပါအောင် ထိန်ချုပ်မေးလိုက်ခြင်းဖြစ်သည်။

"ရှင် ဘာဖြစ်လို့ ဟုန်ကျန်းနယ်လွတ်မြောက်ရေးသီချင်းကို ဆိုရတာလဲ ... "

ယွမ်ယိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျွပ် ပျင်းလို့သီချင်းဆိုရင်း ဘာရယ်မဟုတ် ဒီသီချင်းကို ဆိုမိသွားတာပါ ... "

ထိုအခါမှ ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"မသိပါဘူး ... ကျွန်မက ရှင့်ကို ဟုန်ကျန်းနယ်သားမှတ်လို့ မေးတာပါ ... ဒီသီချင်းကို ဟုန်ကျန်းနယ်သားတွေပဲ ဆိုတတ်တယ်လေ ... "

ထိစကားကြောင့် ယွမ်ယိဝိုင်မှာ ပါးစပ်ဝိတ်သွားသည်။

ကျူးဝေဝေက သူ့အားမော့ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။ သူမ၏ဒေါသများ ပြေသွားလေပြီ။

"ရှင် မြို့ကိုသုံးရက်လောက်သွားတာ အတော်ပြောင်းလဲသွားတယ်လို့ ကျွန်မ ထင်တယ် ... "

ယွမ်ယိဝိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ကျုပ်က ဘာပြောင်းလဲလို့လဲ ... "

ကျူးဝေဝေက နှုတ်ခမ်းစူ၍ ...

"ရှင် ပြန်လာတာတောင် ကျွန်မကိုခေါ်ဖော်ရလို့လား ... ကျွန်မကို စိတ်ဆိုးနေလို့လား ... "

သူမ၏စကားကြောင့် ယွမ်ယိဝိုင်၏ရင်ထဲတွင် လူပ်ရှားသွားသည်။

သူက ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ် မင်းကို ဘာမှစိတ်မဆိုးပါဘူး ... ပြန်လာလာချင်း မင်းကို စကားမပြောတာက ကျုပ် ပင်ပန်းနေလို့ပါ ... "

ထိုအခါမှ ...

ကျူးဝေဝေ၏မျက်နှာလေးမှာ ပြုံးရွှင်သွားလေသည်။

"မသိပါဘူး ... ရှင် ကျွန်မကို စိတ်ဆိုးနေလားလို့ ... ဒီသုံးရက်အတွင်း ကျွန်မ ရှင့်ကို ဘယ်လောက်လွမ်းရလဲ သိလား ... "

ယွမ်ယိဝိုင်ကပြုံး၍ ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျုပ်ကလည်း နှလုံးခုန်သံတစ်ချက်ကြားတိုင်း မင်းကို သတိရနေမယ်ဆိုတာ မင်း မှတ်ထားပါ ... "

ကျူးဝေဝေက ရုတ်ပြုံးလေးပြုံး၍ ...

"သွားပါ ... ခုနတုန်းကတော့ လူကိုမခေါ်ချင်သလိုဘာလို နဲ့ ... အခုမှ ... "

ယွမ်ယိဝိုင်က ကျူးဝေဝေ၏လက်ဖဝါးနုနုလေးအား ဆုပ်ကိုင်လိုက်ပြီး ...

"ကျုပ် အသက်သေဆုံးသွားတဲ့အထိ ကျုပ် မင်းကိုချစ်နေမယ် ကျူးဝေဝေ ... မင်းဘက်ကသာ မပြောင်းလဲပါစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ် ... "

ကျူးဝေဝေက ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မပြောင်းလဲဘူး ... ကျွန်မ သေသည်အထိ ကျွန်မအချစ်ကလည်း လုံးဝမပြောင်းလဲဘူး ... "

သူမသည် ယင်းသို့ပြောပြီး ယွမ်ယိဝိုင်၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။

ထိုအခါ ယွမ်ယိဝိုင်ကလည်း အလိုက်သင့်ပြန်ဖက်ထားလိုက်သည်။

ထိုအချိန်တွင် သူတို့နှစ်ဦးအား တစ်ခုတစ်ယောက်ကတွေ့မြင်သွားကြောင်း ယွမ်ယိဝိုင်နှင့် ကျူးဝေဝေတို့နှစ်ယောက် မသိလိုက်ကြပါချေ။

... ၈ ...

အခန်း (၉)

သစ်စိမ်းခက်ချိုး

သစ်လုံးအိမ်လေးမှာ တိတ်ဆိတ်နေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် သစ်လုံးအိမ်လေးထဲမှ ထွက်လာ၏။ မူနဲမှိုင်းနေသော ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

"ကျွဲးဝေဝေတစ်ယောက် ဘယ်ရောက်နေပါလိမ့် ... သူ့အစ်ကိုတွေတောင်အောက်ကို ရေသွားခပ်တာ ဒီကလေးမ ပါမသွားပါဘူး ... ဟင် ... ယွမ်ယိဝိုင်လည်း ဘယ်ရောက်နေပါလိမ့် ... နှစ်ယောက်စလုံး ပျောက်နေပါလား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် ယင်းသို့တွေးရင်း အနီးပတ်ဝန်းကျင်တွင်ရှာဖွေရန် ထွက်လာခဲ့သည်။

ဤနေရာတွင် မြေပြန့်မရှိတော့ပေ။

ကျောက်တုံးကျောက်ခဲကြီးများဖြင့်သာ ပြည့်နှက်နေ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် ကျောက်တုံးကြီးများကို နင်း၍ ရှေ့သို့လျှောက်လာခဲ့သည်။ အလွန်ရှင့်ကျက်သောသိုင်းသမားကြီး ဖြစ်ခဲ့သဖြင့် ခြေသံလုံးဝမထွက်ပေ။

သူ၏မျက်လုံးအစုံကလည်း ပတ်ဝန်းကျင်အား ဝေ့ဝဲအကဲခတ် ကြည့်လိုက်သည်။

ရုတ်တရက် ....

ဘုန်းတော်ကြီးကွမ်းကျုံးလွှီ၏ခြေလှမ်းအစုံမှာ ရပ်သွားသည်။

သူ၏မျက်လုံးစုံမှာလည်း ဝိုင်းစက်ပြူးကျယ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ...

သူ၏ရှေ့ မနီးမဝေးရှိကျောက်တုံးပေါ်တွင် ယွမ်ယိဝိုင်သည် ကျွဲးဝေဝေ၏ပခုံးအားဖက်၍ ထိုင်နေကြသည်ကိုတွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

ယွမ်ယိဝိုင်နှင့် ကျွဲးဝေဝေသည် သူ့အား ကျောပေးထားသောကြောင့် သူရောက်ရှိလာသည်ကို သိဟန်မတူကြချေ။ နောက်ကျောဘ၌ မျက်လုံးအပိုရှိနေမှသာလျှင် သူတို့ သူ့ကိုမြင်ကြပေလိမ့်မည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် သက်ပြင်းတစ်ချက်ကိုချလိုက်မိသည်။"

သူသည် နောက်သို့ပြန်လှည့်၍ သစ်လုံးအိမ်လေးဆီသို့ တိတ်ဆိတ်စွာ ပြန်လာခဲ့လေတော့သည်။ သူ ပြန်လာခဲ့သည်ကို ချစ်သူနှစ်ဦးစလုံး မမြင်ကြချေ။

ည ... ။ သန်းခေါင်ယံအချိန်ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သစ်လုံးအိမ်လေးထဲတွင် တိတ်ဆိတ်ခြင်းက ကြိုးစိုးနေသည်။

ညဏ်အမှောင်ထုအောက်တွင် အိပ်မောကျနေပြီဖြစ်သည်။

ရုတ်တရက် သစ်လုံးအိမ်လေးအတွင်းမှ လူရိပ်နှစ်ရိပ်သည် ရှေ့ဆင့်နောက်ဆင့် ထွက်လာကြသည်။

ရှေ့မှလူရိပ်သည် ပြေးလွှားသွားသည်။

နောက်မှလူရိပ်ကလည်း သူ့နောက်သို့ ပြေးလိုက်သွား၏။

မှုန်မှုန်မှုလရောင်အောက်တွင် ရှေ့မှလူရိပ်သည် အတန်ကြာ ပြေးလွှားသွားပြီးမှ ခြေလှမ်းရပ်တန့်လိုက်၏။

ထိုနေရာသည် သစ်လုံးအိမ်လေးနှင့် အတန်ငယ်ဝေးကွာသည်။ မကြာမီ ...

ထိုနေရာသို့ နောက်မှလူရိပ်က ပြေးလွှားရောက်ရှိလာ၏။

ထို့နောက် ...

လူရိပ်နှစ်ခုသည် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်ကြ၏။

ထိုလူရိပ်နှစ်ရိပ်မှာ ဘုန်းတော်ကြီးကွမ်းကျုံးလွှီနှင့် ယွမ်ယိုင်တို့ပင်ဖြစ်ကြပါသည်။

ယွမ်ယိုင်သည် ပြေးလွှားခြင်းကို ရပ်တန့်လိုက်၏။

သူ၏ရှေ့တွင် ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ရပ်တန့်နေသည်။

ယနေ့ည အဖို့ သူ့အတွက် ထူးခြားဖွယ်ရာများနှင့်သာ တွေ့ကြုံနေရသည်။

သူ အိပ်မောကျနေသောအခါမှ ဘုန်းတော်ကြီးကွမ်းကျုံးလွှီက သူ့အား ဘီတ်တဆိတ်ရှိ၍ သစ်လုံးအိမ်လေးထဲမှ တိတ်တဆိတ် ပြေးကူသွားသည်။

ယွမ်ယိုင်မှာ ဘုမသိဘမသိဖြင့် နောက်မှပြေးလိုက်ခဲ့ရလေသည်။ တစ်နံ့တစ်ခုတော့ အရေးတော်ပုံပေါ်ပြီကိုတော့ သူ ရိပ်မိသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီမှာ မည်သည့်အခါမျှ သူ့အား ညှဉ်းဆဲ လှုပ်ရှားတွေ့ဆုံခြင်းမရှိခဲ့ပါ။

ယခုအဘယ်ကြောင့် သစ်လုံးအိမ်ထဲတွင်မပြောဘဲ အိမ်ပြင်ဝတွင် ပြောရန် ကြိစည်ရပါသနည်း။

တစ်နံ့တစ်ခုထူးခြားနေပြီကိုတော့ သူ ရိပ်မိသိရှိလိုက်ပါသည်။

သူသည် ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား ဦးညွှတ်ဂါရဝပြုလိုက်၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီ၏မျက်နှာမှာ တည်ငြိမ်လွန်းလှသည်။

သူသည် ယွမ်ယိုင်၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး မေးလိုက်၏။

"ယွမ်ယိုင် ... အခု ငါ မေးတဲ့စကားကို မင်း မှန်မှန်ဖြေပါ"

ယွမ်ယိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... တပည့်တော် အမှန်အတိုင်းဖြေပါ့မယ် ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက သူ့အား စူးရှစွာစိုက်ကြည့်လိုက်ပြီး ...

"မင်းနဲ့ ကျုံးဝေဝေ မေတ္တာမျှနေကြပြီလား ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ ရင်ထိတ်သွားသည်။

သူသည် ပြုံးကျယ်ဝိုင်းစက်သောမျက်လုံးအစုံဖြင့် ဘုန်းတော်ကြီး ကွမ်းကျုံးလွှီအား မော့ကြည့်လိုက်မိ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီ၏မျက်နှာမှာ တည်ကြည်လေးနက်နေသည်။

ယွမ်ယိုင်က သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ခပ်တိုးတိုးဖြေလိုက်၏။

"ဟုတ်ပါတယ် ... တပည့်တော်နဲ့ ကျုံးဝေဝေ မေတ္တာမျှနေ

ကြပါပြီ ... "

"ဘယ်လောက်ကြာပြီလဲ ... "

"နှစ်နှစ်လောက်ရှိပါပြီ ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ် ... မင်းမှာ လိမ်ညာတတ်တဲ့စိတ်မရှိတာ သိပ်ကောင်းတယ် ... "

သူသည် ယင်းသို့ပြောပြီး ယွမ်ယိဝိုင်၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး ပြောလိုက်လေ၏။

"ယွမ်ယိဝိုင် ... ငါ့ဘဝထဲကို မင်းဟာ ငါးနှစ်သားတည်းက စပြီးရောက်ရှိလာလေတော့ ... ငါ့ရဲ့သားဆိုရင်လည်း မမှားဘူး ... ငါ့ရဲ့တပည့်ဆိုလည်း မမှားဘူးပေါ့ ... ဒါကြောင့် ငါက မင်းကိုပဲ ဆုံးမရလိမ့်မယ် ... "

ယွမ်ယိဝိုင်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

"တင်ပါ့ဘုရား ... တပည့်တော် ဘုန်းဘုန်းရဲ့စကားကိုလိုက်နာဖို့အသင့်ပါပဲ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်လိုက်၏။

"ငါ ယုံကြည်ပါတယ် ... မင်းဟာ အင်မတန်ရိုးသားပြီးဖြူစင်တဲ့ သူဘာစိတ်ယောက်ပဲ ... အခုကိစ္စကလည်း ရှေ့ဖြစ်လာမယ့်ပြဿနာရဲ့အတိမ်အနက်ကို မှန်းဆမိလို့ ငါက ဆုံးမတယ်ဆိုတာ မင်းနားလည် ... "

ယွမ်ယိဝိုင်က ဘုန်းတော်ကြီးကွမ်းကျုံးလွိအား မော့ကြည့်လိုက်ပြီး ...

"တပည့်တော်ကို ပြောစရာရှိတာပြောပါ ဘုန်းဘုန်း ...

တပည့်တော် ဘုန်းဘုန်းစကားကို နားထောင်မှာပါ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ပြောလိုက်၏။

"အေး ... မင်း ဒီနေ့ကစပြီး ကျုံးဝေဝေနဲ့ စကားမပြောနဲ့တော့ ... သူနဲ့နေထိုင်တာကို သတိထားရှောင်ကျဉ်ပါ ... "

"ဗျာ ... "

ယွမ်ယိဝိုင်၏ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားပြီး နှုတ်မှလည်း လွတ်ခနဲအော်လိုက်မိ၏။

အတန်ကြာမှ ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိက သူ့အား သနားကြင်နာစွာကြည့်ရင်း ပြောလိုက်လေ၏။

"ယွမ်ယိဝိုင် ... အခြေအနေကို မင်းနားလည်ပါ ... မင်းဟာဟုန်ကျန်းနယ်က တထျန်လူမျိုးတစ်ယောက်ဆိုတာကို မြို့စားကြီးကျုံးထိုက်ဖုန်းသိရင် လုံးဝလက်ခံမှာ မဟုတ်ဘူး ... မင်းအတွက်လည်း အသက်အန္တရာယ်ရှိနိုင်တယ် ... ဒါကြောင့် ... ဘုန်းဘုန်းက မင်းကိုတားရတာပါ ... "

ယွမ်ယိဝိုင်က ငြိမ်သက်စွာ နားစွင့်နေ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက စကားဆက်လိုက်၏။

"ကျုံးထိုက်ဖုန်းဟာ သူ့သမီးကို ငါ့ဆီမှာ သိုင်းပညာသင်ကြားဖို့ လာရောက်အပ်နှံတုန်းက မင်းက မြို့ကို ရိုက္ခာသွားဝယ်နေရိုန်နဲ့ ကြိုလို့ မင်းကိုတွေ့မသွားခဲ့ဘူး ... အဓိကအချက်ကတော့ ... မင်းဟာ ဟုန်ကျန်းနယ်သား ဖြစ်နေလို့ပဲ ... ငါကလည်း မင်းရှိနေတယ်ဆိုတာ ဖွင့်မပြောမိဘူး ... အဲဒါဟာ ငါ့အမှားဖြစ်သွားတာပဲ ... "

ယွမ်ယိုင်၏ရင်ထဲ၌ မြင်းထန်စွာခံစားလိုက်ရသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက စကားဆက်လိုက်ပြန်သည်။

"ငါ့အထင်ပြောရရင် ... တကယ်လို့ မင်းနဲ့ ကျူးဝေဝေနဲ့ မေတ္တာမျှနေတာကို ကျူးထိုက်ဖုန်းကသိရင် မင်းကို အသက်အန္တရာယ် ပြုလိမ့်မယ် ... ဒီလိုမေတ္တာမျှနေတာကို မသိဘဲ မင်းရှိနေတာကိုပဲ သိတယ်ဆိုရင် ကျူးထိုက်ဖုန်းဟာ သူသမီးကို ချီဖန်တောင်ကနေ ပြန် ခေါ်သွားမှာပဲ ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ မျက်လုံးပြူးသွားသည်။

"ကျူးဝေဝေကို ဒီကနေပြန်ခေါ်သွားမယ် ဟုတ်လား"

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ကျူးဝေဝေကို သူအဖေက ပြန်ခေါ်သွားမှာပဲ ... နောက်ပြီး ... ကျူးထိုက်ဖုန်းက သူသမီးကိုသိုင်းပညာဆက်သင်ချင်မှ သင်ကြားပေးမှာကွယ့် ... ကျူးထိုက်ဖုန်းအကြောင်းကို ငါအသိ နားလည်ဆုံးပါ ... "

ယွမ်ယိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ကျူးဝေဝေကို သိုင်းပညာမသင်ပေးတော့ဘူး ဟုတ်လား ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ဒါဆိုရင် ကျူးဝေဝေရဲ့သိုင်းပညာလည်း ပြည့်စုံမှာမဟုတ်တော့ဘူး ... အဲဒါဆိုရင် သူဘဝတိုးတက်ဖို့အရေး နှောင့်နှေးသွားမယ် ... "

ထိုစကားကြောင့် ယွမ်ယိုင်၏ရင်ထဲ၌ ဆို့နှင့်ကြေကွဲသွား၏။

"ကျူး ... ကျူးဝေဝေကိုသာ သိုင်းပညာအပြည့်အစုံသင်ပေးလိုက်ပါ ဘုန်းဘုန်း ... တကယ်လို့ တပည့်တော်ကြောင့် သူရဲ့သိုင်းပညာ မပြည့်စုံနိုင်ဘူးဆိုရင် တပည့်တော် ချီဖန်တောင်ကနေ ထွက်သွားပေးပါ့မယ် ... "

သူ၏စကားသံမှာ တုန်ယင်လျှိုက်လဲနေလေသည်။

သူ၏ရင်ထဲ၌ နှလုံးသားကို ခွဲထုတ်ခံလိုက်ရသူပမာ ခံစား လိုက်ရလေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက သက်ပြင်းတစ်ချက်ချလိုက် သည်။

"အင်း ... မင်းရဲ့မွန်မြတ်တဲ့မေတ္တာတရားကို ငါ လေးစား ပါတယ် ... ဒါပေမယ့် ... "

ယွမ်ယိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းခါယမ်းလိုက်သည်။

"အခု မင်းထွက်သွားစရာမလိုပါဘူး ... မင်းနဲ့ ကျူးဝေဝေရဲ့ အနေအထိုင်ကိုသာ ဆင်ခြင်လိုက်ကြပါ ... ငါ မီးကိုမလောင်ခင်ကား တဲ့သဘောပါ ... ငါ့တပည့်ကိုလည်း ဒီစကားပြောရတာ သနားလှပါ တယ် ... "

ယွမ်ယိုင်၏မျက်ဝန်းထဲမှ မျက်ရည်ကြည်များ ရစ်ဝဲလာ သည်။

"တပည့်တော် နားလည်ပါတယ်ဘုန်းဘုန်း ... တပည့်တော် အနေအထိုင် ဆင်ခြင်ပါ့မယ် ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက သက်ပြင်းချပြောလိုက်သည်။

ငယ်စဉ်ကတည်းက ဟုန်ကျန်းနယ်မှ တထွန်လူမျိုးများအား မုန်းတီးခဲ့သူ ဖြစ်သည်။ ယခု ...

ကျူးထိုက်ဖုန်းသည် ကွမ်ရှမ်းမြို့၏မြို့စားကြီးရာထူးကို ရရှိထားသူဖြစ်၏။ ထို့ကြောင့် ...

ယခင်ကထက် မာန်မာနပိုကြီးနေမည်မှာ မလွဲပေ။

ထို့အပြင် ...

ဟုန်ကျန်းနယ်မှ တထွန်လူမျိုးများအားလည်း ချေမှုန်းတိုက်ခိုက်နေသည်ဟု သူ ကြားသိနေရသည်။

ယွမ်ယိုဝိုင်ကလည်း ဟုန်ကျန်းဒေသခွဲစိတ်ပြင်းထန်သူ ဖြစ်သည်။ ယင်းကြောင့်လည်း ယွမ်ယိုဝိုင်အား သူ၏သမီးနှင့် မေတ္တာမျှနေသည်ကို သိလျှင် ယွမ်ယိုဝိုင်၏အသက်ကို အန္တရာယ်ပြုနိုင်သည်။ မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်မည်မဟုတ်ပေ။

ထို့အတွက်ကြောင့် ... ဤပြဿနာ မကြီးထွားစေရန် သူက ထိန်းသိမ်းရမည် မဟုတ်ပါလော။

အဓိကအချက်ကတော့ ယွမ်ယိုဝိုင်ရှိနေကြောင်း ကျူးထိုက်ဖုန်းကို သူမပြောခဲ့သည့်အမှားပါပေ။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ယင်းသို့တွေးရင်း စကားစလိုက်ပြန်၏။

"မင်းရဲ့ရင်ထဲမှာ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ငါ အကဲခတ်နားလည်မိတယ် ... ဒါပေမယ့် ... မဖြစ်နိုင်လွန်းလို့ပြောရတာပါ ... ဒီတော့ ငါ မင်းအတွက် တစ်ခုစီစဉ်ထားတယ် ..."

ယွမ်ယိုဝိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ဘာအစီအစဉ်လဲ ဘုန်းဘုန်း ..."

"ငါ့တပည့်က နှလုံးသားနဲ့ရင်းပြီး ငါရဲ့စကားကို နားထောင်လိုက်တယ်ဆိုတာ သဘောပေါက်ပါတယ်ကွာ ... ဒီအတွက် ငါက မင်းကို ပိုပြီးကျေးဇူးတင်လှပါတယ်ကွယ် ..."

ဟု ပြောလိုက်လေသည်။

ယွမ်ယိုဝိုင်သည် တုန်ရီစွာဖြင့် ဘုန်းတော်ကြီးကွမ်းကျူးလွှိကို ရှိခိုးကန်တော့လိုက်၏။

"တပည့်တော်ကို ကျေးဇူးတင်စရာ မလိုပါဘူးဗျာ ... တပည့်တော်ကို ငယ်စဉ်ကလေးဘဝကတည်းက ကျွေးမွေးစောင့်ရှောက်လာတဲ့ ဘုန်းဘုန်းရဲ့စကားကို နားထောင်ရင်း ကျေးဇူဆပ်ခွင့်ရတာကိုပဲ ကျေးဇူးတင်ဝမ်းမြောက်လှပါပြီ ..."

သူသည် ယင်းသို့ပြောနေသော်လည်း အသံများတုန်ခါနေသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိမှာ လွန်စွာစိတ်မကောင်းဖြစ်သွားသည်။

ယွမ်ယိုဝိုင်အား သူ၏သားကဲ့သို့ ချစ်ခင်မြတ်နိုးခဲ့သောကြောင့် ယွမ်ယိုဝိုင်၏ ဖြူစင်သော နှလုံးသား ထိခိုက်နာကျင်စေရန် ဝေဒနာမပေးလိုပေ။

သို့သော် ...

ကျူးဝေဝေမှာ မြို့စားမင်းကျူးထိုက်ဖုန်း၏သမီးဖြစ်သည်။

ကျူးထိုက်ဖုန်းသည် သူ၏သိုင်းပညာညီအစ်ကိုဖြစ်သောကြောင့် ကျူးထိုက်ဖုန်း၏စိတ်ဓာတ်ကို သူ သိရှိထား၏။

ကျူးထိုက်ဖုန်းသည် မာန်မာနကြီးသူဖြစ်ပြီး လူမျိုးရေးဝါဒစွဲကြီးသူဖြစ်၏။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"မနက်ဖြန် မနက်ကစပြီး သူတို့တစ်တွေ သိုင်းပညာလေ့ကျင့်ချိန်ကျရင် မင်းက တခြားရေခပ်ထင်းခွဲတဲ့ ဝေယျာဝစ္စတွေလုပ်ပါ ..."

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်သည်။

"သူတို့အိပ်စက်တဲ့ ညအချိန်ရောက်မှ မင်းသိုင်းပညာလေ့ကျင့်ပေါ့ ..."

ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် ယင်းသို့ပြောပြီး သစ်လုံးအိမ်လေးဆီသို့ ပြန်လည်လျှောက်သွားလေတော့သည်။ ဤအစီအစဉ်ကား နောက်ဆုံးသူအစီအစဉ်ပင် ဖြစ်ပါတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဆီးနှင်းများသည် အဆက်မပြတ်ကျဆင်းနေသည်။

ငနဲတောင်မွေးပမာရှိသည့် မြူနှင်းပွင့်များသည် လေထဲတွင် ပျံဝဲနေလေ၏။ ချိုဖန်တောင်၏အေးစိမ့်မှုသည် အရိုးကွဲမတတ် ပြင်းထန်လွန်းလှသည်။

ယွမ်ယိဝိုင်သည် နေရာတွင်ပင် မလှုပ်မယှက်ရပ်နေမိသည်။

သူ၏ကိုယ်ပေါ်တွင် ဆီးနှင်းဖတ်များ တစ်ထပ်ပြီးတစ်ထပ် ကျရောက်နေ၏။ တိုက်ခတ်နေသောလေထဲမှ ရေခဲစရေခဲမှုန်များသည် သူ၏ မျက်နှာပြင်အား ဓားသွားပမာထိရှနေသည်။ သို့သော် ...

သူသည် နာကျင်မှုကို မခံစားရပါ။

သူ၏ရင်ထဲမှ နာကျင်မှုသည် အခြားသော နာကျင်မှုများကို ကျော်လွှားနိုင်သည် မဟုတ်ပါလေ။

သူ၏ပါးပြင်ပေါ်တွင် ပူနွေးသောမျက်ရည်များ စီးဆင်းလာလေသည်။

ယခုမှ သူငိုနေမှန်း ခံစားသိရှိလိုက်ရလေသည်။

သူ၏နှလုံးသားကလည်း ငိုကြွေးနေသည် မဟုတ်ပါလား။

ယခုအချိန်မှစ၍ ...

သူ၏ချစ်တတ်သော နှလုံးသားကို ထာဝရသေဆုံးစေရတော့မည် မဟုတ်ပါလား။ ထိုအခါ ...

သူ၏နှလုံးသားသည် ခံနိုင်ရည်ရှိပါမည်လား။ မည်မျှတင်းခံနိုင်ပါမည်လဲ။ သူ မမှန်းဆတတ်ချေ။

သို့သော် ...

သူပြောနိုင်သည်မှာ ကျူးဝေဝေအား သူသေဆုံးသည်အထိ ချစ်သွားမည်ဆိုသော အချက်ပင်ဖြစ်လေတော့သည်။

... ❀ ...

နံနက်ခင်း ...

နေရောင်ခြည်သည် ချိုဖန်တောင်ပေါ်သို့ ဖြာဆင်းကျနေလေ၏။ သို့သော် ... မရဲတရဲ ကျဆင်းနေပုံမျိုးဖြစ်သည်။

သစ်လုံးအိမ်လေးရှေ့ရှိ မြေကွက်လပ်တွင် ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သုံးယောက်သည် စီတန်း၍မတ်တပ်ရပ်နေသည်။

သူတို့၏ရှေ့တွင် ဘုန်းတော်ကြီးကွမ်းကျူးလွှိက မတ်တပ်ရပ်နေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက လက်မြှောက်ပြလိုက်ပြီး ပြောလိုက်၏။

"ကဲ ... ဟေ့ ... ဒီနေ့ သင်ကြားမယ့် သိုင်းကွက်က မိုးတိမ်နဂါးသိုင်းကွက်ပဲ ... မိုးတိမ်နဂါးသိုင်းကွက်ဟာ သိမ်မွေ့သယောင်နဲ့ နက်နဲတယ် ... ဒါကြောင့် စိတ်ကိုတည်ငြိမ်အောင်ထားပြီး ဂရုတစိုက် လေ့ကျင့်ရမယ် ... လေ့ကျင့်ခန်းတိုင်း စိတ်ဟာ အဓိကဆိုတာတော့ ငါ မပြောလိုတော့ဘူး ... "

ထိုစဉ် ကျူးဝေဝေသည် ရှေ့သို့ ခြေတစ်လှမ်းတိုးထွက်လာ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီမှာ မျက်မှောင်ကုတ်သွားသည်။

"ကျူးဝေဝေ ... မင်း ဘာပြောစရာရှိလို့လဲ ... "

ကျူးဝေဝေက တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ကြောက်ရွံ့ဟန်ဖြင့် နှုတ်ဆိတ်သွားသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြောလေ၏။ ပြောရန် အားပေးလေ၏။

"ကျူးဝေဝေ ... ပြောစရာရှိတာသာ ပြောပါ ... ဘာမှ မကြောက်ပါနဲ့ ... "

ထိုအခါမှ ...

ကျူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ယွမ်ယိဝိုင် မလာသေးဘူး ... သိုင်းပညာလေ့ကျင့်ရင် သူ မြန်လာမှ လေ့ကျင့်ပါလို့ပြောချင်တာပါ ဘုန်းဘုန်း ... "

ထိုစကားကြောင့် ဘုန်းတော်ကြီးကွမ်းကျုံးလွှီမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

ညတုန်းဆီက ယွမ်ယိဝိုင်အား သူ ဆုံးမခဲ့သည်များကို ပြန်လည်ကြားယောင်နေမိ၏။ ယခု ...

သူကိုယ်တိုင် ထိုပြဿနာနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် မျက်နှာကို တည်ငြိမ်စွာထား၍ ပြောလိုက်သည်။

"ယွမ်ယိဝိုင် ရောသွားခပ်တယ် ... သူ လေ့ကျင့်နိုင်မှာ မဟုတ်ဘူး ... ဒါကြောင့် ... မင်းတို့ပဲလေ့ကျင့်ရမယ် ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"သူ ... သူက ဘာဖြစ်လို့ သိုင်းပညာမလေ့ကျင့်တော့တာလဲ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီမှာ အဖြေရခက်သွားသည်။

အတန်ကြာမှ ...

သူသည် လေသံမာမာဖြင့် မေးလိုက်၏။

"ကျူးဝေဝေ ... မင်းစကားပြောမှာလား ... သိုင်းလေ့ကျင့်မှာလား ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ ဆက်မမေးရဲတော့ပေ။ ဘုန်းတော်ကြီးကွမ်းကျုံးလွှီကို သူမတို့မောင်နှမသုံးယောက်စလုံး ကြောက်ရွံ့ရသည် မဟုတ်ပါလား။ သို့သော် ...

သူမ၏မျက်နှာပေါ်တွင်မူ နားမလည်နိုင်သည့်အမူအရာများ ပေါ်လွင်ထင်ဟပ်နေသည်။ ထိုစဉ် ...

"ကျူးဝေဝေ ... နေရာမှာပြန်ရပ်နေစမ်း ... မိုးတိမ်နဂါးသိုင်းကွက်ကို စတင်လေ့ကျင့်မယ် ... ဒီသိုင်းကွက်က စိတ်တည်ငြိမ်မှုဖြစ်မယ် ... "

ဤသည်မှာ တစ်နေ့တာ သိုင်းပညာ လေ့ကျင့်ခြင်းပြီးဆုံးသွားခြင်းပင် ဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွီသည် သစ်လုံးအိမ်လေးထဲသို့ ပြန်ဝင်သွားလေ၏။ ယခု ...

မြေကွက်လပ်ပေါ်တွင် ကျူးရှောင်လုံ၊ ကျူးနုဖန်နှင့် ကျူးဝေဝေတို့သုံးယောက်သာ ကျန်ရှိခဲ့လေသည်။

ကျူးဝေဝေသည် နေရာတွင်ပင် မလှုပ်မယှက်ရပ်တန့်နေ၏။ သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်နေလေသည်။

ကျူးရှောင်လုံက သူမအား နားမလည်ဟန်ဖြင့် လှမ်းကြည့်လိုက်ပြီး ...

"ကျူးဝေဝေ ... နင် တာဖြစ်နေတာလဲ ... ခုနကလည်း ဘုန်းတော်ကြီးရှေ့မှာ ဂုဏ်ဒြပ်လိုက်တာ ... ကိုယ့်ကိုယ်ကိုလည်း သတိထားဦးမှပေါ့ ..."

သူက မကျေမနပ်လေသံဖြင့် ပြောလိုက်၏။

ကျူးဝေဝေက နားမလည်နိုင်စွာဖြင့် ပြန်မေးသည်။

"ညီမလေး စဉ်းစားလို့မရ ဖြစ်နေလို့ပါ အစ်ကိုရှောင်လုံ"

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

"နင်က ဘာစဉ်းစားမရလို့လဲ ..."

ကျူးဝေဝေက ဓာတ်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ယွမ်ယိဝိုင်ဟာ သိုင်းပညာကို အလေးအနက်ထားစာယ် ... ညီမလေးတို့မောင်နမယုံးယောက်ထက် သူ့ရဲ့သိုင်းပညာက ပိုပြီးထက်

ဘုန်းတော်ကြီးကွမ်းကျုံးလွီက ယင်းသို့ လှမ်းပြောလိုက်သည်။

ထိုအခါမှ ကျူးဝေဝေက နောက်သို့ခြေလှမ်းပြန်ဆုတ်လိုက်ရသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွီက နိုးတိမ်နဂါးသိုင်းကွက်၏ အခြေခံများကို နှုတ်ဖြင့်ရှင်းပြနေလေ၏။ သို့သော် ...

ကျူးဝေဝေ၏နားထဲတွင် မည်သည့်စကားသံမျှမှ မကြားရချေ။

သူ၏မျက်ဝန်းထဲတွင် ယွမ်ယိဝိ ၏ပုံရိပ်များကိုသာ မြင်ယောင်နေမိသည်။

ယွမ်ယိဝိုင်သည် မည်သည့်အတွက်ကြောင့် သိုင်းပညာမလေ့ကျင့်နေသနည်း။

သူသည် သိုင်းပညာလိုလားသူတစ်ယောက်မှန်း သူမသိထားခဲ့၏။

ယခုမှ မည်သည့်အတွက်ကြောင့် သိုင်းပညာလာရောက် မလေ့ကျင့်သနည်း ဟုသွားခစ်ရပါသနည်း။

ယွမ်ယိဝိုင်သည် ညနေဝိုင်းအချိန်ခဲ့သော ရေခဲလေ့ရှိသည်။

ယခုမှ မည်သည့်အတွက်ကြောင့် မနက်အချိန်တွင် ရောသွားစစ်ရပါသနည်း။ ဘုန်းတော်ကြီးကွမ်းကျုံးလွီလည်း သိုင်းပညာလေ့ကျင့်မည့်အစီအစဉ် အာဃာတကြောင့် ရေခဲခိုင်းရပါသနည်း။

ကျူးဝေဝေ၏ဦးခေါင်းတစ်ခုလုံး စဉ်းစားရလွန်း၍ နောက်ကိုလာလေတော့သည်။

ဤကိစ္စဖြင့် နေ့ခွန်းဘည့်ချိန်သို့ ရောက်သွားလေ၏။

မြက်တယ် ... အခု ... သူက ဘာဖြစ်လို့ သိုင်းပညာလေ့ကျင့်ချိန်မှာ ရေသွားခပ်နေရတာလဲ ... ညီမလေး လုံးဝမစဉ်းစားတတ်တော့ဘူး"

ကျူးရှောင်လုံက ပန်းတစ်ချက်တွန့်လိုက်ပြီး ...

"ဒါမျှား စဉ်းစားစရာလို့လို့လား ... သူ သိုင်းပညာမသင်ချင်တော့လို့ပေါ့ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး ... ယွမ်ယိုင်ဟာ သိုင်းပညာကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ညီမလေး အသိဆုံးပဲ ... အခု သူက ဘာဖြစ်လို့ ဒီလိုပြောင်းလဲသွားရတာလဲ ... "

ကျူးစုဖန်က ကြားဝင်ပြောလိုက်၏။

"အဲဒါ သူကိစ္စပါ ... တို့စာစ်တွေက ဝင်ပြီးစဉ်းစားပေးနေစရာ မလိုပါဘူး ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အဲဒီကိစ္စတွေက ငါတို့နဲ့မဆိုင်ဘူး ... သူမှာ သိုင်းပညာမသင်နိုင်တဲ့ အခက်အခဲတစ်ခုခု ရှိချင်လည်းရှိမှာပေါ့ ... "

ဇိုစကားကြောင့် ကျူးဝေဝေမှာ ပါးစပ်ပိတ်သွားလေတော့သည်။ ယွမ်ယိုင်တွင် မည်ကဲ့သို့သောအခက်အခဲမျိုး ရှိနေပါသနည်း။

သူမ သိခွင့်ရလျှင် အခက်အခဲကိုကူညီနိုင်ချင်ပါသည်။

ယခုလောလောဆယ်တွင် ယွမ်ယိုင်တစ်ယောက်ရေခပ်ရာမှ ပြန်ရောက်မလာသေးပေ။ ဤအချိန်သည် ပြန်ရောက်ရန်သင့်ပြီဖြစ်သည်။ အဘယ်ကြောင့် ပြန်ရောက်မလာသေးသနည်း။

ဤသို့ဆိုလျှင် ယွမ်ယိုင်သည် သူမအား ရှောင်ဖယ်နေခြင်းလော။

ဤသို့လည်း မဖြစ်နိုင်ပါချေ။

မနေ့ညနေကပင် သူမနှင့်ယွမ်ယိုင် ပျော်ရွှင်ကြည်နူးစွာ ချစ်စကားများ ပြောခဲ့ကြသေးသည် မဟုတ်ပါလား။ ကြည်နူးစွာ ပွေ့ဖက်ခဲ့ကြသေးသည် မဟုတ်ပါလော။

... ...

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တောင်ခြေရှိ စမ်းချောင်းလေးမှာ တသွင်သွင်စီးဆင်းနေသည်။

စမ်းချောင်းရေသည် ကြည်လင်အေးမြလှသည်။ ဤမျှ အေးမြသော ချိဖန်တောင်တွင် ယခုကဲ့သို့ ရေမခဲဘဲ စမ်းချောင်းရေစီးဆင်းနေခြင်းသည်ပင် အံ့သြဖွယ်ကောင်းလှ၏။

စမ်းချောင်းလေးအနီးရှိ ကျောက်တုံးပေါ်တွင် ယွမ်ယိုင် တစ်ယောက် တိတ်ဆိတ်စွာထိုင်နေ၏။

သူ၏အနီးရှိ မြေပြင်ပေါ်တွင် ဝါးဆစ်ဘူးများကို ချထားသည်။ ဤဝါးဆစ်ဘူးများက သူတို့၏ရေထမ်းပုံးများပင်တည်း။

သူသည် နံနက်ခင်းအချိန်ကတည်းက ရေခပ်ရန်ထွက်လာခဲ့သော်လည်း ယခုအချိန်ထိ ရေမခပ်ရသေးချေ။

သူ၏မျက်လုံးအစုံသည် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းရေအား စူးစိုက်ကြည့်နေမိသည်။

သို့သော် သူ၏ရင်ထဲ၌မူ ဤစမ်းချောင်းရေကဲ့သို့ ကြည်လင်အေးမြခြင်း ရှိမနေချေ။

သူ၏လန်းဆန်းတက်ကြွစွာ ရှင်သန်နေသော နှလုံးသားကို မီးတောက်တစ်ခုက လောင်မြိုက်ကျွမ်းလောင်စေခဲ့သည့် မဟုတ်ပါလော။ ထိုမီးတောက်ကား ချစ်သူကို မြင်နေလျက်မှ မကြင်ရသည့် အနေမျိုးနေနေခြင်းပေတည်း။

သူ၏မှားထဲတွင် ဘုန်းတော်ကြီးကွမ်းကျုံးလို့၏ ဆုံးမစကား များကိုသာ ကြားယောင်နေမိသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလို့အား သူ ကတိပေးပြီးပြီဖြစ်သည်။

ထိုကတိအား တည်ကံ့ခိုင်မြဲအောင် သူစောင့်ထိန်းနိုင်ပါမည်လော။

သူ၏ပါးပြင်ပေါ်တွင် ပူနွေးသော မျက်ရည်မြစ်နှစ်စင်း ဖြစ်ထွန်းသွားလေတော့သည်။

ယခုမှ သူ ငိုရိုက်ခဲ့ခြင်းကို သတိပြုမိလိုက်သည်။

ထိုမျက်ရည်များသည် သူ၏စွန့်လွှတ် အနစ်နာခံဝံ့သော နှလုံးသား၏နှလုံးသွေးများဟုဆိုလျှင် မှားမည်မဟုတ်ချေ။

မည်သို့ဆိုစေ ကျူးဝေဝေအား မခေါ်မပြောဘဲ ရှောင်နေရုံနှင့် သူ၏အချစ် တို့က သေခုံးသွားမည်တော့ မဟုတ်ပေ။

ကျူးဝေဝေအပေါ် ထားရှိသော သူ၏ချစ်ခြင်းမေတ္တာတရားများသည် သူအသက်သေဆုံးသည်အထိ ခိုင်မြဲနေမည် မဟုတ်ပါလော။

သနတဲ့သို့ ဝေနှာကို တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရသည့်အလျှက် သူ၏ရင်ထဲတွင် အလွန်မောပန်းနွမ်းနယ်လှပေသည်။

"ကျူးဝေဝေ ... ကျုပ်ဘဝထဲကို မင်း အစကတည်းက မဝင်လာခဲ့ရင် ကောင်းမယ် ... အခုဟာ့ ... ကျုပ်ဘဝတစ်ခုလုံး မင်းကို စွန့်လွှတ်ခဲ့နိုင်ရင်းနဲ့ပဲ နာကျင်ကြေကွဲနေရတော့မယ် ... ဒါတွေကို မင်း နားလည်နိုင်ပါ့မလား ကျူးဝေဝေ ... "

ယွမ်ယိုဝိုင်သည် ယင်းသို့ စိတ်တဲမှာကြောရင်း မျက်ဝန်းအစုံကို မှိတ်ပစ်ကိုက်လေ၏။

သို့သော် သူ၏မျက်ဝန်းထဲတွင် ယုပနေသောမောသော ကျူးဝေဝေ့၏ ပုံရိပ်များကို မြင်ယောင်နေဆဲပင်ဖြစ်သည်။

ယွမ်ယ်ဝိုင်၏ရင်ထဲ၌ အလွန်နာကျင်သွားလေတော့သည်။

သူသည် မျက်ဝန်းကို ဖိမှိတ်ရင်းမှ ဘတ်ခနဲပြန်ဖွင့်ရင်းမှ ခေါင်းကိုလေးတွဲ့ရွာ ခါရမ်းလိုက်လေ၏။

သူ၏ရင်ထဲ၌လည်း အလွန်နာကျင်နေမိလေသည်။ ငိုကွဲသလို နာကျင်သည်။ အသည်းနှလုံးများ ကြေကွဲသလို နာကျင်သည်။

သူသည်နာကျင်မှုကို ကာရွယ်မခံစားနိုင်တော့ချေ။

"ကျူးဝေဝေ ... "

သူသည် အသံကုန်တစ်ခေါ်လိုက်လေတော့သည်။

သူ၏အသံသည် တိတ်ဆိတ်ငြိမ်သက်သော ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်ထပ်မြည်ဟည်းသွားလေသည်။

သို့သော် ... သူချစ်သော ကျူးဝေဝေ့ တစ်ယောက်ကမူ တိုခေါ်သံကို ကြားနိုင်ပါမည်လော။

အခန်း (၁၀)

ပူလောင်သောနှလုံးသား

မွန်းလွဲချိန်သို့ ရောက်ရှိလာသဖြင့် နေမင်းကြီးသည် ဦးခေါင်းတည့်ဘည့်၌ ရှိမနေတော့ချေ။

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သည် သစ်လုံးအိမ်လေး၏ ကွပ်ပျစ်ပေါ်တွင် ထိုင်နေကြ၏။

သူတို့သုံးယောက်သည် သိုင်းပညာလေ့ကျင့်ပြီးကတည်းက သစ်လုံးအိမ်ထဲသို့ ပြန်မဝင်သေးဘဲ ဤကွပ်ပျစ်ပေါ်တွင် ထိုင်နေကြခြင်းဖြစ်၏။

ထို့ကြောင့် ...

ယခုအချိန်ထိ နံနက်စာမစားရသေးချေ။

ကျူးဝေဝေ၏မျက်လုံးအစုံသည် တောင်တက်လမ်းလေးဆီသို့ ငေးမောကြည့်နေသည်။

ယွမ်ယိဝိုင်တစ်ယောက် ယခုအချိန်ထိ ပြန်မရောက်သေးပါချေ။

သူမသည် ယွမ်ယိဝိုင် ပြန်အလာကို စောင့်မျှော်နေခြင်းဖြစ်သည်။

ယွမ်ယိဝိုင် တစ်ယောက် အဘယ်ကြောင့် ယခုအချိန်ထိ ပြန်မရောက်သေးပါသနည်း။

သူမ မစဉ်းစားတတ်တော့ပါချေ။

ကျူးရှောင်လုံ၏မျက်နှာပေါ်တွင် စိတ်ပျက်သည့်အမူအရာများ ပေါ်လွင်နေသည်။

သူတို့သည် သိုင်းပညာလေ့ကျင့်ပြီးကတည်းက ဤကွပ်ပျစ်ပေါ်တွင် ထိုင်နေရသည့်အတွက် နံနက်စာပင် မစားရသေးချေ။

ထို့ကြောင့် ကျူးရှောင်လုံမှာ စိတ်မရှည်နိုင်တော့ဘဲ ...

"ကျူးဝေဝေ ... ငါတို့မနက်စာ သွားစားရအောင် ... ငါလည်း ဆာလာပြီ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ညီမလေး မစားချင်သေးဘူး ... အစ်ကိုရှောင်လုံနဲ့ အစ်ကို စုဖန်တို့နှစ်ယောက်ပဲ သွားစားကြပါ ... "

ကျူးစုဖန်က ကြားဝင်ပြောလိုက်၏။

"နင်ပါစားမှပေါ့ ... အခု မွန်းတောင်လွဲနေပြီ ... မနက်စာ မစားချင်သေးလို့ ဘယ်ဖြစ်မလဲ ... "

ကျူးဝေဝေက စိတ်မရှည်သောလေသံဖြင့် ပြောလေ၏။

"အစ်ကိုတို့ဘာသာ သွားစားပါလို့ ပြောနေတာ မကြားဘူးလား ... ကျွန်မ မစားချင်သေးဘူးလို့ ဘယ်နှစ်ခါပြောရမလဲ ... "

ထိုစကားကြောင့် ကျူးရှောင်လုံ၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

သူသည် ကျူးဝေဝေအား စေ့စေ့ကြည့်လိုက်ပြီး လေသံမာမာဖြင့် ပြောလေ၏။

"ကျူးဝေဝေ ... နင် ဘာဖြစ်နေတာလဲ ... မိန်းကလေးဖြစ်ပြီးတော့ ဣန္ဒြေတောင် မဆောင်နိုင်တော့ဘူး ... ဒီနေ့ ယွမ်ယိုဝိုင်က သိုင်းပညာ လာမလေ့ကျင့်တာနဲ့ နင်က မစားနိုင်မသောက်နိုင် ဖြစ်နေရတယ်လို့ လူကြားလို့တောင် မကောင်းဘူး ... "

ထိုအခါ ...

ကျူးဝေဝေ၏မျက်နှာလေးမှာ ညှိုးငယ်သွားလေသည်။

"သူ ... သူ ဘာဖြစ်လို့ သိုင်းပညာ လာမလေ့ကျင့်တာလဲ ဆိုတာ ကျွန်မ စဉ်းစားမရ ဖြစ်နေလို့ပါ အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက တက်တစ်ချက်ခေါက်လိုက်လေသည်။

"တောက် ... သူမှာအခက်အခဲတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ ... အခု နင့်ပုံစံကို သာ ဦးလေးကျူးထိုက်ဖုန်းနဲ့ အစ်ကိုယဲ့မင်း တွေ့သွားရင် မလွယ်ဘူး ... ယွမ်ယိုဝိုင်ကိုလည်း သတ်ပစ်ရင် သတ်ပစ်နိုင်တယ်၊ သူတို့က ဒီမှာ ယွမ်ယိုဝိုင်ရှိနေတာကို မသိလို့သာ ယွမ်ယိုဝိုင် အခုအချိန်ထိ အသက်ချမ်းသာရာ ရနေတာ ... ဒါတွေကို နင်နားလည်စမ်းပါ၊ ငါတို့က ဒီအကြောင်းတွေ ဘာမှသတင်းမပို့တာလည်း နင် နားလည်ပါ ... "

ကျူးဝေဝေသည် ငြိမ်သက်စွာနားထောင်နေသည်။

သူမ၏မျက်ဝန်းမှ မျက်ရည်ကြည်များသည် ပါးစိုင်ပေါ်သို့ နွေးထွေးစွာ စီးဆင်းကျလာသည်။

တိုစဉ် ကျူးရှောင်လုံက သူမ၏ပခုံးကိုဆွဲလှုပ်လိုက်ပြီး ခက်ထန်စွာမေးလေ၏။

"ကျူးဝေဝေ ... နင် ဘာဖြစ်နေတာလဲ ... ဘာဖြစ်လို့ ငိုနေတာလဲ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မကို ဘာမှလာမေးမနေပါနဲ့ ... ကျွန်မ ဘာမှမပြောချင်ဘူး ... "

ကျူးရှောင်လုံသည် အံကိုတင်းတင်းကြိတ်လိုက်၏။

သူသည် ဒေါသတကြီးဖြင့် မေးလိုက်၏။

"ဘာမဟုတ်တဲ့ ယွမ်ယိုဝိုင်ဆိုတဲ့သူအတွက် နင်က မျက်ရည်ကျနေတယ်ပေါ့ ဟုတ်လား ကျူးဝေဝေ ... "

ထိုစဉ် ...

"အဟမ်း ... "

ချောင်းဟန့်သံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံကြောင့် သူတို့သုံးယောက်သည် နောက်သို့လှည့်ကြည့်လိုက်ကြ၏။ ထိုအခါ ...

ဘုန်းတော်ကြီး ကွမ်းကျုံးလွိအား တွေ့မြင်လိုက်ရလေသည်။

ဘုန်းတော်ကြီး ကွမ်းကျုံးလွိ၏မျက်နှာမှာ အေးဆေးတည်ငြိမ်လှသည်။

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သုံးယောက်သည် ထိုင်ရာမှ ကပျာကယာထကာ ပြိုင်တူဂါရဝပြုလိုက်၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွိက မျက်ရည်စများ လိမ့်ဆင်းနေသည့် ကျူးဝေဝေအား တစ်ချက်လှမ်းကြည့်လိုက်၏။

သူ၏နားထဲတွင် ယွမ်ယိုဝိုင်၏ကတိပေးစကားကို ကြားယောင်နေမိသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် မသိမသာသက်ပြင်းချလိုက်၏။

ထို့နောက် ...

သူသည် ကျူးရှောင်လုံတို့သုံးယောက်အား တစ်ချက်ငေ့ကြည့်လိုက်ပြီး မေးလိုက်၏။

"အခု ဘယ်အချိန်ရှိပြီလဲ ... "

ထိုအခါ ကျူးရှောင်လုံက ဦးညွှတ်ဂါရဝပြု၍ ပြန်ဖြေလိုက်လေ၏။

"မွန်းလွဲချိန်ရောက်နေပါပြီ ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ခေါင်းညိတ်လိုက်သည်။

"အေး ... အခု မွန်းလွဲချိန်တောင် ရောက်နေပြီ ... မင်းတို့က ဘာဖြစ်လို့ မနက်စာ စောစောသေးတာလဲ ... "

ထိုစကားကြောင့် ကျူးရှောင်လုံမှာ မည်သို့ပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

သူသည် ကျူးဝေဝေအား မသိမသာလှည့်ကြည့်လိုက်၏။

ကျူးဝေဝေမှာ ခေါင်းငုံ့သွားသည်။

ကျူးရှောင်လုံက သက်ပြင်းတစ်ချက်ချပြီး အဆင်ပြေအောင် လျှောက်တင်လိုက်သည်။

"တပည့်တော်တို့ စကားပြောနေကြလို့ မနက်စာစားဖို့ အချိန်လွန်သွားတာပါ ... အခုပဲ သွားစားလိုက်ပါမယ် ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ...

"ဘာကိစ္စပဲဖြစ်ဖြစ် ... စားချိန်သောက်ချိန်ကိုတော့ သတိ

ပြုကြပါ ... နောက် ဒီလိုမျိုး မဖြစ်စေနဲ့ ကြားလား ... ကဲ ... ကဲ ... မနက်စာ သွားစားကြတော့ ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ... နောက်တစ်ခါ ဒီလိုမျိုးမဖြစ်စေရပါဘူး ... ဘုန်းဘုန်း ... "

ထို့နောက် ... သူတို့သုံးယောက်သည် ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား ပြိုင်တူဦးညွှတ်ဂါရဝပြု၍ သစ်လုံးအိမ်လေးဆီသို့ ထွက်လာခဲ့လေတော့သည်။

သစ်လုံးအိမ်ကလေးကား ကျူးဝေဝေ၏ ရင်ထဲမှအပူကို မသိသယောင်။

သစ်လုံးအိမ်လေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့သည် သစ်လုံးအိမ်လေးအတွင်းသို့ လှမ်းဝင်လာခဲ့၏။ ထို့နောက် ...

မီးဖိုခန်းထဲသို့ လျှောက်လာခဲ့ကြသည်။

မီးဖိုခန်းအတွင်း၌ အသားလွတ်ပေါက်စီများနှင့် ဝက်ပေါင်ခြောက်ကင်များ အဆင်သင့်ပြင်ထားသည်ကိုတွေ့မြင်ရသည်။

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွား၏။

"ဟင် ... မနက်စာက အသင့်ပြင်ထားပြီးသားပါလား ... ဘယ်သူပြင်ထားတာပါလိမ့် ... "

ကျူးစုဖန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ယွမ်ယိုင် ရေသွားမခပ်ခင် ကျွန်တော်တို့အတွက် မနက်စာ ပြင်သွားတာဖြစ်မယ် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ယွမ်ယိဝိုင် ပြင်သွားတာပဲ ဖြစ်မယ် ... "

သူသည် ယင်းသို့ပြောပြီး စားပွဲတွင်ဝင်ထိုင်လိုက်သည်။

ကျူးစုဖန်နှင့် ကျူးဝေဝေတို့လည်း ဝင်ထိုင်လိုက်ကြ၏။

ထို့နောက် ...

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့နှစ်ယောက်သည် မနက်စာကို မြန်ယုက်စွာစားသောက်လိုက်ကြလေတော့သည်။

ကျူးဝေဝေသည် တိတ်ဆိတ်စွာထိုင်နေ၏။

သူမသည် မနက်စာကို စားသောက်ခြင်းမရှိပါ။ သူမ အလျဉ်းဆာလောင်ခြင်း မရှိပါ။ သူမသည် ယွမ်ယိဝိုင် အကြောင်းသာ တွေးနေခဲ့သည်။

ယွမ်ယိဝိုင်သည် သူမတို့မနိုးခင်ကပင် တောင်အောက်သို့ဆင်းသွားခဲ့၏။

သို့သော် သူမတို့သုံးယောက် စားသောက်ရန်ကိုမူ အားလုံးပြင်ဆင်သွားခဲ့သည်။

သူ၏အလုပ်တာဝန်များကိုမူ မလစ်ဟင်းစေရန်ဆောင်ရွက်ခဲ့သည်။

ကျူးဝေဝေမှာ ဝိုင်စဉ်းစားမရ ဖြစ်နေမိသည်။

ယွမ်ယိဝိုင်သည် မည်သည့်အတွက်ကြောင့် သူမတို့မနိုးခင် တောင်အောက်သို့ ဆင်းသွားရပါသနည်း။

အကယ်၍ အကြောင်းကိစ္စတစ်ခုခုရှိလျှင် သူမအား ပြောပြလျှင်လည်း ရပါသည်။

သို့သော် ယခုမူ သူမအား တစ်ခုခုတစ်ရာပြောဆိုခြင်းမရှိတဲ့ ရှောင်ဖယ် သွားခြင်းမှာ ပဟေဠိဆန်လှသည် မဟုတ်ပါလား။

ထိုစဉ် ကျူးရှောင်လုံက စားသောက်ရင်း သူမအား လှမ်းကြည့်ပြီး ပြောလိုက်၏။

"ကျူးဝေဝေ ... ဘာငိုင်နေတာလဲ ... စားလေ ... အစာလွန်နေလိမ့်မယ် ... "

ထိုအခါမှ ကျူးဝေဝေသည် သတိဝင်လာပြီး မနက်စာကို တိတ်ဆိတ်စွာ စားသောက်လိုက်လေတော့သည်။

မွန်းလွဲချိန်ဝိုင်း အတော်ကျော်လွန်သွားသောအခါ ...

ယွမ်ယိဝိုင်သည် တောင်တက်လမ်းအတိုင်း ဝါးဆစ်ဘူးများကိုဆွဲ၍ ဖြည်းလေးသော ခြေလှမ်းများဖြင့် တက်လာလေ၏။

သူသည် ယခုမှ ရေခဲရာမှ ပြန်လာခြင်းဖြစ်သည်။

တောင်ပေါ်သို့ ရောက်သောအခါ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ဘုန်းတော်ကြီးကွမ်းကျူးလွီအား တွေ့မြင်ရသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွီက သူ့အား နားလည်သော အကြည့်ဖြင့် လှမ်းကြည့်နေ၏။

ယွမ်ယိဝိုင်သည် ဘုန်းတော်ကြီးကွမ်းကျူးလွီ၏စူးရှသော အကြည့်ကြောင့် ခေါင်းငုံ့သွားသည်။

သူသည် ဝါးဆစ်ဘူးများကိုဆွဲ၍ ရေအိုးရှိရာသို့ လျှောက်သွားလေတော့၏။

ရေအိုးထားသည့်နေရာသို့ အသွားလမ်းတွင် ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နှက်နေသည်။

တစ်ချိန်တုန်းဆီက ကျူးဝေဝေတစ်ယောက် ခြေချော်လဲသဖြင့် သူတ ဆွဲပွေ့မဲ့ရာသည်ကို ပြန်လည်ခြင်ယောင်လာမိသည်။

ယခုအချိန်တွင်မူ ...

ကျူးဝေဝေနှင့် နီးကပ်စွာနေထိုင်ပိုင်ခွင့် မရှိတော့ပေ။ ဝေးဝေးက ကြည့်ရမည်ဘဝတည်း။

ယွမ်ယိုင်သည် ယင်းသို့တွေးရင်း ရေအိုးထဲသို့ ဝါးဆစ်ဘူးများထဲမှ ရေများဖြည့်ထည့်လိုက်၏။

ထို့နောက်သူသည် သစ်လုံးအိမ်လေးဆီသို့ ပြန်လည်လျှောက်လာခဲ့သည်။

သစ်လုံးအိမ်လေးရှေ့သို့ ရောက်သောအခါ ဘုန်းတော်ကြီးကွမ်းကျုံးလွိုက မေးလေ၏။

"ယွမ်ယိုင် ... မင်း ရေခပ်ပြီးပြီလား ... "

ယွမ်ယိုင်က ဦးညွတ်ဂါရဝပြုလိုက်သည်။

"ဟုတ်ကဲ့ ... ရေခပ်လို့ပြီးပါပြီ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက စကားဆက်လိုက်၏။

"အေး ... ရေခပ်ပြီးရင် မင်း တောင်အောက်မှာ ဝါးသွားခုတ်လိုက်ဦး ... "

ယွမ်ယိုင်၏ရင်ထဲ၌ နာကျင်သွားသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ကျူးဝေဝေ၏အနားတွင် သူရှိမနေစေချင်မှန်း သူ နားလည်လိုက်သည်။

ထို့ကြောင့် သူတ ခေါင်းကို ဖြည်းလေးစွာညိတ်လိုက်ပြီး -

"ဟုတ်ကဲ့ ... တပည့်တော် သွားခုတ်လိုက်ပါ့မယ် ... "

ယွမ်ယိုင်သည် ယင်းသို့ပြောပြီး ဦးညွတ်ဂါရဝပြုကာ သစ်လုံးအိမ်လေးဆီသို့ လျှောက်သွားလိုက်လေတော့၏။ ယွမ်ယိုင်သည် သစ်လုံးအိမ်လေးထဲသို့ လှမ်းဝင်လိုက်၏။

သူသည် အိမ်ထဲတွင် ဝါးခုတ်ရန် ဓားမဝင်ယူခြင်းဖြစ်သည်။

သူ၏မျက်လုံးအစုံသည် အိမ်ရှေ့ခန်းတွင် ထိုင်နေသော ကျူးဝေဝေအား တွေ့မြင်လိုက်ရ၏။

ကျူးဝေဝေ၏နံဘေးတွင် ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့လည်း ထိုင်နေကြသည်။

ကျူးဝေဝေ၏မျက်လုံးအစုံသည် သူ့အား ဝမ်းသာအားရဖြင့် ကြည့်နေသည်။

ယွမ်ယိုင်သည် ကျူးဝေဝေအား မှင်တက်စွာဖြင့် ငေးကြည့်နေမိ၏။

အတန်ကြာမှ သူသည် သမ္မိဝင်လာဖြီ. ကပျာကယာ အကြည့်လွဲလိုက်သည်။

ထို့နောက် သူသည် အိမ်ထဲမှ ဝါးခုတ်ရန်အတွက် ဓားရှည်တစ်ချောင်း ဝင်ယူကာ ခြေလှမ်းသုတ်သုတ်ဖြင့် ပြန်ထွက်လာလေသည်။

ထိုစဉ် ...

"ခဏနေဦး ... "

ချိုသာနွဲ့ပျောင်းသော စကားသံနှင့်အတူ ကျူးဝေဝေသည် သူ့အနီးသို့ရောက်ရှိလာ၏။

ယွမ်ယိုင်မှာ ခြေလှမ်းရပ်တန့်သွားလေသည်။

သူသည် ကျူးဝေဝေအား ကြည့်လိုက်ပြီး မေးလိုက်ရ၏။

"ဘာကိစ္စရှိလို့လဲ ကျူးဝေဝေ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏ရင်ထဲတွင် အလွန်နာကျင်သွားသည်။

သူမက ယွမ်ယိုင်အား စောင့်မျှော်နေခဲ့ရသော်လည်း ယွမ်ယိုင်၏အမေးစကားမှာ သူစိမ်းဆန်လွန်းလှသည်။

ထိုစဉ် ယွမ်ယိဝိုင်က စိတ်မရှည်ဟန်ဖြင့် ...

"ဘာကိစ္စမှ မရှိဘူးဆိုရင်လည်း ကျုပ် သွားလိုက်ဦးမယ်"

သူသည် ယင်းသို့ပြောပြီး ဆက်၍လျှောက်လှမ်းသွားလေ၏။

"ယွမ်ယိဝိုင် ... ခဏနေပါဦး ... "

ကျူးဝေဝေ၏စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

ယွမ်ယိဝိုင်၏ခြေလှမ်းများ ရပ်တန့်သွားရပြန်သည်။

သူ၏ရင်ထဲ၌လည်း လှုပ်ရှားသွားလေသည်။

ကျူးဝေဝေက သူ့အား မော့ကြည့်လိုက်ပြီး မေးလိုက်၏။

"ရှင် ဒီနေ့ဘာဖြစ်လို့ သိုင်းလာမလေ့ကျင့်တော့တာလဲဟင်"

ထိုစကားကြောင့် ယွမ်ယိဝိုင်၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သို့သော် ... သူသည် စိတ်ကိုတည်ငြိမ်အောင်ထား၍ ဂရုစိုပြန်ဆည်လိုက်ပြီး ပြောလိုက်လေ၏။

"ကျုပ်က အလုပ်အားတဲ့လူ မဟုတ်ဘူး ... ဒါကြောင့် ... မင်းတို့သိုင်းလေ့ကျင့်တဲ့အချိန်မှာ ကျုပ်က လေ့ကျင့်နိုင်မှာ မဟုတ်ဘူး ... အဲဒါ ဒီနေ့တစ်နေ့ပဲလို့ မထင်ပါနဲ့ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး ... ယွမ်ယိဝိုင် ရှင် ကျွန်မကို သက်သက်ညာနေတာ ... "

ယွမ်ယိဝိုင်မှာ မျက်မှောင်ကုတ်၍ ...

"ကျုပ်က မင်းကို ဘာတွေများ ညာမိလို့လဲဗျာ ... "

ကျူးဝေဝေက တည်ကြည်လေးနေက်သောမျက်နှာထား ဖြင့်...

"အရင်တုန်းကလည်း ရှင် ကျွန်မတို့နဲ့အတူ သိုင်းလေ့ကျင့်ဖြီးမှ ကျွန်တဲ့အလုပ်ကိစ္စတွေ လုပ်ခဲ့တာပဲ ... အခုမှ ဝိရိယပိုနေစရာ မလိုပါဘူး ... "

သူမသည် ယင်းသို့ပြောပြီး ယွမ်ယိဝိုင်အား ဒေါသကြည့်လိုက်၏။

"ယွမ်ယိဝိုင် ... ရှင် ဘာဖြစ်နေတာလဲ ... ကျွန်မ သိပါရစေ"

ယွမ်ယိဝိုင်မှာ မည်သို့ပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားသည်။

ကျူးဝေဝေက ထပ်မေးလိုက်၏။

"ပြောပါ ... ရှင်ဘာဖြစ်နေတာလဲ ... "

ယွမ်ယိဝိုင်၏နှလုံးသားထဲ၌ တဆစ်ဆစ် နာကျင်လာမိလေ၏။ ထိုစဉ် ...

"ယွမ်ယိဝိုင် ... ဝါးသွားခုတ်တော့လေ ... အပြန်နောက်ကျနေဦးမယ် ... "

အပြင်ဘက်ဆီမှ ဘုန်းတော်ကြီးကွမ်းကျူးလို့၏ လှမ်းပြောလိုက်သံ ထွက်ပေါ်လာသည်။

ယွမ်ယိဝိုင်သည် လှုပ်ရှားနေသော စိတ်ကို အတည်ငြိမ်အုံးထား၍ တိုးညင်းစွာ ပြောမိလေ၏။

"ကဲ ... ကျုပ် ဝါးသွားခုတ်လိုက်ဦးမယ် ကျူးဝေဝေ ... "

သူသည် ထိုသို့ပြောပြီး ချာခနဲလှည့်ထွက်လိုက်ရသည်။

ကျူးဝေဝေ၏မျက်ဝန်းအိမ်ထဲတွင် မျက်ရည်ကြည်များဖြင့် ပြည့်လျှံနေလေသည်။

အခန်း (၁၁)

ကျောချင်းကပ်ရပ်သူများ

ညများသည် တစ်ရက်ပြီးတစ်ရက်သို့ ကူးပြောင်းသွား၏။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မြူနှင်းပွင့်များသည် ဝန်းကျင်တစ်ခုလုံးအား ရစ်သိုင်းလွှမ်းခြုံထား၏။

ချီဖန်တောင်တစ်ခုလုံး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်း၍ အလွန်အေးစိမ့်နေသည်။

သစ်လုံးအိမ်လေးအတွင်း၌ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့ သုံးယောက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေကြပြီဖြစ်သည်။

သူတို့အားလုံး နေ့လယ်က ပင်ပန်းခဲ့ကြသည်မဟုတ်ပါလော။ နေ့တိုင်းလိုလိုပင် ဤသို့ နှစ်ခြိုက်စွာ အိပ်ပျော်စမြဲ ... ။

သို့သော် ... အိပ်မပျော်နိုင်သူနှစ်ယောက်မှာ အိမ်ရှေ့မြေကွက်လပ်တွင် ရပ်နေကြသည်။

သူတို့နှစ်ယောက်သည် တဖွဖွကျဆင်းနေသော ဆီးနှင်းများကို ဂရုမစိုက်အားကြပေ။

ထိုလူနှစ်ယောက်မှာ ဘုန်းတော်ကြီးကွမ်းကျူးလွှိနှင့် ယွမ်ယိဝိုင်တို့ပင် ဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ညအချိန်ကျမှ သိုင်းပညာသင်ပေးမည်ဆိုသဖြင့် ယွမ်ယိဝိုင်သည် ညအချိန်၌ ထရောင်းဖြစ်သည်။ ဤသို့ ညစဉ်ညဆက် တ၍ သိုင်းပညာသင်ရသည်မှာ ဆယ်ညနေ့ရှိသွားပြီဖြစ်ပါသည်။

ယနေ့ညတွင် ဘုန်းတော်ကြီးကွမ်းကျူးလွှိသည် သူ့အား သိုင်းကွက်အသစ် သင်ကြားပေးမည်ဖြစ်၏။

ထို့ကြောင့် ...

ယွမ်ယိဝိုင်သည် စိတ်ကိုတည်ငြိမ်စွာထား၍ အာရုံကိုစုစည်းထားလိုက်၏။

ထိုစဉ် ...

ဘုန်းတော်ကြီးကွမ်းကျူးလွှိ၏စကားသံက တိတ်ဆိတ်သော ညဦးယံကိုဖောက်ထွင်း၍ ထွက်ပေါ်လာသည်။

"ယွမ်ယိဝိုင် ... မင်းစိတ်ကို တည်ငြိမ်အောင်ထားပြီး အာရုံကို စုစည်းထားပါ ... ဒီသိုင်းကွက်က အိပ်လေးနက်တယ် ... လျှို့ဝှက်နက်နဲတယ် ... ဒါကြောင့် ... မင်းစိတ်တွေ ပျံ့လွင့်လို့မဖြစ်ဘူး ... နက်နဲတဲ့သိုင်းပညာကို သင်ရင် အဆုံးစွန်သောစိတ် တည်ငြိမ်မှုကို ထားရမယ်"

ယွမ်ယိဝိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... တပည့်တော်စိတ်ကို တည်ငြိမ်အောင်ထားပြီး အာရုံစုစည်းထားပါတယ် ... "

ဘုန်းတော်ကြီးကွမ်းကျူးလွှိက ခေါင်းညိတ်ပြလိုက်ပြီး ...

"ကောင်းပြီ ... ဒါဆိုရင် စမယ် ... "

သူသည် ယင်းသို့ပြောပြီး လိပ်ပြာကွန်ယက်သိုင်းကွက်အတိုင်း ခန္ဓာကိုယ်ကို လှုပ်ရှား၍ သိုင်းကွက်ဖော်လိုက်လေ၏။

ယွမ်ယိဝိုင်ကလည်း ဘုန်းတော်ကြီးကွမ်းကျုံးလို လှုပ်ရှားသကဲ့သို့ သူ၏ခန္ဓာကိုယ်ကို ဝဲပျံလှုပ်ရှားလိုက်လေတော့သည်။

ညဉ့်အတော်နက်ပြီ ဖြစ်သည်။ ဘုန်းတော်ကြီးကွမ်းကျုံးလို့သည့် သိုင်းပညာလေ့ကျင့်ခြင်းကို ရပ်နားလိုက်၏။

သူသည် ယွမ်ယိဝိုင်အား စေ့စေ့ကြည့်ပြီး ခိုးကျူးလိုက်လေ၏။

"အခု ငါ လေ့ကျင့်သင်ကြားပေးနေတဲ့ အထဲမှာ မင်းဟာ ဉာဏ်အကောင်းဆုံးနဲ့ အထက်မြက်ဆုံးပဲ ... "

ယွမ်ယိဝိုင်က ဦးညွတ်ဂါရဝပြုလိုက်သည်။

"တပည့်တော်ကို အခုလို ခိုးကျူးစကားပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလို့က ခေါင်းခါယမ်းလိုက်သည်။

"ငါကိုကျေးဇူးတင်စရာ မလိုပါဘူး ... မင်းဟာ သိတ္တိရှိတယ် ရဲရင့်ထက်မြက်တယ် ... ဒါကြောင့် ... တစ်နေ့မှာ မင်းဟာ သိုင်းလောကရဲ့ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါယုံကြည်တယ် ... ဒါကြောင့် ... မင်းက သူများတွေထက် ပိုကြိုးစားရမှာမို့မယ် ... အခုအချိန်ဟာ မင်းရဲ့သိုင်းပညာလေ့ကျင့်မှု အရေးကြီးဆုံးအချိန်ပဲ ... စိတ်ကိုတည်ငြိမ်အောင် ထားနိုင်ရင် မင်းရဲ့သိုင်းကွက်တွေဟာ ပိုပြီးထက်မြက်လာမယ် ... ဒါကြောင့် ... မင်းရဲ့စိတ်တွေ မပျံ့လွင့်စေနဲ့လို့ ငါမှာချင်တယ် ... "

ယွမ်ယိဝိုင်သည် ခေါင်းငုံ့သွားလေ၏။

သူအား ဘုန်းတော်ကြီးကွမ်းကျုံးလို့က မည်သည့်အဓိပ္ပာယ်ဖြင့် ထိုစကားများပြောနေသည်ကို သူနားလည်သည်။

ထို့ကြောင့် ...

သူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ ... တပည့်တော်ရဲ့စိတ်တွေကို သိုင်းပညာသင်ကြားမှုထဲမှာပဲ နှစ်ထားပါမယ် ... တခြားကို မပျံ့လွင့်စေရပါဘူး"

ဘုန်းတော်ကြီးကွမ်းကျုံးလို့က ကျေနပ်စွာပြုံးလိုက်သည်။

"အေး ... မင်းဟာ ဆရာ့စကားကို ဘယ်တော့မှ မပယ်ရှားတဲ့အတွက် မင်းဘဝဟာ တိုးတက်မှာပါ ... ကဲ ... ကဲ ... ညဉ့်လည်းနက်လှပြီ ... မင်းလည်းသွားအနားယူတော့ ... "

ယွမ်ယိဝိုင်က ဦးညွတ်ဂါရဝပြု၍ သစ်လုံးအိမ်လေးဆီသို့ ဖြည်းညင်းစွာ လျှောက်သွားလေတော့သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလို့သည် သူ၏ကျောပြင်အားကြည့်၍ ခေါင်းတညိတ်ညိတ်ဖြင့် ကျန်ရစ်ခဲ့လေ၏။

... နှင်း ...

နံနက်ခင်း ...

ယနေ့နံနက်ခင်းတွင်လည်း ကျူးဝေဝေတို့မောင်နှမ သုံးယောက်သာ သိုင်းပညာလေ့ကျင့်ရ၏။ ယွမ်ယိဝိုင်က လာရောက်မလေ့ကျင့်ချေ။ ထိုသို့ ယွမ်ယိဝိုင် သူတို့နှင့် သိုင်းပညာလာရောက်မလေ့ကျင့်တော့သည်မှာ ရက်နှစ်ဆယ်ပင်ကျော်သွားပြီဖြစ်သည်။

ကျူးဝေဝေသည် ဝန်းကျင်အား ဇဝေဝအကဲခတ်ကြည့်လိုက်၏။ ယွမ်ယိဝိုင်၏အရိပ်အယောင်ပင် မတွေ့ရချေ။

နေ့စဉ်နေ့တိုင်းပင် ယွမ်ယိဝိုင်သည် မနက်အစောကြီးကတည်းက တောင်ခြေသို့ ဆင်းသွားပြီး ညမိုးချုပ်မှ တောင်ပေါ်သို့ပြန်တက်လာ၏။

ပြန်ရောက်လာလျှင်လည်း သူမအား စကားမပြောဘဲ မသိချင်ယောင် ဆောင်နေတတ်သည်။

ထို့ကြောင့် ...

ယွမ်ယိဝိုင် တစ်ယောက် သူမအား ရှောင်ဖယ်နေသည်မှာ သေချာလှသည်။

ည်သည့်အတွက်ကြောင့် ထိုသို့ ရှောင်ဖယ်နေရသည်ကို သူမ နားမလည်ပေ။

အချိန်ကြာလာသည်နှင့်အမျှ သူမရင်ထဲမှဝေဒနာသည် ပို၍ နာကျင်လာသည်။

မည်သည့်အတွက်ကြောင့် ထိုသို့ ရှောင်ဖယ်နေရသည်ကို သူမ သိခွင့်ရလျှင်တော့သေးသည်။

ယခုမူ မည်သည့်အကြောင်းရင်းမျှ မသိဘဲ ချစ်သူ၏အပစ်ပယ်ခံရသို့ ရောက်နေရသည်မှာ ရင်နာစရာကောင်းလှသည် မဟုတ်ပါလား။

နေမင်းသည် အနောက်ဘက် မိုးကုတ်စက်ဝိုင်းသို့ ဝုပ်လျှိုးဝင်ရောက်သွားပြီဖြစ်သည်။

အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံသွားလေ၏။

အမှောင်ထုနှင့်အတူ အေးစိမ့်မှုကလည်း ချီဖန်တောင်တစ်ခုလုံးအား လွှမ်းခြုံစိုးမိုးထားသည်။

ဆီးနှင်းများကလည်း ထူထပ်သိပ်သည်းစွာကျဆင်းနေသည်။

ယခုအချိန်ထိ ယွမ်ယိဝိုင်တစ်ယောက် ပြန်ရောက်မလာသေးချေ။

ကျူးဝေဝေ၏ရင်ထဲတွင် ဝမ်းနည်းခြင်း၊ ကြောက်ခြင်း၊ မချိတရိဖြစ်ခြင်းတို့ ပြည့်နှက်နေသည်။

ယွမ်ယိဝိုင်သည် မည်သည့်အတွက်ကြောင့် သူမအား ဤမျှ ရှောင်ဖယ်နေရပါသနည်း။

ထိုစဉ် ... ဘုန်းတော်ကြီးကွမ်းကျူးလွှီက သူတို့အနီးသို့ လျှောက်လာပြီး မေးခွန်းထုတ်လေ၏။

"ဒီကလေးတွေ အခုထိ ညစာမစားကြသေးဘူးလား ..."

ကျူးဝေဝေ၏အနီးတွင် ထိုင်နေသော ကျူးရှောင်လုံကပင် သွက်လက်စွာ ပြန်ဖြေလိုက်သည်။

"တင်ပါ့ဘုရား ... တပည့်တော်တို့ အခုပဲ သွားစားလိုက်ပါ့မယ် ..."

ဘုန်းတော်ကြီးကွမ်းကျူးလွှီသည် ကျူးဝေဝေအား မသိမသာ တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... ကဲ ... မင်းတို့အားလုံး စားသောက်စရာရှိတာ စားသောက်ပြီး အိပ်ကြပေတော့ ..."

ထိုအခါ ...

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျူးဝေဝေတို့က ပြိုင်တူဦးညွတ် အရိုအသေပြုလိုက်ပြီး မီးဖိုခန်းဆီသို့ ထွက်လာခဲ့ကြသည်။

တုန်းတော်ကြီးကွမ်းကျုံးလွှိကိုတော့ သူတို့စောဒက မတက်ရဲချေ။

စားပွဲပေါ်တွင် စားသောက်ဟယ်ရာများ အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။

ကျွဲရှောင်လုံနှင့် ကျွဲစုဖန်တို့သည် စားပွဲတွင်ဝင်ထိုင်ကာ ညစာကို အားပါးတရ စားသောက်လိုက်ကြ၏။

ကျွဲဝေဝေမှာမူ အနည်းငယ်သာစားသောက်နိုင်သည်။

ထို့နောက် ...

သူမသည် စားသောက်ခြင်းကို လက်စသတ်၍ အိမ်ရှေ့သို့ မြန်ထွက်လာ၏။

ကျွဲဝေဝေသည် အိမ်ရှေ့သို့ရောက်သောအခါ ယွမ်ယိုင်အား ရှာမွေကြည့်မိပြန်သည်။

သို့သော် ... ယွမ်ယိုင်၏အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိတစ်ယောက်သာ အိမ်ရှေ့တွင် ထိုင်နေသည်ကို တွေ့မြင်ရ၏။

ကျွဲဝေဝေ၏မျက်နှာလေးမှာ ညှိုးငယ်သွားသည်။

ထိုစဉ် ... ဘုန်းတော်ကြီးကွမ်းကျုံးလွှိက သူမအား အကဲခတ်ကြည့်ပြီး ညင်သာစွာ ပြောလေ၏။

"ကလေးမ ... မျက်နှာလည်းမကောင်းပါလား ... ဘာလဲ... မင်းအဖေကို သတိရနေလို့လား ... ကျွဲထိုက်ဖုန်းလည်း တစ်ခေါက်မှ ရောက်မလာဘူး ... အင်းလေ ... သူက ကွမ်ရှမ်းမြို့စားဖြစ်နေပြီဆိုတော့ တာဝန်ကြီးတာပေါ့ ... ဟုန်ကျန်းနယ်အရေးအခင်းကလည်း အရေးကြီးနေတာကိုး ... သူအားရင်တော့ ဒီကိုလာလည်မှာပေါ့ကွယ်"

ကျွဲဝေဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှိက သက်မြွေင်းတစ်ချက်ချလိုက်ပြီး ...

"ကဲ ... မင်းလည်း သိုင်းပညာလေ့ကျင့်ရတာပင်ပန်းတယ်... အိပ်လိုက်တော့ ... "

ကျွဲဝေဝေက ဦးညွတ်ဂါရဝပြုလိုက်သည်။

ထို့နောက် ...

သူမသည် အိမ်လေး၏အတွင်းခန်းဘက်ဆီသို့ ဝင်ရောက်သွားလေတော့သည်။

မကြာမီမှာပင် ...

အိမ်ရှေ့ခန်းဆီမှ ကျွဲရှောင်လုံနှင့် ကျွဲစုဖန်ဝို့၏ အိပ်ရာခင်း ပြင်ဆင်သံများကို ကြားလိုက်ရသည်။

ထို့နောက်... အတန်ကြာသောအခါ အသံအားလုံးတိတ်ဆိတ်သွားလေတော့သည်။

ည ...

ညဉ့်နက်လှပြီဖြစ်သည်။

သစ်လုံးအိမ်လေးထဲတွင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

သစ်လုံးအိမ်လေး၏အိမ်ရှေ့ခန်းတွင်မူ ကျွဲရှောင်လုံ၊ ကျွဲစုဖန်တို့ နှစ်ဦးသား အိပ်မောကျနေကြ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိလည်း အိပ်မျော်နေပြီဖြစ်သည်။

ယနေ့ည ယွမ်ယိုင် လေ့ကျင့်ရမည့်အဝိုင်းသည် သူ သင်ပြပေးစရာမလိုပေ။

ယွမ်ယိုင်ဘာသာ လေ့ကျင့်ရမည်ဖြစ်သည်။

ဒို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျွဲးလွှိသည် စောစီးစွာအိပ်ရာဝင်ခဲ့သည်။

သို့သော် ...

အိမ်အတွင်းခန်းရှိ ကျူးဝေဝေမှာမူ အိပ်စက်၍မပျော်နိုင်ဘဲ ရှိနေလေ၏။

သူမ၏ရင်ထဲ၌ ယွမ်ယိုင်တစ်ယောက်ရုတ်တရက်ပြောင်းလဲသွားခြင်းကို နားမလည်နိုင်ဘဲ ဖြစ်နေမိသည်။

"သူ ... သူ ဘာဖြစ်လို့ ငါ့ကိုရှောင်နေရတာလဲ ... ငါ့ကို စိတ်ဆိုးနေတာများလား ... ဒါလည်း မဟုတ်နိုင်ပါဘူး ... သူ စိတ်ဆိုးအောင် ငါဘာမှ မလုပ်မိပါဘူး ... အင်း ... ဒီလိုဆိုရင် သူ ဘာကြောင့် ငါ့ကိုရှောင်နေရတာလဲ ... "

သူမသည် ယင်းသို့စဉ်းစားရင်းမှ သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... ယွမ်ယိုင်ဟာ အတော်နားလည်ရခက်တဲ့သူပဲ၊ သူ့ကိုက ငါ့ကို ရှောင်နေတော့ ... ငါက ဘာတတ်နိုင်မှာလဲ ... "

ကျူးဝေဝေသည် ယင်းသို့စဉ်းစားမိသောအခါ ရင်ထဲ၌ စူးနင့်နာကျင်သွားမိသည်။

ထိုအချိန်တွင် ...

အပြင်ဘက်ဆီမှ မာန်သွင်းအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ယား ... "

"ဟိုက် ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

သူမသည် လဲလျောင်းနေရာမှ ဆတ်ခနဲထထိုင်လိုက်၏။

ဘာနော် ...

သူမသည် အသံထွက်ပေါ်လာရာသို့ ထပ်မံနားစွင့်လိုက်ပြန်သည်။

"ယား ... "

မာန်သွင်းအော်ဟစ်သံက ထပ်မံထွက်ပေါ်လာပြန်သည်။

မာန်သွင်းအော်ဟစ်သံမှာ ကျယ်လောင်ခြင်းမရှိသော်လည်း ယွမ်ယိုင်၏အသံဖြစ်ကြောင်း သူမက ကောင်းစွာမှတ်မိလိုက်၏။

ကျူးဝေဝေမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဒါ ... ဒါ ... ယွမ်ယိုင်ရဲ့အသံပဲ ... သူက ဘာဖြစ်လို့ ... ဒီအချိန်ကြီးကျမှ သိုင်းပညာလေ့ကျင့်နေရတာလဲ ... ဒီအတိုင်းဆိုရင် ငါ့ကို သူရှောင်နေတာသေချာပြီ ... "

သူမသည် ယင်းသို့တွေးရင်း ထိုင်ရာမှထလိုက်သည်။

ဘာနော် ...

သစ်လုံးအိမ်လေးအတွင်းမှ အပြင်ဘက်ဆီသို့ တိတ်ဆိတ်ညည်သာစွာ ထွက်လာခဲ့လေတော့သည်။

ကောင်းကင်၌ လမင်းသည် ထိန်ထိန်သာနေ၏။

သို့သော်... နှင်းများကြောင့် မဝိုးတဝါးဖြစ်နေသည်။

သို့သော် ...

ဝန်းကျင်တစ်ခုလုံးအား ထင်ရှားစွာတွေ့မြင်နိုင်သည်။

လရောင်အောက်တွင် ယွမ်ယိုင်သည် သိုင်းပညာလေ့ကျင့်နေ၏။

သူ၏ပုံစံမှာ မည်သူကိုမျှ ဂရုမစိုက်ဘဲ သူအလုပ်ထဲတွင် နစ်မြုပ်နေဟန် ပေါ်လွင်နေသည်။

ရုတ်တရက် ...

သူ၏စိတ်တို့သည် ကျူးဝေဝေထံသို့ ပျံလွှင့်သွားမိသည်။

သူ၏မျက်ဝန်းထဲတွင် ကျူးဝေဝေ၏ပုံရိပ်များအား ပြန်လည် မြင်ယောင်လာမိသည်။

ကျူးဝေဝေအား သတိရလိုက်မိသည်နှင့် သူ၏နှလုံးသားမှာ နာကျင်စူးရှသော ဝေဒနာကို ခံစားလိုက်ရသည်။

ယွမ်ယိဝိုင်သည် သိုင်းပညာလေ့ကျင့်ခြင်းကို ရပ်တန့်လိုက်ရသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဘုန်းဘုန်းပြောတဲ့စကားကို နားထောင်ပြီး သူ့ကို ရှာမတွေ့အောင် ရှောင်နေလိုက်ရတာ ... ငါ့နှလုံးသားက အတော်ပင်ဝန်းတာပဲ ... သူလည်း ငါ့ကိုသတိရနေမှာပဲ ... "

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် ယွမ်ယိဝိုင်၏ရင်ထဲတွင် တဆစ်ဆစ်နာကျင်လာလေ၏။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"အို ... ဘာပဲဖြစ်ဖြစ် ငါ့ကတိကို ငါတည်အောင်နေရမယ်၊ ဒါမှမဟုတ်ရင် ... ဘုန်းဘုန်းက ငါ့ကို ကတိမတည်တဲ့လူလို့ ထင်သွားလိမ့်မယ် ... ဒါကြောင့် ... ငါ ကတိတည်မှဖြစ်မယ် ... "

ယွမ်ယိဝိုင်သည် ယင်းသို့ရေရွတ်ရင်း သစ်လုံးအိမ်လေးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိ၏။

ထိုအခါ ...

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

အာဃာတကြောင့်ဆိုသော် ...

လရောင်အောက်တွင် ကျူးဝေဝေသည် သူ့ကိုသို့ တရွေ့ရွေ့လျှောက်လာနေခြင်းကို မြင်တွေ့လိုက်ရသောကြောင့်ပင်တည်း။

ယွမ်ယိဝိုင်သည် လရောင်အောက်တွင် လှုပ်နေသော ကျူးဝေဝေအား မင်သက်စွာငေးမောကြည့်နေမိသည်။

ရုတ်တရက် ...

သူ၏နားထဲ၌ ဘုန်းတော်ကြီးကွမ်းကျူးလို့၏ မှာကြားသော စကားများကို ပြန်လည်ကြားယောင်လာမိသည်။

ထို့ကြောင့် ...

သူက ခန္ဓာကိုယ်ကို လျင်မြန်စွာလှုပ်ရှားလိုက်သည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ...

သူ၏ခန္ဓာကိုယ်က သစ်ပင်တစ်ပင်၏ နောက်ကွယ်ဆီသို့ ရောက်ရှိသွားလေတော့သည်။ ယွမ်ယိဝိုင်ကို ကျူးဝေဝေ မမြင်ရတော့ပေ။

ထိုစဉ် ...

"ယွမ်ယိဝိုင် ... "

ကျူးဝေဝေ၏ချိုလွင်သောအော်ခေါ်သံထွက်ပေါ်လာသည်။

ယွမ်ယိဝိုင်သည် သစ်ပင်နောက်ကွယ်၌ အသံမထွက်ရဲပေ။ သူ တမင်ရှောင်လိုက်ရသည် မဟုတ်ပါလော။

"ယွမ်ယိဝိုင် ... "

ကျူးဝေဝေ၏ခေါ်သံ ထပ်မံထွက်ပေါ်လာသည်။

ယွမ်ယိဝိုင်သည် သစ်ပင်နောက်၌ ပုန်းကွယ်နေရာမှ အံကို

တင်းတင်းကြိတ်လိုက်၏။ သွားကြိတ်သံပင် ထွက်ပေါ်လာသည်။

ကျူးဝေဝေ၏စကားသံ ထွက်ပေါ်လာပြန်သည်။

"ယွမ်ယိုင် ... ရှင် ဘယ်မှာပုန်းနေတာလဲ ... ထွက်ခဲ့ပါ... ကျွန်မမှာ ဘာအပြစ်ရှိလို့ ရှင် ရှောင်နေရတာလဲ ... အဟင့် ... ဟင့်"

သူမက ယင်းသို့ပြောပြီးနောက် ကြေကွဲစွာငိုရှိုက်နေလေတော့သည်။

ထိုအခါ ...

ယွမ်ယိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

ကျူးဝေဝေ၏ ငိုရှိုက်သံက အဆက်မပြတ်ထွက်ပေါ်လျက်ရှိနေသည်။

ယွမ်ယိုင်၏နှလုံးသားမှာ တဆစ်ဆစ်နာကျင်လာသည်။

သူသည် ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး ...

"မင့်ပါနဲ့ ကျူးဝေဝေ ... ကျုပ် မင်းရဲ့ငိုသံတွေကို မကြားနာတော့ဘူး ... ကျုပ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိနိုင်ပါ့မလား ... "

ယွမ်ယိုင်သည် ယင်းသို့ တစ်ယောက်တည်းတီးတိုးရေရွတ်ရင်းမှ မျက်ရည်များ ရစ်ဝဲလာ၏။

ထိုအချိန်မှာပင် ...

ကျူးဝေဝေ၏စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ယွမ်ယိုင် ... ရှင် ထွက်လာခဲ့ပါ ... ရှင် ကျွန်မကို၊ ရှောင်နေစရာ မလိုပါဘူး ... ကျွန်မကို ဘာဖြစ်လို့ မုန်းတယ်ဆိုတာကို ကျွန်မရှေ့မှာ မျက်နှာချင်းဆိုင် ပြောလိုက်စမ်းပါ ... အဲဒီလိုပြောလိုက်ရင် ကျွန်မ ရှင်တို့ရဲ့ ချီဖန်တောင်ကနေ အခုချက်ချင်း ထွက်သွားပါ့မယ်...

အခုလိုတော့ ကျွန်မကို မရက်စက်ပါနဲ့ ... "

သူမ၏စကားကြောင့် သစ်ပင်နောက်ကွယ်မှ ယွမ်ယိုင်မှာ ရင်ထဲ၌ စူးနင့်စွာခံစားလိုက်မိသည်။

သူက ဆက်လက်ပုန်းအောင်းမနေနိုင်တော့ပါ။

ထို့ကြောင့် ...

သစ်ပင်နောက်ကွယ်မှ လှမ်းထွက်ရန် ခြေလှမ်းပြင်လိုက်လေတော့သည်။

... ...

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သန်းခေါင်ယံအချိန်ပင် ကျော်လွန်သွားလေပြီ။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိသည် နှစ်ရှိုက်စွာအိပ်ပျော်နေသည်။ သူ့ခမျာ သိုင်းလေ့ကျင့်ပေးရခြင်း၊ တရားထိုင်ရခြင်း အနားရသည် မရှိပေ။ ထို့ကြောင့် အိပ်ချိန်၌ နှစ်နှစ်ရှိုက်ရှိုက် အိပ်သည်။

ရုတ်တရက် ...

သူသည် ဆတ်ခနဲ လန့်နိုးသွားလေ၏။

သူ၏နားထဲတွင် စကားသံအချို့ကို ကြားလိုက်ရလေသည်။ သူသည် အတွင်းအားကောင်းသဖြင့် တော်ရုံတန်ရုံ အသံများကြားနိုင်စွမ်းရှိ၏။

ဘုန်းတော်ကြီးကွမ်းကျုံးလွှိမှာ မျက်မှောင်ကုတ်သွားသည်။

"ဟင် ... ဘယ်သူက စကားပြောနေတာပါလိမ့် ... "

သူသည် ယင်းသို့ပြောရင်း ထပ်မံနားစွင့်လိုက်၏။

ထိုအခါ ...

မိန်းကလေးတစ်ယောက်၏ ငိုရှိုက်သံများကို ကြားလိုက်ရသည်။

ထိုအသံများမှာ အိမ်အပြင်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်ကို ဘုန်းတော်ကြီး သိလိုက်သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီမှာ မျက်လုံးပြူးသွားသည်။

"ဒါ ... ဒါ ... ကျူးဝေဝေရဲ့ငိုသံပဲ ... "

သူသည် ယင်းသို့ရေရွတ်ရင်း လဲလျောင်းနေရာမှ ထလိုက်၏။

ထို့နောက် ...

သူသည် သစ်လုံးအိမ်လေးထဲမှ အပြင်ဘက်သို့ထွက်လာခဲ့ကသည်။

ထိုစဉ် ကျူးဝေဝေသည် ဝမ်းနည်းစွာငိုကြွေးနေ၏။

ယွမ်ယိုင်မှာ ဆက်လက်ပုန်းအောင်းမနေနိုင်တော့ပါ။

ဆက်စား ... သို့ကြောင့် ...

သူသည် သစ်ပင်နောက်ကွယ်မှလှမ်းထွက်ရန် ခြေလှမ်းပြင်လေ၏။

ရင်းမှ သို့သော် ...

ရုတ်တရက် ထွက်ပေါ်လာသောအသံတစ်ခုကြောင့် သူ၏ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားသည်။

"ကျူးဝေဝေ ... မင်း မအိပ်သေးဘူးလား ... "

ထိုအသံမှာ ဘုန်းတော်ကြီးကွမ်းကျုံးလွှီ၏စကားသံပင် ဖြစ်သည်။

ထိုစကားသံကြောင့် ယွမ်ယိုင်မှာ သစ်ပင်နောက်ကွယ်မှ

မထွက်ရဲတော့ပေ။ ကံကောင်းပေသည်။

သူ ထွက်၍စကားပြောနေသည်ကို တွေ့သွားလျှင် သူကတိုက်သူ ဖြစ်ရပေတော့မည်။

ကျူးဝေဝေသည် ငိုရှိုက်နေရင်းမှ စကားသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ ...

သူမထံသို့ ဖြည်းလေးစွာ လျှောက်လှမ်းလာနေသော ဘုန်းတော်ကြီး ကွမ်းကျုံးလွှီအား တွေ့မြင်လိုက်ရလေသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက တည်ကြည်လေးနက်သော မျက်နှာဖြင့် ပြောလိုက်၏။

"ကျူးဝေဝေ... မင်း ဒီမှာဘာရပ်လုပ်နေတာလဲ... ဒီလောက်ဆီးနှင်းတွေကျနေတာ အိမ်ထဲကိုဝင်ပြီး သွားအိပ်တော့ ... "

ကျူးဝေဝေသည် ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မ မအိပ်ချင်သေးဘူး ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက လေသံမာမာဖြင့် ...

"မအိပ်ချင်ရင်လည်း အိမ်ထဲမှာပဲနေပါ ... ညသန်းခေါင်ကျော်နေပြီ ... မိန်းကလေးတစ်ယောက်တည်း အပြင်မှာနေဖို့ မသင့်တော်ဘူး ... ဒီလိုအချိန်မျိုးမှာ ဘယ်မိန်းကလေးမှ အပြင်မထွက်ကြဘူး"

ကျူးဝေဝေက ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား မော့ကြည့်လိုက်ပြီး ...

"ကျွန်မ အိပ်နေတာပါ ... ယွမ်ယိုင်ရဲ့သိုင်းလေ့ကျင့်နေသံကြားလို့ ထွက်လာတာပါ ... အခု ... ယွမ်ယိုင်ဟာ ကျွန်မကိုမြင်မှ သစ်ပင်နောက်က အမှောင်ရိပ်ထဲကို ပြေးဝင်သွားပါတယ် ... ရုတ်

တရက်ကြီး သူ အဲဒီလိုစိမ်းသွားတာ ကျွန်မ မနေတတ်ဘူး ... သူ့ကို ခေါ်ပြီး ကျွန်မကို ဘာကြောင့်ရှောင်နေတယ်ဆိုတာ မေးပေးပါ ... ဘုန်းဘုန်း ... "

ကျူးဝေဝေသည် သူမ၏ခံစားချက်များကိုပြောပြလိုက်သည်။

ထိုစကားများကြောင့် ဘုန်းတော်ကြီးကွမ်းကျုံးလို၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

သူ၏မျက်ဝန်းထဲတွင် ယွမ်ယိုဝိုင်၏ညှို့ငယ်သောမျက်နှာလေးအား ပြန်လည်မြင်ယောင်လာသည်။ သူသည် ဤစောတ်လမ်းဌီဒီလိန်ဖြစ်နေရသည်။ တကယ်တော့ အေးချမ်းလှသော ဘုန်းတော်ကြီးသည် ဒီလိန်မလုပ်ချင်ပါ။

"မဖြစ်ပါဘူးလေ ... မီးဆိုတာ မလောင်ခင်က တားတာ အကောင်းဆုံးပဲ ... အခုအချိန်ကတော့ နုနယ်ငယ်ရွယ်တဲ့အရွယ်တွေဆိုတော့ အချစ်ကိုပဲ ဦးစားပေးတာပေါ့ ... အရွယ်ရောက်လာတော့ နားလည်လာမှာပါ ... "

သူသည် ယင်းသို့ စိတ်ထဲမှ စဉ်းစားလိုက်၏။

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလို့က သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်လေ၏။

"အင်း ... ကျူးဝေဝေ ... မင်း ဘာမှနားမလည်သေးပါဘူး အခြေအနေတွေ နားလည်လာတဲ့တစ်နေ့မှာ မင်း ယွမ်ယိုဝိုင်ကို နားလည်ပေးနိုင်မှာပါ ... "

ကျူးဝေဝေသည် တိတ်ဆိတ်သွားသည်။

သူမရင်ထဲ၌ ယွမ်ယိုဝိုင်နှင့်ပတ်သက်၍ မည်သို့မျှနားမလည်

နိုင်သေးချေ။

ဘုန်းတော်ကြီးကွမ်းကျုံးလို့က သူမအား စေ့စေ့ကြည့်လိုက်ပြီး စကားဆက်လို၏။

"ကဲ ... ကဲ ... ညဉ့်နက်လှပြီ ... မင်းလည်း သွားအိပ်တော့"

ကျူးဝေဝေမှာ မတတ်နိုင်တော့ပါချေ။

သူမဆည် သက်ပြင်းမောတစ်ချက်ကို ချလိုက်မိ၏။

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလို့အား ဦးညွှတ်ဂါရဝပြု၍ သစ်လုံးအိမ်လေးဆီသို့ ပြန်လည်လျှောက်လှမ်းသွားလေတော့သည်။

လမင်းသည် ထိန်ထိန်သာနေသော်လည်း သူ့အလင်းရောင်ကိုတော့ ချီဖန်တောင်ပေါ်သို့ ချမပေးနိုင်ပါ။

လရောင်အောက်တွင် ဘုန်းတော်ကြီးကွမ်းကျုံးလို့သည် ငြိမ်သက်စွာရပ်နေမိ၏။

သူ၏နားထဲတွင် ယွမ်ယိုဝိုင်၏ကတိစကားသံများကိုသာ ပြန်လည်ကြားယောင်နေမိသည်။

အတန်ကြာမှိုင်နေပြီးမှ ...

သူသည် သတိဝင်လာသည်။

ထိုအခါ ...

ဘုန်းတော်ကြီးကွမ်းကျုံးလို့သည် လူတစ်ဖက်စာခန့်ရှိသော သစ်ပင်ကြီးဘက်သို့လှည့်ပြောလိုက်သည်။

"ယွမ်ယိုဝိုင် ... ကျူးဝေဝေ ပြန်သွားပြီ ... မင်း ထွက်လာလို့ ရပါပြီ ... "

ထိုအခါမှ ယွမ်ယိုဝိုင်သည် ပုန်းအောင်းနေရာမှ ဖြည်းလေး

စွာ ထွက်လာ၏။

ယွမ်ယိဝိုင်၏မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များဖြင့် ပြည့်လျှံနေသည်ကို သူတွေ့မြင်လိုက်ရသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွိမ်မှာ စိတ်မကောင်းဖြစ်သွားမိသည်။

သူသည် ယွမ်ယိဝိုင်အား သနားကြင်နာစွာ နိုက်ကြည့်ပြီး ပြောလိုက်လေ၏။

"ယွမ်ယိဝိုင် ... မင်းဟာ အလွန်စိတ်သဘောထားမြင့်မြတ်တဲ့သူပဲ ... ကိုယ့်ချစ်သူကို ကောင်းစေချင်လို့ စွန့်လွှတ်အနစ်နာခံတဲ့စိတ်ဟာ အမွန်မြတ်ဆုံးပဲ ... ကဲ ... ညဉ့်နက်လှပြီ ... မင်းလည်း နေက်မိုးလင်းတာနဲ့ ရေခပ်ရဦးမယ် ... ဒါကြောင့် ... အိပ်လိုက်တော့ ဘာမှစဉ်းစားမနေနဲ့ ... "

ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် သူ၏ရှေ့မှ ထွက်ခွာသွားလေတော့သည်။

... ...

အိမ်မက်ဓိမ်း

●၁၉၅

အခန်း (၁၂)

ကြွားစိတ်ဝါး

ချိုဖန်တောင်၏ရာသီဥတုမှာ ဆိုးရွားလှပေသည်။ ဆောင်းဥတုဆိုလျှင် အဆိုးဝါးဆုံးဖြစ်၏။

အရိုးကွဲအောင် အေးစိမ့်လွန်းလှသော မြောက်ပြန်လေအေးက တသုန်သုန်တိုက်ခတ်သဖြင့် ဤသို့ ဆိုးဝါးခြင်းဖြစ်သည်။

ဤမျှ ဆိုးရွားလှသော ရာသီဥတုကို အံတုရ၍ ယွမ်ယိဝိုင်သည် ထိုနေရာတွင်ပင် ရပ်ရှိနေလေသည်။

လေထဲမှရေခဲစရေခဲဖတ်များသည် သူ၏မျက်နှာအား ဓားသွားပမာ ထိုးဆွနေလေ၏။

သို့သော် ထိုဆိုးဝါးသောရာသီဥတုသည် လူသားဖြစ်သည့် ယွမ်ယိဝိုင်ကို မည်သို့မျှ အနိုင်မယူနိုင်သလို ဖြစ်နေသည်။

ယွမ်ယိဝိုင်မှာ မတုန်မလှုပ် ကျောက်ရုပ်ဖြစ်နေ၏။

သူ၏နှလုံးသားထဲမှ နာကျင်ကြေကွဲမှုမှလွဲ၍ မည်သည့်ခံစားမှုမျှ မခံစားရတော့ပေ။

သူ၏အင်္ကျီပေါ်တွင် ဆီးနှင်းဖတ်များ ကပ်ငြိနေလေသည်။

သူ၏ပါးပြင်ပေါ်သို့ မှုန်းသောမျက်ရည်စီးကြောင်းနှစ်ခု စီးဆင်းလာသည်။

ယွမ်ယိဝိုင်မှာ မတ်တတ်ရပ်နိုင်စွမ်းမရှိတော့ပါ။

သူသည် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသော မြေပြင်ပေါ်သို့ ဒူးထောက်ကျသွားလေတော့သည်။

ယွမ်ယိဝိုင်သည် ကြေကွဲစွာငိုရှိုက်နေ၏။

သူ၏နှလုံးသားမှာလည်း တဆစ်ဆစ်နာကျင်နေသည်။

ဆိုးရွားလွန်းလှသော ကံကြမ္မာသည် မည်သည့်အတွက်ကြောင့် သူ့အတွက်ဖြစ်ခဲ့ရပါသနည်း။

မဖြစ်နိုင်သောဘဝအခြေအနေမှ ချစ်သူနှင့်တွေ့ဆုံခဲ့ရ၏။ ကိုချစ်သူသည် ဘုရားရှင်ဖြစ်နေသည်။

လက်ရှိအခြေအနေကို သူ မကျော်လွှားနိုင်ပေ။

ထို့ကြောင့် ...

ဖြစ်လာသမျှကို လက်ခံရန်သာရှိတော့သည်။

မတူညီသောဘဝနှစ်ခုသည် ပေါင်းစပ်ခွင့်မရှိနိုင်ပေ။

အရွယ်အစားမတူသော အဝိုင်းနှင့်လေးထောင့်ကို မည်သို့မျှ ထပ်တူညီအောင် မပြုနိုင်ပေ။

ထိုအချက်ကို သူ လက်ခံရတော့မည်ဖြစ်၏။ ထိုစဉ် ...

အရှေ့ဘက်မိုးကုတ်စက်ဝိုင်းဆီမှ ရောင်နီတချို့သည် နှင်းကန့်လန့်ကာကို ကြိုးစားပန်းစား ဖောက်ထွင်းလာသည်။

နံနက်ခင်း၏ရောင်နီကို သူ မြင်တွေ့နေရပြီ မဟုတ်ပါလား။

ယနေ့တစ်ညလုံး သူ ငိုကြွေးနေခဲ့သည်ကို ကျူးဝေဝေ အမ်ယောက် သိနိုင်ပါမည်လော။

နံနက်ခင်း ... ။

နေရောင်ခြည်သည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော မြူနှင်းထုကို ဖောက်ထွင်းနိုင်စွမ်း မရှိသေးချေ။

ထို့ကြောင့် ...

ည၏အမှောင်ထုက ကျန်ရှိနေသေးသည်။ နှင်းကန့်လန့်ကာလွှမ်းခြုံထားဆဲရှိသေးသည်။

ယွမ်ယိဝိုင်သည် နှင်းတောထဲတွင် ဒူးထောက်ထိုင်နေရာမှ ဖြည်းလေးစွာ ထလိုက်၏။

တစ်ညလုံး မအိပ်စက်ခဲ့ရသည့် မျက်လုံးအစုံမှာ ကျိန်းစပ်နေသည်။

သို့သော် ... သူတွင် အိပ်စက်ရန် အချိန်မရှိပါ။

တောင်အောက်သို့ ရေသွားခပ်ရန် တာဝန်ရှိသေးသည် မဟုတ်ပါလော။

နေရောင်ခြည်ထွက်ပေါ်မလာခင် သူ တောင်အောက်သို့ ရောက်မှဖြစ်မည်။

သစ်လုံးအိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေဆဲပင်။

အိမ်ထဲမှလူများသည် အိပ်မောကျနေဆဲဖြစ်ဟန်တူ၏။

ယွမ်ယိဝိုင်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် ...

သူသည် ရေခပ်ရန် ဝါးဆစ်ဘူးများကိုယူ၍ တောင်တက်လမ်းကလေးအတိုင်း ဖြည်းလေးစွာ ဆင်းလာခဲ့လေတော့သည်။

ထိုအခါ၌ ...

သူ၏နောက်ဆီမှ တစ်စုံတစ်ယောက်က တိတ်တဆိတ်

လိုက်ပါလာသည်ကို ယွမ်ယိဝိုင်တစ်ယောက် မသိခဲ့ပါချေ။

ယွမ်ယိဝိုင်သည် တောင်ဆင်းလမ်းအတိုင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာခဲ့၏။

မကြာမီမှာပင် ... တောင်ခြေသို့ ရောက်ရှိလာခဲ့သည်။ ဤလမ်းမှာ သူသွားနေ ကျ လမ်းဖြစ်သဖြင့် မျက်စိမှိတ်၍ သွားလာနိုင်သည်။

တောင်ခြေသို့ရောက်ရှိလာသောအခါ နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံထားပြီဖြစ်သည်။

နှင်းမြူများမှာ လွင့်ပါးစပြုပြီဖြစ်သည်။

ယွမ်ယိဝိုင်သည် စမ်းချောင်းရှိရာသို့ ဆက်လက်လျှောက်လာခဲ့၏။

နံနက်ခင်း၏ တေးသံသာများကို သီဆိုသကဲ့သို့ အော်ဟစ်မြည်ကြွေးနေသော ငှက်ကလေးများ၏အသံမှာ ကြားရသူ၏ရင်ကို ကြည်လင်အေးမြစေလေသည်။

သို့သော် ...

ယွမ်ယိဝိုင်မှာမူ ငှက်ကလေးများ၏အော်မြည်သံကို ကြားရသောအခါ လွမ်းမောမှုဝေဒနာကို ပို၍ခံစားနေရလေတော့သည်။

သူသည် သက်ပြင်းရှည်တစ်ချက်ကိုချ၍ ကျောက်တုံးလမ်းကလေးအတိုင်း ဆက်လျှောက်လာ၏။

မကြာမီ ... အလွန်ကြည်လင်အေးမြနေသော စမ်းချောင်းငယ်လေးအား မြင်တွေ့ရိုက်ရသည်။

စမ်းချောင်းငယ်လေးမှာ လှပစွာကွေ့ဝိုက်၍ စီးဆင်းနေသည်။ စမ်းချောင်းလေး၏နံဘေးတွင် နှင်းပန်းပင်များ ဝေဝေဆာဆာ

ပွင့်ဖူးနေသည်။

မြောက်ပြန်လေအဝှေ့တွင် နှင်းပန်းပွင့်များ၏ သင်းပျံ့မွှေးကြိုင်သောရနံ့ကို ရှူရှိုက်လိုက်မိ၏။

ကျူးဝေဝေ ကြိုက်နှစ်သက်ခဲ့သော နှင်းပန်းပွင့်များပင် မဟုတ်ပါလား။

နှင်းပန်းပွင့်များသည် သူ၏စိတ်ကို လှုပ်ရှားစေလေသည်။

အတယ်ကြောင့်ဆိုသော် ...

သူ သိပ်ချစ်ရသော ကျူးဝေဝေမှာ နှင်းပန်းပွင့်လေးတစ်ပွင့်ပမာ ဖြူစင်လှပသောကြောင့်ပင်တည်း။

သူ၏မျက်ဝန်းထဲတွင် ကျူးဝေဝေ၏ ခံ့ရိပ်များကိုသာ မြင်ယောင်နေမိသည်။

ယွမ်ယိဝိုင်သည် ဦးခေါင်းကို ဖြည်းလေးစွာခါယမ်းလိုက်၏။

ထို့နောက် ...

သူသည် စမ်းချောင်းအတွင်းမှ ရေများကို ဝါးဆစ်ဘူးဖြင့် ခပ်ရန် ပြင်လေ၏။

ရုတ်တရက် ...

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ...

ကြည်လင်နေသော စမ်းချောင်းရေပြင်ပေါ်၌ ကျူးဝေဝေ၏ မျက်နှာလေးအား ဝိုပြဝိထင်ရှားစွာ တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

ယွမ်ယိဝိုင်မှာ မှင်တက်စွာငေးကြည့်နေမိသည်။

အတန်ကြာမှ ...

ထိုဇာဉ် ... ကျူးဝေဝေ၏စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ယွမ်ယိုင် ... "

ဤအစီကြိမ်တွင် သူမ၏အသံသည် တိုန်ယင်လှိုက်လဲနေသည်။ ထို့ကြောင့် ... ယွမ်ယိုင်၏ခြေလှမ်းအစုံမှာ တုန့်ခနဲရပ်တန့်သွားလေတော့သည်။

သို့သော် ... သူသည် ကျူးဝေဝေအား လှည့်မကြည့်မိချေ။ သူကိုယ်သူ ထိန်းနိုင်မည်ကို သူ စိုးရိမ်သည်။

ဇာစဉ် ... ကျူးဝေဝေသည် သူ့ဆီသို့ လျှောက်လာပြီး မျက်နှာချင်းဆိုင်ရစ်တန့်လိုက်၏။

ဝူမ၏ရွှန်းလက်တောက်မသော မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။ ယွမ်ယိုင်၏ရင်ထဲ၌ နာကျင်သွားမိသည်။

သူသည် ကျူးဝေဝေအား တစ်ချက်ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"ကျူးဝေဝေ ... မင်း သိုင်းပညာမလေ့ကျင့်ဘူးလား ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"မလေ့ကျင့်ဘူး ... "

ယွမ်ယိုင်က သူမအားကြည့်၍ စကားဆက်လိုက်၏။

"မင်း ... ဒီနေရာကို ဘယ်လိုလိုက်လာတာလဲ ... မင်းကို ဘုန်းဘုန်းက လိုက်ခွင့်ပြုလိုက်တာလား ... "

ကျူးဝေဝေက မချိပြုံးပြီးလိုက်၏။

"ကျွန်မ ရှင့်ကို တွေ့ချင်လွန်းလို့ တစ်ညလုံး မအိပ်ဘဲစောင့်နေတော့ ... ရှင် ထွက်လာတာနဲ့ ဘုန်းဘုန်းမသိအောင် ထွက်လိုက်လာ

သူသည် သတိဝင်လာပြီး ...

"ငါ့စိတ် စွဲနေလို့ ဖြစ်မှာပါ ... "

ယွမ်ယိုင်သည် ယင်းသို့ တီးတိုးရေရွတ်ရင်း ကြည်လင်နေသော ရေပြင်အား ထပ်မံကြည့်လိုက်ပြန်သည်။

ဤတစ်ကြိမ်တွင်လည်း ကျူးဝေဝေ၏ရုပ်သွင်က ရေပြင်ပေါ်တွင် ပျောက်ပျက်သွားခြင်း မရှိပါချေ။

ယွမ်ယိုင်သည် နောက်သို့ ချာခနဲလှည့်၍ကြည့်လိုက်၏။

"ဟင် ... ကျူးဝေဝေ ... "

သူ၏စကားသံသည် အထိတ်တလန့်ဖြင့်ထွက်ပေါ်လာသည်။

ကျူးဝေဝေသည် သူ့အား ရီဝေသောမျက်လုံးအစုံဖြင့်စိုက်ကြည့်နေသည် မဟုတ်ပါလား။

သူမသည် ယွမ်ယိုင်အား ကြောက်စွာစိုက်ကြည့်နေသည်။

ယွမ်ယိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူသည် လျင်မြန်စွာ မတ်တတ်ရပ်လိုက်ပြီး ဝါးဆစ်ဘူးများကို ကြိုးဖြင့်ဆွဲ၍ ထွက်ခွာရန်ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် ...

ကျူးဝေဝေ၏ဟန့်တားသံ ထွက်ပေါ်လာသည်။

"ခဏနေဦး ယွမ်ယိုင် ... "

ယွမ်ယိုင်၏ရင်ထဲ၌ နှလုံးသားသည် တထိတ်ထိတ်ခုန်နေ၏။

သူသည် နောက်သို့လုံးဝလှည့်မကြည့်ချေ။

ဝါးကျည်တောက်များကိုဆွဲ၍ ရှေ့သို့သာဆက်၍ လျှောက်နေမိသည်။

ကျူးဝေဝေက ဝမ်းနည်းကြေကွဲစွာဖြင့် မေးလိုက်၏။

ယွမ်ယိဝိုင်သည် ကျူးဝေဝေ၏မျက်နှာလေးအား ငေးကြည့်လိုက်သည်။ အတန်ကြာမှ ... သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး

"မင်းနဲ့ ကျုပ်ရဲ့ဘဝဟာ မတူညီဘူးလေ ... ဒီအချက်ကို သိလိုက်ရတဲ့အချိန်ကစပြီး ကျုပ် မင်းနဲ့ ဝေးဝေးမှာနေခဲ့တာပါ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားသည်။

သူမသည် ယွမ်ယိဝိုင်အား အံ့သြစွာမော့ကြည့်ရင်း ...

"ရှင် ... ရှင် ဘာပြောလိုက်တာလဲ ... ကျွန်မရဲ့မေဖွာတရားကိုစော်ကားတာလား ... ကျွန် ... ကျွန်မ ရှင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ ရှင်သိဖို့ကောင်းပါတယ် ... "

သူမ၏စကားသံတွင် ငိုရှိုက်သံများရောယှက်ပါဝင်နေလေ၏။

ယွမ်ယိဝိုင်သည် သူမအား စူးစိုက်ကြည့်လိုက်မိ၏။

သူ၏ခန္ဓာကိုယ်မှာ အကြီးအကျယ်တုန်ခါသွားသည်။

အဘယ်ကြောင့်ဆိုသော် ...

ကျူးဝေဝေ၏လှပသောမျက်ဝန်းအိမ်ထဲတွင် မျက်ရည်များတသွင်သွင်စီးဆင်းနေသည် မဟုတ်ပါလား။

ယွမ်ယိဝိုင်မှာ ဝေဒနာကို ဆက်လက်သည်းမခံနိုင်တော့ပေ။

ထို့ကြောင့် ... သူသည် လက်ထဲတွင် ဆွဲထားသောဝါးဆစ်ဘူးများကိုချကာ ကျူးဝေဝေ၏ပခုံးနှစ်ဘက်အား လက်နှစ်ဘက်နှင့် ညင်သာစွာဆုပ်ကိုင် ထားလိုက်၏။

"ကျူးဝေဝေ ... မင်း မငိုပါနဲ့ ... ကျုပ် မင်းမျက်ရည်တွေကို မကြည့်ရဲဘူး ... "

တာပါ ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်မှာ မျက်လုံးပြူးသွားသည်။

သူသည် ကျူးဝေဝေအား အံ့သြစွာကြည့်၍ မေးလိုက်၏။

"မင်း ကျုပ်ကို တစ်ညလုံးမအိပ်ဘဲစောင့်နေတယ် ဟုတ်လား ... ကျုပ် အစောကြီးထွက်လာမယ်ဆိုတာ သိလို့လား ... "

ကျူးဝေဝေ၏မျက်နှာလေးမှာ ညှိုးနွမ်းသွားလေသည်။

သူမသည် ဦးခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်၏။

"သိတာပေါ့ ... ရှင် ကျွန်မကို ရှောင်ထွက်ဖို့ မနှလုံးတာနဲ့ သစ်လုံးအိမ်လေးထဲက ထွက်သွားမယ်ဆိုတာ ကျွန်မ ကြိုတင်သိနေတာပေါ့ ... "

သူ၏စကားကြောင့် ယွမ်ယိဝိုင်၏ရင်ထဲတွင် နှင့်နဲ့ခံစားလိုက်ရသည်။ သို့သော် ... သူ၏နှုတ်မှ မည်သည့်စကားမျှမထွက်ပါချေ။

ကျူးဝေဝေသည် သူ့အားမော့ကြည့်ပြီး မေးလိုက်သ၏။ သူ့မ၏အသံက တုန်ယင်လျှိုက်လဲနေသည်။

"ရှင် ... ရှင် ကျွန်မကို ဘာဖြစ်လို့ ရှောင်နေရတာလဲ "

ယွမ်ယိဝိုင်မှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျူးဝေဝေက ထပ်မေးလိုက်၏။

"ပြောလေ ... ရှင်ဘာဖြစ်လို့ ကျွန်မကို ရှောင်နေတာ "

သူ၏စကားသံမှာ တုန်ယင်လျှိုက်လဲနေသဖြင့် ယွမ်ယိဝိုင် တစ်ကိုယ်လုံးတုန်ရွံ့ပ်လာသည်။ ယွမ်ယိဝိုင်၏နှလုံးသားအား ဖြင့် ထိုးဆွသကဲ့သို့ နာကျင်လွန်းလှသည်။

"ဖြေပါ ... ရှင့်မှာ ကျွန်မကို စကားပြောချင်စိတ် မရှိတော့ဘူးလား ... "

ကျူးဝေဝေက သူ့အားမေ့ကြည့်လိုက်ပြီး ပြောရှာလေ၏။

"ကျွန်မ မျက်ရည်တွေကိုမမြင်ရဲရင် ကျွန်မ စိတ်ညစ်အောင် မလုပ်ပါနဲ့ ယွမ်ယိုင် ... "

ယွမ်ယိုင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကျုပ် မင်းကို စိတ်မညစ်စေချင်ပါဘူး ... ဒါပေမယ့် ... အခြေအနေက ... "

ကျူးဝေဝေက အားမလိုအားမရ ဝမ်းနည်းကြေကွဲစွာဖြေသည်။

"ရှင်တော်တော်ရက်စက်တဲ့သူပဲ ... ကျွန်မရဲ့ခံစားချက်ကို တကယ်နားမလည်လို့လား ... ကျွန်မကဖြင့် ရှင့်ကိုလွမ်းလိုက်ရတာ၊ ရှင်ကတော့ သူစိမ်းဆန်လိုက်တာ ... "

ထိုစကားကြောင့် ယွမ်ယိုင်၏ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရသည်။ ယခု ... သူတွင် ဆက်လက်ဟန်ဆောင်ခိုင်စွမ်း မရှိတော့ပါချေ။ သူသည် ကျူးဝေဝေ၏ ခန္ဓာကိုယ်လေးအား ရင်ခွင်ထဲသို့ ဆွဲသွင်းကာ တင်းကျပ်စွာပွေ့ဖက်ထားလိုက်မိသည်။ ထို့နောက် ...

ယွမ်ယိုင်သည် တိုးညင်းသောလေသံဖြင့် ...

"ကျူးဝေဝေ ... မင်းရင်ထဲက ခံစားမှုကို ကျုပ် သိပါတယ်ဗျာ ... ကျုပ်ရင်ထဲက ခံစားချက်ကိုကော မင်း သိရဲ့လား ... "

ကျူးဝေဝေက နှုတ်ဆိတ်နေသည်။

သူမသည် ယွမ်ယိုင်အား ရွှန်းလဲ့သောမျက်လုံးအစုံဖြင့်သာငေးစိုက်ကြည့်နေ၏။ သို့သော် မျက်ရည်များကတော့ အပြည့်ပါပေ။

ယွမ်ယိုင်က သူမ၏မျက်နှာလေးအား စူးစိုက်စွာကြည့်ရင်းမှ ...

"ကျုပ် မေးနေတာဖြေပါဦး ... ကျုပ်ရင်ထဲက ခံစားမှုကို မင်းသိရဲ့လား ... "

ထိုအခါ ...

ကျူးဝေဝေ၏မျက်နှာလေးမှာ ဝင်းလက်တောက်ပသွားလေသည်။ သူမက မျက်ရည်များကို လက်ဖြင့်သုတ်လိုက်၏။

ထို့နောက် ...

သူမသည် ယွမ်ယိုင်အား မျက်စောင်းထိုးလိုက်ပြီး ချစ်စဖွယ်ပြန်ပြောလေ၏။

"ရှင့်ခံစားချက်ကို ကျွန်မ ဘယ်သိမလဲ ... "

ကျူးဝေဝေမှာ စိတ်ဆိုးဟန်ဆောင်နေခြင်းဖြစ်သည်။

ယွမ်ယိုင်က ပြုံးလိုက်သည်။

သူက ခေါင်းညိတ်ပြီးပြောလိုက်လေ၏။

"ဟုတ်လား ... ဒါဆို မင်းက ညံ့တာပေါ့ ... "

ထိုအခါ ...

ကျူးဝေဝေမှာ သူ့အား မကျေမနပ်ဖြင့်ကြည့်၍ ...

"ကျွန်မက ဘာညံ့လို့လဲ ... "

ယွမ်ယိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

သူသည် ကျူးဝေဝေအား ဝိုမိုတင်းကျပ်စွာဖက်ထားလိုက်ပြီး ...

"ကျုပ်ကတောင် မင်းရင်ထဲကဆန္ဒကိုသိလို့ အခုလိုဖက်ထားတာ ... မင်းက ကျုပ်ရင်ထဲကဆန္ဒကို မသိဘူးဆိုတာက မင်းကညံ့လို့ပေါ့ ... "

ဟု ပြောလိုက်လေ၏။

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာမှာ နီရဲသွားသည်။

"ဟင်း ... ဘာတွေလာပြောနေတာလဲ ... "

သူမသည် ယင်းသို့ပြောရင်းမှ ရုန်းကန်၍ ယွမ်ယိဝိုင်၏ရင်ခွင်ထဲမှ ထွက်ရုန်ဟန်ပြင်လိုက်၏။

သို့သော် ... သူမ၏ရုန်းကန်မှုက အင်အားမပါသော ရုန်းကန်မှုမျိုးဖြစ်လေသည်။

ယွမ်ယိဝိုင်ကု သူမအား စိုက်ကြည့်ပြီး လေးနက်စွာပြောလေ၏။

"ကျူးဝေဝေ ... မင်းကို ကျုပ်သိပ်ချစ်တယ် သိလား ... "

ကျူးဝေဝေက သူ့အားမျက်စောင်းထိုး၍ ကြည့်လိုက်သည်။

"သွားပါ ... အခုမှ အဝိုတွေဆွဲပြမနေပါနဲ့ ... "

ယွမ်ယိဝိုင်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က အဝိုတွေပြောနေတာ မဟုတ်ပါဘူး ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားလေ၏။

"ဒါဖြင့် အစက ဘာဖြစ်လို့ ကျွန်မကိုရှောင်နေတာလဲ ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်၏မျက်နှာမှာ ညှိုးငယ်သွားလေသည်။

သူသည် သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်လေ၏။ ဒီအကြောင်းကို သူမပြောချင်ပေ။

"မင်းကို ကျုပ်က သက်သက်ရှောင်ချင်လို့ ရှောင်တာမှ မဟုတ်တဲ့ ... မင်းရဲ့ဘဝအခြေအနေနဲ့ ကျုပ်ရဲ့ဘဝအခြေအနေ မတူညီလို့ပါ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေမပြောပါနဲ့ရှင် ... ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရားမှာ ဝုဏ်ပကာသနတွေ လုံးဝရောစွက်စရာ မလိုပါဘူး ... တစ်ဦးကို တစ်ဦး အသက်ထက်ဆုံး ချစ်ခင်သွားဖို့က အရေးအကြီးဆုံး ... "

ယွမ်ယိဝိုင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့်

"ကျုပ် မင်းကို အသက်ထက်ဆုံး ချစ်နေမှာပါ ... မင်းသာကသာ ပြောင်းလဲမသွားပါနဲ့ ... "

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျွန်မကလည်း ဘယ်တော့မှ မပြောင်းလဲဘူး ... ကျွန်မအသက်သေဆုံးသည်အထိ ရှင့်ကိုချစ်နေမယ် ... ကဲ ... ဒါဆိုရင် ဘာလိုသေးလဲ ... ကျွန်မတို့နှစ်ယောက်အတွက် ပြည့်စုံသွားပြီပဲ ... "

ယွမ်ယိဝိုင်က ညှိုးငယ်သောမျက်နှာဖြင့် ...

"အခုစ်ိုရင် ကျုပ်ဘဝကတော့ ပြည့်စုံသွားပြီပဲ ... ဒါပေမယ့် မင်းအဖေ မြို့စားကြီး ကျူးထိုက်ဖုန်းက ကျုပ်ကိုလက်ခံပါ့မလား"

ထိုစကားကြောင့် ကျူးဝေဝေမှာ တွေဝေသွားသည်။

အတန်ကြာမှ ...

သူမသည် သက်ပြင်းတစ်ချက်ချပြီး ဝမ်းတိုးတိုးပြောသည်။

"ဒီကိစ္စကိုတော့ ဖေဖေ့ကို အေးအေးဆေးဆေးပြောပြရင် လက်ခံလာမှာပါ ... ရှင်က ဂုရုထက်မြက်ပြီး ထူးချွန်တဲ့သိုင်းသမားတစ်ယောက်ပဲ ... ရှင်က ကြိုးစားပါ ... ရှင်သာ သိုင်းလောကရဲ့တိမ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာခဲ့ရင် ဖေဖေက ရှင့်ကို သဘောမတူစရာအကြောင်း မရှိပါဘူး ... "

ယွမ်ယိဝိုင်က တိတ်ဆိတ်စွာ နားစွင့်နေသည်။

အတန်ကြာမှ ...

သူက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွပ် သိုင်းလောကမှာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ရင်လည်း မင်းအဖေက သဘောတူနိုင်မှာ မဟုတ်ပါဘူး ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွား၏။

သူမသည် နားမလည်သောမျက်လုံးအစုံဖြင့် ယွမ်ယိုင်အား ကြည့်ရင်း မေးလိုက်လေ၏။

"ဘာဖြစ်လို့လဲ ... "

သူမ၏အမေးကြောင့် ယွမ်ယိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

သူသည် ဟုန်ကျန်းနယ်မှ တထွန်လူမျိုးတစ်ယောက်မဟုတ် ပါလား။

ထို့ကြောင့် ...

လူမျိုးရေးဝါဒစွဲကြီးလှသော မြို့စားကြီးကျူးထိုက်ဖုန်းမှာ သမီးဖြစ်သူနှင့် သူ့အား သဘောတူနိုင်မည် မဟုတ်ပါ။ သူကလည်း ဟုန်ကျန်းမှ ဟုန်ကျန်းဖြစ်နေသူ ဖြစ်နေသည်။

ထို့ကြောင့် ...

ကျူးဝေဝေကလည်း သူ့အား လက်ခံနိုင်ပါမည်လား။

ထိုသို့စဉ်းစားမိရင်း ယွမ်ယိုင်သည် ရင်ထဲတွင် မောပန်း နွမ်းနယ်လာသည်။

သူသည် သက်ပြင်းရှည်တစ်ချက်ကိုသာ ချလိုက်ရလေ၏။

ကျူးဝေဝေမှာ နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ရှင် ဘာဖြစ်နေတာလဲ ... "

"ကျွပ် ဘာမှမဖြစ်ပါဘူး ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ခုနက ရှင်ပြောလိုက်တဲ့စကားအဓိပ္ပာယ်က ဘာလဲ ... ရှင် သိုင်းလောကမှာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ရင်လည်း ကျွန်မအဖေက သဘောတူနိုင်မှာ မဟုတ်ဘူးဆိုတာ ဘာဖြစ်လို့လဲ... ကျွန်မ နားမလည်ဘူး ... "

ထိုအခါ ...

ယွမ်ယိုင်မှာ မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ သူ အပြောရခက်နေသည်။

သူသည် ဟုန်ကျန်းနယ်သား ဖြစ်နေသည်ကို ပြောရခက်နေ သည်။

ကျူးဝေဝေက သူ့အားစေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

"ရှင်နဲ့ကျွန်မဟာ အရင်းနှီးဆုံးလူနှစ်ယောက်ပဲ ... ဒါကြောင့် ရှင့်မှာအခက်အခဲရှိရင်ပြောပါ ... ကျွန်မ ကူညီဖြေရှင်းပေးဖို့ အသင့်ပါ ပဲ ... "

ယွမ်ယိုင်က 'သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကျွပ်ပြောလိုက်ရင် မင်းလက်ခံနိုင်မှာ မဟုတ်ပါဘူး"

ကျူးဝေဝေမှာ ခေါင်းညိတ်လိုက်၏။

"ပြောသာပြောပါ ... ကျွန်မ လက်ခံနိုင်အောင် ကြိုးစားမှာ ပါ ... "

ယွမ်ယိုင်က သူမအား စူးစိုက်ကြည့်လိုက်၏။

"ဒီစကားပြောလိုက်လို့ မင်း ကျွပ်ကို မုန်းသွားမယ်ဆိုရင် ကျွပ် ခံစားနိုင်မှာ မဟုတ်ဘူး ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မ ရှင့်ကို အသက်ထက်ဆုံး ချစ်နေမယ်လို့ ပြောပြီးသားပဲ ... ရှင့်မှာ ဘာအပြစ်ရှိရှိ ... ကျွန်မ ခွင့်လွှတ်မှာပါ ... "

ထိုစကားကြောင့် ယွမ်ယီဝိုင်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ထို့နောက် သူသည် ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ကျွပ်ဟာ ဟုန်ကျန်းနယ်က တထျန်လူမျိုးတစ်ယောက် ဆိုရင် ဧင်းလက်ခံမှာလား ... "

ထိုစကားကြောင့် ကျူးဝေဝေ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။ အကြီးအကျယ်တုန်လှုပ်သွားသည်။

သူမသည် ယွမ်ယီဝိုင်၏ရင်ခွင်ထဲမှ လျင်မြန်စွာဂျန်းထွက်လိုက်ပြီး ယွမ်ယီဝိုင်အား အံ့သြထိတ်လန့်စွာဖြင့် ကြည့်လေ၏။

"ရှင် ... ရှင်က ဟုန်ကျန်းနယ်က တထျန်လူမျိုးတစ်ယောက်ပေါ့လေ ... "

သူမက မယုံကြည်နိုင်စွာဖြင့် မေးလိုက်လေ၏။

ယွမ်ယီဝိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျွပ်ဟာ ဟုန်ကျန်းနယ်သားတစ်ယောက် ... ကျွပ်အဖေဟာ ဟုန်ကျန်းနယ်စားကြီးရဲ့ ရဲမက်တစ်ယောက်ပေါ့ ... ဘိုကိုးဘုနယ်တိုက်ပွဲမှာ ကျွပ်အဖေဟာ ဝိုက်ဟူနယ်က ရဲမက်ဟောင်းလက်ချောက်နဲ့ သေဆုံးသွားခဲ့ရတယ် ... ကျွပ်အမေဟာလည်း ကျွပ်ငါးနှစ်သားမှာ သေဆုံးခဲ့တယ် ... ဒါကြောင့် ... ဘုန်းတော်ကြီးကွမ်းကျူးလွှိက ကျွပ်ကို ငါးနှစ်သားဘဝကနေ ပါလာပြုမွေးစားခဲ့တာပါ ... "

ကျူးဖေဝေမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဒီ ... ဒီအကြောင်းတွေ ရှင်ဘာဖြစ်လို့ ကျွန်မကို စောစောက မပြောတာလဲ ... "

ယွမ်ယီဝိုင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"မင်းအဖေ မြို့စားကြီးကျူးထိုက်ဖုန်းဟာ ဟုန်ကျန်းတွေကို အလွန်မုန်းတီးတဲ့ လူတစ်ယောက်လို့ ကျွပ် ကြားသိခဲ့ရတယ် ... ဒါကြောင့် ... ကျွပ်လို ဟုန်ကျန်းကလူနဲ့ မင်းနဲ့ ချစ်ခင်နှစ်သက်နေကြတယ်ဆိုရင် မင်းအဖေက ကျွပ်ကိုသတ်မှာပဲ ... အဲဒါကြောင့် ... ဘုန်းတော်ကြီးကွမ်းကျူးလွှိက ကျွပ်ဟာ ဟုန်ကျန်းနယ်သားတစ်ယောက်ဖြစ်ကြောင်း ... မင်းတို့ကို မပြောပြဖို့မှာထားပါတယ် ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ်လေ ... ဒီကိစ္စကို အစကတည်းက ရှင့် ပြောပြသင့်တာပေါ့ ... ဒါမှ ကျွန်မလည်း တစ်ခုခုကို ဆုံးဖြတ်နိုင်ခဲ့မှာ ... "

ယွမ်ယီဝိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒီကိစ္စဟာ ပြောပြသင့်တဲ့ကိစ္စတစ်ခုမှန်း ကျွပ် နားလည်ပါတယ် ... ဒါပေမယ့် ... မင်းအဖေဟာ ကျွပ်လို ဟုန်ကျန်းသားတစ်ယောက်မပြောနဲ့ ... ကျွပ် ချီဖန်တောင်မှာ ရှိနေတယ်ဆိုတာတောင် သူ မသိဘူး ... ဘုန်းတော်ကြီးကွမ်းကျူးလွှိကပြောတော့ မြို့စားကြီးကျူးထိုက်ဖုန်းဟာ သူ့သမီးနဲ့ ရွယ်တူသူစိမ်းယောကျ်ားလေးတစ်ယောက် ချီဖန်တောင်မှာရှိနေတာ သိသွားရင် ... သူ့သမီးကို ချက်ချင်းပြန်ခေါ်သွားမှာပဲတဲ့ ... ဒီတော့ ... ကျွပ်ဟာ ဟုန်ကျန်းနယ်သားလို့သိရင် အခြေအနေဆိုးသွားမှာပေါ့ ... ဒါကြောင့် ဒီကိစ္စကို ဘယ်သူ့ကိုမှမပြောဘဲ လျှို့ဝှက်ထားရတာပါ ... "

မကောင်းဘူး ... ရှင်က ကျွန်မအပေါ် ယုံကြည်မှုမရှိဘူးမဟုတ်လား"

ယွမ်ယိဝိုင်က ဦးခေါင်းကို ကပျာကယာခါယမ်းလိုက်၏။

"မဟုတ်ဘူး ... ကျုပ် မင်းကို မယုံကြည်လို့ မပြောပြတာ မဟုတ်ပါဘူး ... အခြေအနေတွေ ပိုရှုပ်ထွေးသွားမှာစိုးလို့ မပြောပြတာပါ ... "

ကျူးဝေဝေက နှုတ်ခမ်းကိုစူ၍ ...

"ဒါဖြင့် ... ရှင် ကျွန်မကို မမုန်းဘူးပေါ့ ... "

ယွမ်ယိဝိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ် အသက်သေဆုံးတဲ့အထိ မင်းကို မမုန်းဘူးလို့ပြောထားတာပဲ ... မင်းသာ ကျုပ်ကို မုန်းသွားမှာစိုးတယ် ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မကလည်း ရှင့်ကို ဘယ်တော့မှ မမုန်းဘူး ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

သူသည် ကျူးဝေဝေအား တင်းကျပ်စွာဖက်ထားလိုက်သည်။

နှုတ်ကလည်း ...

"ကျုပ် မင်းကို သိပ်ချစ်ပါတယ် ... အခုလို မှားလည်ပေးလို့လည်း ကျုပ် မင်းကို ကျေးဇူးတင်ပါတယ် ... "

ဝမ်းသာအားရဖြင့် ပြောလိုက်လေ၏။

ကျူးဝေဝေသည် ယွမ်ယိဝိုင်၏ရင်ခွင်ထဲမှနေ၍ တည်ငြိမ်စွာပြန်ပြောသည်။

"ရှင် ကျွန်မကို ကျေးဇူးတင်ဖို့မလိုပါဘူး ... ကျွန်မက ရှင့်ကို သိပ်ချစ်တဲ့လူဆိုတော့ ရှင့်အပေါ် အမြဲမှားလည်ခွင့်လွှတ်နေမှာပါ"

ထိုအချိန်တွင် ... ကျူးဝေဝေ၏မျက်လုံးအစုံသည် သူမ

ကျူးဝေဝေက ဝမ်းနည်းကြေကွဲသောလေသံဖြင့် ...

"အို ... ရှင် ဘယ်သူ့ကိုမှ မပြောလည်း ကျွန်မကိုတော့ ကြိုပြောသင့်တာပေါ့ ... အခုတော့ ... ကျွန်မဟာ ကိုယ့်လူမျိုးရဲ့ရန်သူလူမျိုးကိုမှ သွားချစ်မိနေတယ် ... "

သူမသည် လှိုက်လဲစွာ ငိုကြွေးလေတော့၏။

ထိုအခါ ...

ယွမ်ယိဝိုင်၏ရင်ထဲတွင် ဆို့နင့်ကြေကွဲသွားသည်။

သူသည် ကျူးဝေဝေ၏ပခုံးနှစ်ဘက်ကို ဆွဲကိုင်လှည့်ယမ်းရင်းပြောနေလေ၏။

"ကျုပ်ဟာ တုန်ကျန်းသားတစ်ယောက်ဖြစ်လို့ ... မင်းကျုပ်ကို မချစ်နိုင်တော့ဘူး မဟုတ်လား ... ဒါဆိုရင် ကျုပ်ကို မုန်းတယ်လို့သာ မင်းရဲ့ပါးစပ်က ပြောလိုက်ပါ ကျူးဝေဝေ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

သူမသည် ယွမ်ယိဝိုင်အား စူးစိုက်စွာကြည့်ရင်း ပြောလိုက်၏။

"ရှင့်စကားက ကျွန်မရဲ့ရှင့်အပေါ်ထားတဲ့ မေတ္တာတရားကို စော်ကားလိုက်တာပဲ ... "

ယွမ်ယိဝိုင်မှာမူ နှုတ်ဆိတ်ငြိမ်သက်နေသည်။

ကျူးဝေဝေက စကားဆက်လိုက်သည်။

"ကျွန်မ ပြောပြီးပြီပဲ ... ရှင့်ကို ကျွန်မ အသက်သေဆုံးတဲ့အထိ ချစ်နေမယ်လို့ ... ဒါကြောင့် ... ရှင်ဘာလူမျိုးဖြစ်ဖြစ် ... ကျွန်မကတော့ မပြောင်းလဲဘဲ ချစ်နေမှာပဲ ... ဒါပေမယ့် ... ဒီကိစ္စကို ရှင်ကျွန်မကို အစကတည်းက ဖွင့်မပြောခဲ့တဲ့အတွက်တော့ ကျွန်မ စိတ်

တို့နှင့်မနီးမဝေးရှိ နှင်းပန်းပင်ဆီသို့ အကြည့်ရောက်သွားလေ၏။

နှင်းပန်းပင်တွင် နှင်းပန်းပွင့်များဖြင့် ဝေဆာလှပနေ၏။

ကျူးဝေဝေ၏ မျက်လုံးအစုံမှာ ရွှန်းလက်တောက်ပသွားသည်။

သူမသည် နှင်းပန်းပင်အား လက်ညှိုးညွှန်ပြပြီးဖြောလိုက်၏။

"နှင်းပန်းပွင့်တွေ သိပ်လှတာပဲ ... ကျွန်မ တစ်ပွင့်လောက် လိုချင်တယ် ယွမ်ယီဝိုင် ... "

ထိုအခါ ...

ယွမ်ယီဝိုင်က နှင်းပန်းပွင့်များအား လှည့်ကြည့်လိုက်သည်။ မှန်ပါသည်။

ယနေ့မှ နှင်းပန်းပွင့်များမှာ ဝိုးတိုးတိုးခြောက်လှပနေသည်မဟုတ်ပါလား။ ယွမ်ယီဝိုင်သည် ကျူးဝေဝေအား ဖက်ထားရာမှ လွှတ်လိုက်ပြီး ...

"မင်းလိုချင်ရင် ကျုပ် ခူးပေးမယ် ... "

သူသည် ယင်းသို့ပြောရင်းမှ နှင်းပန်းပင်ရှိရာသို့ လျှောက်သွားလေ၏။ အဖြူရောင်နှင်းပန်းပွင့်များမှာ လှပလွန်းလှသည်။

ယွမ်ယီဝိုင်သည် နှင်းပန်းပင်မှ နှင်းပန်းပွင့်တစ်ပွင့်အား ညှာတာမှုနှေးဆွတ်လိုက်၏။ ထို့နောက် ...

သူသည် ကျူးဝေဝေ ရှိရာသို့ ပြန်လျှောက်လာပြီး နှင်းပန်းပွင့်လေးအား ကမ်းပေးလိုက်၏။

ကျူးဝေဝေ၏မျက်နှာလေးမှာ ဝင်းလက်တောက်ပနေသည်။

သူမသည် အားရဝမ်းသာဖြင့် နှင်းပန်းပွင့်လေးအား လှမ်းယူလိုက်၏။

ထိုတာဂံအခိုနှင်လေးမှာပင် ...

နှင်းပန်းပွင့်လေးအား တစ်စုံတစ်ယောက်၏ လက်ကြမ်းတမ်းစွာ ရိုက်ချလိုက်လေတော့သည်။

ထို့ကြောင့် ...

နှင်းပန်းပွင့်လေးမှာ အစိတ်စိတ်အမွှာမွှာဖြင့် ကြွေလွင့်သွားလေ၏။ ယွမ်ယီဝိုင်နှင့် ကျူးဝေဝေတို့နှစ်ယောက်မှာ ရင်ထိတ်သွားကြသည်။ သူတို့နှစ်ယောက်သည် လက်ပိုင်ရှင်အား ပြူးပြဲတူမော့ကြည့်လိုက်လေ၏။

အညိုရောင်ဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော အသက်လေးဆယ်ကျော်ခန့်ရှိမည့် လူကြီးတစ်ယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

ကျူးဝေဝေ၏မျက်နှာတစ်ခုလုံးမှာ သွေးဆုတ်ဖြူရော်သွားသည်။ သူမ၏နှလုံးမှာလည်း အုံကြွထိတ်လန့်စွာဖြင့် ရွေ့ထွက်လိုက်၏။

"ဟင် ... ဖေဖေ ... "

ထိုစကားကြောင့် ယွမ်ယီဝိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားလေသည်။

ထိုအညိုရောင်ဝတ်ဆင်ထားသော လူကြီးမှာ ကျူးဝေဝေ၏ဖခင်ဟု သူ သိလိုက်ရသည်။

ဤသို့ဆိုလျှင် ...

မြို့စားကြီးကျူးထိုက်ဖုန်းပင် မဟုတ်ပါလော။

... နိဂုံး ...

အခန်း (၁၃)

ချစ်မိသည့်ဝန်တာ

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

မြို့စားကြီးကျူးထိုက်ဖုန်းသည် ငြိမ်သက်စွာရပ်နေ၏။

သူ၏နောက်တွင် သားဖြစ်သူ ကျူးယဲ့မင်းကလည်း ငြိမ်သက်စွာရပ်နေသည်။

မြို့စားကြီးကျူးထိုက်ဖုန်း၏ မျက်နှာတစ်ခုလုံးမှာ ဒေါသကြောင့် နီရဲနေသည်။

သူ၏မျက်လုံးအစုံကလည်း စူးရှခက်ထန်လွန်းလှသည်။

မြို့စားကြီးကျူးထိုက်ဖုန်းသည် ကျူးဝေဝေအား ဒေါသတကြီးဖြင့် စိုက်ကြည့်လိုက်ပြီး ...

"ကိုယ့်လူမျိုးမျက်နှာကိုတောင် မထောက်တဲ့သမီး ... သေပေတော့ ..."

သူသည် ယင်းသို့ အော်ဟစ်ကြိုးဝါးရင်းမှ လက်ဝါးဖြင့် ရိုက်ရန် ဟန်ပြင်လိုက်လေ၏။

ထိုအခါ ... ကျူးဝေဝေမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

"အမလေး ..."

သူမသည် ကြောက်လန့်တကြားဖြင့် အသံကုန်အော်ဟစ်လိုက်၏။

ရုတ်တရက် ...

ယွမ်ယိုဝိုင်သည် ကျူးဝေဝေနှင့် မြို့စားကြီးကျူးထိုက်ဖုန်းတို့နှစ်ယောက်ကြားထဲသို့ ခုန်ဝင်လိုက်သည်။

"ဦးလေး ... မရိုက်ပါနဲ့ ..."

သူသည် ယင်းသို့ပြောရင်းမှ မြို့စားကြီးကျူးထိုက်ဖုန်းအား ဦးညွှတ်ဂါရဝပြုလိုက်၏။

မြို့စားကြီးကျူးထိုက်ဖုန်းမှာ ဒေါသပိုထွက်သွားသည်။

သူသည် ယွမ်ယိုဝိုင်အား ကျူးဝေဝေ၏ရှေ့မှ ကြမ်းတမ်းစွာဆွဲဖယ်လိုက်၏။

"ဖယ်စမ်း ..."

သို့သော် ...

ယွမ်ယိုဝိုင်က သူ၏ခန္ဓာကိုယ်အား ယိမ်းနွဲ့၍ရှောင်လိုက်ပြီး ထပ်မံတောင်းပန်လိုက်သည်။

"မရိုက်ပါနဲ့ ဦးလေးရယ် ... ကျွန်တော် တောင်းပန်ပါတယ်"

ထိုအခါ ...

မြို့စားကြီးကျူးထိုက်ဖုန်းသည် သူ၏ဒေါသကို မထိန်းချုပ်နိုင်တော့ချေ။

သူသည် ယွမ်ယိုဝိုင်၏မျက်နှာအား ပြင်းထန်စွာရိုက်ချလိုက်

ထိုစဉ် ...

ယွမ်ယိဝိုင်သည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ဦးလေး ဒီလိုမပြောပါနဲ့ ... ကျွန်တော့်ကို ကြိုက်သလိုပြောပါ ... ကျွန်တော်ခံနိုင်ပါတယ် ... ဒါပေမယ့် ... ကျွန်တော်တို့လူမျိုးတွေကိုတော့ မစော်ကားနဲ့ ... "

ထိုစကားကြောင့် မြို့စားကြီးကျူးထိုက်ဖုန်းမှာ ဝို၍ဒေါသထွက်သွားသည်။

"ဟင် ... မင်းက မင်းလူမျိုးကိုထီတော့ နာတယ်ပေါ့ ... နာရင် အပြောမခံရအောင် ကြိုတင်လုပ်ထားသင့်တယ် ... "

ယွမ်ယိဝိုင်က ပါးစပ်ပိတ်ထားလိုက်သည်။

မြို့စားကြီးကျူးထိုက်ဖုန်းသည် မဲ့ပြုံးပြုံးလိုက်ပြီး ခက်ထန်စွာပြောလေ၏။

"ဒီမှာ ... မင်း မသိသေးရင် ငါထပ်ပြောလိုက်ဦးမယ် ... မင်းတို့လူမျိုးတွေဟာ ကိုယ့်တုရင်ကိုတောင် သစ္စာဖောက်ပြီး တော်လှန်ရဲတဲ့ ရိုင်းစိုင်းကောက်ကျစ်တဲ့ ဝံပုလွေစိတ်ဓာတ်နဲ့ လူမျိုးတွေကွ နားလည်လား ... "

ထိုစကားကြောင့် ယွမ်ယိဝိုင်၏ဒေါသကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

မိမိတစ်ယောက်တည်းသာမက မိမိလူမျိုးကိုပါ ရင့်သီးစွာစော်ကားပြောဆိုနေပြီ၊ မဟုတ်ပါလော။

ဂျာ်တရက် ...

သူ၏ဒေါသကိုယ်ထဲမှ သွေးများဆူပွက်လာသည်ဟု ခံစားလိုက်ရသည်။ ထိုစဉ် ...

"ဖြောင်း ... "

ယွမ်ယိဝိုင်၏ဒေါသကိုယ်မှာ တုန်ခါသွားပြီး မြေပြင်ပေါ်သို့ နောက်ပြန်လဲကျသွားလေသည်။

သို့သော် ...

ယွမ်ယိဝိုင်သည် မြေပြင်ပေါ်မှ အားယူ၍ ချက်ချင်းပြန်ထလိုက်၏။ သူ၏နှာခေါင်းထဲမှ နီရဲသောသွေးများ စီးဆင်းကျလာသည်။

ထိုအချိန်တွင် ...

မြို့စားကြီးကျူးထိုက်ဖုန်းက သမီးဖြစ်သူအား ဒေါသတကြီး ပြောလိုက်၏။

"နင်ဟာ ငါ့သမီးလို့တောင် ပြောဖို့မထိုက်တန်တော့ဘူး ... ကိုယ့်လူမျိုးရဲ့သစ္စာဖောက်ကိုမှ သွားကြိုက်တယ် ... ဒီအကြောင်းကိုသာ မြို့ကလူတွေသိသွားရင် ငါတို့ကျူးမျိုးနွယ်တစ်ခုလုံး အရှက်ကွဲရမှာ နားလည်လား ... နင်မို့လို့ မစဉ်းစားလုပ်ရက်ဝလေ ... "

ကျူးဝေဝေ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာသည်။

သူမသည် ဝမ်းနည်းစွာ ငိုရှိုက်ရင်း ...

"သူဟာ ဟူကျန်းနယ်သား တစ်ယောက်တော့ ဟုတ်ပါတယ် ... ဒါပေမယ့် ... သူရဲ့စိတ်ဓာတ်ဟာတော့ ဖြူစင်သန့်ရှင်းပါတယ် ဖေဖေ ... "

မြို့စားကြီးကျူးထိုက်ဖုန်း၏မျက်နှာမှာ တင်းမာခက်တန်သွားသည်။

"ဟင် ... နင်ကသစ္စာဖောက်လူမျိုးတွေရဲ့စကားကိုတောင် ယုံကြည်နေပြီပေါ့ ... သူတို့က ဖြူရင် နင်ဖြူတယ်ပေါ့ ... ဟုတ်လား"

မြို့စားကြီးကျူးထိုက်ဖုန်း၏စကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"မင်းတို့လို ဝံပုလွေလူမျိုးတွေနဲ့ ငါသမီးနဲ့တန်လို့လား ... အရိုင်းအစိုင်းကများ ငါသမီးကို လာကြိုက်ရတယ်လို့ ... "

ကျူးဝေဝေက အော်ဟစ်ဟန့်တားလိုက်လေသည်။

"တော်ပါတော့ ဖေဖေ ... သမီး တောင်းပန်ပါတယ် ... "

မြို့စားကြီးကျူးထိုက်ဖုန်း၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားသည်။

ထို့အခါ ...

ကျူးယဲ့မင်းကလည်း ဒေါသတကြီးဖြင့် ကြားဝင်ပြောလိုက်သည်။

"ကျူးဝေဝေ ... နင့်ပါးစပ်ပိတ်ထားစမ်း ... အရင်တုန်းကတော့ ဟုန်ကျန်းနယ်ကလူတွေကို နင်ပဲ မုန်းတီးခဲ့တယ်လေ ... မုန်းတာမှ ငါတို့ကတောင် အရှုံးပေးရတယ် ... အခု ဘယ်လိုဖြစ်တာလဲ ကိုယ့်လူမျိုးရဲ့ သစ္စာဖောက်တွေကို သွားကြိုက်တယ် ... ဒီအကြောင်းသာ တခြားလူတွေသိသွားရင် နင့်သိက္ခာဘယ်လောက်ကျသွားမလဲ ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်စမ်း ... "

ကျူးဝေဝေက ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"လူတွေသတ်မှတ်ပေးမယ့် သိက္ခာတရားကို ညီမလေး ဂရုမစိုက်ဘူး ... ညီမလေးနဲ့ ယွမ်ယိဝိုင်ဟာ ဖြူစင်တဲ့မေတ္တာတရားနဲ့ ချစ်ခင်ခဲ့တာပါ ... ကျန်တဲ့လူမျိုးရေးတွေကို ထည့်စဉ်းစားနေစရာ မလိုပါဘူး ... "

ထိုစကားကြောင့် မြို့စားကြီးကျူးထိုက်ဖုန်းမှာ ဒေါသချောင်းချောင်းထွက်သွားလေသည်။

သူသည် ကျူးဝေဝေအား လှဲ၍ ရိုက်ချလိုက်လေ၏။

"ဝုန်း ... "

ကျူးဝေဝေ၏ ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်သွားသည်။

ထိုမြင်ကွင်းကြောင့် ယွမ်ယိဝိုင်၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

သူသည် မြို့စားကြီးကျူးထိုက်ဖုန်းအား ဒေါသတကြီးဖြင့် ဒူးနှိက်ကြည့်လိုက်ပြီး လေသံမာမာဖြင့် ပြောလေ၏။

"ခင်ဗျား တော်တော်ရက်စက်တဲ့သူပဲ ... "

ထို့နောက် ...

သူသည် လဲကျနေသော ကျူးဝေဝေရှိရာသို့ ပြေးလွှားသွားလေ၏။

သို့သော် ...

ယွမ်ယိဝိုင်သည် ကျူးဝေဝေဆီရာသို့ မရောက်မီမှာပင် မြို့စားကြီးကျူးထိုက်ဖုန်းက ကြားမှဖြတ်၍ သူ၏ရင်ဘတ်အားလက်ဝါးဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်သည်။

"ဝုန်း ... "

ယွမ်ယိဝိုင်၏ခန္ဓာကိုယ်မှာ အဝေးသို့လွင့်စဉ်သွားလေသည်။

"ဝေါ့ ... "

သူ၏ရင်ဘတ်တစ်ခုလုံးမခံမရပ်နိုင်အောင် နာကျင်လာပြီး ပါးစပ်အတွင်းမှ သွေးများ အန်ထုတ်ရလေ၏။

သို့သော် ...

မြို့စားကြီးကျူးထိုက်ဖုန်းမှာ မကျေနပ်သေးပါချေ။

သူသည် ယွမ်ယိဝိုင်၏ရင်ဘတ်အား ပြေးရှိခြေထောက်ဖြင့် ကန်လိုက်လေ၏။

"ဝုန်း ... "

ယွမ်ယိဝိုင်မှာ မလှုပ်နိုင်တော့ချေ။

ရုတ်တရက် ...

"မလုပ်ပါနဲ့ ဖေဖေ ... သမီးတောင်းပန်ပါတယ် ... "

ကျူးဝေဝေ၏ အော်ဟစ်တောင်းဝန်သံထွက်ပေါ်လာသည်။

သူမသည် ယွမ်ယိဝိုင်ထံသို့ ပြေးလွှားသွားရန် ဟန်ပြင်လိုက်သည်။ သို့သော် ...

သူ့အား ကျူးယဲ့မင်းက ဖမ်းချုပ်ထားလိုက်သည်။

ကျူးဝေဝေမှာ ဝမ်းနည်းစွာ ငိုရှိုက်ရင်းပြောသည်။

"ညီမလေးကို လွှတ်ပေးပါ ... ယွမ်ယိဝိုင်သေတော့မယ် လွှတ်ပေးပါ အစ်ကို ... "

"တိတ်စမ်း ... ဒီကောင်သေမှ အေးမှာနော်လည်လား ... နင်ဟာ အားလုံးအတွက် ပြဿနာပေါ်အောင် လုပ်တာပဲ ... "

ကျူးယဲ့မင်းက တင်းမာစက်ထန်သောလေသံဖြင့် အော်ဟစ်လိုက်သည်။

ထိုအချိန်တွင် ... တောင်တက်လမ်းအတိုင်း ပြေးဆင်းလာသော ခြေသံများကိုလည်း ကြားလိုက်ရလေ၏။

ထိုခြေသံများနှင့်အတူ ဘုန်းတော်ကြီးကွမ်းကျုံးလို၊ ကျူးရှောင်လုံနှင့် ကျူးဝုဖန်တို့ ပြေးလွှားရောက်ရှိလာကြသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလိုသည် လဲကျနေသော ယွမ်ယိဝိုင်အား လှမ်းကြည့်လိုက်လေ၏။

ယွမ်ယိဝိုင်၏နှာခေါင်းနှင့် ပါးစပ်မှ သွေးများနီရဲစွာ စီးဆင်းကျနေသည်ကို တွေ့မြင်လိုက်ရသည်။

မျက်နှာတစ်ခုလုံးတွင်လည်း အညိုအမည်းများ စွဲနေလေသည်။ ဘုန်းတော်ကြီးကွမ်းကျုံးလိုမှာ ရင်ထဲ၌နှင့်အောင် ခံစားလိုက်ရသည်။

သူသည် မြို့စားကြီးကျူးထိုက်ဖုန်းအား စေ့စေ့ကြည့်လိုက်ပြီး တည်ငြိမ်စွာ ပြောလေ၏။

"ဒီလောက် ဆုံးမရရင် ကျေနပ်ပါတော့ ဒကာကြီး ... "

မြို့စားကြီးကျူးထိုက်ဖုန်းက တင်းမာခက်ထန်သောမျက်နှာထားဖြင့် ပြောလိုက်၏။

"သူ့ကို သတ်ရမှ ကျုပ်ကျေနပ်မယ် ... "

ဘုန်းတော်ကြီးကွမ်းကျုံးလိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဒကာကြီး ... ကျုပ်တောင်းပန်ပါတယ် ... ဒီကလေးနှစ်ယောက်ရဲ့ မိုက်မဲမှုကို ခွင့်လွှတ်ပေးပါ ... "

မြို့စားကြီးကျူးထိုက်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စကို ကျုပ်လုံးဝခွင့်မလွှတ်နိုင်ဘူး ... ယွမ်ယိဝိုင်သေမှ ကျုပ်ကျေနပ်မယ် ... ဒီကောင် ဒီမှာရှိမှန်းသိရင် ကျုပ်သမီးကို ဒီမှာ မထားခဲ့ပါဘူး ... "

ဘုန်းတော်ကြီးကွမ်းကျုံးလိုက မြို့စားကြီးကျူးထိုက်ဖုန်းအား စေ့စေ့ကြည့်ကာ တိုးလျိုးတောင်းပန်လိုက်၏။ သူ့အမှားရှိထားသည် မဟုတ်ပါလော။

"ဒကာကြီး စိတ်ကိုထိန်းပါ ... အခုတစ်ခါတော့ ယွမ်ယိဝိုင်

ကို ခွင့်လွှတ်ပေးစေချင်ပါတယ် ... နောက်နောင် ကျွန်တော်တပည့်ဟာ ဒကာကြီးရဲ့ သမီးနဲ့ ဘယ်တော့မှ မဆက်စပ်စေရဘူးဆိုတာ ... ကျွန်တော် ကတိပေးပါတယ် ... ကျွန်တော်ကတိတော့ တန်ဖိုးထားပါ ... "

ထိုစကားကြောင့် မြို့စားကြီးကျွဲးထိုက်ဖုန်းမှာ တွေဝေသွား၏။ အတန်ကြာစဉ်းစားပြီးနောက် သူသည် ဒေါသကိုထိန်းကာ ခေါင်းညိတ်ပြလိုက်လေ၏။

"ကောင်းပြီလေ ... ဒီကောင်ရှိမှန်း မမေးမမြန်းဘဲ ထားခဲ့တာ ကျွန်တော်အမှားပဲ ... "

မြို့စားကြီးကျွဲးထိုက်ဖုန်းသည် စကားဆုံးသည်နှင့် ကျွဲးဝေဝေ၏ လက်အား ကြမ်းတမ်းစွာ ဆွဲခေါ်လိုက်သည်။

ကျွဲးဝေဝေသည် ဖခင်ဖြစ်သူ၏ဆွဲခေါ်ရာသို့ ဒရွတ်တိုက်လိုက်ပါသွားရင်းမှ အားပါးတရ ငိုရှိုက်လိုက်လေ၏။ မြို့စားကြီးသည် ကျွဲးဝေဝေကို ကြမ်းတမ်းစွာ ဆွဲခေါ်သွားသည်။ ထို့နောက် ...

ကျွဲးယဲ့ဇင်း၊ ကျွဲးရှောင်လုံနှင့် ကျွဲးစုဖန်တို့သုံးယောက်သည် သူတို့နောက်မှ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်ပါသွားကြလေ၏။

ကျွဲးဝေဝေအား ချီဖန်တောင်မှ ပြန်လည်ခေါ်ဆောင်သွားပြီဖြစ်သည်။ ဤတစ်ကြိမ်တွင်တော့ သူမမြတ်နိုးတွယ်တာရသော ယွမ်ယိုင်နှင့် အဝေးဆုံးသို့ ဝေးကွာသွားပြီ မဟုတ်ပါလား။

... ✦ ...

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ချီဖန်တောင်ခြေသည် ယခင်နေ့များထက်ပို၍ တိတ်ဆိတ်

နေသည်ဟု ထင်ရ၏။ ငှက်ကလေးများလည်း မလာ။ နှင်းပန်းများလည်း မပွင့်တော့ဟု ထင်ရသည်။

မြို့စားကြီးကျွဲးထိုက်ဖုန်းတို့လူစုသည် ချီဖန်တောင်မှ ထွက်ခွာသွားကြပြီဖြစ်သည်။

ယွမ်ယိုင်သည် မြေပြင်ပေါ်တွင် လဲကျနေ၏။

သူသည် မလှုပ်ရှားနိုင်တော့ပါ။

ယွမ်ယိုင်ကိုကြည့်၍ ဘုန်းတော်ကြီးကွမ်းကျုံးလွိုသည် သက်ပြင်းတစ်ချက်ချလိုက်မိ၏။

"အင်း ... ကျွဲးထိုက်ဖုန်းဟာ တော်တော်ဒေါသကြီးတဲ့သူပဲ ... "

သူသည် ယင်းသို့တီးတိုးရေရွတ်လိုက်ပြီး ယွမ်ယိုင်ဆီသို့ လျှောက်သွားလိုက်၏။

ထို့နောက် ...

သူသည် လဲကျနေသော ယွမ်ယိုင်အနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ဒဏ်ရာများအား စစ်ဆေးကြည့်လိုက်သည်။

ယွမ်ယိုင်၏ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာများဖြင့် ပြည့်နှက်နေသည်။

သူ၏နှာခေါင်းနှင့် ပါးစပ်မှလည်း နီရဲသော သွေးများ စီးဆင်းကျနေသည်။

ဒဏ်ရာများကိုကြည့်ရင်း ဘုန်းတော်ကြီးကွမ်းကျုံးလွိုမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဟင် ... ယွမ်ယိုင်မှာ အတွင်းဒဏ်ရာရသွားတာပဲ ... ဒါကြောင့် ဒီလောက်ပြင်းထန်တာ ... "

သူသည် ယင်းသို့ရေရွတ်ရင်း သတိလစ်နေသော ယွမ်ယိဝိုင်အား ပွေ့၍ပခုံးပေါ်တွင် ထမ်းလိုက်လေ၏။

ထို့နောက် ...

ယွမ်ယိဝိုင်အား ထမ်းကာ တောင်တက်လမ်းအတိုင်း ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားတက်ခဲ့လေတော့သည်။

ယွမ်ယိဝိုင်၏အတွင်းဒဏ်ရာအား အချိန်မီကုသရန် လိုအပ်နေသည် မဟုတ်ပါလား။

လပြည့်ကျော်တစ်ရက်နေ့တွင် လမင်းကြီးထိန်ထိန်သာနေသည်မှာ သိသာလှသည်။

သို့သော် ချီဖန်တောင်ပေါ်သို့ကား အလင်းရောင်အပြည့်အဝ မပေးနိုင်ရှာပါ။

လရောင်အောက်တွင် ချီဖန်တောင်သည် ငြိမ်သက်တိတ်ဆိတ်နေသည်။

ဆီးနှင်းများသည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

အေးစိမ့်မှုက အရိုးကွဲမတတ်ပင်။

သစ်လုံးအိမ်ကလေးအတွင်း၌လည်း တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။

မီးလင်းဖိုမှ မီးတောက်မီးညွှန့်များသည် အိမ်ကလေးအတွင်း၌ နွေးထွေးမှုကို ပေးစွမ်းနေ၏။

အပြင်ဘက်တွင် အေးစိမ့်နေသော်လည်း ဘုန်းတော်ကြီးကွမ်းကျူးလွှ၏ရင်ထဲ၌မူ ပူလောင်ပြင်းပြနေသည်။

အဘယ်ကြောင့်ဆိုသော် ...

ယွမ်ယိဝိုင်တစ်ယောက် ယခုအချိန်ထိ သတိမရသေးသော

ကြောင့်ပင်တည်း။

ယွင်ယိဝိုင်၏အတွင်းဒဏ်ရာအား သူ၏အတွင်းအားဖြင့် ကုသပေးပြီးပြီဖြစ်ပါသည်။

သို့သော် ...

အတွင်းဒဏ်ရာမှာ သက်သာပျောက်ကင်းခြင်းမရှိဘဲ သွေးလည်ပတ်မှုများ နှေးကွေးနေပြီဖြစ်၏။

ထို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျူးလွှမှာ လွန်စွာစိုးရိမ်ပူပန်နေမိသည်။

သူသည် ယွမ်ယိဝိုင်အား ငါးနှစ်သားအရွယ်မှစ၍ ကျေးဖွေးစောင့်ရှောက်ခဲ့သူဖြစ်၏။

ယွမ်ယိဝိုင်မှာ လိမ္မာရေးခြားရှိပြီး ရဂုဏ်ထက်မြက်သူဖြစ်သည်။

သိုင်းပညာသင်ကြားသည့်အခါတွင်လည်း ကြိုးစားမှုရှိ၍ ထူးချွန်ထက်မြက်လှသည်။

ယခုမူ ...

ယွမ်ယိဝိုင်အသက်အန္တရာယ်ဖြင့် ရင်ဆိုင်နေကြုံဖြစ်သည်။

ဘုန်းတော်ကြီးကွမ်းကျူးလွှ၏ရင်ထဲတွင် ဝမ်းနည်းသွားမိသည်။ သူ ယွမ်ယိဝိုင်ကို ကယ်တင်နိုင်ဦးမည်လော။

သူသည် သတိလစ်မေ့မျောနေသော ယွမ်ယိဝိုင်၏မျက်နှာအား လှမ်းကြည့်လိုက်၏။ ထို့နောက် ...

ဘုန်းတော်ကြီးကွမ်းကျူးလွှသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး တီးတိုးရေရွတ်လိုက်မိ၏။

"ယွမ်ယိဝိုင် ... မင်းဟာ မွန်မြတ်တဲ့ မေတ္တာတရားရှိတဲ့သူပဲ ချစ်ခြင်းမေတ္တာအတွက် ကိုယ့်အသက်ကိုတောင် မငဲ့ဘူး ... ဒါပေမယ့်

မင်းရဲ့မေတ္တာတရားကို နားလည်ငဲ့ညှာပေးမယ့်သူ တစ်ယောက်မှ မရှိပါလားကွယ် ...

တကယ်တော့ ဖြစ်ရပ်အစမှာ ဘုန်းတော်ကြီးမှားခဲ့လေ၏။ ဤတောင်ခြေတွင် သူတစ်ယောက်တည်းနေသည်မဟုတ်ဘဲ ယွမ်ယိုဝိုင်ပါရှိနေသည်ဟု မြို့စားကြီး ကလေးများကို လာအပ်စဉ်က သူပြောပြသင့်ခဲ့သည်မဟုတ်ပါလား။

သို့သော မြို့စားကြီးသည် သူ့ကလေးများကို ထားခဲ့ရန် သင့်မသင့်ကို စဉ်းစားနိုင်ခဲ့မည်ဖြစ်ပါသည်။

နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံး နွေးထွေးစွာ ကျဆင်းနေသည်။ အပြင်ဘက်တွင် နှင်းများကွဲစပြုနေပြီဖြစ်သည်။

သစ်လုံးအိမ်လေးတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဤအိမ်ကလေးမှာ အမြဲတမ်းငြိမ်သက်တိတ်ဆိတ်နေခဲ့သော အိမ်ကလေးဖြစ်သည်။ ဘုန်းတော်ကြီးကွမ်းကျုံးလို့၏ တည်ငြိမ်အေးဆေးမှုသည် ဤတဲအိမ်ကလေးကို ကြီးစိုးလွှမ်းမိုးနေသည်။

ယနေ့ဆိုလျှင် ယွမ်ယိုဝိုင်ဒဏ်ရာရခဲ့သည်မှာ ဒုတိယမြောက်နေ့ဖြစ်သည်။ သို့သော် ...

ယွမ်ယိုဝိုင်မှာမူ လုံးဝသတိမရသေးချေ။

ထို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျုံးလို့မှာ လွန်စွာစိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

သူသည် ယွမ်ယိုဝိုင်အနားမှ တစ်ဖဝါးမှ မခွာနိုင်ပေ။

ဤအတိုင်းဆိုလျှင် ...

ယွမ်ယိုဝိုင်တစ်ယောက် အသက်ရှင်ရန် လမ်းမမြင်နိုင်ပေ။

ထိုသို့စဉ်းစားလိုက်မိသည်နှင့် ဘုန်းတော်ကြီးကွမ်းကျုံးလို့၏မျက်နှာမှာ တင်းမာခက်ထန်သွားလေသည်။

"ကျုံးထိုက်ဖုန်း ... မင်းဟာ တော်တော်ရက်စက်တဲ့သူပဲ... ငါ့ရဲ့ခြိုဖန်တောင်ကိုလာပြီး ငါတပည့်ကိုတောင် စော်ကားသွားရဲတယ်"

သူသည် ယင်းသို့တစ်ယောက်တည်း ရေရွတ်လိုက်မိ၏။

ထို့နောက် ...

သူသည် ယွမ်ယိုဝိုင်၏သွေးကြောများအား စစ်ဆေးကြည့်လိုက်ပြန်သည်။

ထိုအခါ ... ဘုန်းတော်ကြီးကွမ်းကျုံးလို့၏မျက်နှာမှာ ဝင်းလက်တောက်ပသွားသည်။

"ဟင် ... သွေးလည်ပတ်မှု မြန်လာပါလား ... ဒါ ... ဒါဆို ယွမ်ယိုဝိုင် မသေနိုင်တော့ဘူးပေါ့ ..."

သူသည် ယင်းသို့ရေရွတ်ရင်း ယွမ်ယိုဝိုင်၏သွေးကြောများကို ထပ်မံစစ်ဆေးလိုက်ပြန်၏။ မှန်ပါသည်။

ယွမ်ယိုဝိုင်၏ သွေးလည်ပတ်မှုမှာ နှေးကွေးနေရာမှ ပြန်၍မြန်ဆန်လာသည် မဟုတ်ပါလော။

ဘုန်းတော်ကြီးကွမ်းကျုံးလို့၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်။

သူ၏ရင်ထဲမှ စိုးရိမ်ပူပန်ခြင်းများလည်း လျော့ပါးသွားပြီဖြစ်သည်။

ယခုအခြေအနေအတိုင်းဆိုလျှင် ယွမ်ယိုဝိုင်တစ်ယောက် အသက်အန္တရာယ်စိုးရိမ်စရာမရှိတော့ချေ။

နောက်တစ်ရက်ခန့်ကြာလျှင် ပြန်လည်သတိရလာမည်ဖြစ်

သည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် သက်ပြင်းတစ်ချက်ကို ဖြည်းလေးစွာ ရှလိုက်မိ၏။

သူ၏မျက်ဝန်းထဲတွင် မြို့စားကြီးကျူးထိုက်ဖုန်း၏ မာန်မာန များဖြင့် ခက်ထန်နေသော မျက်နှာအား ပြန်လည်မြင်ယောင်လာမိ သည်။

"သြော် ... လူတွေ ... လူတွေ ... လူမျိုးရေးဝါဒအစွဲတွေနဲ့ တစ်ယောက်ကို တစ်ယောက် သတ်ချင်လောက်အောင် မုန်းတီးနေ ကြတာကိုး ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီသည် ယင်းသို့စဉ်းစားရင်း ဦး ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်လေတော့သည်။

... ၈၆ ...

အခန်း (၁၄)

နှလုံးသားဒဏ်ရာ

ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည်။

မှောင်မိုက်လွန်းသောကြောင့် မည်သည့်အရာမျှ မတွေ့မြင် ရချေ။ ရုတ်တရက် သေးငယ်သော အလင်းတန်းတစ်ခုဆား တွေ့မြင် လိုက်ရသည်။

သေးငယ်လွန်းသော်လည်း လင်းလက်တောက်ပလွန်းသော အလင်းတန်းတစ်ခုဖြစ်သည်။ ကြည့်နေစဉ်မှာပင် အလင်းတန်းသည် ပို၍စူးရှတောက်ပ၍ ကြီးမားကျယ်ပြန့်လာသည်။

အလင်းတန်းထဲတွင် သူရင်းနှီးလွန်းသော ပုံရိပ်တစ်ခုအား တွေ့မြင်လိုက်ရသည်။ သူသည် ထိုပုံရိပ်လေးအား စူးစိုက်ကြည့်လိုက် ၏။ သူ၏နှလုံးခုန်သံများ ပို၍ကျယ်လောင်သွားသည်ဟု ထင်ရ သည်။

သူမြတ်နိုးတွယ်တာရသော ကျူးဝေဝေ၏ပုံရိပ်ပင် မဟုတ်ပါ လော။

ကြည့်နေစဉ်မှာပင် ကျူးဝေဝေသည် အလင်းတန်းထဲတွင် ပြေးလွှားနေသည်။

သူအံ့ဩမှင်တက်နေသည်။

အတန်ကြာမှ ...

သူသည် သတိဝင်လာပြီး ကျူးဝေဝေ ပြေးလွှားသွားရာ အလင်းတန်းထဲသို့ တိုးဝင်၍ လိုက်လံပြေးလွှားလာခဲ့လေ၏။

အလင်းတန်းမှာ ရှည်လျားလှပေသည်။

ကျူးဝေဝေသည် ရှေ့မှပြေးလွှားနေ၏။

သူကလည်း နောက်မှပြေးလွှားလိုက်ပါနေသည်။

ကျူးဝေဝေသည် သူ့အား ငဲ့စောင်း၍မျှပင် မကြည့်ပါ။

သူ့နှလုံးသားမှာ အတိုင်းမသိ လှုပ်ရှားနေလေသည်။

ကျူးဝေဝေအား စကားများစွာ ပြောချင်နေမိသည်။ သို့သော် ကျူးဝေဝေက အပြောမခံ။

ရှေ့သို့သာ ဆက်၍ပြေးလွှားနေသည်။

ထို့ကြောင့် ...

သူသည် ကျူးဝေဝေနောက်သို့ အားကုန်ပြေးလွှား၍ လိုက်နေမိ၏။

သူ၏ခြေလှမ်းများသည် ရပ်နားခြင်းအလျဉ်းမရှိပါ။

ရုတ်တရက် ... သူ၏ခြေလှမ်းအစုံသည် ရပ်တန့်သွားသည်။

ရှေ့တွင် အလွန်နက်ရှိုင်းလွန်းသော ချောက်ကမ်းပါးတစ်ခု အား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ကျူးဝေဝေမှာ ရပ်နားခြင်းလုံးဝမရှိတဲ့ ရှေ့သို့ဆက်လက်ပြေးလွှားနေဆဲပင်ဖြစ်သည်။

သူငေးကြည့်နေစဉ်မှာပင် ကျူးဝေဝေသည် ချောက်ကမ်းပါးထဲသို့ ခုန်ချလိုက်လေ၏။

သူ၏မျက်ဝန်းများ ပြာဝေသွားလေသည်။

သူ၏နှုတ်မှလည်း ကျူးဝေဝေ၏အမည်ကို ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးလိုက်မိသည်။

ထို့နောက် ...

သူသည် ရှေ့သို့အားကုန်ပြေးလွှားသွားလိုက်၏။

ရုတ်တရက် ...

သူ၏ခြေအစုံသည် မြေပြင်နှင့် ကင်းလွတ်သွားသည်။

နက်ရှိုင်းလွန်းသော ချောက်ကြီးထဲသို့ သူကျရောက်သွားပြီ မဟုတ်ပါလား။

သူ၏မျက်ဝန်းထဲတွင် အလင်းရောင်အားလုံးပျောက်ဆုံးသွားပြီး မှောင်မိုက်လွန်းသော အမှောင်ထုက လွှမ်းခြုံသွားလေတော့သည်။

"ကျူးဝေဝေ ... "

စူးရှကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးလိုက်မိသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှ၏မျက်နှာမှာ ဝင်းလက်တောက်ပသွားလေ၏။

သူမျှော်လင့်စောင့်စားနေရသည့် ယွမ်ယိဝိုင်တစ်ယောက် သတိရလာပြီ မဟုတ်ပါလား။

သူသည် ယွမ်ယိဝိုင်အား ဝမ်းသာအားရ အားပေးလိုက်သည်။

"ယွမ်ယိဝိုင် ... သတိထားကွယ် ... သတိထား ... "

ယွမ်ယိဝိုင်၏မျက်လုံးအစုံသည် ပွင့်လာလေ၏။

သူသည် ပတ်ဝန်းကျင်အား ဝေ့ဝဲအကဲခတ်ကြည့်ပြီး မေးလိုက်မိ၏။

"ကျူးဝေဝေ ... ကျူးဝေဝေ ... မင်းဘယ်မှာလဲ .. "

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... မင်းဟာ နှလုံးသားရေးနဲ့ လူမျိုးရေးကို ရောထွေးပစ်လိုက်တာပဲ ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ မျက်မှောင်ကုတ်သွားသည်။

"ဘုန်းဘုန်းစကားက ဘာအဓိပ္ပါယ်များလဲ ခင်ဗျာ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"အမှန်တော့ ... ဒီကိစ္စထဲမှာ ငါဝင်ပါစရာ မလိုပါဘူး ... ဒါပေမယ့် ထက်မြက်တဲ့ယောကျ်ားတစ်ယောက်ကို ရှင့်ရင့်သီးသီး စော်ကားပြောဆိုတယ် ... ဒီလိုစော်ကားပြောဆိုရာမှာလည်း အဲဒီယောကျ်ားရဲ့ လူမျိုးတစ်ခုလုံးကိုပါ စော်ကားပြောဆိုခဲ့တာ ... နောက်ပြီး သိုင်းပညာအားကိုးနဲ့လည်း အနိုင်ကျင့်တယ် ... ဒါတွေဟာ သိပ်ကို ကြီးမားတဲ့ မတရားမှုတွေဘဲ ... ဒါတွေဟာ ဘုန်းဘုန်းရှေ့မှာ ဖြစ်ပွားနေတဲ့အတွက် ဘုန်းဘုန်းက လက်ပိုက်ကြည့်မနေနိုင်ဘူး ... မင်းဟာ ကျူးဝေဝေကို စိတ်မနာဘူးဆိုဝေမယ့် မေ့ပစ်ဖို့ ကြိုးစားပါ ... ဒါမှ ကိုယ့်လူမျိုးကို ချစ်တတ်တဲ့သူတစ်ယောက်ဖြစ်မှာပေါ့ ... "

ဘုန်းတော်ကြီးသည် ယွမ်ယိုင်ကို ချစ်သည့်စိတ်ဖြင့် ဤသို့ ပြောဆိုမိလေ၏။

ယွမ်ယိုင်သည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသည်။

သူတွင် ပြောစရာစကားမရှိတော့ပြီ။

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက သူ့အားတစ်ချက်ကြည့်ပြီး

ဘုန်းတော်ကြီးကွမ်းကျုံးလွိုက ယွမ်ယိုင်၏လက်တစ်ဖက်အား ညင်သာစွာ ဆုပ်ကိုင်လိုက်ပြီး ...

"သတိထားပါ ယွမ်ယိုင် ... မင်းမှာ ဒဏ်ရာရှိနေတယ် ... သိပ်မလှုပ်ရှားပါနဲ့ ... "

ယခုမှ ယွမ်ယိုင်သည် လက်ရှိအခြေအနေကို ပြန်လည်သတိရလိုက်လေတော့သည်။

ထိုအခါ ...

ယွမ်ယိုင်၏မျက်နှာလေးမှာ ညှိုးနွမ်းသွားသည်။

သူသည် ဘုန်းတော်ကြီးကွမ်းကျုံးလွိအား လှမ်းကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် မေးလေ၏။

"ကျူး ... ကျူးဝေဝေကို သူတို့ခေါ်သွားပြီလား ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွိက ခေါင်းညိတ်လိုက်သည်။

"အေး ... သူတို့အားလုံး ထွက်သွားကြပြီ ... "

ထိုစကားကြောင့် ယွမ်ယိုင်မှာ နှုတ်ဆိတ်သွားသည်။သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်နေသည်။ ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် ယွမ်ယိုင်အား စေ့စေ့ကြည့်လိုက်ပြီး မေးလေ၏။

"ယွမ်ယိုင် ... သူတို့က မင်းကို အနိုင်ကျင့်စော်ကားတာကို စိတ်မနာဘူးလား ... ကျူးဝေဝေကိုကော စိတ်မနာဘူးလား ... "

ယွမ်ယိုင်က ခေါင်းခါလိုက်သည်။

"ကျွန်တော် သူ့ကိုစိတ်မနာပါဘူး ... ကျွန်တော် သူ့ကြောင့် ဘယ်လောက်ပဲ ဒုက္ခရောက်ပါစေ ... သူ့ကို စိတ်မနာပါဘူး ... သူ့ကို ကျွန်တော့်အသက်သေဆုံးတဲ့အထိ ချစ်သွားမှာပါ ... "

ပြောလိုက်သည်။

"ကဲ ... မင်းလည်း ဒိုက်ဆာနေရောပေါ့ ... မင်းသတိလစ်နေတာ သုံးရက်တောင်ရှိပြီပဲ ... တဲ့ ... ကဲ ... ဆန့်ပြုတ်သောက်လိုက်ပါ ... "

သူသည် ဆန့်ပြုတ်ကို တိုက်ကျွေးလိုက်လေတော့သည်။

... ...

တစ်လ ...

တစ်လဆိုသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားလေ၏။

ထိုတစ်လအချိန်အတွင်း ယွမ်ယိဝိုင်၏ အတွင်းဒဏ်ရာမှာ လုံးဝသက်သာပျောက်ကင်းသွားပြီဖြစ်သည်။

ထို့ကြောင့် ...

ဘုန်းတော်ကြီးကွမ်းကျူးလွိသည် သူ့အားသိုင်းပညာသင်ပေးရန် ပြင်ဆင်လေတော့သည်။

သို့သော် ...

ယွမ်ယိဝိုင်ကမူ လက်မခံချေ။

"တောင်းပန်ပါတယ် ဘုန်းဘုန်း ... တပည့်တော် သိုင်းပညာဆက်မသင်ချင်တော့ပါဘူး ... "

ထိုစကားကြောင့် ဘုန်းတော်ကြီးကွမ်းကျူးလွိမှာ မျက်မှောင်ကုတ်သွားလေသည်။

"ဘာဖြစ်လို့ သိုင်းပညာဆက်မသင်ချင်ရတာလဲ ... "

ယွမ်ယိဝိုင်၏မျက်နှာမှာ ညှို့နွမ်းသွားသည်။

သူ၏မျက်ဝန်းအစုံတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်လာလေ၏။

သူသည် တစ်စုံတစ်ရာပြန်လည်ဖြေဆိုခြင်းမရှိဘဲ နှုတ်ဆိတ်နေလေသည်။

ဘုန်းတော်ကြီးကွမ်းကျူးလွိမှာ စိတ်မရှည်နိုင်တော့ပေ။

သူသည် လေသံဆတ်ဆတ်ဖြင့် မေးလိုက်၏။

"ပြောစမ်း ... ဘာဖြစ်လို့ သိုင်းပညာမသင်ချင်ရတာလဲ"

ယွမ်ယိဝိုင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ရှင်းပြလေတော့၏။

"တ ... တပည့်တော် ကျူးဝေဝေကို လုံးဝမေ့လို့ မရဘူး... တပည့်တော်ရဲ့ ရင်ထဲမှာ သိပ်ပြီး ဝမ်းနည်းကြေကွဲနေရပါတယ် ... တပည့်တော် ခံစားနေရတဲ့ချိန်မှာ အာရုံစူးစိုက်လို့ရမှာ မဟုတ်ပါဘူး အာရုံစူးစိုက်လို့မရရင် တပည့်တော်လေ့ကျင့်သင်ကြားမယ့် သိုင်းကွက်တွေဟာ လုံးဝထက်မြက်မှုရှိမှာ မဟုတ်ပါဘူး ... ဒါကြောင့် တပည့်တော် သိုင်းပညာမလေ့ကျင့်တော့ဘူးလို့ ပြောတာပါ ဘုန်းဘုန်း ... "

ထိုအခါ ...

ဘုန်းတော်ကြီးကွမ်းကျူးလွိမှာ သဘောပေါက်သွားလေသည်။

သူသည် ယွမ်ယိဝိုင်အား စေ့စေ့ကြည့်ပြီး ...

"မင်းပြောတာကို ငါနားလည်ပါတယ် ... ဒါပေမယ့် ပြဿနာကို မဖြေရှင်းဘဲနဲ့ ဒီလိုရှောင်ထွက်သွားတာ ကိုယ်ညှဉ်လို့ပဲ ... "

ယွမ်ယိဝိုင် ပြန်မေးလေ၏။

"တပည့်တော် ညံ့တယ်ဟုတ်လား ဘုန်းဘုန်း ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... မင်းညံ့လို့ပဲ ... အမှန်တော့ ဒီကိစ္စကို ဖြေရှင်းရမယ့်နည်းလမ်းက မင်းသိုင်းပညာကို ဆက်သင်ပါ ... သိုင်းပညာအားလုံးစုံလို့ သိုင်းသမားတစ်ယောက်ဖြစ်ရင် မင်းဟုန်ကျန်းနယ်ကို ပြန်ပါ ... နောက်ပြီး မင်းရဲ့လူမျိုး ... မင်းရဲ့တိုင်းပြည်အတွက် အကျိုးပြုပါ ... ဒါဟာ ဒီပြဿနာကို ဖြေရှင်းတဲ့နည်းလမ်းပဲ ... "

ထိုစကားကြောင့် ယွမ်ယိုဝိုင်မှာ တွေဝေသွားသည်။

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက စကားဆက်လိုက်သည်။

"မင်းဟာ ယောကျ်ားကောင်းတစ်ယောက်ဖြစ်မယ်လို့ ဘုန်းဘုန်းထင်ပါတယ် ... ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အသက်စွန့်ဝံ့ရတယ် ... ဘာမဟုတ်တဲ့နှလုံးသားကိစ္စကို အရေးမပေးရဘူး ... "

ယွမ်ယိုဝိုင်၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"တပည့်တော် နားလည်ပါပြီ ... အခုအချိန်မှာ တပည့်တော်အတွက် အကောင်းဆုံးနည်းလမ်းကတော့ သိုင်းပညာလေ့ကျင့်သင်ကြားဖို့ပဲဆိုတာ တပည့်တော်နားလည်ပါပြီ ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ကျေနပ်အားရစွာ ပြုံးလိုက်၏။

"ဒါမှ ငါ့တပည့်ကွ ... ယောကျ်ားကောင်းဆိုတာ ဘယ်တော့မှ စိတ်ဓာတ်မကျရဘူး ... "

ယွမ်ယိုဝိုင်သည် ဦးညွှတ်ဂါရဝပြုလိုက်သည်။

"တပည့်တော်ကို သိုင်းပညာဆက်လက်သင်ကြားပေးပါ

ဘုန်းဘုန်း ... တပည့်တော်ရဲ့ သိုင်းပညာဟာ တပည့်တော်ရဲ့ လူမျိုးနဲ့တိုင်းပြည်အတွက်ပဲ ဖြစ်စေရပါမယ် ... "

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်။

"ဒီလိုယုံကြည်ချက်နဲ့သူကိုမှ ငါကလည်း သိုင်းပညာသင်ကြားပေးချင်တာ ... အခုအချိန်ကစပြီး မင်းဘဝကို အသစ်ပြန်စရမယ်"

ယွမ်ယိုဝိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ... တပည့်တော်ရဲ့ ဘဝကိုအသစ်ပြန်စပါ့မယ်"

ဘုန်းတော်ကြီးကွမ်းကျုံးလွှီက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ပြောလေ၏။

"မင်းဟာ ငါ့တပည့်အရင်းပဲ ... ဒါကြောင့် ငါ့ရဲ့ထက်မြက်တဲ့သိုင်းပညာရပ်တွေအားလုံး မင်းကို သင်ကြားပေးမယ့်အပြင် ... ငါတောင်ပိုင်းဒေသကိုသွားတုန်းက လိုဏ်ဂူတစ်ခုမှာ ဝင်နားခိုခဲ့ဖူးတယ် အဲဒီမှာ မိုးမြေနဂါးသိုင်းကျမ်းကို ငါရရှိခဲ့တယ် ... အခု အဲဒီသိုင်းကျမ်းကိုပါ မင်းကို ငါသင်ပေးမယ် ... ဒါဆိုရင် ... သိုင်းလောကမှာ မင်းဟာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဖြစ်သွားပြီ ... မင်းကို ယှဉ်ဝံ့ဖို့ဆိုတာ မလွယ်တဲ့ကိစ္စဖြစ်သွားပြီပေါ့ ... "

ထိုစကားကြောင့် ယွမ်ယိုဝိုင်၏မျက်နှာမှာ ဝင်းလက်တောက်ပသွားလေသည်။

"ကျေးဇူးတင်ပါတယ် ဘုန်းဘုန်း ... "

သူသည် ဘုန်းတော်ကြီးကွမ်းကျုံးလွှီအား လေးစားစွာ ဦးညွှတ်ဂါရဝပြုလိုက်လေတော့သည်။

မိုးမြေနဂါးသိုင်းကျမ်း ...

မိုးမြေနဂါးသိုင်းကျမ်းသည် လျှို့ဝှက်နက်နဲလှသည်။
စုစုပေါင်းသိုင်းကွက်သုံးဆယ့်ခြောက်ကွက်ရှိသည်။
သိုင်းကွက်တိုင်းမှာ သိမ်မွေ့သယောင်နှင့် လျှို့ဝှက်နက်နဲလှသည်။

သိုင်းကွက်များမှာ ထက်မြက်လှ၏။

ထို့အတူ ...

အကျိုးသက်ရောက်မှုမှာလည်း ပြင်းထန်လှသည်။

သိုင်းကွက်တိုင်းမှာလည်း ပြင်းထန်လွန်းသဖြင့် ယွမ်ယိဝိုင်မှာလည်း လေ့ကျင့်ရာတွင် ခက်ခဲပင်ပန်းလွန်းသည်။

သို့သော် ...

သူသည် ပင်ပန်းဆင်းရဲမှုကို ဂရုမစိုက်ပါ။

မိုးမြေနဂါးသိုင်းကျမ်းကိုသာ အပြင်းအထန်လေ့ကျင့်နေသည်။ ဒူတွင် ယုံကြည်မှုရှိသည် မဟုတ်ပါလား။

မိမိတတ်မြောက်သောသိုင်းပညာဖြင့် မိမိလူမျိုးအား အကျိုးပြုရန် ရည်ရွယ်ချက်ရှိနေပြီ မဟုတ်ပါလား။

... ၈ ...

သုံးနှစ် ...

သုံးနှစ်ဟူသောအချိန်ကာလသည် တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်ပါသည်။

ထိုသုံးနှစ်တာကာလအတွင်း ယွမ်ယိဝိုင်သည် ပြောင်းလဲခြင်းများစွာဖြစ်ပေါ်ခဲ့သည်။

သူ၏ဘဝတစ်သက်တာအတွက် ချစ်ခင်မြတ်နိုးတွယ်လျက်သော ကျူးဝေဝေဆိုသည့် မိန်းကလေးအား စွန့်လွှတ်ခဲ့ရသည့်

ထို့အတူ ...

သူလေးစားချစ်ခင်ရသော ဘုန်းတော်ကြီးကွမ်းကျန်းလည်း ပုံ ပွန်တော်မူသွားပြီဖြစ်ပါသည်။

ဘုန်းတော်ကြီးကွမ်းကျိုးလွီသည် သူ၏သိုင်းပညာလုံးကို မိမိအားသင်ကြားပေးခဲ့သည်။ ထို့အပြင် ...

မိုးမြေနဂါးသိုင်းကျမ်းကိုလည်း သူအားသင်ကြားပေးခဲ့ပြီး

ထို့ကြောင့် ...

ယခုအချိန်တွင် သူသည် သိုင်းပညာရှင်တစ်ယောက်ဖြစ်နေပြီသည်။ သိုင်းပညာရှင်တစ်ယောက်ဖြစ်သည့်အတွက် မိမိလူမျိုး မိမိတိုင်းပြည်အတွက် အကျိုးပြုရတော့မည်ဖြစ်သည်။

ထို့ကြောင့် ... သူသည် ဟုန်ကွန်းနယ်၏သိုင်းလောကဆီသို့ ခြေချရတော့ မည် မဟုတ်ပါလား။

နံနက်ခင်းနေရောင်ခြည်သည် ချီဖန်တောင်တစ်ခုလုံးအား နွေးထွေးစွာ လွှမ်းခြုံထားသည်။

လေနုအေးသည် ညင်သာစွာ ဝှေ့ယမ်းတိုက်ခတ်နေသည်။

လေအဝှေ့တွင် နှင်းပန်းပွင့်လေးများ၏ ရနံ့သည် သင်းပျံ့မွှေးကြိုင်နေသည်။ ဝန်းကျစ်တစ်ခုလုံးတွင် တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။ ချီဖန်တောင်တစ်ခုလုံး အေးချမ်းတိတ်ဆိတ်နေသည်။

ယွမ်ယိဝိုင်သည် မြေပုံမှိုမှိုလေး၏ရှေ့တွင် ဒူးထောက်ထိုင်နေ၏။ ထိုမြေပုံသည် ဘုန်းတော်ကြီးကွမ်းကျိုးလွီ၏ မြေပုံပင်မဟုတ်ပါလော။

မြေပုံပေါ်တွင် အဖြူရောင်ကမ္ဘည်းတိုင်တစ်ခု စိုက်ထူထား
ယွမ်ယိုင်၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်
များ ပေါ်လွင်ထင်ဟပ်နေသည်။

သည်။ ဘုန်းတော်ကြီးကွမ်းကျုံးလွိမ်မှာ သူ၏အသက်သခင်ကျေးဇူး
သို့။ ထို့အပြင် ... သူ့အား ငါးနှစ်အရွယ်ကပင် ကျွေးမွေး
ထောက်ခဲ့ပြီး သိုင်း ပညာသင်ကြားပေးခဲ့သူဖြစ်သည်။ ထို့ကြောင့်
ဘုန်းတော်ကြီးကွမ်းကျုံးလွိအား လွန်စွာလေးစားချစ်ခင်ခဲ့သည်။
ယခုတော့ ... ဘုန်းတော်ကြီးကွမ်းကျုံးလွိသည် သူ့အား
မာလျှံတိုင်စွန့်ခွာ သွားခဲ့ပြီဖြစ်ပါသည်။

ဤလောကအလယ်တွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့
ပြီ မဟုတ်ပါလား။ သို့သော် ... ယွမ်ယိုင်မှာ ကြောက်ရွံ့ထိတ်လန့်
သည့်စိတ် လုံးဝမရှိပါ ချေ။ သူတွင် ထူးချွန်ထက်မြက်သည့် သိုင်းပညာ
ရှိနေသည်။

ထိုသိုင်းပညာရပ်များသည် မိမိလူမျိုးနှင့် မိမိတိုင်းပြည်
အတွက်ပင် ဖြစ်စေရမည်။ ယွမ်ယိုင်သည် ကမ္ဘည်းတိုင်အား ဦးညွှတ်
ဂါရဝပြုလိုက်လေ သည်။

"တပည့်တော် ဂါရဝပြုပါတယ် ဘုန်းဘုန်း ... ဘုန်းဘုန်းကို
ကတိပေးခဲ့တဲ့အတိုင်း တပည့်တော်ရဲ့သိုင်းပညာဟာ ကိုယ့်လူမျိုး
ကိုယ့်တိုင်းပြည်အတွက်ပဲ ဖြစ်စေရပါမယ် ... တပည့်တော်ရဲ့သိုင်းပညာ
နဲ့ ကိုယ့်လူမျိုးကို ထိခိုက်စော်ကားလာတဲ့ ဘယ်ရန်သူကိုမဆို ချေမှုန်း
သုတ်သင်ပါ့မယ် ... "

သူသည် ယင်းသို့တိုင်တည်ပြောဆိုပြီး ဒူးထောက်ထိုင်နေရာ
မှ ထြည်းညင်းစွာ ထလိုက်၏။ ထို့နောက် ...

မြေပုံလေး ရှေ့မှ ထွက်ခွာလာခဲ့လေတော့သည်။

သူ၏ခြေလှမ်းများသည် အနာဂတ်သစ်ဆီသို့ ဦးတည်လျက်
ရှိနေလေ၏။ ညနေဆည်းဆာချိန် ...

နေမင်းသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်လျှိုး
ကွယ်ပျောက်တော့မည်ဖြစ်သည်။

သို့သော် ... ယွမ်ယိုင်သည် သူ၏ခြေလှမ်းများကို ရပ်တန့်
ခြင်း မရှိသေးပေ။

သူသည် ချီဖန်တောင်မှ ထွက်ခွာလာခဲ့လေပြီ။

သူသည် ဟုန်ကျန်းနယ်ဆီသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်
သည်။ သူသည် တတ်မြောက်ထားသော သိုင်းပညာအပေါ်တွင် ယုံ
ကြည်မှု အပြည့်အဝရှိသည်။

ထို့ကြောင့် ... မိမိ၏သိုင်းပညာဖြင့် မိမိတိုင်းပြည်နှင့် မိမိ
လူမျိုးအကျိုးကို သယ်ပိုးရမည်ဖြစ်သည်။

သူ၏နားထဲတွင် မြို့စားကြီးကျူးထိုက်ဖုန်းနှင့် သားဖြစ်သူ
ကျူးယဲ့မင်းတို့၏ ရင့်သီးသော စကားသံများကို ပြန်လည်ကြားယောင်
လာမိသည်။

ထိုအခါ ... ယွမ်ယိုင်၏မျက်နှာပေါ်တွင် မုန်းတီးနာကြည်း
သည့် အရိပ်အယောင်များ ပေါ်လာလေတော့၏။

"ကျုပ်က ဘယ်လိုလူစားမျိုးလည်းဆိုတာ ခင်ဗျားတို့တစ်နေ့
သိစေရမယ် ... "

သူသည် ကောင်းကင်ကြီးကိုမော့ကြည့်ကာ အော်ဟစ်လိုက်
လေ၏။ သူ့အသံသည် လေထဲ၌ ကျယ်လောင်စွာ လွင့်ပျံသွားသ
ထို့နောက် သူသည် ဆက်လက်လျှောက်လှမ်းသွားလေ

သူ၏မျက်လုံးထဲတွင် ငိုကြွေးနေသော ကျွဲငေ့ဝ၏မျက်နှာ လှလှလေးအား ပြန်လည်မြင်ယောင်လာမိ၏။

သူ၏နှလုံးသားတစ်ခုလုံး နာကျင်စွာ ခံစားလိုက်ရသည်။

ယခု ... သူသည် အနာဂတ်သစ်တစ်ခုကို ဖန်တီးတည် ဆောက်၍ ဘဝသစ်ကို လျှောက်လှမ်းတော့မည်ဖြစ်သည်။

ထိုဘဝသစ်တွင် 'ယွမ်ယီပိုင်' ဆိုသောအမည်သည် လုံးဝသေ ဆုံးပျောက်ကွယ်သွားစေရမည်။ အနာဂတ်သစ်အတွက် စိတ်သစ် လူသစ်ဖြင့် သူ၏ဘဝကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားလိုက်မည် ဖြစ်သည်။

သို့သော် ... သူ၏နှလုံးသားကမူ မပြောင်းလဲဘဲ တည်ရှိနေ ခဲ့သည် မဟုတ်ပါလား။

သူ့နှလုံးသားသည် မပြောင်းမလဲတည်ရှိနေမည်ဟု ကျွဲငေ့ ဝေကို ကတိပေးခဲ့သည် မဟုတ်ပါလား။

အိမ်မက်စိမ်း

၁၉၉၀

စာစဉ်(၁)ပြီး၏

စာစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းဘောင်